# ဓမ္မစက္ကပဝတ္တနသုတ်

(ဝိနည်းမဟာဝါ၊ ၁၄။ မဟာဝဂ္ဂသံယုတ်၊ ၃၆၈။ ပဋိသမ္ဘိဒါမဂ်၊ ၃၂၉။ ဒု၊ ဌ၊ ၂၁၅။)
(၂၀၁၂-ခုနှစ်၊ အောက်တိုဘာလ ၂၇၊ စနေနေ့)

| | |
|---|---|
| ဟောကြားသူ။ | မြတ်စွာဘုရား |
| တရားနာသူ။ | ပဉ္စဝဂ္ဂီငါးဦး |
| အကြောင်းအရာ။ | မဇ္ဈိမလမ်းစဉ်နှင့် သစ္စာလေးပါး |
| အချိန်။ | မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်နေ့(လွန်ခဲ့သည့် 2601-ခုနှစ်က ဟောသည်။) |

**နိဒါန်းသုံးခု**

၁။ **ဒူရေနိဒါန်း(ဝေးသောအကြောင်း)** = ဒီပင်္ကရာဘုရားထံမှ ဗျာဒိတ်ရသည်မှစ၍ တုသိတာနတ်ပြည်၌ သေတကေတု နတ်သားဖြစ်သည့်တိုင်အောင်သော အကြောင်းအရာများ။

၂။ **အဝိဒူရေနိဒါန်း(မနီးမဝေးဖြစ်သောအကြောင်း)** = တုသိတာနတ်ပြည်မှ ဗောဓိမဏ္ဍိုင်တိုင်အောင် အကြောင်းအရာများ။

၃။ **သန္တိကေနိဒါန်း(နီးသောအကြောင်း)** = ဧဝံ မေ သုတံ စသော ဓမ္မစက္ကပဝတ္တနသုတ် နိဒါန်း။

**ဖွားတော်မူ**

ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ စုတေပြီးနောက် သက္ကတိုင်း၊ ကပိလဝတ်မြို့၊ သုဒ္ဓေါဒနဘုရင်၏ မိဖုရားကြီးဖြစ်သော မဟာမယာဒေဝီ၏ ဝမ်းတိုက်၌ မဟာသက္ကရာဇ် ၆၇-ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၌ သန္ဓေယူ။ မဟာသက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့် သောကြာနေ့၌ လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ ဖွားတော်မူ။

[**မယ်တော်မာယာ သားဖွားချိန်က အသက်အရွယ်။ ။"ဆပညာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ မကယ်မယွက် မယ်တော်သက်**" ဟူသော သမ္ဗန္ဓစက္ခုဒီပနီ ကျမ်းအလို အလောင်းတော်ဖွားချိန်တွင် မယ်တော်မာယာ၏ အသက်သည် **၅၆-နှစ်၊ လေးလ၊ ၂၇-ရက်** ဖြစ်၏။ အလောင်းတော်ဖွားမြင် ပြီးနောက် ၇-ရက်မြောက်သောနေ့တွင် သက်တမ်းစေ့သဖြင့် နတ်ရွာစံလေ၏။]

**နာမည်ပေးမင်္ဂလာ**

ဖွားမြင်ပြီးနောက် ၅-ရက်မြောက်သောနေ့၌ နာမည်ပေးမင်္ဂလာအတွက် ပုဏ္ဏားပညာရှိ ၁၀၈-ယောက်တို့ကို ဖိတ်ကာကျွေးမွေးပြီး လက်ရွေးစင်ပုဏ္ဏား ၈-ယောက်တို့ကို နိမိတ်ဖတ်စေ၏။ ထိုတွင် **ရာမ** ပုဏ္ဏား, **ဓဇ**ပုဏ္ဏား, **လက္ခဏ**ပုဏ္ဏား, **ဇောတိမန္တ**ပုဏ္ဏား, **ယည**ပုဏ္ဏား, **သုဘောဇ**ပုဏ္ဏား, **သုယာမ**ပုဏ္ဏား ၄င်း ၇-ယောက်တို့က လက္ခဏာတော်ကြီး ၃၂-ပါး၊ လက္ခဏာတော်ငယ် ၈၀-တို့နှင့် ပြည့်စုံသော ယောကျာ်းဖြစ်၍ လက် ၂-ချောင်းထောင်ကာ "လူ့ဘဝနှင့်နေလျှင် စကြာမင်း၊ ရဟန်းပြုလျှင် ဘုရား"ဖြစ်လတ့ံဟု ဟော၏။ အငယ်ဆုံး **ကောဏ္ဍညနွယ်ဖွား သုဒတ္တ**ပုဏ္ဏားလေးကား လက်ညှိုးတစ်ချောင်းတည်းကိုသာထောင်၍ "ဘုရားကေန်ဖြစ်လတ့ံ"ဟု အပြတ်ဟောခဲ့၏။

နာမည်ကိုကား အလုံးစုံသော လောက၏ အကျိုးစီးပွား ပြီးစီးအောင်မြင်အောင် ဆောင်ရွက်တော်မူမည့် အကြောင်းနိမိတ်ကို အစွဲပြုကာ "**သိဒ္ဓတ္ထ**" ဟူသော အမည်ကို ပေးကြကုန်၏။

**ပဉ္စဝဂ္ဂီငါးဦးတို့ အကြောင်း**

(ပဉ္စဝဂ္ဂီတို့၏ အကြောင်းအရာနှင့်စပ်၍ သာရတ္ထဒီပနီဋီကာဖွင့်ဆိုပုံနှင့် ဇာတ်အဋ္ဌကထာ, ဗုဒ္ဓဝံသ အဋ္ဌကထာတို့ ဖွင့်ဆိုပုံခြင်း မတူညီသဖြင့် ၎င်းတို့ ဖွင့်ဆိုပုံအတိုင်း အနည်းငယ်ပြအံ့။)

**သာရတ္ထဒီပနီဋီကာအဆို။** ။ယခင်ပုဏ္ဏားပညာရှိ ၈-ယောက်တို့တွင် ကောဏ္ဍညစသော ငါးယောက်တို့ကေန်ဘုရားဖြစ်လိမ့်မည်ဟု ဟောကြားပြီးလျှင် ဘုရားအလောင်းတော်ကို ရည်ညွှန်းကာ အိမ်ထောင်မကျမီ စောစီးစွာကပင် ရဟန်းပြုနှင့်ကြကုန်၏။ (သာရတ္ထဋီကာ၊ တ၊ ၁၆၂။)

**ဗုဒ္ဓဝင်အဋ္ဌကထာနှင့် ဇာတ်အဋ္ဌကထာတို့ အဆို။** ။ နာမည်ပေးမင်္ဂလာပြီးသောအခါ ပုဏ္ဏားအိုကြီး ၇-ယောက်တို့သည် သူတို့သားများကိုခေါ်ကာ သိဒ္ဓတ္ထမင်းသားသည် ဘုရားကေန်ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ သူတို့မှာ အိုပြီဖြစ်၍ မမှီနိုင်တော့ကြောင်း၊ သို့ပါ၍ သိဒ္ဓတ္ထမင်းသားဘုရားဖြစ်လျှင် တောထွက်ပြီး ရဟန်းပြုကြရန် မှာထားခဲ့၏။ အလောင်းတော် တောထွက်ပြီး ဥရုဝေလတော၌ ဒုက္ကရစရိယာကျင့်တော်မူသည်ဟု သတင်းကြားသောအခါ ကောဏ္ဍညသည် အခြားပုဏ္ဏား၏ သားများကို တောထွက်ရဟန်းပြုရန် ပြောဆို၏။ လေးယောက်သောပုဏ္ဏားတို့၏ သားများသာလျှင် သူနှင့်လိုက်၍ ရဟန်းပြုကြလေကုန်၏။

**သုဒ္ဓေါဒနမင်းကြီး အစောင့်ချထား။** ။နိမိတ်လေးပါးမြင်ပြီး သံဝေဂဖြစ်ကာ တောထွက်လိမ့်မည်ဟု ပုဏ္ဏားပညာရှိများ ဟောထားသောကြောင့် သူအို, သူနာ, သူသေ, ရဟန်းတို့ အလောင်းတော်မြင်လောက်သည့် အရပ်တွင်းသို့ မလာရောက်နိုင်ရန် တဂါဝုတ်(၂-မိုင်ခန့်)ခန့်ရှိသော အရပ်၌ အစောင့်ချထား၏။

**လယ်ထွန်မင်္ဂလာနှင့် အာနာပါနစျာန်။** ။နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရင်ကြီးကိုယ်တိုင်ပါဝင်ဆင်နွှဲသည့် လယ်ထွန်မင်္ဂလာကျင်းပသောအခါ သားတော်လေးပါ ခေါ်သွား၏။ လယ်ထွန်ချိန်၌ အထိန်းတော်များဖြင့် မျက်နှာကျက်၊ ကန့်လန့်ကာများ ကာရံကာ ထားခဲ့၏။ ပွဲစည်ချိန်တွင် အထိန်းတော်များက သားတော်လေးကို ထားခဲ့ပြီး သွားကြည့်၏။ ထိုစဉ် ဘေးလူများမရှိသည်ကို သိ၍ အလောင်းတော်လေးက တင်ပလ္လင်ခွေထိုင်ပြီး အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းလေ၏။ ဘဝများစွာက အထုံပါရမီအားကြီးလှသောကြောင့် ရူပါဝစရ ပထမစျာန်ကို တခဏအတွင်းမှာပင် ရတော်မူလေ၏။

**လက်ထပ်မင်္ဂလာ။** ။ ၁၆-နှစ်အရွယ်တွင် ဒေဝဒဟပြည့် ဘုရင်သုပ္ပဗုဒ္ဓနှင့် မိဖုရား အမိတ္တာတို့၏ သမီးတော် ရွှေစင်ရုပ်ထုထားသလို လှပသဖြင့် **ဘဒ္ဒကဉ္စနာ**(ဘဒ္ဒ=ကောင်းသောရွှေအဆင်းနှင့် တူသော မိဖုရား) ငယ်နာမည်သာသည့် **ယသောဓရာဒေဝီ**နှင့် ထိမ်းမြားလက်ထပ်၏။ ဂုဏ်သတင်းကျော်စောလွန်သောကြောင့်လည်း ထိုမင်းသမီးကို ယသောဓရာ(ယသော=များမြတ်သော အခြံအရံကျော်စောခြင်း ဂုဏ်သတင်းကို+ ဓရ=ဆောင်တတ်သော မင်းသမီး)ဟု ခေါ်ကြ၏။ မောင်းမကညာပေါင်း ၄-သောင်း ခြံရံလျက် ထိုယသောဓရာ မင်းသမီးနှင့် စကြာမင်းစည်းစိမ်ကဲ့သို့ ၁၃-နှစ်ကြာအောင် ထီးနန်းအုပ်ချုပ် မင်းလုပ်နေ၏။

**တောထွက်မယ်ဆိုမှ သားကဖွား။** ။သက်တော် ၂၉-နှစ်တွင် ဉယျာဉ်တော်ထွက်ရာ နတ်တို့ပြအပ်သော သူအို,သူနာ,သူသေ, ရဟန်း နိမိတ်ကြီး လေးပါးကိုမြင်ကာ သံဝေဂရပြီး တောထွက်လေ၏။ ထိုတောထွက်မည့် နေ့မှာပင် သားတော်လေး ဖွားမြင်လေ၏။ တောထွက်မည့်သူကို သံယောဇဉ်ဖြင့် တုပ်ချည်ဖွဲ့နှောင့်ကာ နောက်ယှက်တတ်လို့ သားတော်လေးကို နှောင်တွင် "ရာဟုလ"ဟု ခေါ်တွင်ခဲ့၏။

**အယုတ်နှင့်အမြတ် ရှာခြင်းနှစ်မျိုး။** ။ မိမိကိုယ်တိုင်က အိုတတ် နာတတ် သေတတ် ပူဆွေးတတ်သော သဘောရှိပါလျက် အိုတတ် နာတတ် သေတတ် ပူဆွေးတတ်သည့် သားသမီး ကျေးကျွန် ကျွဲနွား ရွှေငွေ စသော ကာမဂုဏ်တွေ ရှာမှီးနေခြင်းသည် မမြတ်သောရှာမှီးခြင်း(အနရိယ ပရိယေသန)ဖြစ်၏။ ၎င်းတို့မရှိရာ အတုမဲ့ ဖြစ်သော ဘေးကင်းရာနိဗ္ဗာန်ကို ရှာမှီးခြင်းသည်သာလျှင် မြတ်သောရှာမှီးခြင်း(အရိယ ပရိယေသန)ဖြစ်၏။
(ပါသရာသိသုတ်၊ ဩပမ္မဝဂ်၊ မူလပဏ္ဏာသ၊ နှာ-၂၁၆။)

**အနုပိယ သရက်တောမှ ရာဇဂြိုဟ်သို့။** ။အနောမာသောင်တွင် ဆံပယ် ရဟန်းပြုပြီးနောက် ထိုအနီးအနား၌ ရှိသော အနုပိယသရက်တော၌ ၇-ရက်ပတ်လုံး ရဟန်းချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေ၏။ ၎င်းနောက် ယူဇနာ ၃၀-ဝေးသော ရာဇဂြိုဟ်သို့ တစ်ရက်တည်းဖြင့် ခြေလျင် ကြွတော်မူ၏။ (ဗုဒ္ဓဝင်နှင့် ဇာတ်အဋ္ဌကထာ အလို)

(သုတ္တနိပါတ် အဋ္ဌကထာ အလိုအားဖြင့်) အလောင်းတော်ရဟန်းပြုပြီးသော် အာဇီဝဋ္ဌမကသီလကို ဆောက်တည်ပြီးလျှင် အနောမာမြစ်ကမ်းမှ ယူဇနာ၃၀-ဝေးသော ရာဇဂြိုဟ်သို့ ၇-ရက်ဖြင့် အရောက် ကြွတော်မူ၏။

**ရာဇဂြိုဟ်တွင် ဆွမ်းခံဝင်။** ။ဗိမ္ဗိသာရမင်းကို အကြောင်းကြားလိုက်လျှင် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ မည်ကို သိသော်လည်း မခံယူလို၍ မြို့တွင်းလှည့်ကာ ဆွမ်းခံ၏။ ဆွမ်းခံပြီး မြို့အရှေ့ပေါက်မှထွက်ကာ ပဏ္ဍဝ တောင်ထိပ်ရှိ အရှေ့သို့ မျက်နှာမူနေသော ဂူပေါက်တွင် ဆွမ်းစားဖို့ နေရာယူလိုက်၏။

**ဆွမ်းကြမ်းက အကဲစမ်း။** ။အလောင်းတော်သည် ဆွမ်းစားရန် သပိတ်ဖွင့်လိုက်သောအခါ အကြမ်းအနု အရောင်မျိုးစုံ ရောပြွမ်းနေသည့် ဆွမ်းကို မြင်ရသောအခါ **ပျို့အန်မတတ် ဆင်းရဲဒုက္ခရောက်ခဲ့၏။** ထိုအခါ အလောင်းတော်မြတ်သည်-

"အမောင် သိဒ္ဓတ္ထ.....သင်ဟာ နည့်မွှေးကြိုင်လှသည့် အရသာကောင်းများကို စားသောက်ပြီး ထီးနန်းအုပ်ချုပ် မင်းလုပ်နေတုန်းက ရဟန်းတစ်ပါးကို မြင်သဖြင့် 'ငါလည်း ဒီရဟန်းလို ဆွမ်းခံစား၍ ဘယ်တော့များ နေရပါအံ့နည်း'ဟု ကြံစည်ပြီးမှ တောထွက်ခဲ့သည် မဟုတ်ပါလော။ အကြံအောင် မြောက်လို့ အခုချိန်ရောက်မှ ဘာကြောင့် စိတ်ဖေါက်ပြန်သွားရလေသနည်း။"

ဟု မိမိကိုယ်ကို ဆုံးမ၍ ဘုဉ်းပေးခဲ့ရ၏။

**ဗိမ္ဗိသာရမင်းက တိုင်းပြည်အပ်။** ။ထိုစဉ် ဗိမ္ဗိသာရမင်းရောက်လာပြီး "အဆွေတော်......သင်ဟာ အသက် အရွယ်လည်း နုပျိုသေး၏။ အဆင်းသဏ္ဌာန်နှင့်လည်း ပြည့်စုံ၏။ အမျိုးဇာတ်နှင့်ပြည့်စုံသူ ခတ္တိယအနွယ်ဝင် တစ်ယောက်ဟု ယူဆပါ၏။ အဆွေတော်အား အကျွန်ုပ်ပိုင်ဆိုင်သော အင်္ဂတိုင်း, မဂဓတိုင်းတို့ကို အဆွေတော် အလိုရှိသမျှ မင်းစည်းစိမ်ကို ပေးပါ၏။ မင်းလုပ်တော်မူပါ"ဟု လျှောက်၏။

ထိုအခါ အလောင်းတော်က ငါသည် သာကီဝင်မင်းမျိုးမှ ရဟန်းပြုခဲ့ကြောင်း၊ ကာမဂုဏ်ဝတ္ထုများကို မလိုလားကြောင်း၊ နိဗ္ဗာန်ကိုရည်သန်၍ ရဟန်းပြုခဲ့ကြောင်း၊ ယခု ဒုက္ကရစရိယာအကျင့်ကို ကျင့်ဖို့ တောသို့ ကြွတော့မည်ဖြစ်ကြောင်း ပြောလိုက်၏။

ဤတွင် ဗိမ္ဗိသာရမင်းက "အရှင်ဘုရား...ဘုရားဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဘုရားဖြစ်လျှင် တပည့်တော်တိုင်းပြည်ကို ရှေးဦးစွာ ကြွတော်မူပါ"ဟု လျှောက်ထားပြီး ပြန်သွား၏။

**တိတ္ထိဆရာကြီးတို့ထံ နည်းမခံ။** ။အလောင်းတော်သည် ရာဇဂြိုဟ်၌ နာမည်ကြီးသော ပူရဏကဿပ စသော တိတ္ထိဆရာကြီးတို့ ရှိသော်လည်း သူတို့ထံမသွားဘဲ အာဠာရနှင့် ဥဒကဂိုဏ်းဆရာကြီးထံသွားရခြင်းမှာ တိတ္ထိဆရာကြီးတို့၏ အကျင့်လမ်းစဉ်မှာ အနှစ်သာရမရှိသော လမ်းစဉ်သာဖြစ်၏။ အလောင်းတော်သည် လွန်ခဲ့သော ၉၁-ကမ္ဘာထက်ကပင် ထိုအကျင့်ကို အနှစ်သာရ ရှိ,မရှိ စုံစမ်းလိုသဖြင့် ကျင့်ခဲ့ဖူး၏။ ထို့ကြောင့် ထို တိတ္ထိတို့ထံ မသွားဘဲ တပည့်များစွာ ခြံရံလျက် တရားကျင့်နေသည့် ထင်ရှားသော အာဠာရနှင့် ဥဒကဂိုဏ်း ဆရာကြီးတို့ထံ သွားရောက်ခြင်းဖြစ်၏။

**အာဠာရ ဆရာကြီးထံနည်းခံ။** ။ကာလာမအနွယ် အာဠာရဂိုဏ်းဆရာကြီးထံသွားရောက် နည်းခံ၏။ ထိုဆရာကြီးသည် ဝေသာလီပြည်တွင် နေထိုင်ပြီး တပည့်ပေါင်း ၃၀၀-ခန့်ရှိသည်ဟု **လလိတာဝိတ္ထာရဗုဒ္ဓဝင်**၌ ဆို၏။ ဆရာကြီးက ကြည်ဖြူစွာလက်ခံပြီး အလောင်းတော်ကို လောကီသမာပတ် ၇-ရပ် အာကိဉ္စညာယတန ဈာန်ပေါက်သည့်တိုင်အောင် သင်ပြပေး၏။ ၂-ရက် ၃-ရက်အတွင်းမှာပင် ထိုသမာပတ်ကို ဝင်စားနိုင်၏။ ဆရာကြီးက အလောင်းတော်ကို တပည့်တဝက်ခွဲပေးကာ **တန်းတူဆရာအဖြစ်** ချီးမြှောက်သော်လည်း အာကိဉ္စ ညာယတနဈာန်သည် အိုနာသေ ဒုက္ခဘေးက မလွတ်နိုင်သေးသဖြင့် ထိုဆရာကြီးထံမှ ဖဲခွါလာခဲ့၏။

**ဥဒကဆရာကြီးထံ နည်းခံ။** ။အလောင်းတော်သည် ရာမ၏သားဖြစ်သော (သို့မဟုတ်) သားတပည့်ဖြစ် သော ဥဒကဆရာကြီးထံသွား၍ နိဗ္ဗာန်တရားရှာရန် နည်းခံပြန်၏။ ဥဒကဆရာကြီးသည် ရာဇဂြိုဟ်ပြည်နယ်ထဲ မှာ နေပြီး တပည့်ပေါင်း ၇၀၀-ရှိကြောင်း **လလိတာဝိတ္ထာရဗုဒ္ဓဝင်**၌ ဆို၏။ ဥဒကဆရာကြီးသည် သူ့ဆရာထံမှ နေဝသညာနာသညာယတနဈာန် အားထုတ်နည်းကို အလောင်းတော်ကို သင်ပေး၏။ သို့သော် သူကား ဤ ဈာန်ကို မရသေး။ အလောင်းတော်ကာ မကြာမီ ထိုဈာန်ကို ရသွား၏။ ထို့ကြောင့် ဥဒကဆရာကြီးက အလောင်းတော်ကို သမာပတ်ရှစ်ပါးလုံးရသဖြင့် **သူတို့ဂိုဏ်းဆရာအဖြစ်** တင်မြှောက်၏။ သို့သော် အလောင်း တော်သည် ထိုသမာပတ်ဖြင့် သေခြင်းကင်းရာကို မရနိုင်သေးသဖြင့် ထွက်လာခဲ့၏။

နောင်သောအခါ၌ ဥဒက ဆရာကြီးလည်း အလောင်းတော်ကို အားကျပြီးအားထုတ်လို့ နေဝသညာ-နာသညာယတနဈာန်ကို ရသွား၏။ (မူလပဏ္ဏာသဋီကာ၊ ဒု၊ ၁၃၉၊၁၄၀။)

**ဥရုဝေလ တောသို့ကြွ။** ။အလောင်းတော်သည် ဥဒကဆရာကြီးထံမှ ထွက်လာပြီးနောက် မဂဓတိုင်းအတွင်း ရှိ သေနာနိဂုံးရွာသို့ ရောက်လာ၏။ ၎င်းအနီး၌ သာယာလှပပြီး စိတ်ကြည်နူးဖွယ်ကောင်းသော ဥရုဝေလတော အုပ်လည်းရှိ၏။ မနီးမဝေး၌လည်း သဲသောင်လွင်ပြင် ရေကြည်လင်ဖြင့် တသွင်သွင်စီးဆင်းနေသော **နေရဉ္စရာ မြစ်လည်း** ရှိ၏။ မသေတရားရှာရန် လျော်ကန်သဖြင့် သင့်တော်သော ကမ္မဋ္ဌာန်းကျောင်းကလေးဆောက်ကာ တရားအလုပ် စတင်လေ၏။

(**နေရဉ္စရာမြစ်ဟူသည်**=(၁)ညွန်,မှော်,ရေညှိအစရှိသော အပြစ်ကင်းသော, စိမ်းပြာကြည်လင်သော ရေရှိသောမြစ်။ (၂)ထူးသောတူရိယာ(နရည်းရော)သံ နှင့် တူသော အသံရှိသောမြစ်။)

**ဥပမာသုံးမျိုး ထင်လာ။** ။ထိုအခါ အလောင်းတော်ဉာဏ်၌ ဥပမာသုံးမျိုး ထင်လာ၏။

(၁) ရေစိမ်ထားသော ရေသဖန်းသားကြီးဖြင့် မီးလိုချင်သော ယောက်ျားသည် မည်မျှပင်ပွတ်ပါသော်လည်း ပင်ပန်းရုံသာရှိသကဲ့သို့ လောက၌ သမဏဗြာဟ္မဏ အမည်ခံပုဂ္ဂိုလ်တို့သည် မိမိကိုယ်နှိုက်ကလည်း တဏှာအစိုဓာတ်မခြောက်သေး၊ ဝတ္ထုအာရုံ ကာမဂုဏ်နှင့်ဝေးရာမှာလည်း မနေဘဲ ကိလေသာကုန်ခန်းအောင် ဘယ်လောက်ပင်ကျင့်သော်လည်း မဂ်ဖိုလ်မရဘဲ ဆင်းရဲရုံသာရှိမည်။ ဥပမာအားဖြင့်....သပုတ္တဘရိယပဗ္ဗဇ္ဇာ ခေါ်သော သားမယားနှင့်တကွ ပြုအပ်သော ပရိဗိုဇ်ရဟန်းတို့၏ ရဟန်းပြုခြင်းမျိုးတည်း။ ဤကား ပထမ ထင်လာသော ဥပမာတည်း။

(၂) ရေနှင့်ဝေးကွာ ကုန်းပေါ်မှာထားအပ်သော ရေသဖန်းသားအစိုကြီးကို မည်မျှပင်ပွတ်ပါသော်လည်း ပင်ပန်းရုံသာရှိသကဲ့သို့ ထို့အတူ လောက၌ သမဏဗြာဟ္မဏ အမည်ခံပုဂ္ဂိုလ်တို့သည် ကိုယ်နှိုက်က တဏှာအစိုဓာတ်မခြောက်သွေ့ပါဘဲ ဝတ္ထုကာမတို့မှ ကိုယ်စိတ်တို့ဖြင့်ဖဲခွါနေပြီး ပင်ပန်းကြီးစွာ အားထုတ်ပါသော်လည်း မဂ်ဖိုလ်တရားမရဘဲ ဆင်းရဲရုံသာ ရှိလိမ့်မည်။ ဥပမာသော်ကား.....ဗြာဟ္မဏဓမ္မိကပဗ္ဗဇ္ဇာခေါ်သော သားမယားတို့ကို စွန့်ခွါ၍ အကျင့်များကို လိုက်စားကြသော ပုဏ္ဏားတို့၏ ရဟန်းပြုခြင်းမျိုးတည်း။ [ထိုဗြာဟ္မဏများသည် ငယ်စဉ်ကစပြီး အသက် ၄၈-နှစ်တိုင်အောင် ဗြဟ္မစရိယအကျင့်ကို ကျင့်ကြ၏။ ထို့နောက်တွင် အမျိုးအနွယ်မပြတ်စေရန် ရည်ရွယ်ချက်ဖြင့် အကျင့်မှထွက်ပြီး အိမ်ထောင်ပြုကြ၏။] ဤကား ဒုတိယထင်လာသော ဥပမာတည်း။

(၃) ရေနှင့်ဝေးကွာ ကုန်းပေါ်မှာထားအပ်သော ရေသဖန်းသားခြောက်ကို မီးပွတ်လျှင် မီးဖြစ်သကဲ့သို့ လောက၌ သမဏဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့သည် မိမိကိုယ်နှိုက်က တဏှာအစိုလည်း ခြောက်သွေ့ပြီး ကိုယ်စိတ်တို့ဖြင့် ဝတ္ထုကာမတို့မှ ရှောင်ကြည်ကာ **ဆင်းရဲကြီးစွာ အားထုတ်သည်ဖြစ်စေ၊** မပင်မပန်း အားထုတ်သည် ဖြစ်စေ မဂ်ဖိုလ်တရားကို ရနိုင်၏။ ဤဥပမာကား တတိယထင်လာသော ဥပမာဖြစ်၏။

ထိုအချိန်က မဇ္ဈိမနယ်တစ်ဝိုက်တွင် အတ္တကိလမထအကျင့်မှာ အလွန်ခေတ်စားနေသော အချိန်ဖြစ်၏။ ထိုကြောင့် အလောင်းတော်သည် တတိယဥပမာ၌ **ဆင်းရဲကြီးစွာ အားထုတ်သည့်နည်းကို** ရွေးချယ်ခဲ့၏။

**ပဥ္စဝဂ္ဂီငါးဦးတို့ ရောက်လာကြ။** ။အလောင်းတော်မင်းသား တောထွက်၍ ရဟန်းပြုသွားပြီတဲ့ ဟူသော သတင်းကြားသောအခါ ပဥ္စဝဂ္ဂီငါးဦးတို့လည်း လိုက်လာကြ၏။ မြို့ရွာအနှံ့ လိုက်လံရှာဖွေသောအခါ ဉရုဝေလတော၌ အလောင်းတော်ကို တွေ့ကြလေ၏။ ဒုက္ကရစရိယာအကျင့်ကို စတင်အားထုတ်တော်မူသော အလောင်းတော်ကို "ယခုပင် ဘုရားဖြစ်တော့မည်"ဟူသော မြော်လင့်ချက်ကြီးစွာဖြင့် ရေပူရေချမ်းကမ်းလျက် ဝေယျာဝစ္စကြီးငယ်တို့ကို ပြုလုပ်ပေးကြ၏။

**[ပဓာနအလုပ် ဒုက္ကရစရိယာအကျင့်။** ။(၁)အရေမျှ ကြွင်းပစေ (၂)အကြောမျှ ကြွင်းပစေ (၃) အရိုးမျှ ကြွင်းပစေ (၄) အသားအသွေးတို့ ခန်းခြောက်မူလည်း ခြောက်ပစေ။ ဤအလုပ်ကိုဖြင့် ငါအောင်မြင်အောင် လုပ်မည်ဟု အင်္ဂါလေးချက်ရှိသော ဝီရိယမျိုးကို "ပဓာန ဝီရိယ"ဟုခေါ်၏။ ယခုဖေါ်ပြလတ့ံသောအကျင့်သည် ၎င်းဝီရိယဖွဲ့မျိုးဖြင့် လုပ်ရသော အလုပ်မျိုးဖြစ်၍ "ပဓာနအလုပ်"ဟုလည်း ခေါ်၏။ လူသာမန်တို့ကျင့်ကြံရန် ခဲယဉ်းသောကြောင့် "ဒုက္ကရစရိယာ"ဟုလည်း ခေါ်၏။]

# ဒုက္ခရစရိယကျင့်စဉ်

(၁)　*အလောင်းတော်သည် ပထမတွင် **သေနာနီ(သို့)သေနာ**နိဂုံးရွာသို့ ဆွမ်းခံဝင်၍ ရက်များစွာ မေတ္တာ-ဘာဝနာကို ပွားများနေ၏။ *၎င်းနောက် "မေတ္တာပွား၍ အစာဝဝစားနေလို့တော့ ငါရည်သန်တဲ့ သဗ္ဗညုတဉာဏ်ကို ရနိုင်မည်မဟုတ်" ဟု ဆင်ခြင်ကာ ဆွမ်းခံစားခြင်းကို ပယ်စွန့်ပြီး ဥရုဝေလတောအတွင်း အလိုလိုကြွေကျသော အသီးတို့ကို စား၍ မျှတတော်မူ၏။ *၎င်းနောက် မိမိနေသော သစ်ပင်မှ ကြွေကျသောအသီးဖြင့် **မျှတတော်မူ၏။**(သုဇာတာ၏ဖခင် သေနာနီမည်သော သူဌေးကြီးနေသောရွာဖြစ်၍ ၎င်းကို အစွဲပြုကာ **သေနာနီနိဂုံး**။ (သို့) ရှေးဦးအခါက စစ်တပ်သိမ်းပိုက်အပ်သော နေရာ၌ တည်ထားအပ်သဖြင့် **သေနာနိဂုံး**။)

(၂)　*အလောင်းတော်သည် အံကြိတ် တောက်ခေါက်ကာ မိစ္ဆာဝိတက်များ မဝင်ရအောင် ကုသိုလ်စိတ်ဖြင့် အကုသိုလ်စိတ်များကို နိပ်ကာ ဖြစ်ခွင့်မပေးဘဲ ပယ်ဖျောက်တော်မူ၏။ ဝီရိယမီးပူဖြင့် ကိုယ်မှကွာကျအောင် ပြုတော်မူ၏။ ထိုအခါ အားကြီးသောယောက်ျားသည် အားသေးသောယောက်ျားကို ခေါင်း, ပခုံးတို့မှကို ဖိနှိပ်သောအခါ အားငယ်သူမှာ ချွေးများယိုထွက်လာသကဲ့သို့ ဝီရိယပြင်းလွန်းသဖြင့် ချိုင်းကြားတို့မှ ချွေးများ ယိုစီးလာ၏။

၃။　*အလောင်းတော်သည် ခံတွင်း,နှာခေါင်းတို့မှ ထွက်လေဝင်လေတို့ကို ချုပ်တည်းထားခြင်းတည်းဟူသော အပ္ပါနကဈာန်ကို ကျင့်ပြန်၏။ လေများ ခံတွင်း,နှာခေါင်းတို့မှ ထွက်ခွင့်မရသဖြင့် နားပေါက်တို့မှ စု၍ ထွက်ကုန်၏။ ထိုလေသံကား ပန်းပဲသမား၏ ဖားဖိုမှ လေထွက်သကဲ့သို အလွန်ပြင်းထန်လှ၏။ ပြင်းစွာအားထုတ်မှုက တစ်ကိုယ်လုံး ထိုးဆွသကဲ့သို့ဖြစ်ကာ လွန်စွာပူလောင်လာ၏။

၄။　*တဖန်တိုးကာ နားပေါက်ကိုပါ ချုပ်တည်း၍ အောင့်ထားလေ၏။ လေများထွက်ခွင့်မရတော့သဖြင့် ဦးခေါင်းသို့တက်၍ ဆောင့်တော့၏။ ချွန်ထက်လှသော စူးဖြင့် ဦးခေါင်းကို ထိုးဆွမွှေနှောက်နေသကဲ့သို့ ခံစားလာရ၏။

၅။　*လေများမထွက်အောင် အောင့်မြဲအောင့်ထားသဖြင့် အလွန်ပြင်းထန်သောလေများ ဦးခေါင်းသို့ တိုးဆောင့်လာသဖြင့် ပြင်းထန်သော ခေါင်းကိုက်ဝေဒနာများ ဖြစ်လာ၏။ အားကြီးသောယောက်ျားက ခေါင်းကို သားရေကြိုးဖြင့်စွပ်ကာ တင်းကြပ်လာအောင် တုတ်ချောင်းဖြင့် လှျိုကာ လှည့်ပေးနေသကဲ့သို့ ခံစားလာရ၏။ ယင်းသည့်တိုင်အောင် သတိထင်ဆဲ၊ ဝီရိယ တင်ဆဲပင်။

၆။　*ပို၍တိုးကာ ကြိုးစားလေသဖြင့် အလွန်ပြင်းထန်သော လေတို့သည် ဝမ်းဗိုက်ကို ဖြတ်တောက်သည့်ပမာ ခံစားလာရ၏။ နွားသတ်သမားသည် ထက်မြက်လှသော ဓားဖြင့် ဝမ်းဗိုက်ကို လှီးဖြတ်နေသကဲ့သို့ပင် ဖြစ်၏။

၇။　*လေကိုချုပ်တည်းလျက်ပင် တဆင့်တိုးကာ အားထုတ်ပြန်လေသော် ခန္ဓာကိုယ် တစ်ခုလုံး ခြစ်ခြစ်တောက် ပူလောင်မှု(ဍာဟရောဂါ)ဖြစ်ပေါ်လာ၏။ အားကြီးသော ယောက်ျားနှစ်ယောက်တို့က လက်ခြေတို့မှ

ကိုင်ကာ မီးပုံပေါ်တင်၍ မီးကင်သကဲ့သို့ ခံစားနေရ၏။ ယင်းသည့်ကာလတိုင်အောင် သတိထင်မြဲ၊ ဝီရိယ တက်ကြွမြဲ၊ စိတ်ဓာတ် ကြည်လင်မြဲ။ [(၁) ဇိနာလင်္ကာရဋီကာမှ၊ (၂-မှ ၇-အထိ) မဟာသစ္စသုတ်၊ မူလပဏ္ဏာသ မှ]

**စကြံ့ထဲမှာ မူး၍ ထိုင်လျက်ကျသွား။** ။အလွန်ပြင်းထန်သော ခန္ဓာကိုယ်ပူလောင်မှုဖြစ်သောအခါ အလောင်းတော်သည် မူးမေ့သွားသဖြင့် ထိုင်လျက်သား အောက်သို့ကျသွား၏။ ထို့ကြောင့် စကြံ့အနီးရှိ နတ်တို့ ထင်မြင်ချက်သုံးမျိုး ဖြစ်သွား၏။

(၁) အချို့နတ်က "**ရဟန်းဂေါတမ သေသွားပြီ**"ဟု ပြောကြ၏။ (၂) အချို့နတ်က "**ရဟန်းဂေါတမ သေသွားပြီး မဟုတ်သေး။ ယခုမှ သေတုန်းသေဆဲ**"ဟု ပြောကြ၏။ (၃) အချို့နတ်က "**ရဟန်းဂေါတမ သေပြီးလဲ မဟုတ်၊ သေတုန်း သေဆဲလဲ မဟုတ်၊ ရဟန်းဂေါတမဟာ ရဟန္တာဖြစ်သွားပြီ**"ဟု ပြောဆိုကြ၏။

သေပြီဟု ယူဆသောနတ်များက သုဒ္ဓေါဒနမင်းကြီးကို "အသင်မင်း၏သား သေပြီ"ဟု သွားပြောရာ "ငါ့သားဟာ ဘုရားမဖြစ်ဘဲ မသေနိုင်"ဟု တင်းတင်းမာမာ ပြန်ပြောလိုက်၏။

**အစာကို လျှော့စားတော်မူခြင်း။** ။မူးမေ့ရာမှ သတိရသောအခါ "အစာမစားဘဲ ကျင့်ရလျှင် ကောင်းလေစွ" ဟု အကြံပေါ်လာသဖြင့် နတ်များက "အလောင်းတော် အစားကိုတော့ လုံးဝ မဖြတ်ပါနဲ့၊ ဖြတ်လျှင် ကျွန်ုပ်တို့က မွေးညှင်းပေါက်မှ နတ်သြဇာသွင်းရပါလိမ့်မည်"ဟု ပြောကြ၏။ အစာမစားတော့ဟု ဝန်ခံပြီးမှ နတ်တို့က နတ်သြဇာသွင်းလာလျှင် ရှေ့နောက်မညီမညွတ် ဖြစ်မည်စိုးသဖြင့် နတ်တို့ကို အစာမျှတရုံ မှီဝဲပါမည်ဟု ကတိ ပေးလိုက်၏။ *ထိုနေ့မှစ၍ ပဲနောက်ပြုတ်ရည် တလက်ခုပ်စာလောက်ဖြင့် တနေ့တာ မျှတတော်မူ၏။

**ခန္ဓာကိုယ် ပိန်ချုံးလာ။** ။ထိုသို့ အစာလျှော့လိုက်သဖြင့် ရူပကာယ ပိန်ချုံး၍ အရိုးအဆစ်များ ငေါ်ထွက်လာ၏။ တင်ပါးလည်း ကုလားအုပ်ခွါကဲ့သို့ ချိုင့်၍ဝင်နေ၏။ ကျောကုန်းရိုးမှာ ပုတီးစေ့များ စီထားသကဲ့သို့ ဖြစ်နေ၏။ မျက်လုံးတော်သည်လည်း ရေတွင်းနက်ကြီးထဲက ရေကွက်ကလေးပမာ အတွင်းသို့ ချိုင့်ဝင်လျက်သား ဖြစ်နေ၏။ ဦးခေါင်းတော်မှာ ဗူးသီးနုနု နေခြောက်လှမ်းထားသည့်ပမာ ရှုံ့တွန့်ကာ ညှိုးနွမ်းနေ၏။ ဝမ်းရေနှင့် ကျောရေမှာ ကိုင်ကြည့်လျှင် တသားတည်း ထိနေ၏။ အာဟာရပြတ်၍ ကျင်ကြီးမှာ အလွန်ကြာမှ ကွမ်းသီးခန့်သာ သွားတော့၏။ တစ်ကိုယ်လုံးမှ ချွေးများဖြိုင်ဖြိုင်ကျကာ အားနည်းပြီး မှောက်လျက်သား တိမ်းကျသွား၏။ ခန္ဓာကိုယ်ကို အနည်းငယ် သက်သာရာရစေရန် လက်ဖြင့်ပွတ်လိုက်သောအခါ ရှိသမျှမွေးညှင်းများ ကျွတ်ကာ လက်၌ကပ်ပါလာ၏။

**အသားတော်ရောင် ပျောက်ကွယ်။** ။ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားတော်ရောင်သည် ပျောက်ကွယ်သွား၏။ ထို့ကြောင့် မြင်ရသူတချို့က "**ရဟန်းဂေါတမဟာ အသားမဲကြီး**"ဟု ပြောကြ၏။ တချို့ကမူ "**ရဟန်းဂေါတမဟာ အသားညိုကြီး**"ဟု ပြောကြ၏။ တချို့ကတော့ "**ရဟန်းဂေါတမဟာ အသားမဲလဲ မဟုတ်၊ အသားညိုကြီးလဲ မဟုတ်၊ ငါးရှူရေလို ပြာလဲ့လဲ့ အဆင်းရှိသူသာ ဖြစ်တယ်**"လို့ ပြောကြ၏။

## <u>မာနတ်လာ၍ အကျိုးလိုလားဟန်ပြောကာ နှောင့်ယှက်ခြင်း</u>

**ပဓာနသုတ်မြန်မာပြန်** (သုတ္တနိပါတ်၊ မဟာဝဂ်)

၁။ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ နေရဉ္ဇရာမြစ်နား၌ ယောဂကုန်ရာ နိဗ္ဗာန်သို့ ရောက်ခြင်းငှာ အလွန်အားထုတ်လျက် အပ္ပနာဈာန်ကို အားထုတ်နေသော ထိုငါဘုရားကို...

၂။ အရှင်ဘုရားသည် ကြံ့ခိုင်လှပါ၏။ အဆင်းမလှတော့ပြီ။ အရှင်၏သေခြင်းသည် နီးကပ်လှပါ၏ဟု မာနတ်သည် သနားခြင်းနှင့် ယှဉ်သောစကားကို ပြောလျက်ချဉ်းကပ်၏။

၃။ အရှင်ဘုရား၏ အသက်ရှင်ခြင်းသည် သေခြင်း၏ တစ်ထောင်သောအဖို့အစု ရှိသည့်အနက် တစ်စု တစ်စိတ်သာ ကျန်ပါတော့သည်။ အသျှင် အသက်ရှင်နေပါလော့။ အသက်ရှင်နေရခြင်းသည် မြတ်ပါ၏။ အသက်ရှင်နေသည်ရှိသော် အရှင်ဘုရားသည် ကောင်းမှုတို့ကို ပြုရပါလိမ့်မည်။

၄။ မြတ်သောအကျင့်ကိုလည်း ကျင့်သော, မီးပူဇော်ခြင်းကိုလည်း ပူဇော်သော သင့်အား များစွာသော ကောင်းမှုသည် ပွား၏။ တရားအားထုတ်မှုဖြင့် အဘယ်ပြုလိမ့်မည်နည်း။

၅။ တရားအားထုတ်ရန် ခရီးသည် အသွားခက်လှ၏။ ပြုနိုင်ခဲ၏။ ဖြစ်နိုင်ခဲ၏ဟု ဤဂါထာတို့ကို ရွတ်ဆို လျက် မာနတ်သည် မြတ်စွာဘုရား၏ အနီး၌ ရပ်တည်၏။

၆။ ထိုအခြင်းအရာအားဖြင့် ဆိုတတ်သော ထိုမာနတ်အား မြတ်စွာဘုရားသည် ဤစကားကို မိန့်ဆို၏....။ မေ့လျော့မှုအဆွေဖြစ်သော မာနတ်ယုတ်......၊ ဤအရပ်သို့ သင်လာခြင်းသည်ကား သင့်အကျိုးအတွက်သာ လာခြင်းဖြစ်၏။

၇။ မာနတ်ယုတ်....၊ **<u>အနည်းငယ်မျှလောက်သောလည်း ကောင်းမှုဖြင့် ငါ့အလိုမရှိ*။</u>** အကြင်သူတို့အားကား ကောင်းမှုဖြင့် အလိုရှိ၏။ ထိုသူတို့ကိုသာလျှင် မာနတ်သည် ပြောဆိုရန်ထိုက်၏။

၈။ မာနတ်ယုတ်.....၊ ငါ့အား ယုံကြည်မှု သဒ္ဓါသည်၄င်း၊ အားထုတ်မှု ဝီရိယသည်၄င်း၊ ခွဲခြားသိမှု ပညာ သည်၄င်း ရှိ၏။ ဤသို့ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသူငါ့အား အဘယ့်ကြောင့် အသက်ရှင်ခြင်းကို မေးတုံ ဘိသနည်း။

၉။ ငါ၏ ကိုယ်၌ ဝီရိယအဟုန်ကြောင့်ဖြစ်သော ဤလေသည် မြစ်တို့၏ ရေအလျဉ်တို့ကိုသော်လည်း ခန်းခြောက်စေနိုင်ရာ၏။ နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိသူ ငါ၏ သွေးကိုကား အဘယ့်ကြောင့်လျှင် မခန်း ခြောက်စေဘဲ ရှိပါအံ့နည်း။

၁၀။ သွေးသည်ခန်းခြောက်လတ်သော သည်းခြေသည်လည်းကောင်း, သလိပ်သည်လည်းကောင်း ခန်း ခြောက်၏။ အသားတို့သည် ခန်းခြောက်ကုန်သော် စိတ်သည် ရှေးကထက် လွန်စွာကြည်လင်၏။ သတိသည် ၄င်း, ပညာသည်၄င်း, သမာဓိသည်၄င်း ငါ့အားလွန်စွာတည်၏။

၁၁။ ဤသို့နေသည်ဖြစ်၍ လွန်မြတ်သော ဝေဒနာသို့ရောက်သော ထိုငါ၏စိတ်သည် ကာမတို့ကို အလိုမရှိ၊ စိတ်စင်ကြယ်မှုဖြင့် သတ္တဝါစင်ကြယ်သည်၏ အဖြစ်ကို ရှုလော့။

၁၂။ **ကာမ**တို့ကို သင်၏ ပထမစစ်သည်ဟူ၍ ဆိုရကုန်၏။ မမွေ့လျော်ခြင်း(**အရတိ**)ကို ဒုတိယစစ်သည် ဟူ၍ ဆိုရ၏။ မွတ်သိပ်ဆာလောင်ခြင်း(**ခုပ္ပိပါသာ**)ကို သင်၏ တတိယစစ်သည်ဟူ၍ ဆိုရ၏။ တပ်မက်မှု **တဏှာ**ကို စတုတ္ထစစ်သည်ဟူ၍ ဆိုရ၏။

၁၃။ **ထိနမိဒ္ဓ**ကို သင်၏ ပဉ္စမစစ်သည်ဟူ၍ ဆိုရ၏။ ကြောက်လန့်မှု(**ဘီရု**)ကို ဆဋ္ဌစစ်သည်ဟူ၍ ဆိုရ၏။ ယုံမှားမှု(**ဝိစိကိစ္ဆာ**)ကို သင်၏ သတ္တမစစ်သည်ဟူ၍ ဆိုရ၏။ သူ့ကျေးဇူးကို ချေဖျက်မှု(**မက္ခ**)ကိုလည်းကောင်း, မာန်ဖြင့် ခက်ထန်ခိုင်မာမှု(**ထမ္ဘ**)ကို၄င်း သင်၏ အဋ္ဌမစစ်သည်ဟူ၍ ဆိုရ၏။

၁၄။ လာဘ်ကျော်စောမှု ပူဇော်သက္ကာရ ချွတ်ယွင်းဖေါက်ပြန် မမှန်မကန် ရအပ်သော အခြံအရံကို နဝမ စစ်သည်ဟူ၍ ဆိုရ၏။ မိမိကိုယ်ကို ချီးမြှောက်မှု(**အတ္တုက္ကံသန**), သူတပါးတို့အား ရှုတ်ချမှု(**ပရဝမ္ဘန**)ကို ဒသမစစ်သည်ဟူ၍ ဆိုရ၏။

၁၅။ မာနတ်ယုတ်....ဤဆယ်မျိုးသည်ကား သမဏပြဟ္မဏတို့ကို နှောင့်ယှက်တတ်သော မည်းနက်သော အကုသိုလ်ရှိသည့် သင်မာနတ်၏ စစ်သည်ဗိုလ်ပါတည်း။ မရဲရင့်သူသည် ထိုစစ်သည် ဆယ်မျိုးကို မအောင်မြင်နိုင်။ ထိုစစ်သည်ဆယ်မျိုးကို အောင်မြင်နိုင်ခဲ့မှုကား ချမ်းသာကို ရ၏။

၁၆။ ထို့ကြောင့် ငါတို့သည်လည်း (မဆုတ်မနစ်ခြင်း အထိမ်းအမှတ်ဖြစ်သော) ဖြူဆံမြက်ကို ဆောင်ထား၏။ စစ်ရှုံးသည်ဖြစ်၍ ငါ၏ အသက်ရှင်နေရခြင်းသည် စက်ဆုတ်ဖွယ်ဖြစ်၏။ သင်နှင့်စစ်တိုက်ရာ၌ စစ်ရှုံးသည်ဖြစ်၍ ငါ၏ အသက်ရှင်နေရခြင်းထက် သေခြင်းက မြတ်သေး၏။

၁၇။ ဤသင်၏ စစ်သည်ဘောင်၌ နစ်မြုပ် သက်ဝင်နေကြရကုန်သော သမဏပြဟ္မဏ အချို့တို့သည် သီလ စသော ဂုဏ်တို့ဖြင့် မထင်ရှားနိုင်ကုန်။ ထိုသမဏပြဟ္မဏတို့သည် ကောင်းသောအကျင့်ရှိသူတို့သွားရာ လမ်းခရီးကိုလည်း မသိကြကုန်။

၁၈။ မာနတ်.....ငါသည် ထက်ဝန်းကျင်အရပ်မှ စစ်တိုက်ရန် ထွက်လာသော စစ်သည်ဗိုလ်ပါအပေါင်းကို မြင်ရသောကြောင့် ငါ့ကို တည်ရာဌာနမှ မရွေ့လျောပါစေလင့်ဟု နှလုံးသွင်း၍ ဂိရိမေခလာ ဆင်နှင့်တကွသော မာနတ်ကို စစ်ထိုးရန် ရင်ဆိုင်ထွက်ခဲ့၏။

၁၉။ သင်၏ အကြင်စစ်သည် ဗိုလ်ပါအပေါင်းကို နတ်နှင့်တကွသော လောကသည် ခံခံနိုင်စွမ်းမရှိပေ။ မီးမဖုတ်ရသေးသော မြေအိုးမြေခွက်ကို ကျောက်ဖြင့် ထုနက် ခွဲဖျက်သကဲ့သို့ သင်၏ ထိုစစ်သည်ဗိုလ်ပါ အပေါင်းကို ပညာဖြင့် ငါထုနက် ဖျက်ဆီးအံ့။

၂၀။ ငါသည် မှန်ကန်သော ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'ကို လေ့လာခြင်းရှိသည်ကို ပြုလျက်, မှန်ကန်သော အောက်မေ့မှု 'သမ္မာသတိ'ကိုလည်း ကောင်းစွာ တည်သည်ကိုပြု၍ များစွာသော တပည့်သာဝကတို့ကို ဆုံးမလျက် တိုင်းပြည်တစ်ခုမှ တိုင်းပြည်တစ်ခုသို့ လှည့်လည်တော့အံ့။

၂၁။ ငါ၏အဆုံးအမကို လိုက်နာကြကုန်သော ထိုတပည့်သာဝကတို့သည် မမေ့မလျော့ကုန်ဘဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကုန်လျက် ဘဝသုံးပါးကို အလိုမရှိကြကုန်သည်ဖြစ်၍ အကြင်နိဗ္ဗာန်သို့ ရောက်ကုန်သည် ရှိသော် မစိုးရိမ်ရကုန်၊ ထိုနိဗ္ဗာန်သို့ ရောက်ကြရကုန်လတ္တံ့။

၂၂။ သတိရှိတော်မူသော ထိုမြတ်စွာဘုရား၏ ချွတ်ယွင်းချက်အခွင့်အရေးကို ရလိမ့်မည်ဟု နှလုံးသွင်း၍ ငါသည် ခုနစ်နှစ်တို့ပတ်လုံး မြတ်စွာဘုရားသို့ထပ်ကြပ်မကွာ အစဉ်လိုက်ခဲ့၏။ ဤသို့လိုက်သော်လည်း အခွင့်အရေးကို မရခဲ့ချေ။

၂၃။ ဤအရာဝတ္ထု၌ နူးညံ့ပျော့ပျောင်းရာကို ရနိုင်ငြားအံ့လည်း မသိ။ သာယာမြိန်ယှက်ဖွယ် ရှိငြားအံ့လည်း မသိဟု နှလုံးသွင်း၍ ကျီးသည် အဆီခဲနှင့်တူသော အဆင်းရှိသော ကျောက်တုန်းကို ထက်ဝန်းကျင် လှည့်လည် ထိုးဆိတ်ပါသော်လည်း-

၂၄။ ကျီးသည် ထိုကျောက်တုံး၌ သာယာတပ်ငြိဖွယ်ကို မရသောကြောင့် ကျောက်တုံးကို တွယ်တာကပ်ငြိမှုမှ လက်လျှော့လျက် ဖဲခွါပျံသွားသကဲ့သို့ ငါတို့သည်လည်း အသျှင်ဂေါတမကို ငြီးငွေ့လက်လျှော့ကာ ဖဲခွါထွက်သွားကုန်တော့အံ့။ ။

[*ဤနေရာ၌ မာရ်နတ်ရည်ရွယ်သော ကုသိုလ်ကောင်းမှုဟူသည်မှာ မေထုန်မှရှောင်ကြဉ်ခြင်း၊ မီးပူဇော်ခြင်း မျှလောက်ကိုသာ ဆိုလို သည်။ ထိုခေတ်က ဤကုသိုလ်များဖြင့် ချမ်းသာရာ ဘဝများကို ရနိုင်သည်ဟု အယူရှိ ကြ၏။ ဘုရားအလောင်းကား ဤကဲ့သို့ ဘဝချမ်းသာကို အလိုရှိသူမဟုတ်။ ထို့ကြောင့် ပယ်မြစ်လိုက်ခြင်းဖြစ်၏။]

**လွဲချက်က နာ။** ။တချို့က ဤစကားကိုကြည့်၍ "သံသရာကလွတ်ချင် ဘုရားလောင်းလိုဘဲ ကုသိုလ်ကို ပယ်သင့်တယ်"ဟု ဆိုကြသေး၏။

**ဒုက္ကရစရိယာအကျင့်နှင့် စပ်၍မေးမြန်းဖွယ်**

ဤနေရာ၌ "ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာ အကျင့်ကို ကျင့်မှသာ ဘုရားဖြစ်မည်လော။ မကျင့်ခဲ့လျှင် ဘုရားမဖြစ်နိုင်တော့ဘူးလော့"ဟု မေးဖွယ်ရှိလာ၏။

အဖြေကား......ဒုက္ကရစရိယာအကျင့်ကို ကျင့်သည်ဖြစ်စေ, မကျင့်သည်ဖြစ်စေ အကြောင်းဖြစ်သော ပါရမီ စရိယတရား တို့ကို အပြည့်အဝ ဖြည့်ကျင့်ပြီးဖြစ်သောကြောင့် ဘုရားဖြစ်နိုင်သည်သာ။

သို့ဖြစ်လျှင် အဘယ့်ကြောင့် အပင်ပန်းခံကာ ကျင့်နေရပါသနည်းဟူမူ.....

သတ္တဝါအပေါင်းတို့အား မိမိ၏ သူမတူတန် ထက်သန်သော လုံ့လဝီရိယကို အထင်အရှားပြလိုသောကြောင့်၄င်း၊ နောင်တချိန် ပြန်လည်စဉ်းစား ဆင်ခြင်တော်မူသောအခါ စိတ်နှလုံးကို ရွှင်ပြုံးဝမ်းစေနိုင်လိမ့်မည်ဟု ဆင်ခြင်တော်မူမိသောကြောင့်၄င်း ဒုက္ကရစရိယာအကျင့်ကို အပင်ပန်းခံကာ ကျင့်တော်မူ၏။

ဥပမာအားဖြင့် စစ်မတိုက်ရဘဲ ရှေးအစဉ်အလာအရ မင်းဖြစ်လာရသောသူသည် စစ်တိုက်ကာ မင်းဖြစ်လာသောသူကဲ့သို့ ဝမ်းမြောက်မှုမဖြစ်နိုင်ချေ။ မှန်၏။ စစ်အောင်ပွဲကိုခံယူကာ မင်းဖြစ်လာသောသူသည် မင်းစည်းစိမ်ကိုခံစားရင်း ပရိသတ်ကိုကြည့်၍ မိမိလုံ့လဝီရိယကို တဖန်ပြန်၍ အောက်မေ့သည်ရှိသော် "ဤမည်သောနေရာ၌ ဤမည်သောရန်သူတို့ကို ဤကဲ့သို့ထိုးသတ်၍ ဤမင်းစည်းစိမ်ကို ရအပ်ပေစွာ့တကား....."ဟု စဉ်းစားတိုင်း ဝမ်းမြောက်ရ၏။

**တနည်းကား**.....နောင်လာမည့် သာဝကအပေါင်းကို နည်းပေးသောအားဖြင့် သနားစောင့်ရှောက်တော်မူလိုသောကြောင့်လည်း ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၏။ ထင်ရှားစေအံ့.....မြတ်စွာဘုရား၏ ဒုက္ကရ-စရိယာ အကျင့်ကို ကြားသိရသော နောင်သာဝကအပေါင်းတို့သည် "ဘုရားသော်မှ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီး၍လည်း ဒုက္ကရစရိယာအကျင့်ကို ကျင့်မှသာ ဘုရားအဖြစ်ကို ရလေသည်။ ငါတို့မှာ အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း။ ကမ္မဋ္ဌာန်းအလုပ် အားထုတ်မှသာ မဂ်ဉာဏ်ကို ရလိမ့်မည်"ဟု ဆင်ခြင်ကာ ပဓာနဝီရိယ(ကမ္မဋ္ဌာန်းအားထုတ်ခြင်း ဝီရိယ)ကို ပြုလုပ်ပေလိမ့်မည်။ ဤသို့ပြုသော် အိုနာသေဆုံးရာ နိဗ္ဗာန်သို့ ရောက်ကြလိမ့်မည်ဟု နောင်လာနောက်သားတို့အား နည်းပေးကာ သနားစောင့်စောင့်ရှောက်တော်မူလိုသောကြောင့် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူသည်။

(မဟာသစ္စကသုတ်၊ မူလပဏ္ဏာသ၊ ဋ၊ ၂၊ နှာ-၁၈၉။)

ဘုရားအလောင်းတော်တိုင်း နောက်ဆုံးဘဝ၌ ဓမ္မတာအားဖြင့် ဒုက္ကရစရိယာ အနည်းဆုံး (၇)ရက် ကျင့်ရ၏။ ငါတို့မြတ်စွာဘုရားလည်း ကျင့်စွမ်းနိုင်သူဖြစ်သည့်အတိုင်း ၆-နှစ်ကြာအောင် ကျင့်တော်မူသည်။ **<u>သို့သော် ထိုအကျင့်ကြောင့် ဘုရားဖြစ်သည်မဟုတ်၊ မဇ္ဈိမပဋိပတ်ကြောင့် ဘုရားဖြစ်တော်မူသည်။ ဤကဲ့သို့ နတ်နှင့်တကွသော လောကကြီးအား ထိုဒုက္ကရစရိယာအကျင့်သည် မဂ်ဉာဏ်ရဖို့ရန် လမ်းမှန်မဟုတ်သည်ကို ပြလိုသောကြောင့် ဒုက္ကရစရိယာကို ကျင့်တော်မူ၏။</u>**

တပါးသောဘုရားလောင်းတို့မှာ အနည်းဆုံး (၇)ရက်၊ အများဆုံး (၁)လ စသဖြင့် ရက်လတိုတောင်းစွာ ကျင့်ရပါသော်လည်း ငါတို့ဘုရားလောင်းမှာ ကဿပဘုရားလက်ထက် မာန်ခက်ထန်သည့် ဇောတိပါလပုဏ္ဏားဖြစ်စဉ် "ဤဦးပြည်းကတုံးအား ဘယ်မှာ သဗ္ဗညုတဉာဏ် ရနိုင်ပါ့မလဲ။ သဗ္ဗညုတဉာဏ်သည် အလွန်ရခဲသော အရာဖြစ်၏"ဟု ပြောခဲ့သည့် ဝစီကံဝိပါက်ကြောင့် ဒုက္ကရစရိယာ (၆)နှစ် ကျင့်ရ၏။ (မ၊ ဋီ၊ ၂၊ နှာ-၂၁၃။)

**မှန်ကန်သောဆင်ခြင်ဉာဏ်ဖြစ်ပေါ်လာခြင်း။** ။အလောင်းတော်သည် ဒုက္ကရစရိယအကျင့်ကို ၆-နှစ်မျှ ကျင့်ပြီးသောအခါ မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လဆန်း(၁)ရက်နေ့ အချိန်လောက်တွင် အလောင်းတော်၏ စိတ်သန္တာန်ဝယ် အကြံဖြစ်ပေါ်လာ၏။

"ရှေးအတိတ်ကာလ ဖြစ်ခဲ့ကြသော ရဟန်းပုဏ္ဏားတို့သည် အဆင်းရဲခံ၍ ကျင့်ကြရာဝယ် ဤမျှ လောက်သာ အလွန်ဆုံး အဆင်းရဲခံ၍ ကျင့်နိုင်ခဲ့ကြပေမည်။ ယခုငါကျင့်သော အကျင့်ထက်ပို၍ အဆင်းရဲခံ ကျင့်နိုင်ကြမည် မဟုတ်ပေ။ နောက်အနာဂတ်ကာလ၌ ဖြစ်ပေါ်ကြမည့် ရဟန်းပုဏ္ဏားတို့သည်လည်း ယခုငါ ကျင့်သည်ထက် ပို၍ ကျင့်နိုင်ကြလိမ့်မည် မဟုတ်ချေ။ ယခုပစ္စုပ္ပန်ကာလ၌ ရှိကြသည့် ရဟန်းပုဏ္ဏားတို့သည် လည်း ဤမျှလောက်သာ အလွန်ဆုံးကျင့်နိုင်ကြပေမည်။ ယခု ငါကျင့်သည်ထက် ပို၍ ကျင့်နိုင်ကြလိမ့်မည် မဟုတ်ချေ။ ငါသည် ကာလသုံးပါး၌ ရှိကြသော ရဟန်းပုဏ္ဏားတို့အကျင့်ထက် မယုတ်ပေ။ ပိုလျှင်သာ ပိုမည်။ ထိုသို့ ဒုက္ကရစရိယ အကျင့်ကို ၆-နှစ်မျှ ကျင့်ကြံကြိုးကုတ် အားထုတ်ပါသော်လည်း သဗ္ဗညုတဉာဏ်ကို မရခဲ့ ချေ။ **သိယာ နု ခေါ အညော မဂ္ဂေါ ဗောဓာယ** = ဘုရားဖြစ်ဖို့ရန် အကျင့်လမ်းကြောင်းကား အခြားလမ်းတစ်ခု ဖြစ်တန်ရာ၏"ဟု ကြံစည်မိ၏။

၎င်းနောက် "**သိယာ နု ခေါ ဧသော မဂ္ဂေါ ဗောဓာယ** = ဖခင်သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြု စဉ်က သပြေပင်ရိပ်၌ ငါရခဲ့သော အာနာပါနပထမဈာန် လမ်းကြောင်းအကျင့်သည်သာ လမ်းမှန်ဧကန်ဖြစ်တန် ရာ၏"ဟု ဆင်ခြင်မိလေသည်။

**အားရှိရန် ဆွမ်းခံစား။** ။ဤမျှ ညှိုးခြောက်နေသော ခန္ဓာကိုယ်ဖြင့် ပထမဈာန်အကျင့်ကိုရအောင် အားထုတ် နိုင်လိမ့်မည်မဟုတ်ဟု ဆင်ခြင်ကာ သေနာနိဂုံးရွာသို့ ဆွမ်းခံ၍ ဘုဉ်းပေးကာ ညှိုးနွမ်းသော ခန္ဓာကို မျှတတော် မူ၏။ နှစ်ရက် သုံးရက်အတွင်းမှာ ပင်ကိုယ်မဟာပုရိသလက္ခဏာများ ပြန်လည်ထင်ရှားလာကာ ခန္ဓာကိုယ် လည်း ရွှေအဆင်းကဲ့သို့ ဝါဝင်းစိုပြေလာ၏။ (မဟာသစ္စကသုတ်၊ မူ-ပဏ်၊ ၃၁၃။)

**အာပါနာန ပထမဈာန်ကိုသာ ယူခြင်းအကြောင်း။** ။ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာအကျင့်ကိုစွန့်၍ ဘုရားဖြစ်ရန် အကျင့်မှန်ကို ဆင်ခြင်သောအခါ အာဠာရနှင့်ဥဒကဂိုဏ်းဆရာကြီးတို့ထံမှ ရခဲ့သော လောကီ ဈာန်သမာပတ် ရှစ်ပါးတို့မှာ ဝဋ်ဆင်းရဲ၏ အခြေခံတို့သာ ဖြစ်ကုန်၏။ သပြေပင်အောက်တွင် ရရှိခဲ့သော အာနာပါန သမာဓိကား ကာယဂတာသတိအတွင်းဝင်သောကြောင့်၎င်း၊ ခပ်သိမ်းသောဘုရားလောင်းတို့ အတွက် ဝိပဿနာ၏ အခြေခံဖြစ်သောကြောင့်၎င်း၊ ထိုအာနာပါနသမာဓိကိုသာ ဘုရားဖြစ်ရန်လမ်း ကြောင်းမှန်ဟု ဆင်ခြင်သိမြင်သောကြောင့် ထိုအာနာပါနသမာဓိကိုသာ ယူတော်မူ၏။ (မူလပဏ္ဏာသဋီကာ၊ ဒု၊ ၂၁၅။)

**ပဉ္စဝဂ္ဂီငါးဦးတို့ အလောင်းတော်ကို စွန့်သွားခြင်း။** ။ဘုရားအလောင်းတော် ဆွမ်းခံစား၍ ခန္ဓာကိုယ်ကို မျှတ တော်မူသောအခါ အလုပ်အကျွေးဖြစ်သော ပဉ္စဝဂ္ဂီငါးဦးတို့သည် "ရဟန်းဂေါတမသည် ပစ္စည်းလာဘ်လာဘ များရန် ကျင့်သူဖြစ်လေပြီ။ ကမ္မဋ္ဌာန်းလူထွက်ကြီးဖြစ်ကာ ပစ္စည်းလာဘ်လာဘ များရာဘက်သို့ လည်ထွက် သွားလေပြီ"ဟု ပြောဆို၍ စိတ်ပျက်ကာ **တန်ခူးလကွယ်နေ့လောက်တွင်** အလောင်းတော်ကို စွန့်ပြီး ဗာရာဏသီမြို့အနီး ဣသိပတန မိဂဒါဝုန် တောသို့ ထွက်ခွါသွားတော့၏။

ထိုအချိန်မှစ၍ အလောင်းတော်တွင် တစ်ပါးတည်း ဆိတ်ငြိမ်မှုရကာ **အာနာပါနကမ္မဋ္ဌာန်း** အားထုတ် ရာ၌ သမာဓိ အထူးတိုးတက်လာ၏။ ဈာန်လေးပါးလုံးရ၍ ကဆုန်လဆန်း ၁၄-ရက်နေ့အထိ ဈာန်ချမ်းသာဖြင့် နေခဲ့၏။ (မဟာစည်ဆရာတော်၏ ဓမ္မစကြာတရား၊ နှာ ၄၂-မှ)

**သုဇာတာ၏ ဃနာနို့ဆွမ်း။** ။မဟာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့်နေ့၌ ဥရုဝေလတောမှ **သေနာ** နိဂုံးရွာသို့ ဆွမ်းခံကြွ၏။ ညောင်ပင်အောက်၌ ဆွမ်းခံချိန်စေတ္တစောင့်နေချိန် သုဇာတာသူဌေးသမီးသည် သူ၏ဆုတောင်းပြည့်ခဲ့သဖြင့် ကဆုန်လပြည့်နေ့တိုင်း ညောင်ပင်စောင့်နတ်ကို ပူဇော်နေကြဖြစ်၏။ သူ့ဆု တောင်းကား "အရွယ်ရောက်လျှင် အမျိုးဇာတ်တူနှင့်အိမ်ထောင်ကျလျက် ပထမအကြိမ်ကိုယ်ဝန်ကို သားရခဲ့ ငြားအံ့၊ အရှင်နတ်မင်းကို နို့ဃနာဆွမ်းဖြင့် ပူဇော်ပါအံ့"ဟူ၍ဖြစ်၏။ ထိုနေ့ **ဘုရားအလောင်း ထိုင်နေသည်ကို ညောင်ပင်စောင့်နတ် ကိုယ်ထင်ရှားပြ၍ ခံယူသည်ဟု အောင့်မေ့ကာ**(ထိုအချိန်က ဘုရားလောင်းသည် ဒုက္ကရ စရိယာကျင့်စဉ်က ပျောက်ကွယ်သွားသော လက္ခဏာတော်ကြီးငယ်တို့ ပြန်ပေါ်လာပြီး နတ်သားကြီးတမျှ လှပခန့်ထည် တင့်တယ်နေပေပြီဟူလို) သူဌေးသမီးကိုယ်တိုင် ဃနာနို့ဆွမ်းကို ကပ်လှူ၏။

အလောင်းတော်သည် ဒုက္ကရာစရိယာ ၆-နှစ်ကျင့်စဉ် သူနှင့်အတူရှိနေခဲ့သော ဃဋီကာရဗြဟ္မာကြီး လှူဒါန်းသော သပိတ်မှာ ပျောက်ခြင်းမလှ ပျောက်သွား၏။ ခံယူဖို့ရန် သပိတ်မရှိသဖြင့် သူဌေးသမီးကို ကြည့် လိုက်ရာ အဓိပ္ပါယ်ကို သဘောပေါက်ပြီး ရွှေခွက်ပါလှူလိုက်၏။ ၎င်းနောက် "အိုအရှင်.....အကျွန်ုပ်ရဲ့ဆန္ဒ ပြည့်ဝ သလို အရှင်တို့၏ ဆန္ဒလည်းပြည့်ဝပါစေ"ဟု ပြောဆိုကာ ပြန်သွား၏။

**သတိချပ်ရန်။** ။အချို့က သုဇာတာ ဤဃနာဆွမ်းလှူခြင်းကို ပထမဆုံးအကြိမ်ဟု ထင်မှားတတ်၏။ အမှန်မှာ လွန်ခဲ့သော နှစ်၂၀- ခန့်ကပင် သူ့၏ဆုတောင်း ပြည့်သဖြင့် နှစ်စဉ်ပုံမှန် ကဆုန်လပြည့်နေ့တိုင်း ကပ်လှူခဲ့၏။ အကြောင်းမှာ သုဇာတာ၏သား ယသသည် ဘုရားဖြစ်မည့်အချိန်၌ အိမ်ထောင်ကျ၍ သူဌေးစည်းစိမ်ပင် ခံစားနေပေပြီ။

**ဘုရားဖြစ်တော်မူခြင်း။** ။ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီး နေ့ခင်းဘက်တွင် နေရဥ္စရာမြစ်ကမ်းဘေး အင်ကြင်း တောတွင် နေ့သန့်စင်ကာ ညနေဘက်တွင် မဟာဗောဓိပင်ရှိရာအရပ်သို့ ကြွတော်မူ၏။ လမ်းတွင် သောတ္ထိယ မြက်ထမ်းပုဏ္ဏား လှူဒါန်းလိုက်သော မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းပြီး-

"ငါ၏ တစ်ကိုယ်လုံးရှိ အသွေးအသားများ ခမ်းခြောက်သွားချင် သွားပါစေ။ ငါသည် ဘုရားမဖြစ်သမျှ ဤယခုဖွဲ့ခွေထားသော တင်ပလ္လင်ကို အဘယ်နည်းနှင့်မျှ ဖျက်လိမ့်မည်မဟုတ်"

ဟူ၍ အင်္ဂါလေးပါးရှိသော ဝီရိယဖြင့် အဓိဋ္ဌာန်ကာ ထိုင်တော်မူ၏။

မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့၌ နေမဝင်မီ မာရ်နတ်သားကို အောင်တော်မူပြီးနောက် ထိုနေ့ ညဥ့်ဦးယံ၀ယ် ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၀ယ် ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ် တို့ကို ရတော်မူပြီး ကဆုန်လပြည့်နေ့ အာရုံတက်သည်နှင့်တပြိုင်နက် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

**အထူးမှတ်သားရန်။** ။ ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာနိဒါန်းတို့၌ ကဆုန်လပြည့်နေ့ ဘုရားအလောင်းတော် ဃနာနို့ဆွမ်း စားပြီးနောက် နေရဥ္စရာမြစ်အနီး အင်းကြင်းတော၌ နေ့သန့်နေထိုင်စဉ်၌ တစုံတခုသော သမာပတ်အဘိညာဉ် ရရှိတော်မူကြောင်း မလာရှိချေ။ ဇိနာလင်္ကာရဋီကာ(နှာ-၂၅၅)၌ကား ထိုအင်ကြင်းတော၌ နေ့သန့်နေတော်မူစဉ် လောကီသမာပတ်ရှစ်ပါး၊ အဘိညာဉ် ငါးပါးတို့ကို ရတော်မူကြောင်း ဖွင့်ဆိုထား၏။

ထိုစကားကို မင်းကွန်းဆရာတော်ကြီးက သူ၏ဗုဒ္ဓဝင်(တွဲ ၂၊ နှာ ၃၁၂)၌ မှတ်ချက်ပေးရာတွင် ဇိနာလင်္ကာရဋီကာဆရာက သူဖွင့်ဆိုသည့် စကားရပ်များနှင့် ညီညွတ်သည်ဟု ဆိုထား၏။ ဖွင့်ပုံမှာ- ဘုရားအလောင်း မဟာဗောဓိပင်သို့ကြွတော်မူသောအခါ ကာယဗလ၊ အဘိညာဏ်ဟူသော ဉာဏဗလတို့နှင့် ပြည့်စုံပြီးသားဖြစ်ကြောင်း ဖွင့်ဆိုထား၏။ ၎င်းအပြင် မာနတ်ကြီး စစ်ချီလာသော အခါ အလောင်းတော်က "ငါအလိုရှိလျှင် မုန့်ညင်းစေ့အတွင်းမှာပင် လမ်းလျှောက်နိုင်၏။ အလိုရှိလျှင် စကြာဝဠာတိုက်ကြီးကို ကိုယ်ဖြင့်ဖုံးထားနိုင်၏"ဟူသော စကားရပ်များနှင့်၎င်း၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်အရာဖြစ်သော ဝေဿန္တရာမင်းဘဝက ဒါနကြီးများကို သက်သေညွှန်းပြနိုင်ခြင်း" စသော စကားရပ်များနှင့်၎င်း ညီညွတ်လှ၍ အပြစ်မဆိုသာဟု ဆိုထားပေသည်။

ဇိနာလင်္ကာရဋီကာဆရာအလိုအားဖြင့် အာဠာရနှင့် ဥဒကဆရာကြီးတို့ထံမှ ရခဲ့သော အဘိညာဏ် ရှစ်ပါးကို ဒုက္ကရစရိယာ ၆-နှစ်ကျင့်နေစဉ် အသုံးမပြုခဲ့သဖြင့် ရွှေခွက်များ အညစ်အကြေးတင်သလို ဖြစ်နေ၏။ ၄င်းကို အင်ကြင်းတော၌ နေ့သန့်တော်မူစဉ် ပြန်ဝင်စားလိုက်သဖြင့် စင်ကြယ်အောင်ပြုတော်မူ၏။ ၄င်းကို မာနတ်သားအောင်တော်မူပြီးနောက်မှ (မိမိ၌ရှိသော ရွှေခွက်ကို လှလှကြီး အသုံးချသည့်ပမာ) မိမိရပြီးသော ပုဗ္ဗေနိဝါသအဘိညာဏ်နှင့် ဒိဗ္ဗစက္ခုအဘိညာဏ်တို့ကို ဝိဇ္ဇာပေါက်အခြေသို့ရောက်အောင် လှလှကြီး အသုံးပြုသည်ဟု ဆိုလိုချင်သည်ထင်ကြောင်း မင်းကွန်းဆရာတော်ကြီးက ဆိုထားပါသည်။

(မဟာဗုဒ္ဓဝင်၊ တွဲ-၂၊ နှာ ၃၁၂-၃၁၃ မှ လိုရင်းအကျဉ်းချုပ် ကူးယူဖော်ပြသည်။)

## ပုဗ္ဗေနိဝါသဉာဏ်

အလောင်းတော်၏စိတ်အစဉ်သည် စတုတ္ထစျာန်သမာဓိဖြင့် ကောင်းစွာတည်ကြည်နေသဖြင့် စိတ်တော်က အဘိညာဏ်အာရုံသို့ ညွှတ်လိုက်လျှင် အလွယ်တကူပင် ပုဗ္ဗေနိဝါသာနဿတိ အဘိညာဏ် ဖြစ်ပေါ်လာ၏။ ထိုဉာဏ်ဖြင့် ထိုထိုဘဝတို့၌ ဖြစ်ခဲ့သမျှ တွေ့ကြုံခံစားခဲ့သမျှ အကြောင်းအရာ အလုံးစုံကို သိမြင်တော်မူ၏။ ထိုဉာဏ်ဖြင့် အလောင်းတော်မြွတ်သည်-

"ထိုထိုသို့သော အစမထင် ဘဝသံသရာ၌ ရုပ်နာမ်တရား နှစ်ပါးတို့သာ ဖြစ်ကုန်စွာ့တကား။ ထို ရုပ်နာမ်တရားနှစ်ပါးတို့သည် အစဉ်မပြတ် သန္တာန်စပ်ကာ ဆီမီးလျှံကဲ့သို့၄င်း၊ ရေအယဉ်ကဲ့သို့၄င်း၊ အကြောင်း အကျိုး အဆက်ဆက်တို့ဖြင့် မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်ဟူသော ဒွါရခြောက်ပါးတို့၌ အဆင်း အသံ အနံ့ အရသာ အတွေ့ စိတ်ကူးကြံစည်မှုဟူသော အာရုံခြောက်ပါးတို့ လာရောက်တိုက်ဆိုင်ကြကုန်လျက် ကိုယ်လှုပ်ရှားမှု နှုတ်လှုပ်ရှားမှု စသော အထူးထူးသော ဝိညတ်တို့ကို ဖြစ်စေကြကုန်စွတကား။ တကယ်စင်စစ် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဟူ၍ လားလားမှ မရှိလေကုန်စွတကား။ ထိုပုဂ္ဂိုလ်သတ္တဝါကို ဖန်ဆင်းအပ်သော ဖန်ဆင်းရှင်ဟူ၍လည်း မရှိလေကုန်စွတကား"

ဟု ထိုးထွင်းသိမြင်ကာ လောကုတ္တရာမဂ်ဖိုလ်သို့ ရဖို့ရန် ဇောန်စိတ်ချရသည့် အသိညာဏ်ထူးများကို ရတော်မူလေသည်။ ထို့ကြောင့်-

၁။ ရုပ်သည် အတ္တဟူ၍၄င်း

၂။ အတ္တသည် ရုပ်ရှိ၏ဟူ၍၄င်း

၃။ အတ္တ၌ ရုပ်သည် တည်ရှိ၏ဟူ၍၄င်း

၄။ အတ္တသည် ရုပ်၌ တည်ရှိ၏ဟူ၍၄င်း

ရုပ်နှင့်စပ်သော အတ္တဒိဋ္ဌိ(သက္ကာယဒိဋ္ဌိ) ၄-ပါး။ ထို့အတူ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့နှင့် စပ်၍ဖြစ်သော အတ္တဒိဋ္ဌိ လေးပါးစီအားဖြင့် အတ္တဒိဋ္ဌိ ၂၀-ကို ထိုဉာဏ်ဖြင့် ဝိက္ခမ္ဘနပဟာအားဖြင့် ပယ်စွန့်ပြီးဖြစ်လေ၏။

## ဒိဗ္ဗစက္ခုဉာဏ်

၄င်းနောက် အလောင်းတော်၏စိတ်အစဉ်ကို သတ္တဝါတို့၏ စုတိ,ပဋိသန္ဓေကို သိမြင်နိုင်သည့် စုတူပပါတဉာဏ်, ကံအားလျော်စွာ လားရောက်ကြရသော သတ္တဝါတို့၏ အကြောင်းအရင်း အခြေခံဖြစ်သည့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ဝေဘန်သိမြင်နိုင်သော ယထာကမ္မူပဂဉာဏ်များ ဖြစ်ပေါ်လာရန် ညွှတ်တော်မူ၏။

[မှတ်ချက်။ ။ဒိဗ္ဗစက္ခုဉာဏ်နှင့် စုတူပပါတဉာဏ်သည် အတူတူပင်ဖြစ်၏။ ဒိဗ္ဗစက္ခုဉာဏ်ပြည့်စုံလာလျှင် ယထာကမ္မူပဂဉာဏ်နှင့် အနာဂတံသဉာဏ်တို့လည်း ပြည့်စုံလေတော့၏။]

ဒိဗ္ဗစက္ခုဉာဏ်ခေါ်သည့် စုတူပပါတဉာဏ်ဖြင့် စုတေခါနီး သတ္တဝါတို့ကိုငှင်း၊ ပဋိသန္ဓေနေပြီးစ သတ္တဝါတို့ကို ၄င်း၊ အမျိုးဇာတ်အနွယ် စသည်အားဖြင့် အောက်တန်းကျသူ, အထက်တန်းရောက်သူတို့ကိုငှင်း၊ ရုပ်အဆင်း လှသူ, မလှသူတို့ကိုငှင်း၊ သုဂတိဘုံ ဒုဂ္ဂတိဘုံသို့ ရောက်သူတို့ကိုငှင်း၊ ချမ်းသာကြွယ်ဝသူ, ဆင်းရဲသူတို့ကိုငှင်း မြင်တော်မူ၏။

ထိုဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် အပါယ်ဘုံ၌ ဆင်းရဲဒုက္ခခံစားနေရသူတို့ကို မြင်တော်မူပြီးလျှင် "ဤအပါယ်ဘုံသား သတ္တဝါတို့သည် အဘယ်သို့သောကံကို ပြုခဲ့ကြ၍ ဤမျှကြောက်မက်ဖွယ်ကောင်းသည့် ဆင်းရဲဒုက္ခကို ခံစားနေကြရကုန်သနည်း"ဟု ဆင်ခြင်တော်မူသောအခါ ၄င်းတို့၏ အကုသိုလ်ကံများကို သိမြင်နိုင်သော ယထာကမ္မူပဂဉာဏ် ဖြစ်ပေါ်လာ၏။

ထို့အတူ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံ၌ ချမ်းသာကို ခံစားနေကြရသော လူနတ်ဗြဟ္မာသတ္တဝါတို့၏ ရှေးကံကို ဆင်ခြင်ကြည့်သောအခါ၌လည်း ထိုသတ္တဝါတို့၏ ရှေးကုသိုလ်ကံကို သိမြင်နိုင်သော ယထာကမ္မူပဂဉာဏ် ဖြစ်ပေါ်လာ၏။

ထိုဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် အလောင်းတော်၏ သန္တာန်၌ "သတ္တဝါတို့၏ စုတိ-ပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာစာတ် ကင်းပြတ်လေ၏။ ထိုဒိဗ္ဗစက္ခုဉာဏ်လျှင် အခြေခံရှိသော ယထာကမ္မူပဂအဘိညာဏ်ဖြင့် သတ္တဝါတို့၏ ရှေးအတိတ်ကံအကြောင်းမှန်ကို ဝေဘန်ချဲ့ထွင် အလင်းပေါက်သိမြင်တော်မူရကား ယုံမှားခြင်း ၁၆-ပါးကိုလည်း ပယ်ရှားပြီးဖြစ်လေတော့၏။

### ယုံမှားခြင်း ၁၆-ပါး

### အတိတ်ဘဝ၌ ယုံမှားခြင်း ၅-မျိုး

၁။ ရှေးအတိတ်ကာလက ငါဖြစ်ခဲ့တာ ဟုတ်မှဟုတ်လေရဲ့လား။

၂။ ငါမဖြစ်ခဲ့ဘူး လေရော့သလား။

၃။ ဖြစ်ခဲ့ဖူးလျှင် မင်း,ပုဏ္ဏားစသည်တို့တွင် အဘယ်အမျိုးဇာတ်၌ ဖြစ်ခဲ့ပါမည်နည်း။

၄။ အဘယ်ပုံသဏ္ဍာန်ဖြင့် ဖြစ်ခဲ့ပါမည်နည်း။

၅။ ဟိုလွန်ခဲ့သည် တတိယဘဝက ဘယ်ပုံဖြစ်ခဲ့ပြီး လွန်ခဲ့သည် ဒုတိယဘဝက ဘယ်လိုများ ဖြစ်ခဲ့ပါသနည်း။

မှတ်ချက်။ ။အနာဂတ်အတွက်လည်း အတိတ်နည်းတူ ၅-မျိုး ယူပြန်၏။

### ပစ္စုပ္ပန်ဘဝ၌ ယုံမှားမှု ၆-မျိုး

၁။ ပစ္စုပ္ပန်ကာလ၌ဖြစ်သော ခန္ဓာကိုစွဲ၍ သို့လော သို့လော တွေးတောခြင်း.

၂။ ငါဟုတ်မှ ဟုတ်ရဲ့လား။

၃။ ငါမဟုတ်ဘဲ ရှိရော့သလား။

၄။ ဘယ်လိုအမျိုးဇာတ် ဖြစ်ပါလိမ့်မည်နည်း။ (မင်းမျိုးလေလား၊ ပုဏ္ဏားမျိုးလေလား။)

၅။ ငါ့အတ္တသည် ဘယ်လိုပုံသဏ္ဍာန် ရှိပါလိမ့်မည်နည်း။

၆။ ဤအတ္တခေါ်သော သတ္တဝါသည် ဘယ်ဘဝကလာခဲ့၍ ဘယ်ဘဝသို့ သွားဦးမှာပါနည်း။

(ပဏ်၊၁၊ပါ၊၁၀။ ဋ္ဌ၊ပ၊၇၁။ ဝိသုဒ္ဓိ၊၃၊၂၃၄။ စူဋီ၊ဋ္ဌ၊ ၉၄။ မဟာနိ၊ပါ၊ ၃၂၉။)

**အာသဝက္ခယဉာဏ်**

ကဆုန်လပြည့်နေ့ညဥ့်၏ မိုးသောက်ယံအချိန်၌ မဟာဝဇိရ ဝိပဿနာတရား ပွားများအားထုတ်တော်မူလေသည်။ အားထုတ်ပုံအမြွက်မှာ-

အာဏာခေတ်ဟုဆိုအပ်သော စကြာဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းအတွင်း လူနတ်ပြဟ္မာသတ္တဝါတို့ မည်မျှပင်များစေကာမူ ပရမတ္ထသဘာဝ အနေအားဖြင့် အဝိဇ္ဇာ သင်္ခါရ စသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးတရားတို့ကိုသာ မြင်တော်မူ၏။ အလောင်းတော်ဆင်ခြင်ကြည့်သောအခါ ဤတရားတို့ကိုသာ ဝိပဿနာတင်ရှုရမည်ကို သိတော်မူ၏။ ထို့ကြောင့် စကြာဝဠာတိုက်တစ်သိန်းတွင်းရှိဖြစ်နေကြသော သတ္တဝါတို့ ခန္ဓာအစဉ်ဝယ်ဖြစ်နေကြသော ပရမတ္ထတရားတို့ကို ဝိပဿနာရှုရာ အဝိဇ္ဇာပေါင်း ကုဋေတစ်သိန်း၊ သင်္ခါရပေါင်း ကုဋေတစ်သိန်း၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ+မရဏပေါင်း ကုဋေတစ်သိန်းအားဖြင့် ကုဋေတစ်သန်းနှစ်သိန်းတို့ကို ဝိပဿနာရှုတော်မူ၏။

၎င်းနောက် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ၁၂-ပါး၌ တစ်ပါးစီကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ဝိပဿနာဉာဏ် သုံးပါးစီရှုပြန်သောကြောင့် ကုဋေတစ်သန်းနှစ်သိန်းကို သုံးဖြင့်မြှောက်လျှင် **မဟာဝဇိရ ဝိပဿနာဉာဏ်တော်ပေါင်း ကုဋေသုံးသန်းခြောက်သိန်း** ဖြစ်လေ၏။

ထို့နောက် အာနာပါနစတုတ္ထစျာန် သမာပတ်ကိုဝင်စား၊ ၎င်းမှပြန်ထကာ ခန္ဓာငါးပါးတရားတို့၌ ဥဒယဗ္ဗယစသော အထက်ဝိပဿနာဉာဏ်များကို ဖြစ်ပွားစေတော်မူ၏။ ၎င်းနောက် မဂ်ဉာဏ်လေးပါး အစဉ်အတိုင်းတက်ကာ အာသဝက္ခယအမည်ရှိသော အရဟတ္တမဂ်ဉာဏ်သို့ ဆိုက်ရောက်ပြီး သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူလျက် လောကသုံးပါး၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့်တပြိုင်နက် အာရုံတက်လေတော့သည်။

## (၁) ပလ္လင်ကသတ္တာဟ (ပလ္လင်ထက်မှာ ၇-ရက်)

ဘုရားဖြစ်တော်မူပြီးနောက် ကဆုန်လပြည့်ကျော် ၁-ရက်နေ့ပတ်လုံး ဖလသမာပတ်ချမ်းသာဖြင့် နေတော်မူ၏။ ထိုည ညဥ့်ဦးယံမှစ၍ ပဋိစ္စသမုပ္ပါဒ် အနုလုံ-ပဋိလုံ တို့ကို အပြန်ပြန် အလှန်လှန် ဆင်ခြင်တော်မူကာ ထိုပလ္လင်ထက်၌ပင် အရဟတ္တဖိုလ်ချမ်းသာကို ဝင်စားလျက် သီတင်းသုံးတော်မူ၏။

## (၂) အနိမိသသတ္တာဟ

(မျက်လုံးတော်ကို မမိုတ်ဘဲ ဗောဓိပင်နှင့် ပလ္လင်တော်ကို စူးစူးစိုက်စိုက် ကြည့်တော်မူသော ၇-ရက်)

အချို့ပုထုဇဉ်နတ်ပြဟ္မာတို့သည် "မြတ်စွာဘုရားသည် ယခုထက်တိုင် ပလ္လင်တော်မှ မထသေး။ ဘုရားဖြစ်ရန် အခြားဂုဏ်ကျေးဇူးများ ရှိကုန်သေးသလော"ဟု ယုံမှားမှုဖြစ်ပေါ်လာကုန်၏။ ထိုယုံမှားမှုကို ပယ်ဖျောက်ရန် ကဆုန်လဆုတ် ၈-ရက်နေ့တွင် ပလ္လင်မှထကာ ကောင်းကင်သို့ပျံတက်၍ ရေမီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူ၏။ (ကပိလဝတ်၌ ပြသော ရေမီးအစုံတန်ခိုး၊ သာဝတ္ထိမြို့ သရက်ဖြူပင်ရင်း၌ တိတ္ထိတို့အားပြသော ရေမီးအစုံအားဖြင့် ၃ကြိမ်)

၎င်းနောက် ကောင်းကင်မှသက်ဆင်း၍ မဟာဗောဓိပင် အရှေ့မြောက်ယွန်းယွန်းအရပ်၌ မတ်မတ်ရပ်လျက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ဆည်းခဲ့သော ပါရမီတော်တို့၏ အကျိုးဖြစ်သော အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူရာ ဗောဓိပင် ရွှေပလ္လင်တော်မြတ်ကို မမိုတ်သောမျက်လုံးဖြင့် ၇-ရက်ပတ်လုံး ကြည့်တော်မူ၏။ ထိုအရပ်သည် **အနိမိသစေတီ**ဟု အမည်တွင်လေ၏။

**(၃) စင်္ကမသတ္တာဟ**

ထို့နောက် တတိယမြောက်သတ္တာဟ၌ မဟာဗောဓိပင်နှင့် အနိမိသစေတီအကြား အရှေ့အနောက် အလျားရှိသော နတ်ပြဟ္မာတို့ဖန်ဆင်းအပ်သည့် ရတနာစင်္ကြံတော်၌ ဖလသမာပတ်ဝင်စားရင်း စင်္ကြံလျှောက်ကာ ၇-ရက်ပတ်လုံး ကုန်လွန်စေ၏။ ထိုအရပ်သည် **ရတနာစင်္ကမစေတီ**ဟု အမည်တွင်လေ၏။

**(၄) ရတနာဃရ သတ္တာဟ**

၄င်းနောက် စတုတ္ထမြောက်သတ္တာဟ၌ မြတ်စွာဘုရားသည် မဟာဗောဓိပင်မှ အနောက်မြောက်ထောင့် အရပ်(ပေ ၃၀၀-ခန့်အကွာ)၌ နတ်ပြဟ္မာတို့ဖန်ဆင်းအပ်သော ရတနာဃရ ရွှေအိမ်တော်၌ သီတင်းသုံးတော်မူကာ အဘိဓမ္မာတရား များကို ဆင်ခြင်တော်မူ၏။ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သောအခါ ကိုယ်တော်မှ ရောင်ခြည်တော်များ ထွက်ပေါ် လာ၏။ ထိုအရပ်သည် **ရတနာဃရစေတီ**ဟု အမည်တွင်လေ၏။

**(၅)အဇပါလ သတ္တာဟ**

**(က) ဟုံဟုက်ပုဏ္ဏားရောက်လာ**

ပဉ္စမမြောက်သတ္တာဟ၌ မဟာဗောဓိပင်၏ အရှေ့တည့်တည့်(ပေ ၂၀၀-ခန့်အကွာ)အရပ်၌ အဇပါလ ညောင်ပင် (ဆိတ်ကျောင်းသားများ လာရောက်နားနေရာညောင်ပင်)သို့ ကြွတော်မူ၍ ၇-ရက်ပတ်လုံး သမာပတ်ဝင်စားလျက် သီတင်းသုံးတော်မူ၏။ ထိုအချိန် မာန်ခက်ထန်သည့် ဟုံဟုက်ပုဏ္ဏားရောက်လာပြီး မြတ်စွာဘုရားကို-

> "အရှင်ဂေါတမ.....လောက၌ အဘယ်မျှသော တရားဖြင့် **ပြဟ္မဏ**ခေါ် သူမြတ်စင်စစ် ဖြစ်နိုင်ပါသနည်း။ သူမြတ်ဖြစ်အောင် ပြုတတ်သောတရားများကား အဘယ်တရားများပါနည်း"

ဟု လာရောက်မေးမြန်းလေ၏။ သို့သော် ထိုပုဏ္ဏားကား တရားရမည့်သူမဟုတ်။ ထို့ကြောင့် ထိုပုဏ္ဏားကို တရားနာမည့်သူ အရာမထားဘဲ ထိုပုဏ္ဏားမေးသော အနက်အဓိပ္ပါယ်ကိုသာ အောက်ပါအတိုင်း ဥဒါန်း ကျူးရင့်တော်မူလေ၏။

> **ယော ပြဟ္မဏော ဗာဟိတပါပဓမ္မော၊**
> **နိဟုံဟုကော နိက္ကသာဝေါ ယတတ္တော။**
> **ဝေဒန္တဂူ ဝုသိတပြဟ္မစရိယော၊**
> **ဓမ္မေန  သော ပြဟ္မဝါဒံ ဝဒေယျ။**
> **ယဿုဿဒါ နတ္ထိ ကုဟိဉ္စိ လောကေ။**

အကြင်ရဟန္တာသည် **မကောင်းမှုကို အပပြုပြီးဖြစ်၏။ တဟုံဟုံ မာန်မူခြင်းကို မပြုတတ်။ ကိလေသာမည် ဖန်ရည် စိုစွတ်ခြင်းမှလည်း ကင်း၏။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်သော စိတ်လည်း ရှိ၏။ (ဝါ) သီလ သံဝရဖြင့် စောင့်ထိန်းအပ်သော စိတ်နှလုံးလည်း ရှိ၏။ မဂ်ဉာဏ်တို့၏အဆုံး အရဟတ္တဖိုလ်သို့ ရောက်၏။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော မဂ်အကျင့်ကို ကျင့်သုံးပြီးဖြစ်၏။** ထိုရဟန္တာသည် ဟုတ်မှန်သောသဘောဖြင့် ငါ "ပြဟ္မဏ"ဟူသော စကားကို ပြောဆိုထိုက်၏။ **ယင်းရဟန္တာပုဂ္ဂိုလ်ကား လောကအားလုံးဝယ် တစ်စုံတစ်ခု သော အာရုံ၌ တပ်မက်မှုစသည် ဖြစ်ပွားခြင်းတို့ မရှိကုန်။**

**(ခ) မာရ်နတ်ရောက်လာ**

ဘုရားရှင် အဇပါလညောင်ပင်ရင်း၌နေစဉ် မာရ်နတ်မင်းသည် ၇-နှစ်ကြာ(ဒုက္ကရစရိယာ ၆-နှစ်၊ ယခု ဘုရားဖြစ်ပြီး ၁-နှစ်တာကာလကို ဆိုလိုသည်) ဘုရား၌ အပြစ်ရှာရန် တချိန်လုံး လိုက်ကြည့်နေခဲ့ပါသော်လည်း မတွေ့သဖြင့် ဘုရားထံမှောက် လာရောက်ပြောပုံကား-

"အို- ရဟန်းဂေါတမ....သောကတရား လွှမ်းမိုးနိုပ်စက်အပ်သည်ဖြစ်၍ ဤတောအရပ်ဝယ် အကြံမှိုင်၍ ငိုင်နေဘိသလော။ သင်သည် အရာအထောင်သော ဥစ္စာကို ဆုံးရှုံးခဲ့လေသလော။ သို့မဟုတ်...အရာ အထောင်သော ဥစ္စာကို လိုချင်တောင့်တကာ အကြံမှိုင်၍ နေလေဘိသလော။ သို့မဟုတ်...မြို့ရွာ အတွင်း လွန်လွန်မင်းမင်း အကုသိုလ်အမှု ပြုခဲ့မိသဖြင့် သူတပါးတို့၏ မျက်နှာကို မကြည့်ဝံ့ဘဲ ဤ တောထဲ လာရောက်ကာ ကြံမှိုင်၍ နေလေဘိသလော။ အဘယ့်ကြောင့် လူအများနှင့် မိတ်ဆွေဖွဲ့မှုကို မပြုလေသနည်း။ သင့်မှာ တစ်စုံတစ်ယောက်နှင့်မျှ မေတ္တာရင်းနှီး မိတ်ဖွဲ့ခြင်း အလျှင်းမရှိပါတကား။"

ဟု လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က....

"အို မာရ်နတ်......ငါဘုရားသည် သောက၏ အကြောင်းရင်းတရား မှန်သမျှကို တူးဖြိုဖျက်ဆီးပြီးလျှင် အကုသိုလ်ဟူ မြူမျှမရှိပဲ စိုးရိမ်ခြင်းကင်းလျက် ဈာန်နှစ်ပါးကို ဝင်စားလျက်သာ ငါနေ၏။ ငါဘုရားသည် ဘဝတဏှာကို အကြွင်းမဲ့ဖြတ်တောက်ပြီးလျှင် တွယ်တာတပ်မက်ခြင်းအလျှင်းမရှိဘဲ ဈာန်နှစ်ပါးကို ဝင် စားလျက်သာ ချမ်းသာစွာနေ၏။ (သင်ထင်သလို ဥစ္စာရှုံးသဖြင့် သောကရောက်ကာ, ဥစ္စာလိုချင်သဖြင့် လောဘတပ်ကာ ငါအကြံမှိုင်နေသည် မဟုတ်။)

တဖန် မာရ်နတ်မင်းက ထပ်၍--

"အို ရဟန်းဂေါတမ....အကယ်၍ သင်သည် နိဗ္ဗာန်ရောက်ကြောင်း ဘေးကင်းရာ လမ်းကောင်းကို သိခဲ့လျှင် သင်တစ်ဦးတည်းသာ သွားပါလော။ အဘယ့်ကြောင့် သူတပါးတွေကို ဟောဖေါ်ချေချွတ် လိုရသေးသနည်း။"

ဟု ပြောဆိုကာ အညွန့်တက်လာပြန်၏။ ထိုအခါ မြတ်စွာဘုရားက...

"အို မာရ်နတ်....သင်သည် မည်သို့ဟန့်တားစေကာမူ ငါသည် ဘဝ၏တဖက်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းလိုသူ လူနတ်ဗြဟ္မာ သတ္တဝါတို့က သေခြင်းကင်းရာ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း ကို မေးမြန်းခဲ့လျှင် ထိုသတ္တဝါတို့အား နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို ဖြေကြား ဟောပြမည် သာ ဖြစ်၏။

ဟု ပြောဆိုလိုက်သဖြင့် လက်လျှော့အရှုံးပေးကာ ပြန်သွားလေ၏။ (မာရသံယုတ်၊ သတ္တဝဿာနုဗန္ဓသုတ်။)

**(ဂ) သမီးသုံးဖြာ စစ်ကူလာ**

မာရ်နတ်ကြီး လက်လျှော့ပြန်သွားပြီးနောက် စိတ်ညစ်ကာအကြံမှိုင် မြေကြီးပေါ်၌ တုတ်ဖြင့် တောင်ခြစ် မြောက်ဖြစ်လုပ်နေစဉ် တဏှာ, အရတီ, ရဂါ ဟူသော သမီးသုံးယောက် ရောက်လာကြ၏။ အကြောင်းစုံမေး မြန်းသောအခါ သူ့ဖခင် ဘုရားကိုရှုံးနိမ့်ခဲ့ကြောင်း သိရ၏။ ထိုအခါ သမီးသုံးယောက်က စိတ်မပူရန်ပြောဆိုပြီး

သူတို့၏မာယာအစွမ်းဖြင့် ဖြားယောင်းသွေးဆောင်၍ ရဟန်းဂေါတမကို မိမိနယ်ပယ်သို့ ပြန်ခေါ်လာမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

ထိုအခါ မာရ်နတ်ကြီးက ရဟန်းဂေါတမသည် ကိလေသာကုန်ပြီးသူသာဖြစ်၍ သင်တို့ သွားလည်း ရနိုင်မည်မဟုတ်ကြောင်း သမီးသုံးယောက်တို့အား မှာလိုက်သေး၏။ မာရ်နတ်သမီးသုံးယောက် ရောက်လာပြီး ပုံစံမျိုးစုံဖြင့် လုပ်ပြပြီး "အရှင်ရဟန်း....အရှင်မြတ်၏ ခြေရင်း၌ ဝပ်စင်းကာ အလုပ်အကျွေး ပြုပါ ရစေ"ဟု ပြောဆိုလာ၏။ ထိုအခါ မြတ်စွာဘုရားသည် မျက်စိမှိတ်ကာ ဖလသမာပတ်ချမ်းသာကို ဝင်စားကာ နေတော်မူလိုက်၏။ ထို့နောက် မာရ်နတ်သမီးသုံးယောက်တို့လည်း လှည့်ပတ်ဖြားယောင်းလို့ မရမှန်းသိသဖြင့် ပြန်သွားကြ၏။ (မာရသံယုတ်၊ မာရဓီတုသုတ်။)

## (ဃ) မာနတ်တခါ ပြန်ရောက်လာ

မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးခါစ ထိုအဇပါလညောင်ပင်ခြေရင်း၌နေစဉ်ပင် "ငါသည် အလွန်ပြုနိုင်ခဲသော ဒုက္ကရကာရိကာ(ဒုက္ကရစရိယ)အကျင့်မှ လွတ်မြောက်လေပြီ။ အကျိုးစီးပွား လားလားမျှမရှိသည့် ဤအကျင့်မျိုးမှ လွတ်မြောက်ခဲ့လေပြီ။ သဗ္ဗညုတဉာဏ်တော်ကိုလည်း မုချပိုင်ပိုင် ရခဲ့လေပြီ။ ကိလေသာခပင်းအညစ်အကြေးတသင်းမှလည်း လွတ်မြောက်ခဲ့လေပြီ။"ဟု အကြံဖြစ်တော်မူ၏။ ထိုအခါ မာနတ်လာ၍-

**တပေါကမ္မာ** အပက္ကမ္မ၊ ယေ န သုဇ္ဈန္တိ မာဏဝါ။

အသုဒ္ဓေါ အညသိ သုဒ္ဓေါ၊ သုဒ္ဓိမဂ္ဂံ အပရဒ္ဓေါ။

**<u>သူသူငါငါ သတ္တဝါတို့သည် အပူတပြင်း အားထုတ်ပြုကျင့်ခြင်းမှ ကွေကွင်းရှောင်ဖယ်ကြသဖြင့် မစင်ကြယ်ကြကုန်။</u>** (အို....ရဟန်း၊ သင်သည် ထိုတပအကျင့်မှ ရှောင်ဖယ်လာခဲ့သည်ဖြစ်၍) အစင်ကြယ်ပါဘဲလျက်ကိုယ့်ကိုယ်ကို စင်ကြယ်၏ဟု မှတ်ထင်နေဘိ၏။ သင်သည် စင်ကြယ်ရန်လမ်းကြောင်းမှ ကောင်းကောင်းကြီးချွတ်လွဲခဲ့လေပြီတကား။

ဟု လာလျှောက်၏။ ထိုအခါ မာနတ်ကြီးကို ဘုရားက ပြန်မိန့်လေ၏။

**အနတ္ထသံဟိတံ ဉတွာ၊ ယံကိဉ္စိ အမရံ တပံ။**

သဗ္ဗံ နတ္ထာဝဟံ ဟောတိ၊ ဖိယာရိတ္တံဝ ဓမ္မနိ။

(တပေါကမ္မသုတ်၊ မာရသံယုတ်၊ ၁၀၄။)

**<u>နတ်တို့ဘုံနန်း မျှော်မှန်းပြုကျင့်အပ်သောကြောင့် အမရမည်သော (ဝါ) မသေရာဘုံဌာန ထွက်ရပ်ပေါက်လမ်းသို့ မျှော်မှန်းကာ ပြုကျင့်အပ်သောကြောင့် အမရမည်သော အပူတပြင်းကျင့်ရသည့် အတ္တကိလမထာနုယောဂ အကျင့်ဟူသမျှကို</u>** အကျိုးစီးပွားနှင့် လုံးဝပင်မစပ်သွယ်ဟု ဉာဏ်ဝယ်ထင်လင်း သိမြင်တော်မူခြင်းကြောင့် အလျင်းပယ်စွန့်တော်မူခဲ့၏။ မှန်၏။ အတ္တကိလမထာနုယောဂအကျင့်သည် ကုန်းခေါင်ခေါင် သဲသောင်ပြင်၌ တက်နှင့် ထိုးဝါးသည် အကျိုးမများသကဲ့ပင် ဖြစ်၏။

မှတ်ချက်။ တပအကျင့်သည် အတ္တကိလမထအကျင့်မျိုး၌ ပါဝင်၏။

(**အမရံ တပန္တိ** အမရတပံ အမရဘာဝတ္ထာယ ကတံ လူခတပံ, **အတ္တကိလမထာနုယောဂေါ**။ သံ၊ဌ၁၊ ၁၅၅။)

## (င) တရားကိုသာ ဂါရဝပြုနေရန် အကြံဖြစ်

မြတ်စွာဘုရားသည် အဇပါလညောင်ပင်စဉ်ပင် "သူတပါး၌ ရိုသေရမည့်သူမရှိဘဲ နေခြင်းသည် မကောင်း။ မည်သူကို အရိုအသေပြုကာ ဆည်းကပ်နေရပါအံ့နည်း"ဟု ဆင်ခြင်သောအခါ လောက၌ မိမိထက်

သီလ သမာဓိ ပညာ စသောဂုဏ်အားဖြင့် သာလွန်သူကို မတွေ့။ ထို့ကြောင့် မိမိထိုးထွင်းသိအပ်ပြီးသော တရားကိုသာလျှင် အရိုအသေ အလေးအမြတ်ပြု၍ နေရမူကောင်းလေစွဟု အကြံဖြစ်ပေါ်လာ၏။

ထိုအခိုက် သဟမ္ပတိဗြဟ္မာကြီးရောက်လာပြီး "ရှေးအတိတ်က ဘုရားရှင်များလည်း တရားကိုပင် အလေးအမြတ်ပြု နေခဲ့ကြပါသည်ဘုရား။ နောင်အနာဂတ်ပွင့်တော်မူမည့် ဘုရားရှင်များလည်း တရားကိုပင် အလေးအမြတ်ပြု နေကြပါလိမ့်မည်ဘုရား။ အရှင်ဘုရားလည်း တရားကိုသာ အလေးအမြတ်ပြု နေတော်မူစေချင်ပါသည်ဘုရား"ဟု လျှောက်ကြားသွားလေ၏။ (ဗြဟ္မဏာသံယုတ်၊ ဂါရဝသုတ်။)

### (၆) မုစလိန္ဒ သတ္တာဟ

၆-ခုမြောက် သတ္တာဟတွင် ဆိတ်ကျောင်းညောင်ပင်ရင်းမှ ထတော်မူကာ မဟာဗောဓိပင်၏ အရှေ့တောင်ဘက် မုစလိန္ဒအိုင်အနီး ကျည်းပင်ရင်းသို့ ကြွတော်မူပြီးလျှင် ၇-ရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူ၏။

ထိုစဉ်အခါမဲ့မိုးကြီးရွာသွန်းသဖြင့် မုစလိန္ဒာနဂါးမင်းကြီးက မြတ်စွာဘုရားအတွက် သင့်တော်သော နေရာကို စဉ်းစားသောအခါ <u>**"ငါသည် ရတနာခုနစ်ပါးဖြင့်ပြီးသော ရတနာပြဿဒ်ကြီးကို ဖန်ဆင်း၍လှူဒါန်းခဲ့သော အကျိုးကြီးလိမ့်မည်မဟုတ်။ ငါ၏ကိုယ်ဖြင့် မြတ်စွာဘုရားအား ဝေယျာဝစ္စကောင်းမှု ပြုလုပ်ပေအံ့"**</u>ဟု စဉ်းစားပြီး ဘုရားရှင်အား ရာသီဥတုဒဏ်, မှက်ခြင်ယင် စသည်တို့ မထိပါးအောင် ပြဿဒ်ကြီးတမျှကြီးမား သော အရပ်ကို မိမိခန္ဓာကိုယ်ဖြင့် ခွေရစ်ကာ ဦးခေါင်းထက်၌ ပါးပျဉ်းဖြင့် မိုးအုပ်ထားလေ၏။ ၇-ရက်စေ့၍ ရာသီဥတုသာယာသောအခါ နဂါးအသွင်ဖျောက်ပြီး လုပတင့်တယ်သော လုလင်ငယ် လူ့အသွင်ဖြင့် ဘုရားရှင်ကို ချဉ်းကပ်ရှိခိုးလေ၏။

ထို(၇)ရက်အတွင်း မြတ်စွာဘုရားသည် "ဖလသမာပတ်ဖြင့် နိဗ္ဗာန်ချမ်းသာကို ခံစားနေသောသူအား ရောက်လေရာရာ အရပ်တိုင်းမှာ ချမ်းသာ၏"ဟု သိမြင်ကာ အောက်ပါဂါထာတို့ဖြင့် ကျူးရင့်တော်မူ၏--

**သုခေါ ဝိဝေကော တုဋ္ဌဿ၊**
**သုတဓမ္မဿ ပဿတော။**
**အဗျာပဇ္ဇံ သုခံ လောကေ၊**
**ပါဏဘူတေသု သံယမော။**

**သုခါ ဝိရာဂတာ လောကေ၊**
**ကာမာနံ သမတိက္ကမော။**
**အသ္မိမာနဿ ယော ဝိနယော၊**
**ဧတံ ဝေ ပရမံ သုခံ။**

မြန်မာပြန်။ ။မဂ်ဉာဏ်လေးပါးတည်းဟူသော ရောင့်ရဲခြင်းရှိသည်ဖြစ်၍ ထင်ရှားသိပြီးသော တရားရှိသည့် ခပ်သိမ်းသောတရားတို့ကို မြင်သော ရဟန္တာပုဂ္ဂိုလ်အား နိဗ္ဗာန်ဟူသော ဝိဝေကသည် ချမ်းသာ၏။ လောက၌ အမျက်မထွက်ခြင်းသည်လည်းကောင်း၊ သတ္တဝါအပေါင်းတို့၌ မညှင်းဆဲခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောက၌ ကာမဂုဏ်တို့ကို လွန်မြောက်ခြင်းဟုဆိုအပ်သော စွဲမက်မှု ရာဂကင်းသည်၏အဖြစ်သည် ချမ်းသာ၏။ 'ငါ'ဟူသော မာနကို ဆုံးမနိုင်ခြင်းသည် စင်စစ် အမြတ်ဆုံးချမ်းသာ ဖြစ်၏။

**(၇) ရာဇာယတန သတ္တာဟ**

ခုနစ်ခုမြောက်သော သတ္တာဟသို့ရောက်သောအခါ ကျဉ်းပင်ရင်းမှထ၍ မဟာဗောဓိပင်၏ တောင်ဘက်(ကိုက် ၂၀-အကွာ)၌ရှိသော လင်းလွန်းပင်သို့ ကြွရောက်သီတင်းသုံးတော်မူကာ အရဟတ္တဖိုလ်ကို ခံစားတော်မူလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူ၏။

(ယခုလက်ရှိ လင်းလွန်းပင်မှာ မြန်မာနိုင်ငံမှ ခြေလျင်တောင်တက်အသင်း ဥက္ကဋ္ဌ **ဗိုလ်မှူးကြီးအောင်လှ**မှ စိုက်ပျိုးလှူဒါန်း ထားသည်။)

**တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ရောက်လာခြင်း**

၄၉-ရက်ပြည့်မြောက်သော ဝါဆိုလဆန်း ၅-ရက်နေ့တွင် ဥက္ကာပတိုင်းမှ တပုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့ ရောက်လာကြကုန်၏။ သူတို့ပါလာသော **<u>မုံ့ကြွက်နှင့် ပျားဆုပ်မုံ့များကို</u>** ကပ်လှူပြီးလျှင် နောင်အခါ သူတို့အတွက် အမြဲမပြတ်ဆည်းကပ်ပူဇော်ရန် ပူဇော်ဖွယ်ရာ ဝတ္ထုပစ္စည်း တစ်ခုခုကို ချီးမြှင့်ပေးသနားပါရန် တောင်းပန်သဖြင့် ဦးခေါင်းတော်ကို လက်ျာလက်ဖြင့် သုံးသပ်တော်မူကာ **<u>ဆံတော်ဓာတ်</u>**တို့ကို ပေးသနားတော်မူလိုက်၏။

ထိုကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားထံမှ ဘုရားနှင့်တရား သရဏဂုံနှစ်ပါးကို ဆောက်တည်သွားကြသဖြင့် **<u>လောက၌ ပထမဦးဆုံး သရဏဂုံနှစ်ပါး ဆောက်တည်သူများ</u>** ဖြစ်သွားကြ၏။

**အဇပါလညောင်ပင်ရင်းသို့ပြန်ကြွပြီး တရားတော်ကို ဆင်ခြင်**

၄၉-ရက်လွန်မြောက်၍ ရက် ၅၀-မြောက်၊ ဝါဆိုလဆန်း ၆-ရက် နံနက်တွင် လင်းလွန်းပင်ရင်းမှ အဇပါလညောင်ပင်ရင်းသို့ ပြန်ကြွ၏။ ၄င်းနောက် တရားကို ဆင်ခြင်တော်မူရာ-

"ငါဘုရားသိအပ်သော သစ္စာလေးပါး တရားကား နက်နဲ၏။ မြင့်မိုရ်တောင်ကြီးဖြင့် ဖုံးအုပ်ထားသည့် မုန်ညင်းစေ့ပမာ မြင်နိုင်ခဲလှ၏။ သိနိုင်ခဲ့၏။ ငြိမ်းချမ်းလှ၏။ မွန်မြတ်လှ၏။ တွေးခေါ်ကြံဆသူတို့ သက်ဝင်နိုင်သော တရားမဟုတ်၊ (ပညာဖြင့်သာ သက်ဝင်နိုင်သောတရားဖြစ်၏။) သိမ်မွေ့လှ၏။ ကောင်းစွာကျင့်ဘိ ပညာရှိတို့သာ သိမြင်အပ်သော တရားဖြစ်၏။ သတ္တဝါတို့သည် အာရုံငါးပါး ကာမဂုဏ်တရားတို့၌သာ တွယ်တာနှစ်ခြိုက် ပျော်ပိုက်ကြ၏။ ကြောင်းကျိုးဆက်စပ် ပဋိစ္စသမုပ္ပါဒ်တရားကို နားလည်သဘောပေါက်ရန် မလွယ်။ ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားကို သိမြင်ဖို့အရေးကား ပိုလို့ ဝေးလှချေ၏။ ငါဘုရားဟောသော်လည်း သိနိုင်ကြလိမ့်မည်မဟုတ်၊ ပင်ပန်းရုံသာ ရှိချေလိမ့်မည်။"

အကြံဖြစ်တော်မူ၏။ ၄င်းနောက် အောက်ပါဂါထာ ဉာဏ်၌ထင်လာပြန်၏...

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ။

**ရာဂဒေါသပရေတေဟိ၊** နာယံ ဓမ္မော သုသမ္ဗုဓော။

**ပဋိသောတဂါမိံ** နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။

**ရာဂရတ္တာ န ဒက္ခန္တိ ၊ တမောခန္ဓေန အာဝုဋာ။**

ငါဘုရားသည် ခဲယဉ်းစွာကျင့်သဖြင့် သိအပ်ပြီးသော သစ္စာလေးပါးတရားကို ယခုအခါ ဟောပြခြင်းငှာ မသင့်လျော်ချေ။ ရာဂဒေါသ နှိပ်စက်အပ်သောသူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြလိမ့်မည် မဟုတ်ချေ။

အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်သည် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ရာဂတပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော **သံသရာအဆန် နိဗ္ဗာန်သို့ရောက်အောင်ပို့တတ်သော သစ္စာတရားကို** မြင်နိုင်ကြမည် မဟုတ်ချေ။

**တရားမဟောရန် စိတ်ညွတ်ခြင်း အကြောင်း ၃-ချက်**

၁။ သတ္တဝါတို့ သန္တာန်၌ ကိလေသာ ထူပြောခြင်း။

၂။ တရားတော်၏ အလွန်နက်နဲခြင်း။

၃။ ကိုယ်တော်မြတ်၏ တရားတော်၌ အလွန်ရိုသေခြင်း။

**လုံးဝ စိတ်လျှော့ခြင်း မဟုတ်ကြောင်း ရှင်းချက်များ**

**မိလိန္ဒပဥှာကျမ်း**၌ မြတ်စွာဘုရားသည် ဤသို့ စိတ်တော်၌ဖြစ်ခြင်းဟူသည် "အဘယ်တရားကိုများ သတ္တဝါတို့အား ဟောရပါမည်နည်း။ ဘယ်လိုနည်းဆင်၍ ဟောရပါမည်နည်း"ဟု သတ္တဝါတို့၏ တရားသိနိုင်ရေးကို ကြံတွေးဆင်ခြင်သည့် စိတ်အစဉ်မျှသာဖြစ်၏။ 'တရားမဟောတော့'ဟု စိတ်ကို ဒုန်းဒုန်းချလိုက်ခြင်း မဟုတ်ဟု ဆိုထားပေသည်။

**တနည်း။** ။ (၁) ဘုရားရှင်၏ သတ္တဝါတို့အပေါ်၌ သနားကြင်နာခြင်း မဟာကရုဏာတော်တည်းဟူသော အဇ္ဈတ္တိကနိဒါန်း၊ (၂) တလောကလုံး အလေးပြုအပ်သော ဗြဟ္မာမင်း၏တောင်းပန်ခြင်းဟူသော ဗြဟ္မယာစန တည်းဟူသော ဗာဟိရနိဒါန်းဟူ၍ နိဒါန်း ၂-မျိုးရှိရာ ပထမနိဒါန်းသာ ပြည့်စုံသေး၏။ ဒုတိယနိဒါန်း မပြည့်စုံ သေး။ ထို့ကြောင့် ဗြဟ္မာမင်း၏တောင်းပန်ခြင်းဟူသော ဗာဟိရနိဒါန်းသို့ရောက်မှသာ တရားဟောဖို့ရန် စိတ်ညွတ်တော်မူ၏။

ဘုရားမပွင့်မီ သာသနာပ၌ ရသေ့ ပရိဗိုဇ် လူဝတ်ကြောင်များသည် ဗြဟ္မာကို အလေးပြု၍ ကိုးကွယ်ကြ ၏။ တလောကလုံး အလေးပြုအပ်သော ဗြဟ္မာကြီးက ကိုင်းရှိုင်းလာလျှင် တလောကလုံးပင် မြတ်စွာဘုရားကို ကိုင်းရှိုင်းရိုသေလာကြပေလိမ့်မည်။ ထို့ကြောင့် ဗြဟ္မာမင်း၏ တောင်းပန်မှုကို စောင့်ဆိုင်းနေခြင်းဖြစ်၏။

**သဟမ္ပတိဗြဟ္မာဟူသည်။** ။ကဿပဘုရားရှင်လက်ထက်က သဟကမည်သော မထေရ်မြတ်သည် ရူပ ပထမစျာန်ကိုရပြီး သေသောအခါ ရူပပထမစျာန်ဘုံ၌ အသင်္ချေယကပ် တစ်ကပ် အသက်ရှည်သော မဟာဗြဟ္မာ ကြီးဖြစ်၏။ ထိုဗြဟ္မာကြီးကို ၄င်းဘုံသား ဗြဟ္မာများက "သဟမ္ပတိ ဗြဟ္မာ"ဟု ခေါ်ဆိုကြ၏။ (သံ၊ဋ္ဌ၊၁၊ ၁၈၂။)

**သဟမ္ပတိဗြဟ္မာ တရားဟောရန် တောင်းပန်။** ။ မြတ်စွာဘုရား တရားမဟောရန် စိတ်ညွတ်တော်မူသည် ကို သိ၍ "မြတ်စွာဘုရား....လူနတ်ဗြဟ္မာတို့အား တရားဟောတော်မူပါ။ ပညာမျက်စိ၌ ကိလေသာမြူမှုန် နည်း ပါးသော သတ္တဝါများလည်း ရှိကြပါသေး၏။ ထိုသတ္တဝါတို့သည် တရားမနာရလျှင် မိမိတို့ရထိုက်သော မဂ်ဖိုလ် တရားများမှ ဆုံးရှုံးကြပါလိမ့်မည်။ မြတ်စွာဘုရားတရားကို နားလည်နိုင်သော သတ္တဝါများလည်း ထင်ရှားရှိကြပါ ကုန်သေးသည် ဘုရား"ဟု လျှောက်ထားပြီး အောက်ပါ ဂါထာဖြင့်လည်း လျှောက်ပြန်လေ၏။

**ပါတုရဟောသိ မဂဓေသု၊**

**ဓမ္မော အသုဒ္ဓေါ သမလေဟိ စိန္တိတော။**

အပါပုရေတံ **အမတဿ** ဒွါရံ၊

သုဏန္တု ဓမ္မံ **ဝိမလေနာနုဗုဒ္ဓံ**။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား.....**ရှင်တော်ဘုရား ပွင့်တော်မမူမီ ရှေးအခါက မဂဓတိုင်း၌ ကိလေသာ အညစ်အကြေး ရှိကြသည့် ပူရဏကဿပ စသော တိတ္ထိဆရာကြီး ခြောက်ယောက်တို့သည် တတ္တကြံဝါဒဖြင့် ကြံဆအပ်သော မစင်ကြယ်သည့် မိစ္ဆာအယူတရားသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါပြီ။**

သို့ဖြစ်၍ အရှင်ဘုရားသည် (ကဿပမြတ်စွာဘုရား သာသနာကွယ်ပသည်မှစ၍ ပိတ်ဆို့နေသော) အမြိုက်နိဗ္ဗာန် ဝင်ရန်မှန်လှ မဂ်တံခါးမကြီးကို ဖွင့်လှစ်တော်မူပါလော့။ ဤသတ္တဝါအပေါင်းတို့သည် **ကိလေသာ ကင်းပြေး ရှင်တော်ဘုရား** သိတော်မူအပ်သည့် သစ္စာလေးပါးတရားကို နာကြားကြပါစေ။

## တိတ္ထိဆရာကြီး ၆-ယောက်တို့ အယူဝါဒ အကျဉ်းချုပ်

### ၁။ ပူရဏ-ကဿပ၏ ဝါဒ

(တစ်ရာမြောက် မင်္ဂလာကျွန်ဖြစ်၍ အိမ်မှာ လွတ်လပ်ခွင့်ပေးထား၊ အိမ်မှထွက်ပြေး၊ လမ်းမှာ ဓားပြများက အဝတ်လုယူ၊ အဝတ်မပါ ရွာသို့ဝင်၊ ရောင့်ရဲတင်းတိမ်လှသည့် သူတော်ကောင်းကြီးထင်ပြီး စားဖွယ်သောက်ဖွယ်များ လှူကြ၊ အဖိုးတန်အဝတ်များ ပေးသောလည်း အဝတ်မဝတ်ဘဲနေလို့ သူတော်ကောင်းထင်တာဆိုပြီး မဝတ်ဘဲဆက်နေ၊ ဤသို့ဖြင့် ဂိုဏ်းဆရာကြီးဖြစ်လာ။ ထို့ကြောင့် ပူရဏကဿပသည် အဝတ်မဝတ်သော အစေလက တက္ကတွန်းမျိုးဖြစ်၏။

သူသည် တပည့်ရဟန်းများစွာရှိသဖြင့် သံဃီ၊ ဂိုဏ်းဆရာကြီးဖြစ်သဖြင့် ဂဏီ၊ ထင်ရှားလှသဖြင့် ဉာတ(ပါကဋ္)၊ အခြံအရံ ပေါသဖြင့် ယဿသီ၊ အများက သူတော်ကောင်းဟု သမုတ်ထားကြသဖြင့် သာဓုသမ္မတ (ဆာဓူး)၊ သိက္ခာဝါ ကြီးပြီဖြစ်၍ စိရပဗ္ဗဇိတ၊ အသက်ကြီးပြီဖြစ်၍ ဝယောအနုပတ္တ....စသည့် ဂုဏ်များဖြင့် ထင်ရှားသူဖြစ်၏)၊

သတ်ဖြတ် နှိပ်စက်မှု, ခိုးယူဖေါက်ထွင်းမှု, တိုက်ခိုက်လုယက်မှု, သားမယားကျူးလွန်စော်ကားမှု, လိမ် လည်ပြောဆိုမှုများ ပြုသော်လည်း ပြုရာမရောက်၊ ကမ္ဘာမြေပြင်ပေါ်ရှိ သတ္တဝါအားလုံးကို အသားပုံကြီး ဖြစ်သွား အောင် သတ်လျှင်တောင်မှ မကောင်းမှုမဖြစ်၊ စရိုက်ကြမ်းသည့် ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်းသားသူတို့သည် အသက်ကိုသတ်သော်လည်း မကောင်းမှုမဖြစ်၊ သဒ္ဓါသီလကောင်းမွန်ကြသည့် ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်း သားတို့သည် အလှူဒါန ပြုကြသော်လည်း ကောင်းမှုကုသိုလ်မဖြစ်၊ သီလစောင့်သော်လည်း ကောင်းမှုမဖြစ်။

(မှတ်ချက်။ ။ပူရဏ၏ဝါဒသည် **ကံကိုပယ်သော အကိရိယဝါဒ**ဖြစ်၏။)

### ၂။ မက္ခလိ-ဂေါသာလ၏ ဝါဒ

(နွားခြံ၌မွေးလာ၊ တနေ့ ရွံ့ရှိသောလမ်း၌ ဆီအိုးလေးကိုင်သွားစဉ် သူ့သခင်က "အမောင်-မလဲစေနဲ့"ဟု သတိပေးနေစဉ်ပင် လဲသွား၍ ကြောက်ပြီးထွက်ပြေး၊ သခင်ကလိုက်ပြီး ပုဆိုးစဆွဲဖမ်း၊ ပုဆိုးချွတ်ပြီး ဆက်ပြေး၊ နောက်တော့ အဝတ်မပါသည့် ဘာသာရေး ဂိုဏ်းဆရာကြီးဖြစ်လာ။)

သတ္တဝါတို့သည် အကြောင်းမရှိဘဲ ညစ်ညူးခြင်း, စင်ကြယ်ခြင်း ဖြစ်ကုန်၏၊ မိမိပြုလုပ်မှုသည် မရှိ၊ သူတပါးက ပြုလုပ်ပေးမှုသည် မရှိ၊ ယောကျ်ားတို့ပြုလုပ်အပ်သည် မရှိ၊ ခွန်အားသည် မရှိ၊ လုံ့လသည် မရှိ၊ ယောကျ်ားတို့စွမ်းအား မရှိ၊ အသက်ရှူနေတဲ့ သတ္တဝါမှန်သမျှ စွမ်းအားမရှိ၊ သူ့သဘာဝအတိုင်းသာ ဖြစ်ကုန်၏၊ လူမိုက်ဖြစ်စေ, ပညာရှိဖြစ်စေ မဟာကပ် ရှစ်သန်းလေးသိန်းပြည့်သောအခါ သံသရာဒုက္ခ ကုန်ဆုံးသွားကြ၏။ ဆင်းရဲချမ်းသာ မှန်သမျှ တောင်းနှင့်ချင်ထားသလို ဖြစ်၏။ သံသရာ၏ အပိုင်းအခြားသည် အတိုးအယုတ်

အပိုအလို မရှိ၊ ပိုင်းခြားကန့်သတ်ပြီးသား ဖြစ်၏။ အပ်ချည်လုံးကို ပစ်လိုက်သောအခါ ကြိုးရှိသရွေ့သာပြေး သကဲ့သို့ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ဆင်းရဲကို အချိန်ကာလစေ့လျှင် အဆုံးသတ်ကြလတ္တံ့(ပညာရှိများ လည်း ဒီထက်မစောၤ လူမိုက်များလည်း ဒီထက်မကြာဟု ဆိုလို၏)။

(မှတ်ချက်။ ။မက္ခလိ၏ဝါဒသည် **အကြောင်းကိုပယ်သော အဟေတုကဝါဒ**။ အကြောင်းကို ပယ်လျှင် အကျိုးကိုလည်း ပယ်သည်သာဖြစ်၏။)

## ၃။ အဇိတ-ကေသကမ္ဗလ၏ ဝါဒ

(ဘယ်သူမှ သူ့ကိုအနိုင်မရ၊ သူကသာ အောင်နိုင်လို့ အဇိတ ဟုခေါ်၊ လူဆံပင်ဖြင့် ရက်လုပ်ထားသော ကမ္ဗလာကြီးကို ဝတ်ထားသောကြောင့် ကေသကမ္ဗလ။)

ပေးလှူခြင်း၏ အကျိုးမရှိ၊ ကြီးစွာသော ပေးလှူပူဇော်ခြင်း၏ အကျိုးမရှိ၊ ညှေ့သည်တို့အား လက်ဆောင်စသည် ပေးလှူခြင်း၏ အကျိုးမရှိ၊ ကောင်းမှုကံ,မကောင်းမှုကံနှင့် ၎င်းတို့၏အကျိုးသည် မရှိ၊ ဤလောကသည် တစ်ပါးသောလောက၌ တည်နေသူတို့အတွက် မရှိ၊ တစ်ပါးသောလောကသည် ဤလောက ၌ တည်နေသူတို့အတွက် မရှိ(သတ္တဝါတိုင်းမှာ တစ်ဘဝသာ ရှိ၏ဟု ဆိုလို)၊ အမိ၌ကောင်းစွာပြုခြင်း မကောင်း သဖြင့်ပြုခြင်း၏ အကျိုးမရှိ၊ အဖ၌ ကောင်းစွာပြုခြင်း မကောင်းသဖြင့် ပြုခြင်း၏ အကျိုးသည် မရှိ၊ စုတေပြီး နောက်ဆက်၍ဖြစ်နိုင်သော သတ္တဝါတို့သည် မရှိ၊ လောက၌ ကောင်းစွာကျင့်ထားသဖြင့် ဤလောက တမလွန် လောကကို ကိုယ်တိုင်သိမြင်ပြီး ဟောပြနိုင်သော သမဏဗြာဟ္မဏတို့ မရှိကုန်၊ လူများသည် ဓာတ်ကြီးလေးပါး မျှသာရှိပြီး သေသောအခါ အတွင်းအဇ္ဈတ္တ ဓာတ်ကြီးလေးပါးတို့သည် အပြင်ဗဟိဒ္ဓ ဓာတ်ကြီးလေးပါးတို့နှင့် ပေါင်းစည်းသွားကြ၏။ စိတ်ကား ကောင်းကင်သို့ ပျံတက်သွား၏။ ရှိသမျှဂုဏ်, ရှိသမျှအပြစ်တို့သည် သချိုင်း ရောက်လျှင် ဆုံးတော့၏။ လှူသမျှဒါနလည်း ပြာသာအဆုံးရှိကုန်၏(ရှေးက မီးပူဇော်တတ်ကြ)။ ဒါနဟူသည် လည်း လူတုံးများ သတ်မှတ်ထားခြင်းသာ ဖြစ်၏။ အတ္ထိကဝါဒ သမားများပြောသည့် "တမလွန်ရှိသည်၊ ကံကံ၏ အကျိုးရှိသည်"ဟု ပြောဆိုနေခြင်းသည် မုသားအတိသာ ဖြစ်၏။ လူမိုက်ဖြစ်စေ, ပညာရှိဖြစ်စေ, သေပြီး ပြတ်, ဘာမျှမရှိတော့။

(မှတ်ချက်။ ။အဇိတ၏ဝါဒသည် **အကျိုးကိုပယ်သော နတ္ထိကဝါဒ**ဖြစ်၏။)

## ၄။ ပကုဓ-ကစ္စာယန၏ ဝါဒ

(ပကုဓ,က သူ့နာမည်၊ ကစ္စာယန,က သူအမျိုးအနွယ် နာမည်။ ရေအေးသုံးခြင်း လုံးဝပယ်၏။ ထို့ကြောင့် ကျင်ကြီးသွားပြီး လျှင် ရေဆေးမရက ရေမဆေးဘဲ နေတတ်ကြ၊ မြစ်ချောင်းများ ကူးပြီးလျှင် သီလပျက်သည်ဟုဆိုကာ သဲပုံစေတီတည်၍ သီလဆောက်တည်ကြ၏။)

ရေ၊ မြေ၊ လေ၊ မီး၊ ချမ်းသာ၊ ဆင်းရဲ၊ အသက်ဇီဝ ဟူသော ကာယအစုကြီး ၇-ပါးရှိကုန်၏။ ထိုအစုကြီး ၇-ပါးတို့သည် ပြုလုပ်ဖန်ဆင်းထားအပ်သည် မဟုတ်ကုန်။ ထာဝရအမြဲတည်ကုန်၏။ တစ်စုံတစ်ယောက်က သတ်၍ မရ။ အကယ်၍ တစ်စုံတစ်ယောက်က ဓားဖြင့်ခေါင်းဖြတ်သတ်ခဲ့သော် ၎င်း၏ အသက်ဇီဝကို မသတ် နိုင်၊ ထိုကာယအစုကြီး ၇-ပါးတို့အကြားသို့သာလျှင် ဓားသွားကျသွားခြင်းဖြစ်၏။

## ၅။ သဉ္စယ-ဗေလဋ္ဌပုတ္တ၏ ဝါဒ

(သဉ္စယ,က သူ့နာမည်၊ ဗေလဋ္ဌ၏ သားဖြစ်၍ ဗေလဋ္ဌပုတ္တ၊ ၎င်းသည် ပရိဗိုဇ်အနွယ်မျိုး၊ ရပ်တကာလှည့်၍ ဝါဒရေးရာ ငြင်းခုံ တတ်ကြ၏။ ၎င်းသည် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ ဆရာဟောင်း။)

သတ္တဝါသည် သေပြီးသည့်နောက်၌- (က)ရှိသည်ဟုလည်း မဆိုနိုင်, (ခ) မရှိဟုလည်း မဆိုနိုင် (ဂ) အချို့ရှိသည် အချို့မရှိဟုလည်း မဆို နိုင် (ဃ) ရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်ဟု မဆိုနိုင်။ ဤသို့ တောင်မရောက် မြောက်မရောက် ဖြေ၏။

(မှတ်ချက်။ ။ သူသည် အမြဲရှိဝါဒကို ယုံကြည်သူ ဥပနိသျှဒ် ပညာရှင်များ နှင့်လည်းတွေ့ဖူး၏။ အမြဲမရှိဝါဒ ဗုဒ္ဓတပည့်များနှင့်လည်း တွေ့ဖူး၏။ တချို့မြဲ,တချို့မမြဲဝါဒလက်ခံသူ နိဂဏ္ဌဝါဒီများလည်း တွေ့ဖူး၏။ ၎င်းတို့ထက် ပိုမိုပြည့်စုံသော ဝါဒတစ်ရပ်ကို တည်ထောင်လိုက်ခြင်းဖြစ်၏။ သူ့ဝါဒသည် အမရာမည်သော ငါးကဲ့သို့ ဖမ်းရခက်သောဝါဒ ဖြစ်၏။ ထို့ကြောင့် အဇာတသတ်မင်းကြီးက သမညဖလသုတ်၌ ပညာအမဲ့ဆုံးဝါဒ၊ အမိုက်မဲဆုံးသောဝါဒဟု ကောက်ချက်ချထား၏။)

## ၅။ နိဂဏ္ဌနာဋပုတ္တ၏ဝါဒ

(သူ့ကိုယ်သူ ကိလေသာ အနှောင်အဖွဲ့ ကင်းသူဖြစ်လို့ နိဂဏ္ဌ၊ နာဋ၏သားဖြစ် လို့ နာဋပုတ္တ၊ ၎င်းကို ပါဠိတော်များ၌ **မဟာဝီရ** ဟူသော နာမည်ဖြင့် အသုံးများ၏။

**စောင့်စည်းခြင်း လေးမျိုး။** (၁)အလုံးစုံသော ရေအေးကို တားမြစ်၏။ (၂) မကောင်းမှုအလုံးစုံကို တားမြစ်၏။ (၃)မကောင်းမှုကို အလုံးစုံတားမြစ်ခြင်းဖြင့် ပယ်ခွါပြီးဖြစ်၏။ (၄)မကောင်းမှုကို အလုံးစုံတားမြစ်ခြင်းဖြင့် လွတ်မြောက်ရာကို တွေ့ပြီးဖြစ်၏။ ဤနိဂဏ္ဌနာဋပုတ္တကို အထွဋ်အထိပ်သို့ ရောက်သောစိတ်ရှိသူ၊ စောင့်စည်းသော စိတ်ရှိသူ၊ တည်ကြည်သောစိတ်ရှိသူဟု ယူဆကြ၏။



Mahavira or Jain: from Wikipedia

မှတ်ချက်။ ။၎င်း၏ဝါဒသည် အကုသိုလ်ပယ်၊ စောင့်စည်းခြင်းများကြောင့် သာသနာတော်နှင့် လျော်သောအကျင့်များ ရှိသော် လည်း အတ္တဝါဒကို အခြေခံထားသဖြင့် မိစ္ဆာဝါဒသာ ဖြစ်သည်ဟု ရှင်မဟာဗုဒ္ဓဃောသ,က အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

(တေသ ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ, အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယေဝ ဇာတာ။ သီ၊ဋ္ဌ၊၁၅၁။)

### ဗုဒ္ဓနှင့် ဂျိန(သို့)မဟာဝီရ(သို့)ဂျိန်းဘုရားတို့ နှိုင်းယှဉ်ချက်

၁။ ဗုဒ္ဓသည် သက္ကတိုင်း၊ ကပိလဝတ္ထုမြို့၊ သာကီယမင်းမျိုးမှ မင်းသားဖြစ်သည်။
ဂျိနသည် ဝဇ္ဇီတိုင်း၊ ဝေသာလီမြို့၊ လိစ္ဆဝိမင်းမျိုးမှ မင်းသားဖြစ်သည်။

၂။ ဗုဒ္ဓသည် တစ်ဝမ်းကွဲနှမနှင့် လက်ထပ်၏။ သားတစ်ယောက်ရပြီး အသက်(၂၉)အရွယ်တွင် တောထွက်သည်။
ဂျိနသည် တစ်ဝမ်းကွဲနှမနှင့် လက်ထပ်၏။ သမီးတစ်ယောက်ရပြီး အသက်(၃၀)အရွယ်တွင် တောထွက်သည်။

၃။ ဗုဒ္ဓသည် တောထွက်ရာတွင် ယဋ္ဌိကာရပြဟ္မာမင်းလှူသော သင်္ကန်းကို ဆင်မြန်းသည်။
ဂျိနသည် တောထွက်ရာတွင် နိဂဏ္ဌဂိုဏ်းဝင် ဘုန်းကြီးများကဲ့သို့ အဝတ်မစည်းရပေ။

၄။ ဗုဒ္ဓသည် တောထွက်ပြီး ဒုက္ကရစရိယာ ၆-နှစ်ကြာ ကျင့်ခဲ့၏။
ဂျိနသည် နိဂဏ္ဌဂိုဏ်းဝင်တို့၏ အဟိံသ စသော အကျင့်များကို ၁၂-နှစ်ကြာ ကျင့်ခဲ့၏။

၅။ ဗုဒ္ဓသည် အာနာပါနကို အခြေခံပြီး ဝိပဿနာရှုကာ သစ္စာလေးပါးသိမြင် ဘုရားရှင်ဖြစ်လာ၏။
ဂျိနသည် နိဂဏ္ဌခေါင်းဆောင် သေပြီးနောက် ထိုခေါင်းဆောင်နေရာယူကာ ဘုရားဖြစ်လာ၏။

၆။ ဗုဒ္ဓသည် တပည့်များအား ခန္ဓာ(ရုပ်)မှ သံယောဇဉ်ကင်းအောင် ဝိပဿနာလုပ်မှ နိဗ္ဗာန်ရမည်ဟု ဟော၏။
ဂျိနသည် တပည့်များအား ခန္ဓာ(ရုပ်)ကို ညှင်းဆဲမှ ကိလေသာတဏှာပြတ်ပြီး သန္တိသုခ ရမည်ဟော၏။ သို့ဖြင့် ဂျိန၏တပည့်(ဘုန်းကြီး)များသည် ကိလေသာပြတ်အောင် ယောက်ျားအင်္ဂါကို တုတ်စသည်ဖြင့် ညှင်းဆဲကြရ၏။ (လူမိန်းမ၊ နတ်၊ တိရစ္ဆာန်များအတွက် ညှင်းဆဲနည်းမသိ။)

၇။ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဆင်းတုကို ဗုဒ္ဓ၏ လက္ခဏာတော်များနှင့်အညီ ထုလုပ်ကြသည်။
ဂျိန်းဘာသာဝင်များသည် ဂျိနရုပ်တုကို ဗုဒ္ဓရုပ်ပွားတော်အတိုင်း အတုယူ၍ ထုလုပ်ကြသည်။
၈။ ဗုဒ္ဓဘာသာဝင်တို့၏ အထိမ်းအမှတ်မှာ ဓမ္မစကြာတရားတော်၏ အထိမ်းအမှတ်အဖြစ် စကြာအဝိုင်း D
ဂျိန်းဘာသာဝင်များသည် ဂျိနဟောကြားသော အဟိံသတရားကို အထိမ်းအမှတ်အဖြစ် စကြာလေးထောင့် Ü
၉။ ဗုဒ္ဓဘာသာသည် (၁)ထေရဝါဒဂိုဏ်း (၂) မဟာယာနဂိုဏ်းဟု နှစ်ခုရှိ၏။
ဂျိန်းဘာသာသည် (၁) အဝတ်မစည်းသောဂိုဏ်း (၂) အဝတ်စည်းသောဂိုဏ်းဟု နှစ်ခုရှိ၏။

အိန္ဒိယ၌ ဗုဒ္ဓနှင့် ဂျိန်းခေါင်းဆောင် မဟာဝီရတို့သည် ဘီစီ ၆-ရာစုတွင် ခေတ်ပြိုင်ပေါ်လာသည်။(တရုတ်၌ Confucius နှင့် Lao Tzu, ဂရိ၌ Parmenides, ပါရှား၌ Zoroaster တို့သည် ဘီစီ ၆-ရာစုတွင် ခေတ်ပြိုင်ပေါ်ခဲ့ကြ၏။) မဟာဝီရသည် ဂျိန်းဘာသာကို စတင် တည်ထောင်မဟုတ်။ သူ့ဆရာ ပရှ်ဝနာထ်က တည်ထောင်ခဲ့ခြင်းသာ ဖြစ်သည်။ ပရှ်ဝနာထ်က သူရော သူ့တပည့်များကိုပါ အဝတ် ဝတ်ခွင့် ပြုခဲ့သော်လည်း မဟာဝီရ ဂိုဏ်းခေါင်းဆောင်ဖြစ်လာသောအခါ ရှေးဟောင်း နိဂဏ္ဍဂိုဏ်းကို အသက်သွင်းသောအားဖြင့် သူ့တပည့်ဘုန်းကြီးများ အဝတ်မစည်းရဟု ပညတ်လိုက်၏။

ထို့အပြင် သံသရာမှ လွတ်မြောက်အောင် ဒုက္ခခံရမည်ဟုဆိုကာ အတ္တကိလမထ အကျင့်များ ကျင့်ရ၏။ ဒုက္ခတစ်ထောင် ကျင့်လျှင် ကံဟောင်းတစ်ထောင် ကုန်မည်ဟုဆိုကာ မြေကြီးပေါ်(သို့)ဆူးခက်ပေါ်အိပ်ခြင်းစသည့် ပြင်းထန်သောအကျင့်များ ကျင့်ရ၏။ ရေသည် ပိုးမွှားရှိ၍ ရေစစ်ပြီးမှ သောက်ရမည်၊ လေထဲ၌ ပိုးမွှားရှိသဖြင့် ပါးစပ်ပိတ်ထားရမည်၊ မြေသည်လည်း ပိုးမွှားရှိသဖြင့် ဖိနပ်မစီးရ။ ဂျိန်းဘာသာဝင်၏ အဓိကကျင့်ဝတ်မှာ "အဟိံသဝါဒ=သူ့အသက်ကို မညှင်းဆဲ မနှိပ်စက်ရ"ဟု ဆိုပေသည်။

**မဟာဝီရ**သည် ဝဇ္ဇီတိုင်း, ဝေသာလီမြို့အနီး ကုဏ္ဍဂ္ဂါမရွာသား နာဋမှ၏သားဖြစ်သောကြောင့် '**နာဋပုတ္တ**'ဟုလည်း ခေါ်၏။ နိဂဏ္ဍ ဂိုဏ်းဝင်ဖြစ်လာသောအခါ '**နိဂဏ္ဍ**'ဟု အမည်ရပြန်၏။ ကိလေသာအောင်နိုင်ရေးတရားများ ဟောကြားခြင်းကြောင့် '**ဂျိန**'ဟု ကျော်ကြား၏။ ဤကဲ့သို့ လေးမည်ရ ဂျိန်းဘုရားသည် မလ္လတိုင်း၊ ပါဝါမြို့၌ ဗုဒ္ဓထက် စောလျင်စွာ ကွယ်လွန်(ပရိနိဗ္ဗာန်စံ)သွားလေသည်။

(သာဝတ္ထိဆရာတော် ဦးဩဘာသရေးသည့် "မဇ္ဈိမဒေသ မြို့ရွာများမှ သမိုင်းရုပ်ကြွင်း ပုံရိပ်လွှာများ"၊ နှာ ၁၂၆-၁၂၉)

******************************

**တရားဟောရန် ဘုရားဝန်ခံ**

မြတ်စွာဘုရားသည် တရားဟောရန် ဆန္ဒဖြစ်စေပြီးနောက် ကျွတ်ထိုက်သောသတ္တဝါ, မကျွတ်ထိုက် သော သတ္တဝါတို့ကို တွေ့ရပြီး၊ မကျွတ်ထိုက်သူတို့ကို ဖယ်ကာ ကျွတ်ထိုက်သူတို့ကိုသာ ကြည့်တော်မူပြန်၏။ ၎င်းတို့တွင် စရိုက်ခြောက်ပါးအလိုက် သတ္တဝါတို့ကို ခွဲခြမ်းဝေဘန်ကာ "ငါကား တရားဟောတော့အံ့"ဟု ကြံစည်ပြီး အောက်ပါဂါထာဖြင့် သဟမ္ပတိဗြဟ္မာကြီးကို ဝန်ခံစကား ပြောကြားလေ၏--

အပါရုတာ တေသံ **အမတဿ** ဒွါရာ၊

ယေ **သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ**။

ဝိဟိံသသညီ ပဂုဏံ န ဘာသိံ၊

ဓမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေ။

အို သဟမ္ပတိဗြဟ္မာကြီး.....ကျွတ်ထိုက်သသူ နတ်လူဗြဟ္မာ သတ္တဝါတို့အတွက် အမြိုက်နိဗ္ဗာန်သို့ ဝင်ရန် မဂ္ဂင်ရှစ်ပါး တံခါးပေါက်ကြီးကို ငါဘုရားသည် အမြဲတစေ ဖွင့်ထားအပ်ပါကုန်၏။ သောတပသာဒ နားထောင်ကြသော နတ်လူတို့သည် ငါဘုရား၏အပေါ်၌ ယုံကြည်မှုသဒ္ဓါတရားကို စေလွှတ်ဖြစ်ပွါးကြပါစေ။

အကြောင်း ၂-ချက်။ ။(၁)သတ္တဝါတို့သည် တရားကို နာယူကြရမည် (မနာလျှင် မသိနိုင်ဟူလို)။ (၂) သဒ္ဓါတရားနှင့် ပြည့်စုံရမည် (နာသော်လည်း ဘုရားနှင့်တရားကို မယုံလျှင် လိုက်နာကျင့်ကြံလိမ်မည်မဟုတ်)။

**အာ-ဥ ဆရာကြီးနှစ်ပါး ကပ်လွဲသွား။** ။ "မည်သူကို တရားဦး ဟောရအံ့နည်း။ မည်သူသည် ဤတရားဦးကို အမြန်ဆုံး သိနိုင်မည်နည်း"ဟု တရားဟောရန် ဆင်ခြင်လိုက်သောအခါ အမျိုးဇာတ် အသိညာဏ် ပညာနှင့်

ပြည့်စုံပြီး ပညာမျက်စိ၌ ကိလေသာမြူနည်းပါးသည့် အာဠာရဆရာကြီးကို အကြံပေါ်၏။ သို့သော် လွန်ခဲ့သည့် တပါတ်က ကွယ်လွန်သွားကြောင်း နတ်သားတစ်ယောက်က လျှောက်ထားလိုက်၏။ ၎င်းနောက် ဥဒကဆရာ ကြီးကို ဟောရန်အကြံပေါ်၏။ ၎င်းဆရာကြီးလည်း မနေ့ညလေးကမှ ကွယ်လွန်သွားကြောင်း နတ်သားထံမှ သိရ၍ "ထိုရသေ့တို့သည် ရထိုက်သည့် မဂ်ဖိုလ်တရားထူးများမှ အရှုံးကြီး ရှုံးရလေပြီ"ဟု ညည်းညူတော်မူ၏။

**ဗာရာဏသီဘက် ခရီးထွက်။** ။၎င်းနောက် "မည်သူကိုများ တရားဦးကို ဟောရပါအံ့နည်း"ဟု ဆင်ခြင်သော အခါ ပဉ္စဝဂ္ဂီငါးဦးတို့ ဉာဏ်၌ပေါ်လာ၏။ ၎င်းတို့ဘယ်မှာရောက်နေသနည်းဟု ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်သော အခါ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တော၌ ရောက်နေသည်ကို တွေ့တော်မူ၏။ ဗုဒ္ဓဝံသအဋ္ဌကထာနှင့် ဇာတ် အဋ္ဌကထာတို့အရ ဝါဆိုလဆန်း ၁၄-ရက်နေ့တိုင်အောင် မဟာဗောဓိ၌ပင် သီတင်းသုံး၍ ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ ၁၈-ယူဇနာဝေးသော ဗာရာဏသီသို့ ခြေလျင်ကြွတော်မူ၏။

(ရှေးဘုရားရှင်များ တန်ခိုးဖြင့်ကြွသော်လည်း ဂေါတမဘုရားရှင်မှာ လမ်းခုလတ်တွင် ဥပက တက္ကတွန်း ကြီးနှင့် တွေ့စရာရှိသောကြောင့် ခြေလျင်ကြွတော်မူ၏။)

**မဟာစည်ဆရာတော်ကြီး အလို။** ။မဟာဗောဓိမဏ္ဍိုင်မှ ဗာရာဏသီအထိ ၁၈-ယူဇနာ(၁၄၂-မိုင်ခန့်)ဝေး၏။ ပကတိရိုးရိုး ခြေလျင်သွားလျှင် တစ်ရက်တည်းဖြင့် ရောက်နိုင်စရာမရှိ။ ထို့ကြောင့် ဝါဆိုလဆန်း (၆)ရက်နေ့မှ စတင်ပြီး ကြွတော်မူတယ်လို့ ယူလျှင် သင့်နိုင်စရာရှိကြောင်း မိန့်တော်မူ၏။

(ဓမ္မစကြာတရားတော်၊ နှာ-၅၂။)

## ဥပကတက္ကတွန်းနှင့် တွေ့

(ဥပကသည် နိဂဏ္ဌနာဋပုတ္တ ဆရာကြီး၏ ဂိုဏ်းဝင်တပည့်။ အဝတ်မဝတ်သည့် ရသေ့တစ်မျိုး။)

မဟာဗောဓိနှင့် ဂယာသည် တောင်မြောက်ရှိနေပြီး ၆-မိုင်ခန့်ဝေး၏။ ထိုလမ်းခရီးကြားတွင် ဥပကတက္ကတွန်းနှင့် တွေ့၏။ ဘုရားရှင်၏ အထူးကြည်လင်သော ဣန္ဒြေတော်၊ အသား အရောင်တော်များကိုကြည့်ကာ "သင့်ဆရာ ဘယ်သူလဲ။ ဘယ်သူ့တရားကို နှစ်သက်သဘောကျပါသလဲ" ဟု မေးလေ၏။ ထိုအခါ မြတ်စွာဘုရားက အောက်ပါဂါထာများဖြင့် ဖြေတော်မူ၏--

(၁) **သဗ္ဗာဘိဘူ သဗ္ဗဝိဒူ**ဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု **အနုပလိတ္တော**။
**သဗ္ဗဥ္စဟော တဏှာက္ခယေ ဝိမုတ္တော**၊
သယံ အဘိညာယ က-မုဒ္ဒိသေယျံ။

ဥပက.....ငါသည် အလုံးစုံကို လွှမ်းမိုးနိုင်၏။ တရားအားလုံးကို အကြွင်းမဲ့ သိသူဖြစ်၏။ တရားအားလုံး တို့၌ ကိလေသာဖြင့် လိမ်းကျံခြင်းမရှိ။ အလုံးစုံကို စွန့်အပ်ပြီ။ တဏှာ၏ကုန်ရာ နိဗ္ဗာန်ကို အာရုံပြုရသော ကြောင့် ကိလေသာမှ လွတ်ပြီ။ (သို့ရကား) တရားအားလုံးကို ဆရာမရှိ ကိုယ်တိုင်ထိုးထွင်း သိမြင်ပြီးသူ ဖြစ် သောကြောင့် အဘယ်သူ့ကို ဆရာဟူ၍ ညွှန်ပြဖွယ်ရာ ရှိအံ့နည်း။

(၂) န မေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။

ဥပက....ငါဘုရားအား ဆရာမရှိ(လောကုတ္တရာ တရားထူးရရန်ဆိုလို)။ (ငါ့ထက်မြတ်သူ ဆရာကို မဆိုထားဘဲ) ငါနှင့်တူသောသူသည်ပင် မရှိ။ နတ်နှင့်တကွသော သတ္တလောက၌ သီလစသော ဂုဏ်ကျေးဇူးတို့ဖြင့် ငါဘုရား၏ ကိုယ်စားပြုလောက်သူ ပင် မရှိ။

(၃) အဟံ ဟိ **အရဟာ** လောကေ၊ အဟံ **သတ္ထာ** အနုတ္တရော။
ဧကောမှိ **သမ္မာသမ္ဗုဒ္ဓေါ**၊ သီတိဘူတောသ္မိ နိဗ္ဗုတော။

ဥပက....ငါသည် လောက၌ ပူဇော်အထူးကို ခံထိုက်သော အရဟံဂုဏ်ရှင် ဖြစ်ပေ၏။ ငါသည် လောက၌ အတုမရှိ မြင့်မြတ်သော နတ်လူတို့၏ ဆရာလည်း ဖြစ်ပေ၏(ကယ်တင်ရှင်မဟုတ် ဟူလို)။ ငါသည် တရားအလုံးစုံကို မဖေါက်မပြန် အမှန်အတိုင်း ထိုးထွင်းသိမြင်နိုင်သည်ဖြစ်၍ ပြိုင်ဘက်မပြု တစ်ဆူတည်းသာ ဖြစ်၏။ ကိလေသာမီး ငြိမ်းအေးပြီးသူလည်း ဖြစ်၏။

(၄) ဓမ္မစက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ။
အန္ဓီဘူတသ္မိံ လောကသ္မိံ၊ အာဟဉ္ဆံ **အမတ**ဒုန္ဒုဘိံ။

ဥပက....ငါဘုရားသည် ဓမ္မစကြာတရားကို ဟောကြားခြင်းငှာ ဗာရာဏသီပြည်, ဣသိပတန မိဂဒါဝုန်တောသို့ သွားပေအံ့။ ပညာမျက်စိ မရှိစမ်းတန်း သူကန်းသဖွယ်ဖြစ်သော နတ်လူအပေါင်း၌ တရားဒေသနာ အမြိုက်စည်ကြီးကို တီးခတ်ပေအံ့။

ထိုအခါ ဥပကတက္ကတွန်းသည် "ငါ့ရှင် ဝန်ခံသည့်အတိုင်းဆိုလျှင် သင်သည် **အဆုံးမရှိ အောင်တော်မူတဲ့ အနန္တဇိန** ဖြစ်မှာဘဲ"ဟု ဆိုလေ၏။

(ထိုကဲ့သို့မေးခြင်းမှာ သူတို့ နိဂဏ္ဌဂိုဏ်း၌ အကုသိုလ်ကိလေသာအားလုံး ပယ်ဖျောက်နိုင်သောသူကို 'ဇိန'ဟု ခေါ်ကြ၏။ ထို့ကြောင့် သူတို့ဂိုဏ်းဆရာကြီးနိဂဏ္ဌကိုလည်း 'ဇိန'ဟု ခေါ်၏။ အိန္ဒိယသံနှင့် 'ဂျိန'ဟု ထွက်၏။ ယနေ့ ဂျိန်း=Jain, ၄င်းဘာသာကို Jainism ဟုခေါ်ကြ၏။)

ထိုအခါ ဘုရားရှင်ကလည်း-

(၅) မာဒိသော ဝေ **ဇိနာ** ဟောန္တိ၊ ယေ ပတ္တာ အာသဝက္ခယံ။
**ဇိတာ** မေ ပါပကာ ဓမ္မာ၊ တသ္မာဟမုပက **ဇိနော**။

ဥပက....အာသဝေါကုန်ခြင်းသို့ရောက်သော ငါကဲ့သို့သော ပုဂ္ဂိုလ်တို့သည် စင်စစ် '**ဇိန**'မည်ကုန်၏။ ငါသည် ယုတ်မာသော အကုသိုလ်တရားတို့ကို အောင်အပ်ပြီးဖြစ်သောကြောင့် '**ဇိန**'မည်၏။

ထိုအခါ ဥပကသည် "ငါ့ရှင်...သင်ပြောသည့်အတိုင်း ဟုတ်တန်ရာ၏"ဟု ပြောဆိုကာ ခေါင်းငြိမ့်ပြီး ဝင်္ကဟာရရွာဘက်သွားသော အခြားလမ်းခရီးသို့ သွားလေ၏။

[ဓမ္မစကြာတရား မဟောမီ တရားနာရသူတို့သည် မင်္ဂဖိုလ်မရ၊ အထုံဝါသနာပါရုံသာ အကျိုးခံစား ရမြဲ ဓမ္မတာရှိသောကြောင့် ဤ၌ ဥပကသည်လည်း ဤမျှလေးနက်သည့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့်စပ်သော တရားကိုကြားနာ ရသော်လည်း နောင်အခါ ရဟန်းပြုရန် အထုံဝါသနာပါရုံမျှသာ အကျိုးရ၏]

**ဥပကတက္ကတွန်းအကြောင်း အကျဉ်းချုပ်။** ။ဥပကတက္ကတွန်းသည် ဝင်္ကဟာရ မုဆိုးရွာသူကြီးက ကြည်ညိုသဖြင့် ထိုရွာ၌ ကျောင်းငယ်ဖြင့် နေလေ၏။ မုဆိုးကြီးတောလည်သွားစဉ် သမီးဖြစ်သူ မစာပါ(မဆာဝါ၊ သုတ္တနိ-ဋ္ဌ၊၁၊၂၄၈။ မ-ဋ္ဌ၊၂၊၉၄။)ကို လုပ်ကျွေးပြုစုရန် မှာခဲ့၏။ ဥပကတက္ကတွန်းကြီးမှာ မစာပါကိုမြင်ပြီး အစွဲကြီးစွဲကာ ဆွမ်းမစာဘဲကျောင်းမှာသာ နေတော့၏။ မုဆိုးကြီးပြန်လာသောအခါ သူ့ဆရာ ဆွမ်းခံမလာသဖြင့် ကျောင်းသို့လိုက်သွား၏။ အကြောင်းရင်းကို သိပြီးနောက် သူ့သမီးပေးစားမည့်အကြောင်း၊ သို့သော်

အသက်မွေးဖို့ ပညာတစ်ခုခု တတ်ပါသလားဟု မေးသောအခါ မတတ်ကြောင်း၊ သို့သော် အမဲသားထမ်းပြီး ရောင်းချပေးနိုင်ကြောင်း ပြောသဖြင့် မုဆိုးကြီးက အိမ်ခေါ်လာပြီး သမီးနှင့် ပေးစားလိုက်၏။ သားတစ်ယောက်ရသောအခါ **သုဘဒ္ဒ**ဟု နာမည်ပေး၏။ ကလေးငိုသောအခါ-

အမဲသားထမ်း၊ တက္ကတွန်း၊ ရဟန်းလူထွက်သား။
မုဆိုးနောက်လိုက်၊ ငါ့ကိုကြိုက်၊ အမိုက်လူထွက်သား။

ဟု စာပါ၏ ဝှေါတော့တော့ ကလေးချော့သံကို မကြာခဏ ကြားရ၍ နောက်ဆုံး အိမ်ကထွက်လာပြီး ဘုရားထံသို့ လိုက်လာခဲ့၏။ ဘုရားနှင့်တွေ့သောအခါ "ဥပက...သင်သည် အသက်ကြီးရင်ပြီ။ ရဟန်းဝတ်မည်လား"ဟု မေးသဖြင့် "ဝတ်ပါမည်"ဟု ဖြေဆို၍ ရဟန်းဝတ်ပေးလိုက်၏။ ရဟန်းဝတ်ပြီး ကမ္မဋ္ဌာန်းများ အားထုတ်လျက် အနာဂါမ်အဖြစ်သို့ ရောက်သွား၏။ ထိုမှ စုတေ၍ သုဒ္ဓါဝါသအောက်ဆုံး ပြဟ္မာ့ဘုံဖြစ်သော အဝိဟာဘုံ၌ ဖြစ်လေ၏။ ထိုဘုံရောက်ပြီး မကြာမီပင် ရဟန္တာဖြစ်သွား၏။

## မြတ်စွာဘုရား မိဂဒါဝုန်သို့ ရောက်တော်မူခြင်း

ထိုမှတဖန် အစဉ်အတိုင်း ခရီးဆက်တော်မူရာ မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်နေ့ ညနေချမ်း အချိန်၌ ပဉ္စဝဂ္ဂီငါးဦးတို့ရှိရာ **ဗာရာဏသီမြို့အနီး ဣသိပတန မိဂဒါဝုန်တောသို့** ရောက်တော်မူလာ၏။

ပဉ္စဝဂ္ဂီတို့သည် ဘုရားကြွလာတော်မူသည်ကို အဝေးမှပင် မြင်ကြ၍ "ငါ့ရှင်တို့.....ကမ္မဋ္ဌာန်းလူထွက်၊ လာဘ်လာဘပေါအောင် ကျင့်နေတဲ့ ရဟန်းဂေါတမလာနေပြီ။ ဒီရဟန်းဂေါတမကို ရှိမခိုး,ခရီးဦးမကြိုဆိုကြစတမ်း။ နေရာလေးတော့ သူအလိုရှိကထိုင်အောင် ခင်းထားလိုက်ကြစို့"ဟု အချင်းချင်း ကတိကဝတ်ထားကြ၏။

သို့သော် ဘုရားရှင်၏ ၎င်းတို့အတွက် သီးသန့်ရည်စူးပို့လွှတ်အပ်သော မေတ္တာဓာတ်တော်ကြောင့် အနီးသို့ ရောက်သောအခါ သူတို့ကတိ မတည်နိုင်ကြဘဲ ခရီးဦးကြိုခြင်းအမှု ပြုကြလေ၏။

## တရားနာဖို့တိုက်တွန်း

ပဉ္စဝဂ္ဂီတို့သည် ကာယကံအနေ ရှိသေသော်လည်း ဘုရားရှင်ကို "ဂေါတမ"ဟူသော အမည်ဖြင့်၎င်း၊ "အာဝုသော=ငါ့ရှင်"ဟူသော ကိုယ်နှင့်တန်းတူထားတာ ပြောကြားခြင်းဖြင့်၎င်း သုံးနှုန်းကြ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုသို့မခေါ်ကြရန် မိန့်တော်မူ၏။ ၎င်းနောက် "ရဟန်းတို့...ငါသည် ရဟန္တာတည်း။ တရားအားလုံးကို ကိုယ်တိုင်သိမြင် သမ္မာသမ္ဗုဒ္ဓအရှင်တည်း။ ရဟန်းတို့...နားထောင်ကြ။ ငါသည် အမြိုက်နိဗ္ဗာန်ကို ရပြီ။ ငါသင်တို့အား တရားဟောအံ့။ ငါဟောပြသည့်အတိုင်း ကျင့်သည်ရှိသော် အရဟတ္တဖိုလ်သို့ မကြာမီ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလတ္တံ့"ဟု မိန့်တော်မူ၏။

## ကိုယ်ဟောတာ ကိုယ်မယုံသည့် ဗေဒင်ဆရာများ

ထိုအခါ ပဉ္စဝဂ္ဂီတို့သည် "ငါ့ရှင် ဂေါတမ....ဒုက္ကရစရိယာ ၆-နှစ် အသေအလဲကျင့်တာတောင် ဘုရားမဖြစ်ဘဲနှင့် အခုလို ပဓာနကမ္မဋ္ဌာန်း အလုပ်ကနေ ဆုတ်ခွါပြီး စားကောင်းသောက်ကောင်း အားထုတ်၊ လာဘ်လာဘပေါအောင် ရပ်ရွာတကာ လှည့်နေမှတော့ ဘယ်လိုလုပ် ဘုရားဖြစ်နိုင်မှာတုန်း"ဟု ပြန်ပြောကြ၏။ အမှန်မှာ အလောင်းတော်မွေးစက "ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်"ဟု သူတို့ပင် ဟောခဲ့ကြ၏။ အခုတော့ သူတို့ဟောခဲ့တဲ့ဗေဒင် သူတို့ကိုယ်တိုင် မယုံတော့ဘဲ ဘုရားက သုံးကြိမ်ပြောတာကိုပင် အတင်းခံ၍ ငြင်းဆန်နေကြ၏။

(၎င်းတို့သည် လူ့ခပမာဏ=ခေါင်းပါးစွာကျင့်ကြံမှုကို အထင်ကြီးလေးစားသူများဖြစ်၏။ မြတ်စွာဘုရားသည် ဇာတိသမ္ပဒါ၊ ရူပသမ္ပဒါ၊ ဣဿရိယသမ္ပဒါ၊ ပညာသမ္ပဒါ၊ အာစာရသမ္ပဒါ=လူ့ခသမ္ပဒါတို့အပြင် သာဒေယျဝစနတာ=သူ့ခပ်သိမ်းတို့က ယုံကြည်အပ်သော စကားရှိခြင်းနှင့်လည်း ပြည့်စုံ၏။)

**သစ္စာဝါဒဖြင့် သက်သေပြ**

ထိုအခါ မြတ်စွာဘုရားက "**ချစ်သားရဟန်းတို့**....ဥရုဝေလတောမှာ ဒုက္ကရစရိယာ ၆-နှစ်ကျင့်စဉ်ကာလ တုန်း က 'ငါဘုရားဖြစ်ပြီ'ဟု သင့်တို့အား ပြောခဲ့ဖူးပါသလား"ဟု မေးလေ၏။ ထိုအခါ ပဥ္စဝဂ္ဂီငါးဦးတို့သည် "ထိုအချိန် တုန်းက 'ငါဘုရားဖြစ်ပြီ'ဟု ပြောခဲ့လျှင် ငါတို့ယုံရမည်သာ။ သို့သော် သူကား လိမ်လည်၍ မပြောခဲ့။ ယခုမှ ဤကဲ့သို့သော စကားများကို သူပြောလာခြင်းသည် တကယ်ဘုရားဖြစ်လာ၍သာ ပြောခြင်းဖြစ်လိမ့်မည်" ဟု စဉ်းစားလာကြ၏။ (ဝိမတိ-ဋီ၊၃၊ ၉၇)

ထို့ကြောင့် ရှေးကလည်း အနည်းငယ်မျှ မုသားကို မပြောဆိုခဲ့ဖူးပေဟု သတိရလာပြီး ဘုရားဧကန်ဖြစ် ပြီဟု ယုံကြည်လျက် "**နော ဟေတံ ဘန္တေ** = မြတ်စွာဘုရား...ထိုကဲ့သို့သောစကားမျိုး ရှေးက မပြောဆိုခဲ့ဖူးပါ" ဟု လျှောက်ထားကြလေကုန်၏။ ပြန်ဖြေသောအခါ၌ကား ရိုသေဂါရဝကို ပြသည့် "**ဘန္တေ**"ဟူသော ဝေါဟာရဖြင့် ဖြေဆိုကြ၏။ (ပပဉ္စသူဒနီ ဋီကာ)

**"ဘိက္ခဝေ"**ဟု စ၍သုံး

> "မာ **ဘိက္ခဝေ** တထာဂတံ နာမေန စ အာဝုသောဝါဒေန စ သမုဒါစရထ။ ဩဒဟထ **ဘိက္ခဝေ** သောတံ အမတမဓိဂတံ, အဟမနုသာသာမိ, အဟံ ဓမ္မံ ဒေသေမိ။"(ဝိ၊၃၊၁၃။)

ဟူ၍ မြတ်စွာဘုရားက ပဥ္စဝဂ္ဂီငါးဦးတို့အား ခေါ်သောအခါ၌ "**ဘိက္ခဝေ**"ဟူသော ဝေါဟာရကို သုံး၍ ခေါ်၏။ အမှန်မှာ သာသနာတွင်း ရဟန်းမဖြစ်ကြသေး။ သာသနာပ ပရိဗိုဇ်များသာဖြစ်ကြ၏။ သို့သော်လည်း **သဗ္ဗညုတ** ဟုခေါ်သော နိဗ္ဗာန်တရားကို သိနိုင်ရေးအတွက် မြတ်စွာဘုရားကို ရည်စူး၍ ဝတ်လာကြသောကြောင့် သာသနာတော်နှင့် ဆက်စပ်နေသဖြင့် သာသနာတွင်းရဟန်းများကဲ့သို့ပင် "ဘိက္ခဝေ"ဟူသော ဝေါဟာရဖြင့် ဘုရားက ခေါ်လိုက်ခြင်းဖြစ်၏။ (မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်ကြီး၊ နှာ-၆၄-၆၅။)

**အမှန်စကားကြောင့် စိတ်ဝင်စားလာ။** ။ထိုအခါ ဘုရားဟောမည့်တရားကို နာယူဖို့ရန် အာရုံစိုက်လာကြ ကုန်၏။ ကိုယ်အမူအယာများလည်း ရိုသေဂါရဝ ပြုလာကြ၏။ ဘုရားသည်လည်း တရားဦးဓမ္မစကြာကို ဟောဖို့ ရန် အဆင်သင့်ဖြစ်တော်မူ၏။ အချိန်ကာလအားဖြင့် မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်၊ စနေနေ့ ညနေချမ်း အချိန်၊ နေမင်းကြီးကား အနောက်တောင်စွယ်တွင် ဝင်လုလုဆဲ၊ လမင်းကြီးကား အရှေ့အရပ်မှ ပြူထွက်ပေါ် လာဆဲ၊ ထိုအချိန်လေးတွင် "**ဒွေ မေ ဘိက္ခဝေ အန္တာ**" ဟူသော စကားကို စတင်ကာ ဟောတော်မူလေ၏။

**သောင်းဘဝဂ်ညီ ပြန့်တက်သံ။** ။"**ဒွေ မေ ဘိက္ခဝေ အန္တာ**" ဟူသောပုဒ်ကို ရွတ်ဆိုလိုက်သည်နှင့် အသံတော် သည် အထက် ဘဝဂ်၊ အောက် အဝီစိသို့တိုင်အောင် စကြာဝဠာတိုက်တစ်သောင်း ပြန့်နှံ့တည်လေ၏။ ထို အခါ ကသိုလ်ပါရမီ ဖြည့်ကျင့်ပြီးသော ဗြဟ္မာပေါင်း ၁၈-ကုဋေတို့ တညီတညွတ်တည်း ရောက်လာကြကုန်၏။

> မှတ်ချက်။ ။ဤနေရာတိုင်အောင်သော စကားရပ်တို့သည် ဓမ္မစကြာတရားတော်၏ မနီးမဝေးသောအကြောင်း အဝိဒူရေနိဒါန်း ဖြစ်ပါသည်။

*****************

## နီးသောအကြောင်း သုတ္တန်ကေနိဒါန်း

**ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။**

ဤစကားရပ်ကို ပထမသံဂါယနာတင်စဉ်က ရှင်မဟာကဿပ မထေရ်ကြီးက မေးမြန်း၍ ရှင်အာနန္ဒ မထေရ်က ပြန်လည်ဖြေကြားသော ဤသုတ်၏ နိဒါန်းစကား ဖြစ်ပါသည်။

### ဓမ္မစကြာခေါ်ပုံ

ပဋိဝေဓဉာဏ်တော်ဟူတော် တရားတော်၊ ဒေသနာဉာဏ်တော်ဟူသော တရားတော်တို့ကို သောင်း တိုက်များစွာ စကြာဝဠာတို့၌ ခြာခြာပတ်ပတ် လည်စေတတ်သော အနက်သဘောကြောင့် စကြာမင်းတို့၏ စကြာရတနာနှင့် တူလေရကား ယင်းသုတ္တန်တရားတော်မြတ်ကို ဓမ္မစကြာဟု ခေါ်ပါသည်။

(ဓမ္မစက္ကန္တိ ပဋိဝေဓဉာဏမ္ပိ ဒေသနာဉာဏမ္ပိ ပဝတ္တနဋ္ဌေန စက္ကန္တိ ဓမ္မစက္ကံ။ ဝိမတိ-ဋ္ဌီ၊ ၂။၉၂)

တပည့်သာဝကတို့၏ အသိဉာဏ်တည်းဟူသော ပဋိဝေဓဉာဏ်ကို မြတ်စွာဘုရား၏ ဒေသနာတော်နှင့် နှီးလိုက်၍ နီးလာရသည်။ (ဆရာတော်ဦးတိလောကသာရရေးသည့် လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ဓမ္မစကြာ အမေးအဖြေ နိဒါန်း၊ နှာ-၁၁။)

### ဗာရာဏသီ အမည်တွင်ပုံ။

(၁) ဗာရာဏသာမြစ်၏ မနီးမဝေး၌ တည်သောမြို့ ဖြစ်သောကြောင့် ဗာရာဏသီ။

(၂) မျောက်ဦးခေါင်းနှင့်တူသော ကျောက်ရှိရာဌာနဖြစ်သောကြောင့် ဗာရာဏသီ။

(၃) မြို့တည်စအခါ၌ မင်းနှစ်ပါး စစ်ထိုးရာဌာနဖြစ်သောကြောင့် ဗာရာဏသီ။

(၄) ဝရဏမြစ် အသိမြစ် နှစ်သွယ်တို့၏အကြား၌ တည်သောကြောင့် ဗာရာဏသီ။

မှတ်ချက်။ ။ဤဗာရာဏသီပြည်သည် အနာဂတ်ကာလ၌ ကေတုမတီနာမည်ဖြင့် ထင်ရှား၍ မေတ္တေယျ ဘုရားရှင် ပွင့်တော်မူရာမြို့ ဖြစ်လိမ့်မည်။(ဒီ၊၃။ ၆၂-၆၄။) (တိပိဋကအဘိဓာန်၊တွဲ-၁၅၊နှာ-၂၁၀။)

### ဣသိပတန မည်ပုံ

(က) မြတ်စွာဘုရားနှင့် ပစ္စေကဗုဒ္ဓါဟူသော ဣသိသူတော်ကောင်းတို့ ဓမ္မစကြာ တရားဟောခြင်း၊ ဥပုသ် ပြုခြင်း အကျိုးငှာ ကြွရောက်စည်းဝေးရာဖြစ်သောတော။

(ခ) ပစ္စေကဗုဒ္ဓါဟူသော ဣသိတို့ သက်ဆင်းရာ ပျံတက်ကြွသွားရာ ဖြစ်သောတော။

(ဘုရားပွင့်တော်မမူမီက ပစ္စေကဗုဒ္ဓါတို့သည် ဂန္ဓမာဒနတောင်၌ ၇-ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားပြီး၍ အနောတတ္တ အိုင်၌ မျက်နှာသစ်ပြီးလျှင် သပိတ်သင်္ကန်းလွယ်ကာ ကောင်းကင်ခရီးဖြင့်ကြွလာပြီး ဤတော၌ ရှေးဦးစွာ သက်ဆင်းတော်မူ၏။ သင်္ကန်းရုံကာ မြို့ထဲသို့ဆွမ်းခံကြွ၊ဆွမ်းစားပြီးနောက် ဤနေရာမှပင် ကောင်းကင်သို့ ပြန်ကြွတော်မူ၏။)

**မိဂဒါယ မည်ပုံ။** ။သားကောင်အပေါင်းတို့ကို ဘေးမဲ့ပေးရာဖြစ်သောတော။

မိဂါနံ အဘယံ ဒေတိ ဧတ္ထာတိ မိဂဒါယော။ (သီ၊ဋ္ဌီ၊သစ်၊၂၊ ၃၄၆။)

မိဂဒါယေတိ တံ ဝနံ မိဂါနံ အဘယဒိန္နဋ္ဌာနေ ဇာတံ၊ တသ္မာ မိဂဒါယောတိ ဝုစ္စတိ။ (မဋ္ဌ၊၁၊၃၇၀။)

**ဘုရားလောင်း နိဂြောဓသမင်း။** ။ဘုရားလောင်း နိဂြောဓသမင်မင်း ဖြစ်စဉ်က ဤတောဥ်ဖြစ်ခဲ့ဖူး၏။ ဗာရာဏသီဘုရင် သမင်သား ကြိုက်သဖြင့် နိဂြောဓသမင်ကြီးမှတပါး ဥယျာဉ်တွင်းရှိသမင်များကို တစ်နေ့တစ်ကောင်ကျ သတ်စားနေ၏။ တနေ့တွင် ကိုယ်ဝန်ဆောင် သမင်မလေး၏ အသတ်ခံအလှည့်ကျလာ၏။ သူ့မှာ ကိုယ်ဝန်ရှိနေ၍ သူ့ကိုယ်စား အလှည့်ယူရန် တောင်းပန်သဖြင့် ဘုရားလောင်းက သူကိုယ်တိုင် သေလှည့်ယူလိုက်၏။ ဤသည်ကို ဘုရင်ကြီးသိပြီး သမင်မင်းနှင့်တကွ သမင်အားလုံး ဘေးမဲ့ပေး၏။ ဘုရားလောင် သမင်မင်းက အခြား အခြေလေးချောင်း သတ္တဝါ၊ အခြေနစ်ချောင်းသတ္တဝါ၊ ကောင်းကင်၌ ကျက်စားကြသော သတ္တဝါ၊ မြေ၌ကျက်စား ကြသော သတ္တဝါ၊ ရေ၌ကျက်စားကြသော သတ္တဝါ အပေါင်းတို့အား ဘေးမဲ့ပေးရန် တောင်းဆိုသဖြင့် ဗာရာဏသီမင်းကြီးက ဤနေရာ၊ ဤဒေသကို မိဂဒါယ = သားကောင်အပေါင်းမှန်သမျှတို့အတွက် ဘေးမဲ့ပေးရာတောအဖြစ် သတ်မှတ်ခဲ့သည်။ ထိုအချိန်မှစကာ ဘုရား ဖြစ်၍ ဓမ္မစကြာ ဟောရာကာလတိုင်အောင်(ယနေ့တိုင်အောင်) ဘေးမဲ့တော ဖြစ်နေခဲ့၏။ (နိဂြောဓဇာတ်)

ယနေ့ အိန္ဒိယနိုင်ငံသားတို့က မိဂဒါဝုန်ကို ဆာ(ရ်)နာ(ထ်) (Sarnath)ဟုခေါ်၏။ အဓိပ္ပါယ်မှာ "သားသမင်တို့၏ သခင်" ဟု အဓိပ္ပါယ်ရှိသည် ဆို၏။ ၎င်းစကားသည် ဟိန္ဒူဘာသာ Saranganatha မှ ဆင်းသက်လာကြောင်း ရှေးဟောင်း အိန္ဒိယသုတေသနဌာနမှ ဖော်ပြထားပေသည်။ (ကျော်ဖြူ ဦးရာဇိန္ဒ၏ "သစ္စာမြေမှ မြန်မာ့ဂုဏ်ရောင်"ဆောင်းပါးမှ)

**မိဂဒါဝုန်တော ၃-ခု။** ။(၁)ဗာရာဏသီအနီး ဣသိပတန မိဂဒါဝုန်၊ (၃)ဘဂ္ဂတိုင်း ဘေသကဠာ မိဂဒါဝုန်၊ (၃)ပဒုမုတ္တရာ ဘုရားလက်ထက်, ဟံသာဝတီနေပြည်အနီးရှိ ခေမမိဂဒါဝုန် ဟု ပိဋကတ်တော်၌ သုံးခုရှိ၏။ ဤတောသုံးခုရှိ သားရိုင်းတိရစ္ဆာန်များကို ဘေးမဲ့ပေး ထား၍ မိဂဒါဝုန်ဟုခေါ်၏။ ဤကဲ့သို့ သားကောင်အပေါင်း တို့၏ အသက်စည်းစိမ် ဘေးမဲ့ပေးခြင်းကို "**အဘယဒါန=အသက်ဘေးမဲ့အလှူ**" ဟု ခေါ်၏။ ထိုကဲ့သို့သော အလှူမျိုးကို အထူးသဖြင့် **မင်းများကသာ** ပြုလုပ်နိုင်၏။(သီလက္ခန်၊ဋီသစ်၊ပ။၂၇၆။)

## အစွန်း ၂-ပါး "ပဗ္ဗဇိတ"များ မမှီဝဲသင့်
### ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။

[**လမ်းများကိုတားဖို့ အရေးပိုကြီး။** ။မြတ်စွာဘုရားသည် မဇ္ဈိမပဋိပဒါလမ်းစဉ်နှင့် သစ္စာလေးပါးကို တန်းပြီး မဟောသေးဘဲ အစွန်း နှစ်ပါးကို မကျင့်ဖို့ အရေးတကြီး တားမြစ်နေရခြင်းသည် အကြောင်းရှိ၏။ ၂၉-နှစ်တာ မင်းစည်းစိမ်းကို ခံစားခဲ့သည် ကာမသုခလ္လိကာ- နုယောဂအကျင့်၊ ၆-နှစ်တာ သေလုနီးပါး အပြင်းအထန်ကျင့်ခဲ့သည် အတ္တကိလမထာနုယောဂအကျင့်၊ ဤနှစ်ပါးလုံးသည် ဒုက္ခလွတ်ရန် အသိမှန်ကို မရနိုင်ဘဲ ဆင်းရဲထဲသို့ ပို၍ နစ်မြုပ်သွားစေနိုင်သောကြောင့် ရှေးဦးစွာ အစွန်းနှစ်ပါးကို ဟောကြားခြင်းဖြစ်သည်။]

## အန္တ= အဖို့အစွန်း (သို့) ယုတ်သောအဖို့

"အန္တ"ဟူသော သဒ္ဒါသည် ကောဋ္ဌာသ,ဘာဂ ဆိုသည့် "အဖို့" ဟူသော အနက်ကို ဟော၏။ နောက်ဟောလတ့ံသော မဇ္ဈိမပဋိပဒါ=အလယ်လမ်းအကျင့် ဟူသောစကားကို ထောက်ဆလျက် အစွန်းဟူ သော အနက်လည်း သင့်တော်၏။ ထို့ကြောင့် မဟာစည်ဆရာတော် နိဿယ၌ "အဖို့အစွန်း"ဟူ၍ အနက်ပြန် ထား၏။

ယိုးဒယားမူ, သီဟိုဠ်မူများ၌ "လာမကကောဋ္ဌာသ"ဟူ၍ ရှိ၏။ "ယုတ်သောအဖို့"ဟု အဓိပ္ပါယ်ရ၏။ ဤအနက်သည် ရှေးကမြန်မာပြန်ကြသော "အယုတ်တရား"ဟူသည်နှင့် ညီ၏။

(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်ကြီး၊ ၆၅)

**ပဗ္ဗဇိတဟူသည်။** ။ မိမိ၏ ရာဂစသော ကိလေသာအညစ်အကြေးကို နှင်ထုတ်တတ်သော ပုဂ္ဂိုလ်ကို ပဗ္ဗဇိတဟု ခေါ်၏။ (ပဗ္ဗာဇယံ အတ္တနော မလံ ပဗ္ဗဇိတောတိ ဝုစ္စတိ။)

**တနည်း။** ။ လူတို့သံယောဇဉ်ဖြစ်သော ဝတ္ထုကာမများကို ဖြတ်တောက်ကာ ရသေ့ရဟန်းအဖြစ်သို့ ကပ်ရောက်လာသော ပုဂ္ဂိုလ်ကို ပဗ္ဗဇိတဟု ခေါ်၏။

(ပဗ္ဗဇိတေနာတိ ဂိဟိသံယောဇနံ ဝတ္ထုကာမံ ဆေတွာ ပဗ္ဗဇ္ဇိတေန။ ပဋိသံ၊ဋ္ဌ၊ဒု၊၂၁၅။)

**ပဗ္ဗဇိတ ၄-မျိုး။** ။ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို ပယ်စွန့်နိုင်သော ပဗ္ဗဇိတတို့သည်-
(၁)ဘိက္ခုပဗ္ဗဇိတ၊ (၂)သမဏေရပဗ္ဗဇိတ (၃) က္ကသိပဗ္ဗဇိတ (၄) ပရိဗ္ဗာဇကပဗ္ဗဇိတ ဟူ၍ လေးမျိုးရှိ၏။

**အစွန်း ၂-ပါးကိုပယ်ရန် ပဗ္ဗဇိတတို့ကိုသာ ဟောရခြင်းအကြောင်း**

ရဟန်းတို့သည်သာလျှင် ထူးခြားသည့် သစ္စာလေးရပ် တရားမြတ်ကို တပ်အပ်ထင်ထင် သိမြင်နိုင်သော မဂ္ဂင်အကျင့်၏ တည်ရာဖြစ်သောကြောင့် ပဗ္ဗဇိတတို့ကိုသာ အစွန်း ၂-ပါးရှောင်ရန် ဟောရပါသည်။

(ပဗ္ဗဇိတာနံယေဝ ဝိသေသတော ပဋိပတ္တိယာ ဘာဇနဘူတတ္တာ "ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"တိ ဝုတ္တံ။ ပဋိသံ၊ဋ္ဌ၊ဒု၊ ၂၁၅။)

**[လမ်းဟောင်းကိုပယ်, လမ်းသစ်ကို ချပြ။** ။အိန္ဒိယတစ်ခွင် ထိုခေတ်ထိုအခါက အလွန်တရာ ခေတ်စားနေသော ကာမသုလ္လိကာနုယောဂနှင့် အတ္တကိလမထာနုယောဂ ဟူသော လမ်းဟောင်းကို လွယ်လွယ်နှင့်ပယ်ကာ အသာတကြည် ကိုယ့်ဝါဒကသစ်ကို ချပြဖို့ဆိုသည်မှာ လွယ်သည်မဟုတ်။ ထို့ကြောင့် မိမိဖြတ်သန်းခဲ့သည့် ကိုယ်တွေ့ကျင့်စဉ်များ အပေါ်မူတည်၍ လမ်းဟောင်း၏ ပြစ်ချက်များ၊ လမ်းသစ်ကြောင့် ရရှိလိုက်သော အသိဉာဏ် အကျိုးထူးတရား များကို သတ္တဝါများ လက်ခံအောင် ချပြရပေမည်။ ထို့ကြောင့် လမ်းဟောင်း၏ မှားယွင်းချက်များကို ရှေးဦးစွာ ချပြလိုက်ခြင်းဖြစ်၏။]

**ပထမ အစွန်းတရား**

**ယော စာယံ ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။**

**ကာမသုခလ္လိကာနုယောဂ ဟူသည်။** ။ဇနီးမယား လင်ယောက်ျား သားသမီး အိုးအိမ်တိုက်တာ လယ်ယာ ခြံမြေ ရွှေငွေရတနာ ကျွန်အလုပ်သမား ကျွဲနွားတိရစ္ဆာန် စသည့် ကာမဂုဏ်ဝတ္ထုတို့၌ သာယာတပ်မက်နေခြင်း၊ နှစ်သက်ငြိကပ်ရန် အဖန်ဖန် အားထုတ်နေမှုကို ခေါ်သည်။ (ပဋိသံ၊ဋ္ဌ၊ဒု၊ ၂၁၆)

(၁) ကိလေသာကာမနှင့် ယှဉ်သောချမ်းသာကို ခံစားခြင်း။ ကိလေသာကာမနှင့် ယှဉ်သောချမ်းသို့ အစဉ်လိုက်ခြင်း။

(၂) ကာမဂုဏ်ချမ်းသာ၌ ကပ်ငြိသည်ဖြစ်၍ အဖန်ဖန်အားထုတ်ခြင်း။

(၃) ကာမဂုဏ်ချမ်းသာကို မှီဝဲခြင်း၌ အားထုတ်ခြင်း။

(၄) ကိလေသာကာမနှင့် ယှဉ်သောချမ်းသာကို နှစ်သက်ခြင်း တောင့်တခြင်း။

(တိပိ-ပါဠိအဘိဓာန်၊ တွဲ၊ ၊နှာ-၅၄၅။)

**အစိတ်စိတ်ခွဲကြည့်ခြင်း။** **ကာမ+သုခ+အလ္လိက+အနုယောဂ**

= သက်ရှိသက်မဲ့ ကာမဂုဏ်ဝတ္ထုပစ္စည်းများသည် လိုချင်တပ်မက်စရာကောင်း၍ **ကာမ**။

= ၎င်းတို့ကို ကိလေသာတဏှာဖြင့် ခံစားတာက **သုခ**။

= ခံစားလိုက်ပြီး စွဲငြိနေတာက **အလ္လိက**။

= ဒါလေးကို ပျောက်မသွားအောင်, ဆုံးရှုံးမသွားအောင်, ပျောက်ပျက်ဆုံးရှုံးသွားရင်လဲ ပြန်ရအောင်, တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ မရ,ရအောင် အဖန်ဖန်အားထုတ်နေမှုက **အနုယောဂ**။

**ဟီနော = ယုတ်နိမ့်သော အကျင့်**

ကာမဂုဏ်ချမ်းသာကို ခံစားမှုအကျင့်သည် တပ်မက်မှု ကာမတဏှာကို ဖြစ်စေ၏။ မာနကို ဖြစ်စေ၏။ က္ကသာကို ဖြစ်စေ၏။ မစ္ဆရိယကို ဖြစ်စေ၏။ ဒေါသကို ဖြစ်စေ၏။ ရှက်ကြောက်မှုကင်းသည့် အဟိရိက

အနောတ္တပ္ပကို ဖြစ်စေ၏။ ဒိဋ္ဌိကို ဖြစ်စေ၏။ ထိုသို့ ယုတ်ညံ့သည့် အကုသိုလ်တရားများကို ဖြစ်ပွားစေတတ် သောကြောင့် ဟီနော=ယုတ်ညံ၏။

တနည်း။ ကာမချမ်းသာကို အောက်တန်းကျသော တိရစ္ဆာန်များ၊ ပြိတ္တာကလေးများပင် ခံစားတတ် ကြ၏။ ထိုသို့ ယုတ်နိမ့်အောက်တန်းကျသော တိရစ္ဆာန်လေးများပင် ခံစားတတ်၏။ အဆင့်အတန်း မမြင့်ပေ။

ထို့ကြောင့် သံသရာက ထွက်လုမ်းနိုင်ဖို့ ရသေ့ရဟန်းပြုလာကြသော ပဗ္ဗဇိတများ မလိုက်စားသင့်။ နိဗ္ဗာန်ရောက်ကြောင်းအကျင့်နှင့် ကာမသုခအကျင့်သည် တခြားစီသာဖြစ်၏။

## ဂမ္မော = မြို့ရွာ၌နေသောသူတို့ အကျင့်

ကာမဂုဏ်ချမ်းသာခံစားသည် အိမ်ရာတည်ထောင် လူ့ဘောင်၌နေသောသူတို့ အကျင့်ဖြစ်၏။ အမြတ်ဆုံးသော သန္တိဝရပဒကိုရရန် အိမ်ယာကိုစွန့်ခွါပြီး တောထွက်လာသော ပဗ္ဗဇိတတို့၏ အကျင့်မဟုတ်။

**ဒိဋ္ဌဓမ္မနိဗ္ဗာန်ဝါဒ**။ ။ဘုရားမပွင့်မီ ရှေးကပင် ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒီ ပုဂ္ဂိုလ်များရှိကြ၏။ ၎င်းတို့က "အချင်းတို့..ဤ အတ္တသည် ကာမဂုဏ်ချမ်းသာတို့ဖြင့် ကုံလုံပြည့်ဝစွာ ပျော်ရွှင်ခံစားရ၏။ ဤသို့ ခံစားပေးခြင်းဖြင့် အမြတ်ဆုံး လောကနိဗ္ဗာန်ကို ရောက်၏။"ဟု ယူလေ့ရှိကြ၏။ (ဗြဟ္မဇာလသုတ်၊ သီလက္ခန်ပါဠိတော်။)

**ပဗ္ဗဇိတ ဖြစ်ပါလျက် သားမယားနှင့်နေသော ကေနိယရသေ့**။ ။ဘုရားခေတ်က သေနိယသည် ပုဏ္ဏားသူဌေးမျိုး မှ သူ့စည်းစိမ်များ စောင့်ရှောက်ရန် ရသေ့ ပြုလာ၏။ ဘုရင်ကို လက်ဆောင်ပဏ္ဏာပေးကာ မြေယူပြီး လှည်း ငါးရာနှင့် ကုန်ကူးကာ မိသားစုတစ်ထောင်ကို ထိန်းသိမ်းစောင့်ရှောက်ထား၏။ တမလွန်ဘဝဆိုတာ မမြင်ရ၍ ဒီဘဝမှာ ကာမဂုဏ်ကို ခံစားနိုင်မျှ ခံစားရမည် ဟုဆို၏။ ထို့ကြောင့် နေ့အခါတွင် ရသေ့သင်္ကန်းနှင့်နေသော် လည်း ညအခါတွင် ရသေ့မလေးများနှင့် ပျော်ပျော် ပါးပါး နေလေတော့၏။ (သေလသုတ်၊ မဇ္ဈိမ၊ ၄၊ ၂၇၃။)

## ပေါထုဇ္ဇနိကော = လူအများစုတို့ အကျင့်တရား

ကာမသုခခံစားသော အကျင့်သည် လူအများစုကြီး(လူတကာ) လိုက်စားနေသော အလေ့အကျင့်ကြီး တစ်ခုသာဖြစ်၏။ (ပုထု=အများစု+ဇန=လူ+က္ကက=အလေ့အကျင့်)။ လူတကာလုပ်ပြနိုင်သော အလုပ်ကို လုပ်ပြခြင်းသည် ထူးမြတ်သောအလုပ်ဟု မဆိုသာ။ လူတကာမလုပ်နိုင်သော အလုပ်ကို လုပ်ပြနိုင်မှသာလျှင် ထူးမြတ်သည်ဟု ဆို၏။

တနည်းအားဖြင့် အသိဉာဏ်ပညာ နည်းပါးသောသူများသာလျှင် ကာမသုခကို လိုက်စားကြ၏။ ပညာရှိ သူတော်ကောင်းတို့က ရှောင်ကြည်ကြ၏။ ထို့ကြောင့် ကာမဂုဏ်စွန့်ခွါ၍ ထွက်လာကြသော ပဗ္ဗဇိတတို့ အတွက် နောက်ကြောင်းပြန်လှည့်ကာ ကာမသုခကို မလိုက်သင့်။ လွတ်မြောက်ရေးလမ်းစဉ်အတွက် အနှောက် အယှက်ဖြစ်၏။

## အနရိယော = အရိယာတို့ အကျင့်မဟုတ်

**မေးစရာဖြစ်လာ**။ ။ကာမဂုဏ်ခံစားသောအကျင့်သည် အရိယာသူမြတ်တို့ အကျင့်မဟုတ်ဟု ဆို၏။ သို့ဖြစ်လျှင် ဝိသာခါ၊ အနာထပိဏ်၊ သိကြားမင်း စသူတို့သည် အရိယာဖြစ်ပါလျက် ဘာ့ကြောင့် ကာမဂုဏ် ခံစားနေပါသနည်း ဟု မေးစရာရှိလာ၏။

သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်များတွင် မတင့်တယ်သည့် 'အသုဘ'ကို 'သုဘ'ဟုထင်မှားမှု သညာဝိပလ္လာသနှင့် အသိမှားမှု စိတ္တဝိပလ္လာသ ၂-ပါးရှိသေး၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ် သုံးယောက်တို့တွင် ဒုက္ခကို သုခဟုထင်မှားမှု သညာဝိပလ္လာသနှင့် အသိမှားမှု စိတ္တဝိပလ္လာသ ၂-ပါး ရှိသေး၏။
(ဝိပ္ပလ္လာသကထာ၊ ပဋိသံ၊ ပါ၊ ၂၇၃။ ၌၊ ဒု၊ ၁၇၉။ ဝိသုဒ္ဓိ၊ ၌၊၂၊၃၂၆။)

**ဝိပ္ပလ္လာသ ၁၂-ပါး**

| ပုဂ္ဂိုလ် | ဝိပလ္လာသ | အမှတ်မှား | အသိမှား | အယူမှား |
|---|---|---|---|---|
| | အနိစ္စ = နိစ္စ | သညာ. | စိတ္တ. | ဒိဋ္ဌိ. |
| သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် | ဒုက္ခ□ သုခ | သညာ□ | စိတ္တ□ | ဒိဋ္ဌိ. |
| | အနတ္တ = အတ္တ | သညာ. | စိတ္တ. | ဒိဋ္ဌိ. |
| သောတာပန်၊ သကဒါဂါမ် | အသုဘ□ သုဘ | သညာ□ | စိတ္တ□ | ဒိဋ္ဌိ. |

**အနတ္တသံဟိတော = အကျိုးစီးပွားနှင့် မစပ်ဆိုင်**

ကာမသုခကို ခံစားသောအကျင့်သည် ပဗ္ဗဇိတတို့ လိုချင်နေသော အိုနာသေကင်းရာ အမတနိဗ္ဗာန်ကို ရဖို့အတွက် အထောက်အကူမဖြစ်။ ၎င်းတို့ကို ခံစားနေလျှင် သီလ,သမာဓိ,ပညာ ကျင့်စဉ်များ လျှောကျပျက်စီးသွား၏။ ပျက်စီးသွားလျှင် သံသရာက မလွတ်မြောက်နိုင်တော့။ ဤသို့ဆိုလျှင် ကာမသုခလ္လိကာနုယောဂ အကျင့်သည် မိမိတို့လိုလားသော ဆင်းရဲကင်းရာ နိဗ္ဗာန်တရားနှင့် ဆက်စပ်မှုမရှိ။ ထို့ကြောင့် ပဗ္ဗဇိတတို့ မမှီဝဲသင့်ပေ။

**သုခလ္လိကာနုယောဂ လေးမျိုး**

**ရှောင်ကြဉ်ရမည့် ၄-ပါး။** ။စုန္ဒ…ဤလောက၌ အချို့သောလူမိုက်တို့သည် **သတ္တဝါတို့ကို သတ်၍** သတ်၍ မိမိကိုယ်ကို ချမ်းသာစေ၏။ အချို့ကား **ခိုးယူ၍** မိမိကိုယ်ကို ချမ်းသာစေ၏။ အချို့ကား **လိမ်လည်၍** မိမိကိုယ်ကို ချမ်းသာစေ၏။ အချို့ကား **ကာမဂုဏ်ငါးပါးတို့ဖြင့်** မိမိကိုယ်ကို ကုံလုံပြည့်ဝ ချမ်းသာစေ၏။

ဤလေးပါးသော ချမ်းသာကိုခံစားခြင်းသည် ယုတ်ညံ့၏။ အရိယာတို့ မမှီဝဲအပ်။ အကျိုးစီးပွါးနှင့် မစပ်ကုန်။ ဝဋ္ဋဆင်းရဲ၌ ငြီးငွေ့ဖို့ရန်မဖြစ်။ ဒုက္ခငြိမ်းရန် မဖြစ်။ သစ္စာလေးပါး သိနိုင်ဖို့ရန် မဖြစ်။ မဂ်ဉာဏ်ရရန်, နိဗ္ဗာန်ရောက်ရန် မဖြစ်ကုန်။

**ခံစားရမည့် လေးပါး။** ။စုန္ဒ…ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်ပြီး အကုသိုလ်တို့မှာ ကင်းစင်လျက် နီဝရဏကင်းခြင်းကြောင့် နှစ်သိမ့်မှုပီတိ, ချမ်းသာခြင်းသုခ ရှိသော ပထမဈာန်ကို ဝင်စားနေ၏။ ဝိတက်,ဝိစာရ ကင်းသည့် ဒုတိယဈာန်…။ ပီတိကင်းသည့် တတိယဈာန်…။ သုခဒုက္ခကင်းသည့် စတုတ္ထဈာန်ကို ဝင်စားနေ၏။

ဤလေးပါးသော ချမ်းသာကိုခံစားခြင်းသည် ဝဋ္ဋဆင်းရဲမှထွက်မြောက်ရာ နိဗ္ဗာန်ကို ရဖို့ရန် အကျင့်ဖြစ်ကုန်၏။ (ဒီဃနိကာယ်၊ ပါသာဒိကသုတ်၊ သုခလ္လိကာနုယောဂအကျင့်၊ မြန်မာပြန်အချုပ်။)

**ဒုတိယ အစွန်းတစ်ပါး**

**ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္တသံဟိတော။**

**အတ္တကိလမထ ဟူသည်။** ။မိမိကိုယ်ကို အပြင်းအထန် ပင်ပန်းအောင် ပြုလုပ်ရသော အကျင့်မျိုးဖြစ်၏။ အခြားတစ်ဖက်မှ လောကနိဗ္ဗာန်အယူရှိသူများက အတ္တကို(ဝါ)ဘဝကို အာရုံငါးပါးဖြင့် မွမ်းထုံစိမ်ပြီး ဒိဋ္ဌဓမ္မ နိဗ္ဗာန်ဟုဆိုကာ ခံစားကြ၏။ အချို့ နောက်ဘဝကောင်းစားရေး မြော်မှန်းပြီး ကောင်းမှုများ လုပ်ကြ၏။

ဤဖက်က ဘဝပြတ်ရေး ပြုလုပ်သူများမှာ အတ္တကို ဤသို့ကာမဂုဏ်ဖြင့် ပြုစုနေသမျှ ကိလေသာများ တိုးပွားကာ ခန္ဓာက အတ္တထွက်လိမ့်မည် မဟုတ်။ ထို့ကြောင့် ကိလေသာများ နည်းပါးလာအောင် ခန္ဓာကိုယ်ကို ညှင်းဆဲပေးရမည်။ ဒါမှ ကိလေသာများ ခမ်းခြောက်ကာ ဒုက္ခငြိမ်းရာကို ရနိုင်ပေမည်။ တနည်း.... ခန္ဓာမှာ အတ္တ မပျော်မွေ့အောင် အတ္တ၏တည်ရာ ခန္ဓာကိုယ်ကို ညှင်းဆဲပေးရမည်။

ထို့ကြောင့် အဝတ်မဝတ်ဘဲ နေ၏။ နေမွန်းတဲ့ချိန်တွင် မီးဖိုလေးခု အလယ်၌ ထိုင်နေ၏။ အေးခဲနေစဉ် ရေစိမ်၏။ ဆူးခက်ပေါ်တွင် အိပ်၏။ မီးလွတ်စား၏။ အစာ ရက်ခြားစား၏။ နောက်တော့ အစာမစားဘဲ နေ၏။ လေကို အောင့်ထား၏။ ရက်များစွာ ဆောင့်ကြောင့်ထိုင်ကျင့်၏။

**နိဂဏ္ဍကျမ်းအဆို။** ။နိဂဏ္ဍဂိုဏ်းသားတို့၏ ကျမ်းများ၌ အတ္တကိလမထ အကျင့်ကိုကျင့်မှ သံသရာထွက် မြောက်နိုင်သည်ဟု ဆို၏။ ထိုသို့ ကျင့်ရာ၌ "**သံဝရနှင့် နိသဇ္ဇ**"ဟု နှစ်မျိုးရှိ၏။

**သံဝရ** ဟူသည် ပိတ်ဆို့ စောင့်စည်းခြင်းကို ဆိုလိုသည်။ ဒွါရနှင့် အာရုံတိုက်ဆိုင်မိလျှင် အပြင်ဘက်မှ အာရုံသည် အတွင်းအတ္တနှင့် ပေါင်းမိသွားကာ ကံအသစ် ဖြစ်သွား၏။ ကံသစ်က ဘဝသစ်ကို ဖြစ်စေတတ်၏။ ထို့ကြောင့် ကံသစ်တွေ မဖြစ်ရလေအောင် (တနည်း) အဆင်း အသံ စသည်တို့ ကိုယ်ထဲမရောက်ရလေ အောင် စောင်းစည်းရသည်ဟု ဆို၏။

**နိသဇ္ဇ** ဟူသည် ကိုယ်အပင်ပန်းခံပြီး ရှေးဟောင်း အကုသိုလ်ကံများ ကုန်ခမ်းအောင် ကျင့်ရခြင်းဖြစ်၏။ ဤကဲ့သို့ ဆင်းရဲခံလိုက်ခြင်းအားဖြင့် ရှေးဟောင်း အကုသိုလ်ကံများ အကျိုးပေးပြီးသား ဖြစ်သွားလို့ ကံဟောင်း များ ကုန်သည်ဟု ယုံကြည်ထားကြသည်။

မှတ်ချက်။ ။ဘုရားလောင်း ဒုက္ကရစရိယာ ၆-နှစ်ကျင့်ခြင်းမှာကား ရှေးအကုသိုလ်ကံဟောင်းများ ကုန်စေ ရန်အတွက် ကျင့်သည်မဟုတ်။ ဤအကျင့်ဖြင့် အသိဉာဏ်ထူးရမည်ထင်၍ ကျင့်ခဲ့ခြင်းသာဖြစ်၏။

(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်ကြီး၊ နှာ-၈၈-၈၉။)

**လောမဟံသဇာတ်။** ။ဘုရားအလောင်းတော်လည်း လွန်ခဲ့သော ၉၁-ကမ္ဘာထက်က မှားယွင်းသည် အတ္တ-ကိလမထာအကျင့်ကို ကျင့်ခဲ့ဖူး၏။ ဘုရားလောင်းသည် သာသနာပ အာဇီဝကတို့၏ ပြင်းထန်သော 'တပ' အကျင့်သည် အနှစ်သာရ ရှိလေသလောဟု စုံစမ်းလို၍ အဝတ်မဝတ်သော အာဇီဝက ရဟန်းပြုခဲ့၏။ ခန္ဓာ ကိုယ်၌ ဖုန်များ အလိမ်းလိမ်းကပ်နေ၏။ တောထဲတွင် တစ်ယောက်တည်းနေပြီး လူမြင်လျှင် သမင်ကဲ့သို့ ထွက် ပြေး၏။ နွားငယ်ချေး စသည်ကိုစား၏။ ဆီးနှင်းကျလျှင် လွင်ပြင်၌နေပြီး ညဘက်တောသို့ ပြန်ဝင်၏။ နေပူလျှင် လွင်ပြင်၌ အပူခံ၏။

ဤသို့ အပြင်းအထန်ကျင့်လာရာ သေခါနီးသောအခါ ငရဲနိမိတ်များ ထင်လာတော့၏။ ထိုအခါကျမှ "ဤအကျင့်သည်ကား မှားယွင်း၏။ စင်စစ်အားဖြင့် အကျိုးမရှိ"ဟု ဆိုကာ ထိုခဏမှာပင် စွန့်လွှတ်လိုက်ပြီး အယူမှန်ကို ပြန်ပြောင်းသဖြင့် နတ်ပြည်သို့ ရောက်သွား၏။

(လောမဟံသဇာတ်၊ ဧကနိပါတ်။ လိတ္တဝဂ်။ ဠ၊ပ၊ နှာ-၄၁၃။)

**ဒုက္ခော = ဆင်းရဲရုံဘဲ**

အတ္တကိလမထ အကျင့်သည် မည်မျှပင် ပင်ပန်းအောင်ကျင့်စေကာမူ အသိဉာဏ်ကိုလည်း မရစေနိုင်၊ သံသရာကလည်း မလွတ်မြောက်နိုင်။ အကျိုးမထွက် သက်သက် ဆင်းရဲရုံသာ ဖြစ်၏။ ဗုဒ္ဓကိုယ်တိုင် ဖြတ်သန်းလာခဲ့ပြီး ဖြစ်၏။

**အနရိယော ။** ။ဤအတ္တကိလမထ အကျင့်မျိုးကို ပညာရှိ သူတော်ကောင်း အရိယာသူတော်စဉ်တို့ မကျင့်ကြံကြ။ (ဝါ) စင်ကြယ်ကောင်းမြတ်သော အကျင့်လည်းမဟုတ်ပေ။

**အနတ္ထသံဟိတော။** ။မိမိတို့ လိုလားအပ်သော သီလ သမာဓိ ပညာ စသော လောကုတ္တရာ အကျိုးစီးပွားနှင့် မစပ်ဆိုင်ရုံသာမက လောကီအကျိုးစီးပွားနှင့်လည်း မစပ်ဆိုင်။

**ဤနေရာ၌ ဟီနော, ဂါမော, ပေါထုဇ္ဇနိကော ဟူသော သုံးပုဒ်ကို ထည့်၍မဟောခြင်း။**

၁။ ဘုရားမပွင့်မီကစပြီး အတ္တကိလမထအကျင့်သည် အိန္ဒိယ၌အလွန် ခေတ်စားနေ၏။ ထိုအကျင့်သည်သာလျှင် သံသရာက လွတ်မြောက်ရာ အကျင့်မြတ်ဟု ယုံကြည်ထားကြ၏။ အကျင့်လမ်းစဉ်ကိုငှင်း၊ ကျင့်ကြံနေသူကိုငှင်း အထင်ကြီး လေးစားကြ၏။ ထိုခေတ်က ဤအကျင့်မျိုးကို နိဂဏ္ဍာဂိုဏ်းသား ရသေ့ရဟန်းများ အဓိက ကျင့်ကြ၏။ ပဉ္စဝဂ္ဂီငါးဦးတို့လည်း ဤအကျင့်ကို သွန္တိဝရပဒဟုခေါ်သော မဂ်ဉာဏ်ရကြောင်း, နိဗ္ဗာန်ရောက် အကျင့်မြတ်ဟု ယူဆခဲ့ကြ၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့၏ စိတ်ကို မထိခိုက်စေရန် အတ္တကိလ-မထအကျင့်ကို "**ဟီနော**"ဟု မဟောခဲ့ပေ။

၂။ ဤအတ္တကိလမထအကျင့်များကို ပဗ္ဗဇိတ ခေါ်သော ရသေ့,ရဟန်း, တက္ကတွန်း, ပရိဗိုဇ်များသာ ကျင့်ကြ၏။ ကာမဂုဏ်ခံစားခြင်း ကာမသုခလ္လိကာနယောဂ ကဲ့သို့ လူပုဂ္ဂိုလ်များ မကျင့်ကြပေ။ ထို့ကြောင့် "**ဂါမော**"ဟူသော ပုဒ်ကိုထည့်၍ မဟော။

၃။ ဤအတ္တကိလမထအကျင့်သည် လူအများစုကြီး လိုက်နာကျင့်နေကြသော အကျင့်မျိုးမဟုတ်။ ပဗ္ဗဇိတ တစ်စုတို့သာ ကျင့်ကြသောကြောင့် "**ပေါထုဇ္ဇနိကော**"ဟူ၍ မဟောခဲ့။ (ပဋိသံ၊ဋ္ဌ၊ဒု၊၂၁၅။)

**ကာမသုခလ္လိက ၌ 'ဒုက္ခော'ကို ထည့်မဟောခြင်း**

ရသေ့ရဟန်းဟု ဝန်ခံထားကြပြီး ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကို လက်ခံထားကြသည့် ကေဏိယရသေ့ စသည်တို့ကဲ့သို့ အချို့သူတို့သည် ကာမဂုဏ်ကို ပြည့်ဝစွာခံစားခြင်းသည် လောကနိဗ္ဗာန်ရောက်ခြင်းပင်တည်းဟု ယူဆလျက် ရှိကြသောကြောင့် ထိုသူတို့၏စိတ်ကို စောင့်ရှောက်ခြင်းအကျိုးငှာငှင်း၊ ထိုအယူ ထိုအကျင့်၏ "ပစ္စုပ္ပန်သုခတစ်မျိုး" ဖြစ်ခြင်းကြောင့်ငှင်း ပထမအစွန်းတရား၌ "ဒုက္ခော"ပုဒ်ကို ထည့်၍ မဟောခဲ့ပေ။ (အဝယ်တော်ဖြစ်ဘူး၍ ကေဏိယဟုခေါ်သည်။) (ပဋိသံ၊ဋ္ဌ၊ဒု၊၂၁၆။)

**"အနရိယော, အနတ္ထသံဟိတော"ကို အစွန်း၂-ပါးလုံးမှာဟောထား**

အစွန်း၂-ပါးလုံးသည် အရိယာတို့ ကျင့်စဉ်မဟုတ် (ဝါ) စင်ကြယ်မြင့်မြတ်သောကျင့်စဉ်မဟုတ်ပေ။ ၎င်းအစွန်း၂-ပါးလုံးသည် ဒုက္ခလွတ်ရာမြော်မှန်းလျက် ရသေ့ရဟန်းပြုလာကြသော ပဗ္ဗဇိတတို့အတွက် မိမိတို့မြော်မှန်းအပ်သော အကျိုးတရားများနှင့် မစပ်ယှဉ်။ ထို့ကြောင့် **"အနရိယော, အနတ္ထသံဟိတော"** နှစ်ပုဒ်လုံးကို ထည့်ဟောထား၏။

## အတ္တကိလမထ၏ အဓိပ္ပါယ်ကောက်လွဲပုံ

တချို့က အပင်ပန်းခံပြီး တရားအားထုတ်လျှင်(ဥပုသ်စောင့်လျှင်) အတ္တကိလမထဖြစ်၏ဟု ပြောတတ်ကြ၏။ ဤသို့ပြောခြင်းသည် ဘုရားအာဘော်နှင့် လုံးဝလွဲ၏။ မြတ်စွာဘုရားက အထက်ပါအတိုင်း အကျိုးဖြစ်မလာနိုင်သောအလုပ်မျိုးကိုသာ အပင်ပန်းခံ မလုပ်ရန် ပြောခြင်းဖြစ်၏။ အကျိုးရှိသောအလုပ်ဆိုလျှင် အရိုးကျေကျေ အရေစုတ်စုတ် ပြင်းပြင်းထန်ထန် လုပ်ရမည်ဟု ဆို၏။ ထို့ကြောင့် အလောင်းတော်သည် မဟာဗောဓိပင်ရင်း၌ "အရိုးအရေသာ ကြွင်းကျန်ကာ အသွေးပါ ခန်းခြောက်သွားပါစေ။ ဘုရားမဖြစ်သမျှ ငါ၏ ဤတင်ပလ္လင်ခွေကို မဖြုတ်တော့"ဟု ယတိပြတ် အဓိဋ္ဌာန်ကာ အားထုတ်တော်မူခဲ့၏။

## (မူလပဏ္ဏာသ၊ မဟာဓမ္မသမာဒါနသုတ်မှ မှတ်သားဖွယ်အချို့ ကောက်နုတ်ချက်အကျဉ်း) ပစ္စုပ္ပန်ဆင်းရဲသော်လည်း နောင်ချမ်းသာမည်ဆိုလျှင် ကျင့်ကြံအားထုတ်ကြ

ပညာရှိသူသည် အသိဉာဏ်ရှိသည်ဖြစ်၍ "ဤတရားဆောက်တည်ခြင်းသည် ပစ္စုပ္ပန်ဆင်းရဲ၍ နောင်အခါ ချမ်းသာ၏"ဟု ကောင်းစွာသိသဖြင့် ထိုတရားကို ဆောက်တည်ကျင့်သုံး၏။ ရှောင်ကြဉ်မနေ။ ထို့ကြောင့် တရားဆိုးများ ဆုတ်ယုတ်ကာ အလိုရှိအပ်သော တရားများ တိုးပွားလာ၏။ ထိုသို့ဖြစ်ရခြင်းမှာ ပညာရှိသူတော်ကောင်းတို့ ထုံးတမ်းဓမ္မတာပင် ဖြစ်၏။

ဤလောက၌ အချို့သူသည် ယခုပစ္စုပ္ပန်ဆင်းရဲသော်လည်း နောင်အခါ ချမ်းသာကျိုးရှိမည့် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်၏။ ထိုသို့ ရှောင်ကြဉ်ရသဖြင့် ကိုယ်စိတ်တို့ ဆင်းရဲပင်ပန်းမှုကို ခံစားရ၏။ ဤသို့ပြုကျင့်ခြင်းသည် မှန်၏ဟူ၍လည်း ယူဆထား၏။ ထိုသူသည် သေပြီးနောက် နတ်ပြည်သို့ ရောက်ရ၏။ (မူပဏ်၊ပါ၊၃၈၈-၉။)

## အစွန်းနှစ်ပါး လွတ်အောင်ရှောင်

မြတ်စွာဘုရားသည် ကာမသုခကိုသာ မမှီဝဲရဟု ဆို၏။ ကာမမှရှောင်ကြဉ်နေသည့် နေက္ခမ္မသုခ၊ ဈာနသုခ၊ ဖလသမာပတ္တိသုခ၊ နိရောဓသမာပတ္တိသုခများကား မှီဝဲရမည်သာ ဖြစ်၏။

အပင်ပန်းခံကျင့်သော်လည်း အကျိုးမရှိလျှင် ထိုကျင့်စဉ်မျိုးကို မကျင့်သင့်။ မလိုက်စားသင့်။ အတ္တ-ကိလမထဟု ခေါ်သည်။ စွန့်ပစ်ရမည်။ သို့သော် အကျိုးရှိပြီး လမ်းမှန်ပေါ်သို့ ရောက်လာပြီဆိုလျှင်ကား အရိုးကျေကျေ အရေစုတ်စုတ် ယောက်ျားတို့ မလျှော့သောဇွဲလုံ့လဖြင့် မရ,ရအောင် အားထုတ်ရမည်။

**ကာမသုခလ္လိက ဘာ့ကြောင့်ရှောင်ရ။** ။ကာမသုခလ္လိကာနုယောဂသည် ပစ္စုပ္ပန်ဘဝ၌လည်း တဏှာဒိဋ္ဌိတို့ဖြင့် ညစ်ညူးသောချမ်းသာဖြစ်သောကြောင့်၄င်း၊ နောင်သံသရာ၌လည်း ၄င်းတဏှာဒိဋ္ဌိတို့အတွက် သက်သက်ဆင်းရဲသော အကျိုးပေးတတ်သောကြောင့်၄င်း၊ ၄င်းကို လိုက်စားမိသူတို့အား တဏှာဒိဋ္ဌိ နှောင်ကြိုးဖြင့် ချည်ခံထားရ၍ သံသရာမှ မလွတ်နိုင်သောကြောင့်၄င်း ကာမသုခလ္လိကကို ရှောင်ကြဉ်ရပါသည်။ (ပဋိသံ၊ဋ္ဌ၊ဒု၊ ၂၁၆။)

**အတ္တကိလမထ ဘာ့ကြောင့် မကျင့်ရ။** ။အတ္တကိလမထသည် ပစ္စုပ္ပန်ဘဝ၌လည်း ဒိဋ္ဌိတရားဖြင့် ညစ်ညူးသောဆင်းရဲဖြစ်သောကြောင့်၄င်း၊ နောင်သံသရာ၌လည်း ၄င်းဒိဋ္ဌိအတွက် ဆင်းရဲသောအကျိုးကို ပေးတတ်သောကြောင့်၄င်း၊ ၄င်းလိုက်စားမိသောသူတို့အား ဒိဋ္ဌိကြိုးဖြင့် အချည်ခံထားရသဖြင့် သံသရာက မလွတ်နိုင်သောကြောင့်၄င်း အတ္တကိလမထကို ရှောင်ကြဉ်ရပါသည်။ (ပဋိသံ၊ဋ္ဌ၊ဒု၊ ၂၁၆။)

**ဝဇီရဗုဒ္ဓဋီကာ အလို။** ။**တဏှာ**၏အစွမ်းကြောင့် ကာမသုခလ္လိကာနုယောဂသို့ သက်ဝင်မိသောသူမိုက်သည် **သမထဘာဝနာ**အလုပ်ကို လွန်စွာဆုတ်ယုတ်စေတတ်၏။ **အဝိဇ္ဇာ**အစွမ်းကြောင့် အတ္တကိလမထသို့ သက်ဝင်မိသော သူမိုက်သည် **ဝိပဿနာ**အလုပ်ကို လွန်စွာဆုတ်ယုတ်စေတတ်၏။

**မဟာစည်ဆရာတော်၏ မှတ်သားဖွယ်များ**

**သုခဒုက္ခ မရှုကောင်းဟု အယူလွဲ။** ။အချို့က "သုခကိုရှုရင် ကာမသုခဖြစ်တယ်။ ဒုက္ခကိုရှုရင် အတ္တကိလ-မထ ဖြစ်တယ်။ ဒါကြောင့် ဥပေက္ခာကိုသာ ရှုရမယ်"ဟု လွဲမှားစွာ ယူတတ်ကြ၏။ လုံလောက်သည့် ကျမ်းဂန် အထောက်အထား မရှိပေ။ မြတ်စွာဘုရားသည် မဟာသတိပဋ္ဌာန်သုတ်၊ ဝေဒနာနုပဿနာပိုင်း၌-

"သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ဥပေက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဥပေက္ခံ ဝေဒနံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ"

စသည်ဖြင့် ဝေဒနာသုံးပါးလုံး ရှုရန် ဟောထား၏။ ၄င်းပြင် ထိုထိုသုတ်ပေါင်းများစွာတို့၌လည်း-

"ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ"

စသည်ဖြင့် ဝေဒနာသုံးပါးလုံးကို အနိစ္စဟု ရှုရမည်ဖြစ်ကြောင်း ဟောထားခဲ့၏။ ထို့ကြောင့် ဝေဒနာသုံးပါးလုံးကို ရှုရမည်သာ ဖြစ်၏။ သုခကိုရှု၍လည်း ကာမသုခမဖြစ်။ ဒုက္ခကိုရှု၍လည်း အတ္တကိလမထ မဖြစ်ဟု မှတ်ရမည်။

(ဓမ္မစကြာတရားတော်ကြီး၊ နှာ-၉၆။)

**နာကျင်တာရှုရင် အတ္တကိလမထ ဟု တချို့ဆိုပြန်။** ။အချို့က "ညောင်း,ပူ,နာ,ကျင် အခံခက်လျှင် ချက်ချင်း ပြင်ရမည်။ မပြင်ဘဲ ရှုနေလျှင် အတ္တကိလမထ ဖြစ်တယ်"ဟု ဆိုကြ၏။ ဤသည်မှာ သာတ္တကသမ္ပဇဉ်ကို အလေးပေးပြီး မသင့်တော်သော ယူဆချက်သာဖြစ်၏။ သမထဝိပဿနာ တရားအားထုတ်ရာ၌ ခန္တီသံဝရသည် အရေးကြီး၏။ အတော်အတန်ဒုက္ခကို သည်းခံပြီးရှုနေမှသာ သမာဓိဉာဏ်နိုင်၏။ မကြာခဏပြောင်းလဲနေလျှင် သမာဓိဉာဏ် မဖြစ်နိုင်ပေ။

ထို့ကြောင့် ဒုက္ခဝေဒနာဖြစ်လျှင် စွမ်းနိုင်သမျှ သည်းခံရှုရမည်။ <u>**ထိုသို့ သည်းခံခြင်းသည် ခန္တီသံဝရသာ ဖြစ်ပါသည်။ အတ္တကိလမထ မဖြစ်။ အကြောင်းမှာ သည်းခံပြီးရှုနေခြင်းသည် တမင်ဆင်းရဲအောင် လုပ်နေခြင်း လည်း မဟုတ်။ အကျိုးမရှိဘဲ ဆင်းရဲရုံမျှလည်း မဟုတ်။ အကျိုးရှိသော ကျင့်စဉ်သာဖြစ်၏။**</u>

(ဓမ္မစကြာတရားတော်ကြီး၊နှာ-၉၇-၉၈။)

[မှတ်ချက်။ ။အတ္တကိလမထာနုယောဂအကျင့်မှာ ကိုယ့်ကိုယ်ကိုယ် တမင် ပင်ပန်းဆင်းရဲအောင် လုပ်ရ၏။ အဆုံးမှာ အသိဉာဏ်ထူးမရသဖြင့် အကျိုးလဲမရှိပေ။]

**သဗ္ဗာသဝသုတ်မှ ခန္တီသံဝရအပိုင်း မြန်မာပြန်အကျဉ်း။** ။ရဟန်းတို့....အဘယ်အာသဝတို့ကို သည်းခံခြင်း ခန္တီဖြင့် ပယ်အပ်ကုန်သနည်း။ ရဟန်းတို့....ရဟန်းသည် သင့်တင့်လျောက်ပတ်အောင် ဆင်ခြင်၍ အချမ်းအပူ, ဆာ လောင်မွတ်သိပ်ခြင်း, မှက် ခြင် လေ နေပူ မြွေ ကင်း သန်း တို့ကို သည်းခံနိုင်၏။ ပြစ်တင်စွပ်စွဲ ဆဲရေး သော စကားတို့ကိုလည်း သည်းခံနိုင်၏။ ဖြစ်ပေါ်လာသည့် ကိုယ်ဆင်းရဲ, ကြမ်းတမ်းခက်ထန်သည့် ဒုက္ခ ဝေဒနာနှင့် အသက်ကိုပင် သေစေနိုင်သော ဒုက္ခဝေဒနာကို သည်းခံနိုင်၏။ ရဟန်းတို့....ယင်းတို့ကို သည်းမခံ နိုင်သော ရဟန်းသည် ကိလေသာ အာသဝေါတရားတို့ ဖြစ်ပွားကုန်၏။ သင့်တင့်လျောက်ပတ်စွာ ဆင်ခြင်နိုင်

သော ရဟန်းအား မဖြစ်ကုန်။ ရဟန်းတို့....ဤသို့ အာသဝေါတို့ကို သည်းခံခြင်းခန္တီသံဝရဖြင့် ပယ်အပ် ကုန်၏။ (သဗ္ဗာသဝသုတ်၊ မဇ္ဈိမ၊၁၊နှာ-၁၃။)

**ဂေါသိင်္ဂအင်ကြင်းတောကို ဘယ်သူအလှဆင်မလဲ။** ။တခါက တောလုံးကျွတ်ပွင့်နေသည့် ဂေါသိင်္ဂအင်းကြင်း တောကြီးတွင် "ဤမျှလှပသော အင်ကြင်းတောကြီးကို အဘယ်ကဲ့သို့သော ရဟန်းမျိုးသည် တင့်တင်စေနိုင် ပါသနည်း"ဟူသော ရှင်သာရိပုတြာ၏ အမေးနှင့်စပ်၍ မြတ်စွာဘုရားက ဖြေကြားရာတွင်...

"သာရိပုတြာ....ဤသာသနာတော်၌ ရဟန်းသည် ဆွမ်းခံရာမှ ပြန်လာကာ ဆွမ်းစားပြီးနောက် ထက် ဝယ် ဖွဲ့ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းရှေးရှု သတိကိုဖြစ်စေလျက် **'ငါ၏ စိတ်သည် အာသဝေါတရားတို့မှ မလွတ်သေးသမျှ ကာလပတ်လုံး ငါသည် ဤတင်ပလ္လင်ခွေကို မဖျက်တော့အံ့'ဟု အဓိဋ္ဌာန်ပြု၍ ထိုင်၏။** သာရိပုတြာ...ဤကဲ့သို့သောရဟန်းမျိုးဖြင့် ဂေါသိင်္ဂအင်ကြင်း တောသည် တင့်တယ်နိုင်ရာ၏" ဟု ဖြေကြားတော်မူ၏။ (မဟာဂေါသိင်္ဂသုတ်၊ မူလပဏ္ဏာသ။)

ဤသုတ္တန်၌ အနည်းငယ်မျှလောက်သော ဝေဒနာပေါ်လာသည်ကိုပင် မခံနိုင်သော ရည်ရွယ်ချက်မဲ့ ပျော့ညံ့ညံ့ သတ္တိမျိုးဖြင့် ဂေါသိင်္ဂအင်ကြင်းတောကြီးကို အလှမဆင်နိုင်။ "သေလိုက သေပစေ။ တရားမရ- ငါမထ"ဟူ သော ဇွဲမျိုးရှိရမည်ဟု ဆိုလိုပေသည်။

**အစွန်းရှောင်က မဇ္ဈိမလမ်း**

**ဧတေ ခေါ် ဘိက္ခဝေ ဉဘော အန္တေ အနုပဂမ္မ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။**

**ရဟန်းတို့....ဤအစွန်းနှစ်ပါးတို့သို့ မကပ်ရောက်မူ၍ ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော, ပညာ မျက်စိကို ပြုတတ်သော, ဉာဏ်အမြင်ကို ပြုတတ်သော, အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာ ငြိမ်းရန်အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာ ဖြစ်၏။ သစ္စာလေးပါးကို သိရန်အလို့ငှာ ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ ဖြစ်၏။**

**အစွန်း၂-ပါးဟူသည်-**

ကာမသုခလ္လိကာနုယောဂသည် လောဘကိလေသာ နောက်သို့လိုက်ကာ စိတ်ကိုအထိမ်းအကွပ်မရှိ လွှတ်ထားပြီး ခံစားနေသောကြောင့် **လျော့လွန်းသော အစွန်း**ဖြစ်၏။ အတ္တကိလမထာနုယောဂသည် ခန္ဓာ ကိုယ်ကို တမင် အပင်ပန်းခံကာ ကျင့်ရသဖြင့် ဒေါသတရား, ဒေါမနဿတရား, ဒုက္ခတရားများစွာ ဖြစ်ပွားစေ တတ်သောကြောင့် စိတ်ကို ပိတ်ဆို့ထိမ်းချုပ်ထားရသဖြင့် အလွန်**တင်းလွန်းသောအစွန်း** ဖြစ်၏။

**တနည်း။** ။ကာမသုခလ္လိကာနုယောဂသည် ကာမတဏှာ အလိုကြိုက်လိုက်ရသဖြင့် **လောဘအစွန်း။** အတ္တကိလမထာနုယောဂသည် ဒုက္ခ,ဒေါမနဿ များသောတရားဖြစ်၍ **ဒေါသအစွန်း။**

**တနည်း။** ။အာရုံငါးပါးနှင့် မိမိဟူသော ပုဂ္ဂိုလ်သတ္တဝါကို ခိုင်မြဲသောအားဖြင့် ထင်မှတ်တတ်သော **သဿတဒိဋ္ဌိသည် အစွန်းတစ်ပါး။** အာရုံငါးပါးနှင့် မိမိဟူသော ပုဂ္ဂိုလ်သတ္တဝါသည် သေပြီးနောက် ချုပ်ပျောက်ပျက်စီးသွား၏။ ဘာမျှမရှိတော့ဟု အထင်ရှိကြသည့် **ဥစ္ဆေဒဒိဋ္ဌိသည်လည်း အစွန်းတစ်ပါး။**

**မဇ္ဈိမပဋိပဒါဟူသည်။** ။ထိုသို့ လျော့လွန်းသော အကျင့်လည်းမဟုတ်၊ တင်းလွန်းသော အကျင့်လည်း မဟုတ်။ တဏှာဖြင့် ညစ်ညူးသော ချမ်းသာလည်းမဟုတ်၊ ဒိဋ္ဌိဖြင့် ညစ်ညူးသော ဆင်းရဲလည်းမဟုတ်။ သဿတဒိဋ္ဌိစွန်း, ဥစ္ဆေဒဒိဋ္ဌိစွန်းတို့၏ အလယ်၌ဖြစ်သော အရိယာမဂ်တရားသည် ထိုအစွန်းတရား နှစ်ပါးတို့ အလယ်၌ကျသဖြင့် **"မဇ္ဈိမ"** မည်၏။

ထိုမဇ္ဈိမဟူသော အရိယာမဂ်တရားသည် ဝဋ်မှထွက်မြောက်လိုသူတို့ ကျင့်အပ်သောကြောင့် **"ပဋိပဒါ"** မည်၏။ အလယ်အလတ်လမ်းစဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားသည်ပင် **"မဇ္ဈိမပဋိပဒါ"**မည်၏။

**အချင်းချင်းဆန့်ကျင်နေသည့် အစွန်းနှစ်ဖက်**

အစွန်းနှစ်ပါး အကျင့်တရားတို့သည် တစ်ခုနှင့်တစ်ခု ဖြောင့်ဖြောင့်ဆန့်ကျင်ကာ တစ်ဖက်နှင့်တစ်ဖက် ငြင်းပယ်နေကြ၏။

ကောဏ္ဍညရသေ့စသည့် သမဏဗြာဟ္မဏတို့သည် ကာမဂုဏ်ချမ်းသာကို အပြည့်အဝခံစားမှ ဒိဋ္ဌဓမ္မ နိဗ္ဗာန်ချမ်းသာကိုရမည်ဟု ဆိုကုန်၏။ လောကသည် ဆင်းရဲဒုက္ခနှင့်ပြည့်နေ၏ဟု ငြီးငြူနေဖွယ်မလို။ ထိုအတွေး မျိုးသည် လောကီစည်းစိမ်ခံစားမှုအတွက် အနှောက်အယှက်ဖြစ်၏။ **ကိုယ်အကျိုးရှိမည်ဆိုလျှင် မိဖကိုပင် သတ်နိုင်သည်။ မည်သည့်လုပ်ရပ်မဆို ကိုယ်အတွက်အကျိုးရှိမည်ဆိုလျှင် မှန်၏။ တမလွန်မရှိ။ လက်ရှိခန္ဓာ သေပြီးလျှင် ဘာမှမရှိတော့။ သို့ဖြစ်၍ အနာဂတ်ဘဝအတွက် စဉ်းစားနေဖွယ်မလို။ အခွင့်သာခိုက် ကာမဂုဏ်ချမ်းသာကို အစွမ်းကုန်ခံစားရမည်ဟု ယူဆကြ၏။** ထိုပုဂ္ဂိုလ်တို့သည် ကာမသုခလ္လိကာနုယောဂ အစွန်းသို့ ရောက်သွားကြ၏။

အချို့သော သမဏဗြာဟ္မဏတို့သည်ကား "လောကကြီးသည် ဆင်းရဲနှင့် ပြည့်နေ၏။ ထို့ကြောင့် လွတ်ဖို့မလွယ်။ ကာမဂုဏ်ချမ်းသာကို ခံစားနေ၍ မဖြစ်နိုင်။ မိမိခန္ဓာကိုယ်ကို နှိပ်စက်ပေးရမည်။ သို့မှသာ ကိလေသာများ ခန်းခြောက်သွားမည်။ ကိလေသာကုန်မှ ဆင်းရဲက လွတ်မြောက်နိုင်ဟုဆိုကာ အစာမစားခြင်း, အဝတ်မဝတ်ခြင်း, ဆူးပေါ်၌အိပ်ခြင်း စသဖြင့် ကိုယ်ပင်ပန်းအောင်ကျင့်ကြ၏။ သည်မျှမကသေး အလိုနည်း သည်ထက်နည်းအောင် ခွေးလို, နွားလိုလည်း ခန္ဓာကိုယ်ပင်ပန်းအောင် ကျင့်ကြသေး၏။ ဤသို့ဖြင့် ထိုသူတို့ သည် အတ္တကိလမထ အကျင့်ထဲသို့ ရောက်သွားကြ၏။

ထို့ကြောင့် မဇ္ဈိမလမ်းစဉ်ကို မသိသော သမဏဗြာဟ္မဏတို့သည် ကာမသုခအကျင့်မှ လွတ်စေရန် အဝတ်ဝတ်ခြင်း အစာစားခြင်းစသည် အလုံးစုံကို ပယ်စွန့်ခြင်းဖြင့် ကိုယ်ကိုညှင်းဆဲသောအကျင့် ဖြစ်သွားကြ၏။ ကိုယ်အပင်ပန်းမခံဘဲ အစား, အဝတ် စသည်တို့ကို သုံးဆောင်ခြင်းဖြင့် ကာမသုခအကျင့်သို့ ရောက်သွားကြ၏။ (မဇ္ဈိမပဏ်၊ ပါသရာသိသုတ်၊ ဌ၊ ၉၇-၈။)

**အင်္ဂတိမင်း၏ ကာမသုခလ္လိကာဝါဒ**

အင်္ဂတိမင်းကြီးသည် ကဿပအနွယ် ဂုဏမည်သောတက္ကဒွန်းဆရာကြီးကို ချဉ်းကပ်ပြီး "မိဘဆရာ သမား၊ ရဟန်းသူတော်စင်၊ တိုင်းသူပြည်သားတို့အပေါ် မည်သို့ကျင့်ရပါမည်နည်း၊ ကောင်းရာသုဂတိ နတ်ပြည်ရောက်ရန် မည်သို့ကျင့်ရပါမည်နည်း"ဟု မေးလျှောက်သောအခါ-

ဂုဏတက္ကဒွန်းဆရာကြီးက "ကောင်းကျိုး-မကောင်းကျိုး မရှိ။ မိဘဆရာတို့အပေါ် လုပ်ကျွေးခြင်း, အရိုသေပြုရခြင်း၏ အကျိုးမရှိ။ အချိန်တန်လျှင် လူမိုက်လူလိမ္မာ သတ္တဝါအားလုံး စင်ကြယ်ကုန်၏။ လူနုံလူအ, များက ပေးလှူကြပြီး ပညာရှိလူလည်များက ခံယူစားသောက်ကုန်၏။"ဟု ဖြေလိုက်၏။

ထိုအခါ အင်္ဂတိမင်းကြီးသည် လာစဉ်က အရိုအသေပေး ရှိခိုးလျက် ပြဿနာကို မေး၏။ ထိုဂုဏတက္ကဒွန်းက အရိုအသေပြုရခြင်းသည် အကျိုးမရှိဆိုသဖြင့် ပြန်သောအခါ၌မူကား ရှိမခိုးဘဲ ပြန်သွားလေ၏။ ဆွမ်းစသည့်အခြားလှူဖွယ်များလည်း မလှူခဲ့တော့ပေ။

နန်းတော်ရောက်အခါ အမတ်ကြီးများကို ဆင့်ခေါ်ပြီး တိုင်းရေးပြည်ရာများကို မိမိတို့ဖာသာ စီမံကြရန် နှင့် မိမိမှာမူကား ကာမဂုဏ်ချမ်းသာဖြင့်သာ မွေ့လျော်နေတော့အံ့ဟု ဆို၏။ ၄င်းပြင် ယခင် လှူဒါန်းနေကြ အလှူ ဇရပ်များကိုလည်း ဖျက်သိမ်းလိုက်၏။ ထို့နောက် အခြားသူများကိုလည်း မိမိအလိုရှိလျှင် သူတပါးတို့၏ သား မယားကို၄င်း၊ မိဘအုပ်ထိန်းသူများရှိသည့် သမီးပျိုများကို၄င်း အနိုင်အထက် သိမ်းယူနိုင်၏ဟု အမိန့်ရှိလိုက်၏။

ဤသို့ အင်္ဂတိမင်းကြီးသည် မိမိတစ်ဦးတည်း နောင်ကြိုးမဲ့၊ ဥပဒေမဲ့ ကာမသုခလ္လိက ခံစားရုံတင်မက တိုင်းပြည်ကိုပါ ဒိဋ္ဌိအယူထဲသို့၄င်း၊ ကာမသုခလ္လိကထဲသို့၄င်း၊ တိရစ္ဆာန်အဖြစ်သို့၄င်း ဆွဲသွင်းလိုက်၏။

(နာရဒဇာတ်၊ ဇာ၊ ဋ္ဌ၊ ရ၊ ၁၁၇-၈။)

## အစွန်းလွတ်သည့် ကျင့်သုံးနည်း

မဇ္ဈိမကျင့်စဉ်၌ အစွန်းတရားကိုပယ်ရမည် ဆိုရာဝယ် ၄င်းအကျင့်တရားများကိုပင် ပန်းတိုင်အဖြစ် ထားကာ သတ်မှတ်ကျင့်သုံးနေမှုမျိုးကိုသာ ပယ်ခြင်းဖြစ်၏။ မဇ္ဈိမကျင့်စဉ်အတွက် အထောက်အကူဖြစ်သော ကာမသုခလ္လိကသမားတို့ သုံးစွဲနေသော အာရုံငါးပါးထဲမှ စားစရာ၊ ဝတ်စရာ၊ နေစရာ၊ ဆေးပစ္စည်းများကို သတိဖြင့် ဆင်ခြင်ကာ အသိဉာဏ်ရရေးအတွက် အသုံးပြုသေး၏။

ထို့အတူပင် အသိဉာဏ်ရရေးအတွက် သမာဓိဖြစ်မည်ဆိုလျှင် အတ္တကိလမထသမားများ အသုံးပြု ကြသော ခန္ဓာကိုယ်ကို ငြိမ်သက်စွာ နေနည်းမျိုးကိုလည်း မဇ္ဈိမကျင့်စဉ်၏ အထောက်အကူဖြစ်ရေးအတွက် အသုံးချသေး၏။

**တထာဂတေန အဘိသမ္ဗုဒ္ဓါ။** ။မြတ်စွာဘုရားသည် မိမိတစ်ပါးတည်းမဟုတ်၊ ဘုရားအားလုံးကို ရည်ညွှန်း လိုလျှင် "**တထာဂတ**"ဟူသော စကားလုံးကို သုံး၏။ မဇ္ဈိမအကျင့်ဖြင့် သစ္စာလေးပါးကို သိခြင်းသည် ငါသာမ ဟုတ်၊ ဘုရားရှင်တိုင်း သိကြ၏ဟု ညွှန်းဆိုခြင်းဖြစ်၏။ "**အဘိသမ္ဗုဒ္ဓါ=ထိုးထွင်း၍ သိတော်မူအပ်ပြီ**"ဟူသော စကားဖြင့် ငါကိုယ်တိုင် ဤမဇ္ဈိမအကျင့်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိခဲ့ပြီဟု လမ်းစဉ်မှန်ကြောင်း သက်သေ ထူနေခြင်းဖြစ်၏။

# မဇ္ဈိမပဋိပဒါအကျင့်ဖြင့် ရနိုင်သောအကျိုးများ

## စက္ခုကရဏီ = ပညာမျက်စိကို ဖြစ်စေတတ်၏။

မဇ္ဈိမလမ်းစဉ်ခေါ်သော မဂ္ဂင်ရှစ်ပါး (ဝါ) သီလ သမာဓိ ပညာ အကျင့်တရားသည် ရုပ်နာမ်နှစ်ရပ်ကို လည်းကောင်း။ ၄င်းတို့၏ ဖြစ်ပျက်ကိုလည်းကောင်း၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးကိုလည်းကောင်း သိမြင်နိုင်သည့် ဉာဏ်မျက်စိကို ဖြစ်စေနိုင်၏။

**ဉာဏကရဏီ = ဉာဏ်ပညာကိုလည်း ဖြစ်စေတတ်၏။**

မဂ္ဂင်ရှစ်ပါးအကျင့်တရားကို ကျင့်ကြံလိုက်နာကုန်သော သူတို့သည် အသိဉာဏ်ထူးများကိုလည်း ဖြစ်စေနိုင်၏။ ထို့ကြောင့် တခါက ရှင်အာနန္ဒာမထေရ် ဘိက္ခုနီမကျောင်းသို့ ရောက်စဉ် ဘိက္ခုနီမများက-

"အရှင်ဘုရား.....ဒီကျောင်းတိုက်မှာ နေကြတဲ့ ဘိက္ခုနီမတွေဟာ သတိပဋ္ဌာန်တရားလေးပါးမှာ ကောင်းစွာတည်ကြည်သော စိတ်နှင့်နေကြလို့ နောက်နောက်ကာလမှာ အသိဉာဏ်ထူးများကို ရလာကြပါတယ်ဘုရား"

ဟု လျှောက်ထားဖူး၏။

**ဥပသမာယ = ကိလေသာကိုလည်း ငြိမ်းစေတတ်၏။**

မဂ္ဂင်ရှစ်ပါးအကျင့်တရားသည် နီဝရဏကိလေသာများကိုလည်း ငြိမ်းစေနိုင်၏။ ဝိပဿနာမဂ်သည် ကိလေသာကို တဒင်္ဂအားဖြင့် ငြိမ်းစေ၏။ အရိယာမဂ်သည် ကိလေသာကို အကြွင်းမဲ့ ငြိမ်းစေ၏။ ဤပုဒ်ဖြင့် ခန္ဓာရှိသေးသော်လည်း ကိလေသာများငြိမ်းပြီးသည့် သဉပါဒိသေသနိဗ္ဗာန်ကို ပြတော်မူ၏။

**အဘိညာယ = ထူးသောဉာဏ်ဖြင့်လည်း သိနိုင်၏။**

ရှေ့ဖြစ်သော ဝိပဿနာမဂ္ဂင်များကြောင့် ဖြစ်ပေါ်လာသော လောကီဝိပဿနာဉာဏ်များဖြင့် ရုပ်နာမ်တရားများကိုငှင်း၊ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာများကိုငှင်း သိမြင်လာနိုင်၏။ ဝိပဿနာမဂ္ဂင်များ ရင့်သန်ပြည့်စုံလာသောအခါ၌ နိဗ္ဗာန်ကို အာရုံပြုပြီး အရိယာမဂ်ဉာဏ်ထူးကြီးများ ဖြစ်ပေါ်လာ၏။

**သမ္ဗောဓာယ = ထိုးထွင်း၍ သိခြင်းငှာလည်း ဖြစ်၏။**

အဝိဇ္ဇာသည် အလွဲကိုသိစေပြီး အမှန်ကိုလည်း ဖုံးကွယ်တတ်၏။ ၎င်းအဝိဇ္ဇာကို မဂ္ဂင်ရှစ်ပါးအကျင့်တရားဖြင့် ထိုးဖေါက်ကာ ရုပ်နာမ်သင်္ခါရတရားတို့၏ လက္ခဏာများကို ဝိပဿနာဉာဏ်ဖြင့်လည်း သိမြင်လာနိုင်၏။ အရိယာမဂ်ဖြင့်လည်း သိလာနိုင်၏။

**နိဗ္ဗာနာယ = နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုစေနိုင်၏။**

ဝိပဿနာမဂ် အရိယာမဂ်များဖြင့် ရုပ်နာမ်တရားများကို ထိုးထွင်းသိမြင်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်၏။ (ဝါ) ဆင်းရဲခပ်သိမ်း ငြိမ်းစေနိုင်၏။ ဤပုဒ်ဖြင့် ကိလေသာတို့၏ငြိမ်းခြင်း၊ ခန္ဓာတို့၏ငြိမ်းခြင်းကို အနုပါဒိသေသနိဗ္ဗာန်ကို ပြ၏။

**မဇ္ဈိမဆိုတာ ဘယ်လမ်းလဲ?**

**ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ?**

**ရဟန်းတို့....ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော, ပညာမျက်စိကို ပြုတတ်သော, ဉာဏ် အမြင်ကို ပြုတတ်သော, ကိလေသာငြိမ်းခြင်း, ထူးသောဉာဏ်ဖြင့် သိခြင်း, သစ္စာလေးပါးကို သိခြင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာဖြစ်သော ထိုအလယ်အလတ်ဖြစ်သော မြတ်သောအကျင့်ကား အဘယ်ပါနည်း?**

**မဂ္ဂင်ရှစ်ပါး လမ်းမှန်တရား**

**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာ-ကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

**အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။**

**အင်္ဂါရှစ်ပါးရှိသော ဤအရိယာမင်္ဂပင်တည်း။ ဤအင်္ဂါရှစ်ပါးရှိသော အရိယာမင်္ဂဟူသည် အဘယ်နည်း? မှန်စွာသိမြင်ခြင်း သမ္မာဒိဋ္ဌိ, မှန်စွာကြံစည်ခြင်း သမ္မာသင်္ကပ္ပ, မှန်စွာပြောဆိုခြင်း သမ္မာဝါစာ, မှန်စွာပြုလုပ်ခြင်း သမ္မာကမ္မန္တ , မှန်စွာအသက်မွေးခြင်း သမ္မာအာဇီဝ, မှန်စွာအားထုတ်ခြင်း သမ္မာဝါယာမ, မှန်စွာအောက်မေ့ခြင်း သမ္မာသတိ, မှန်စွာတည်ကြည်ခြင်း သမ္မာသမာဓိ တို့ပေတည်း။**

**ရဟန်းတို့..... ဤဝါဒုရားသည် အထူးသဖြင့် သိတော်မူသော, ပညာမျက်စိကို ပြုတတ်သော, ဉာဏ်အမြင်ကို ပြုတတ်သော ဤအလယ်အလတ်ဖြစ်သော မြတ်သောအကျင့်သည် ကိလေသာ ငြိမ်းရန်အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာ ဖြစ်၏။ သစ္စာလေးပါးကို သိရန်အလို့ငှာ ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်၏။**

**သမ္မာဒိဋ္ဌိမဂ္ဂင်။** ။သစ္စာလေးပါးကို သိသောဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏။

**သမ္မာဒိဋ္ဌိ (၆)မျိုး**

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ = ကံသာလျှင် မိမိဥစ္စာရှိ၏ဟု သိသောအမြင်မှန်။
(၂) ဈာန သမ္မာဒိဋ္ဌိ = ဈာန်သမာဓိနှင့် ယှဉ်သောဉာဏ်။
(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ = ဝိပဿနာရှုခိုက် ရုပ်နာမ်တရားတို့ကို သိသောအမြင်မှန်။
(၄) မဂ္ဂ သမ္မာဒိဋ္ဌိ = မဂ်နှင့်ယှဉ်သော အမြင်မှန်။
(၅) ဖလ သမ္မာဒိဋ္ဌိ = ဖိုလ်နှင့်ယှဉ်သော အမြင်မှန်။
(၆) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ = မဂ်ဖိုလ်နိဗ္ဗာန်တရားများကို ပြန်၍ဆင်ခြင်ခိုက်၌ သိသောအမြင်မှန်။
(အံ၊ ဋ္ဌ၊ တ၊ ၄၅။)

**ကမ္မဿကတာ သမ္မာဒိဋ္ဌိ။** ။ဤသမ္မာဒိဋ္ဌိသည် သဒ္ဓါတရားကို အရင်းခံထား၍ မိဘဆရာသမားတို့၏ စကားများ, ကျမ်းဂန်စကားများနှင့် အသင့်ယုတ္တိများကို နှိုင်းချိန်ကာ ယုံကြည်ပြီး မှန်ကန်စွာယူဆခြင်းပင် ဖြစ်၏။ ၎င်းကို သုစရိုက်တရားတွင်လည်း ပါဝင်၍ "သမ္မာဒိဋ္ဌိ"ဟုလည်း ခေါ်၏။

**ကုသိုလ်အစ ကမ္မဿကတာ က။** ။ကမ္မဿကတာဉာဏ်သည် ကုသိုလ်တရားတို့၏ အစဖြစ်၍ အခြေခံအကျဆုံးဖြစ်သဖြင့် အရေးအကြီးဆုံးဖြစ်၏။ ထို့ကြောင့် မဟာဝဂ္ဂသံယုတ်၊ ဘိက္ခုသုတ်၌ စတင်၍ တရားအားထုတ်လိုသောရဟန်းအား အောက်ပါအတိုင်း မှာကြား၏-

"တသ္မာတိဟ တွံ ဘိက္ခု အာဒိမေဝ ဝိသောဓေဟိ ကုသလေသု ဓမ္မေသု၊ ကော စာဒိ ကုသလာနံ ဓမ္မာနံ? သီလဉ္စ သုဒိသုဒ္ဓံ, **ဒိဋ္ဌိ စ ဥဇုကာ။** (သံ၊၃၊၁၂၄။)

ရဟန်း.......သို့ဖြစ်လျှင် သင်သည် ကုသိုလ်တရားတို့၌ အစကိုပင် သုတ်သင်လော့။ ကုသိုလ်တရား တို့၏ အစကား အဘယ်နည်း? ကောင်းစွာစင်ကြယ်သော သီလနှင့် **ဖြောင့်မတ်သောအယူ**ပင်တည်း။

မှတ်ချက်။ ။ဤနေရာ၌ "**ဖြောင့်မတ်သောအယူ**"ဟူသည် ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ကိုပင် ဆိုလို၏။ (ဒီဃိတိ ကမ္မဿကတာဒိဋ္ဌိ။ သံ၊၄၊၃၊ ၂၃၄။)

**အပြစ်ကင်းက ကောင်းကျိုးရ။** ။ဘုရား,တရား,သံဃာ,ကံ,ကံ၏အကျိုး,ဤဘဝ,တမလွန်ဘဝ ဟူသော ဤ အရာ ၇-ပါးတို့၌ ယုံကြည်လက်ခံခြင်းကို သဒ္ဓါကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဟု ခေါ်၏။ သို့သော် ဤ ၇-ပါး၌ ယုံကြည်မှုမရှိသော်လည်း ဖြူစင်သောစိတ်ဖြင့် အပြစ်ကင်းသော, အများကောင်းကျိုးချမ်းသာစေတတ်သော အလုပ်မျိုးလုပ်လျှင် ကောင်းကျိုးမုချ ရနိုင်သည်သာ။

ဥပမာသော်ကား.....ဘုရားလောင်းစီးသွားသော ကဏ္ဍကမြင်းသည် သေသော် နတ်ပြည်၌ဖြစ်ခဲ့၏။ ကောသမ္ဗီရဟန်းများ ကွဲပြားသဖြင့် ဘုရားရှင် ပုလလဲတောသို့သွားနေစဉ် ပုလလဲဆင်မင်းက ဝေယျာဝစ္စလုပ်၏။ ၎င်းဆင်မင်းလည်း သေတော့ နတ်ပြည်ရောက်၏။ ဘုရားကို ပျားအုံလှူသော မျောက်လည်း သေတော့ နတ်ပြည်ရောက်၏။ မြတ်စွာဘုရား၏ တရားကိုနာရင်း သေသွားသော ဖားကလေးလည်း နတ်ပြည်ရောက်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်၌ ခင်မင်ရင်းနှီးပြီး ခွဲခွါသွားသောအခါ၌ လွမ်းနာကျ၍သေသွားသော ခွေးကလေးသည် နတ်ပြည်၌ ဃောသကနတ်သားဟူ၍ ဖြစ်ခဲ့၏။

**ဈာနသမ္မာဒိဋ္ဌိ။** ။ဈာန်သမာဓိနှင့်ယှဉ်သောဉာဏ်သည် ဈာနသမ္မာဒိဋ္ဌိမည်၏။

ဈာန်သမာဓိသည် ဝိပဿနာ ရှုသောအခါ အခြေခံ ပါဒကဈာန်အဖြစ် အသုံးပြုလျှင် ကျေးဇူးများ၏။ ဈာန်ဝင်စားပြီး ၎င်းဈာန်မှထကာ ဈာန်၌ပါသော ဝိတက်စသော နာမ်တရားများကို၎င်း၊ ၎င်းဈာန်၏တည်ရာ ရုပ်တရားများကို၎င်း ရှုလိုက်လျှင် ထင်ရှားပေါ်လာ၏။ ရုပ်နာမ်တရားများသည်၎င်း၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာသုံးပါးသည်၎င်း ထင်ရှားပေါ်လာ၏။ ဤသို့ ဈာန်ဝင်စားလိုက်, ဈာန်မှထကာ ဈာန်တွင်ပါသော ရုပ်နာမ်တရားများကို ရှုလိုက်ဖြင့် ဝိပဿနာမဂ္ဂင်များ ရင့်လာပြီး အရိယာမဂ္ဂင်များ ပေါ်လာ၏။

(အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊ ဈာနသုတ်၌ အကျယ်ရှု။)

**တနည်း ရုပ်နာမ်၂ပါး ရောရှုပုံ။** ။ဈာန်ဝင်စားပြီး ဈာန်မှထကာ ထင်ရှားရာ ရုပ်နာမ်တရားများကို ရှုမှတ်နေ၏။ အချိန်ကြာလာ၍ ကိုယ်စိတ်ပင်ပန်းလာသောအခါ ဈာန်ကို တဖန်ပြန်ဝင်စားပြန်၏။ ပင်ပန်းမှုငြိမ်းသွားသောအခါ ဈာန်မှထ၍ ထင်ရှားရာ ရုပ်နာမ်တရားများကို ရှုပြန်၏။ ဤနည်းဖြင့် ဈာန်ကို အခြေခံပြီး ထင်ရှားရာရာ ရှုနေရင်း ဝိပဿနာမဂ္ဂင်များ ရင့်သန်လာသောအခါ အရိယာမဂ္ဂင်များ တပြိုင်နက်ပေါ်လာကြပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုသွားကြ၏။

(အကျယ်ကို မူလပဏ္ဏာသ အဋ္ဌကထာ၊ ပ-အုပ်၊ ဒွေဓာဝိတက္ကသုတ်အဖွင့်၊ နှာ-၃၈၇ ၌ရှု။)

# သစ္စာလေးပါး

**သစ္စာလေးပါး ဟောရပုံ**

ဘုရားရှင်သည် မဇ္ဈိမပဋိပဒါကို ထုတ်ဖော်အပြီးတွင် သစ္စာလေးပါးကို ဆက်လက်၍ တရားဦးတွင် ဟောတော်မူပြန်သည်။ ထိုစကားမှန်၏။ ဗုဒ္ဓရှင်တော်သည် တရားဦးတွင် မဇ္ဈိမပဋိပဒါလမ်းစဉ်ကိုသာ ဟောပြ၍ သစ္စာလေးပါးကို မဟောခဲ့သော် ယင်းတရားဦးသည် ဗုဒ္ဓ၏ဝါဒကို ပြည့်ပြည့်စုံစုံ ဖော်ပြသည်ဟု မဆိုနိုင်ပေ။ တရားဦးဆိုသည်မှာလည်း ဝါဒကျေငြာချက် တမျိုးပင်ဖြစ်၍ အပြည့်အစုံ ပါရှိသင့်ပေသည်။ သို့ဖြစ်၍ မိမိဝါဒကို အပြည့်အစုံ ဖော်ပြရန်လည်း တရားဦးတွင် သစ္စာလေးပါးကို ထည့်သွင်းဟောတော်မူသည်။

(ဆရာတော်ဦးသီလာနန္ဒ၏ "တရားဦး"။နှာ၊၃၉။ ၂ဂဂ၂-ခုရိုက်။)

## သစ္စာလေးပါးသာ၊ အပို-အလို မရှိ

ဤသစ္စာလေးပါးမှတပါး အခြားသော သစ္စာတပါးအပို မဖြစ်သင့်သောကြောင့် သစ္စာ ၅-ပါး ၆-ပါး စသည်မရှိ။ ဤသစ္စာလေးပါးတို့တွင် တစ်ပါးပါးကို ပယ်နှုတ်ဖို့ရန်လည်း မဖြစ်နိုင်သောကြောင့် သစ္စာ ၃-ပါး ဟူ၍ မရှိ။

တနည်း။ ။ခန္ဓာငါးပါးဟူသော ဝဋ္ဋဒုက္ခကို ဟောရာ၌ ၎င်းဝဋ္ဋဒုက္ခ၏ အကြောင်းဖြစ်သော သမုဒယကို ပြတော်မူ၏။ ဝဋ္ဋဒုက္ခမှ ဆုတ်နစ်ကြောင်း နိရောဓကို ဟောရာ၌ ၎င်း၏အကြောင်းဖြစ်သော မဂ္ဂကို ဟောတော်မူ၏။ ဤသို့ အကြောင်းအကျိုး ၂-စုံအားဖြင့် သစ္စာလေးပါးကိုသာ ဟောတော်မူ၏။

တနည်း။ ။ ပိုင်းခြား၍သိထိုက်သော ဒုက္ခသစ္စာတရား၊ ပယ်ထိုက်သော သမုဒယသစ္စာတရား၊ မျက်မှောက်ပြုထိုက်သော နိရောဓသစ္စာတရား၊ မိမိသန္တာန်၌ ဖြစ်စေထိုက်သော မဂ္ဂသစ္စာတရား၊ ဤသို့ သိ-ပယ်-ဆိုက်-ပွား လေးပါးကိုသာလျှင် ဟောတော်မူခဲ့၏။

## သစ္စာလေးပါးကို အစဉ်အတိုင်း ဟောတော်မူခြင်း

ထင်ရှားသောကြောင့်၎င်း၊ သတ္တဝါအားလုံးနှင့် သက်ဆိုင်သောကြောင့်၎င်း သိရလွယ်ကူသဖြင့် ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူ၏။ ဒုက္ခသစ္စာ၏ အကြောင်းကို ပြခြင်းငှာ သမုဒယသစ္စာကို ဒုတိယ ဟောတော်မူ၏။ အကြောင်းဖြစ်သော သမုဒယချုပ်လျှင် အကျိုးဖြစ်သော ဒုက္ခလည်းချုပ်၏။ ၎င်းကို သိစေလို၍ သမုဒယနောင် နိရောဓကို တတိယဟောတော်မူ၏။ ထိုနိရောဓကို သိခြင်း၏အကြောင်းကိုပြခြင်းငှာ အဆုံး၌ မဂ္ဂကို ပြတော်မူ၏။

**တနည်း။** ။ဘဝချမ်းသာကို သာယာတပ်မက်နေကြသော သတ္တဝါတို့အား သံဝေဂဉာဏ်ဖြင့် ထိပ်လန့်မှု ဖြစ်စေရန် ဒုက္ခကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုဒုက္ခသည် အကြောင်းမရှိဘဲ သူ့ဖာသာ ရောက်လာ,ဖြစ်လာသည် မဟုတ်၊ ပြဟ္မာ,ထာဝရ စသော ဖန်ဆင်းရှင်များ ဖန်ဆင်းခြင်းကြောင့် ဖြစ်ပေါ်လာသည်လည်း မဟုတ်။ တဏှာကြောင့်သာ ဖြစ်ပေါ်လာသည်ဟု သိစေခြင်းငှာ ဒုက္ခအခြားမဲ့၌ သမုဒယကို ဟောတော်မူ၏။

ဒုက္ခနှိပ်စက်ခံရသဖြင့် ထိပ်လန့်သောစိတ်ရှိသဖြင့် လွတ်မြောက်ရာကို ရှာမှီးသောသူတို့အား လွတ်မြောက်ရာကို ပြသဖြင့် စိတ်သက်သာရာကို ရစေခြင်းငှာ နိရောဓကို တတိယ ဟောတော်မူ၏။

၎င်းနောက် နိရောဓသိစေခြင်းအကျိုးငှာ နိရောဓသို့ရောက်စေတတ်သော မဂ္ဂသစ္စာကို နောက်ဆုံး ဟောတော်မူ၏။

**[ဆောင်ပုဒ်] လောကီဘုံဝယ်, သာယာဘွယ်ဟု, တာတွယ်လေငြား, ဝေနေများကို, တရားသံဝေ, ရပစေဟု, ထွေထွေဒုက္ခ, ဦးစွာပြ၏၊ ဒုက္ခသောင်းပြောင်း, ဆင်းရဲပေါင်းလည်း, အကြောင်းမဲ့စွာ, မဖြစ်ရာရှင့်, မဟာပြဟ္မ္မာ့, ထာဝရဟု, ဘုရာ့တသင်း, မဖန်ဆင်းတည်း၊ ထန်ပြင်းသော့သွမ်း, တဏှာစွမ်းကြောင့်, ဘရမ်းဘတာ, ဖြစ်ကြရာဟော, သမုဒယောတဲ့၊ သုံးလောကတွင်, ဒုက္ခထင်၍, လွတ်ခွင်ထွက်ရာ, ရတာက်ဖြာသော်, သက်သာစေရန်, အနေဖန်လျက်, ခေမံ နိရောဓ, သုံးကြိမ်ပြ၏၊ နိဗ္ဗာနနန်း, ရောက် ဘို့မှန်းက, ဤလမ်းဖြင့်တက်, ဤမဂ်ကိုပွား, မိန့်သည့်လားသို့, လေးပါးမြောက်တွင်, မဂ်လမ်းထွင် သည့်, ဟောစဉ်လက်ရိုး ဆူဆူတည်း။ ။** (အမရပူရ မဟာဂန္ဓာရုံ ဆရာတော်)

## ဒုက္ခသစ္စာ

**ကတမံ စ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော*၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ ယမ္ပိစ္ဆံ န လဘတိ, တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။**

**ရဟန်းတို့....ဤသည်ကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' ပေတည်း။ ပဋိသန္ဓေ တည်နေရခြင်းသည်လည်း ဆင်းရဲ၏။ အိုရခြင်းသည်လည်း ဆင်းရဲ၏။ နာရခြင်းသည်လည်း ဆင်းရဲ၏။ သေရခြင်းသည်လည်း ဆင်းရဲ၏။ မချစ်သောသူတို့နှင့် အတူနေရခြင်းသည်လည်း ဆင်းရဲ၏။ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။ လိုချင်ရာကို မရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်းအားဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲကုန်၏။**

### ပါဠိစိစစ်ချက်

သာရတ္ထဒီပနီဋီကာ ဝိနည်းဋီကာကျမ်း၌ "**ဗျာဓိပိ ဒုက္ခော**"ဟူသောပုဒ်ကို စိစစ်ပြထား၏။ ၎င်းပုဒ်သည် အဘိဓမ္မာပိဋက ဝိဘင်းကျမ်း ဒုက္ခသစ္စာကို အကျယ်ပြရာပါဠိ၌ မလာချေ။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကျမ်း၌လည်း ဒုက္ခသစ္စာကို အကျယ်ပြရာ၌ မပါချေ။ ဤဓမ္မစက္ကပဝတ္တနသုတ်၌သာ ပါနေခြင်းကို စူးစမ်းသင့်သည်ဟု ဆို၏။

၎င်းနောက် "**မရဏမ္ပိ ဒုက္ခံ**"ပုဒ်ကိုဖွင့်ပြီးနောက် "**သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာပိ ဒုက္ခာ**"ဟု ဝိဘင်းပါဠိ ဒုက္ခသစ္စာအကျယ်ပြရာ၌ လာရှိ၏။ ထိုသုတ်၌ကား မလာချေ။ ၎င်းကိုလည်း စိစစ်သင့်၏ဟု ဆိုထား ၏။

### မဟာစည်ဆရာတော်၏ သုံးသပ်ချက်

ဘုရားဟောစဉ်က တစ်မျိုးတည်းသာ ဖြစ်သင့်ကြောင်း၊ ဝိနည်းဆောင်ရဟန်းများသည် သုတ္တန်နှင့် အဘိဓမ္မာကို လေ့လာမှုအားနည်းသောကြောင့် ဤဝိနည်းပိဋက မဟာဝဂ္ဂပါဠိ ဓမ္မစကြာတရားတော်၌သာလျှင် သုတ္တန်အဘိဓမ္မာတို့နှင့် မတူဘဲ "ဗျာဓိပိ ဒုက္ခော"ပုဒ်ကို အပိုထည့်ကာ၊ "သောကပရိဒေဝဒုက္ခဒေါမနဿု- ပါယာသာပိ ဒုက္ခာ"ပုဒ်ကိုချန်ကာ ဆောင်လာခဲ့သဖြင့် မူကွဲနေတာဖြစ်နိုင်ကြောင်း ဆိုထား၏။

အကြောင်းမှာ ဒုက္ခသစ္စာကိုဖွင့်ပြသည့် သုတ်နှင့်အဘိဓမ္မာ အဋ္ဌကထာများ၌ "ဗျာဓိပိ ဒုက္ခော"ဟူသော ပုဒ်ကို မဖွင့်ပြခဲ့ခြင်း၊ "သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာပိ ဒုက္ခာ"ဟူသောပုဒ်ကိုတော့ ၎င်းအဋ္ဌကထာ များ၌ဖွင့်ပြခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း စိစစ်ထား၏။

ထို့ကြောင့် မဟာစည်ဆရာတော်က "ဗျာဓိပိ ဒုက္ခော"ပုဒ် ပိုနေပြီး၊ "သောကပရိဒေဝဒုက္ခဒေါမနဿု-ပါယာသာပိ ဒုက္ခာ"ပုဒ် လိုနေသည်ဟု ဆုံးဖြတ်ထား၏။ အကြောင်းမှာ "ဗျာဓိ-နာခြင်း"ဟူသည် "သောက-ပရိဒေဝဒုက္ခဒေါမနဿုပါယာသာပိ ဒုက္ခာ"ဟူသော ပုဒ်ကြီးထဲမှ "ဒုက္ခ"ဟူသောပုဒ်၌ အတွင်းဝင်နေကြောင့်ဟု ဆို၏။

## မဟာစည်ဆရာတော်အလို ဒုက္ခသစ္စာ ပါဠိမူမှန်

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ <u>သောက,ပရိဒေဝ,ဒုက္ခ,-ဒေါမနဿု-ပါယာသာပိ ဒုက္ခာ</u>၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ ယမ္ပိစ္ဆံ န လဘတိ, တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။** (ဓမ္မစကြာတရားတော်ကြီး၊ နှာ၊ ၁၈၆-၁၉၀။)

## လောကကို စိစစ်ချက်

ဘုရားရှင်သည် လောကမှ ထွက်မြောက်မှုကို ရှာရာ၌ အလွန်တရာ သဘာဝကျသောနည်းကို ညွှန်ပြ ထားပေသည်။ ဤလောကကြီးသည် ဘာဆိုသည်ကို မသိဘဲ လောကကြီးမှ ထွက်မြောက်ရာကို ရှာသည်ဆို လျှင် ရယ်ဖွယ်သာဖြစ်ပေမည်။ ထို့ကြောင့် လောကကြီးမှ ထွက်မြောက်ရာကို မရှာမီ "ဤလောကကြီးသည် ဘာဖြစ်သည်" ဆိုသည်ကို ရှေးဦးစွာ နားလည်အောင် စစ်ဆေးကြည့်ရှုရပေလိမ့်မည်။

ရှင်တော်မြတ်ဘုရားသည် သက်ရှိသက်မဲ့နှင့်တကွသော အလုံးစုံသော လောကကြီးကို ကိုယ်တော်၏ ဉာဏ်တော်ဖြင့် သေချာ စစ်ဆေးကြည့်ရှုလိုက်သောအခါ "ဤလောကကြီးသည် ဒုက္ခတုံးကြီးသာ ဖြစ်ပေသည်" ဆိုသောအချက်ကို ကျကျနနကြီး သိမြင်တော်မူလာသည်။ လောကကြီး၏ အများဆိုင် အကျဉ်းချုပ်တရားကို ထုတ်ကြည့်လိုက်သောအခါ "ဒုက္ခ"ဆိုသော အဖြေတခုတည်း ထွက်လာသည်။ လောကကြီးတွင် ပျော်ရွှင်စရာ သာယာစရာကောင်းသည်ဟု ထင်ရသော အပျော်အပါးအာရုံများသည် တကယ်စစ်ကြည့်သောအခါ ချမ်းသာ မဟုတ်ဘဲ ဆင်းရဲတရားတွေချည်း ဖြစ်သည်ကို အမှန်အတိုင်းသိမြင်၍ လာလေသည်။

ဤကဲ့သို့ သဘောမှန်အတိုင်းကြည့်လျှင် ဆင်းရဲတုံးအတိသာဖြစ်သော တရားများကိုပင် ဗုဒ္ဓရှင်တော် က "ဒုက္ခသစ္စာ=ဆင်းရဲခြင်း အမှန်တရား"ဟု အမည်တပ်တော်မူလိုက်သည်။ သို့ဖြစ်၍ ဤဒုက္ခသစ္စာဟူသော ဝါဒသည် အမှန်အားဖြင့်ဆိုရမူ ဂေါတမဗုဒ္ဓ၏ ကမ္ဘာ့အမြင်ပင် ဖြစ်တော့သည်။

(ဆရာတော်ဦးသီလာနန္ဒ၏ "တရားဦး"။နှာ-၄၀။)

## သုခလော? ဒုက္ခ?

လောက၌ ပျော်ရွှင်စရာ များစွာရှိနေပါလျက် "ဒုက္ခ"တုံးကြီးဟု ပြောဆိုခြင်းမှာ ဗုဒ္ဓသည် လောကကို အဆိုးမြင်သက်သက်သာ ဖြစ်၏ဟု စောဒနာတက်ကြ၏။ ဇနီးမယား,လင်ယောကျ်ား,သားသမီး, အိုးအိမ်တိုက် တာ, ရာထူးစည်းစိမ်စသည်တို့သည် ရှိနေစဉ်ခဏ ချမ်းသာသယောင်ယောင်ရှိသော်လည်း ကုန်ဆုံးပျက်စီးလျှင် ဒုက္ခကို အတိုးနှင့်ပြန်ဆပ်ရသဖြင့် ဝိပရိဏာမဒုက္ခများသာဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက "ယဒနိစ္စံ၊ တံ ဒုက္ခံ = မမြဲတာမှန်သမျှ ဆင်းရဲတာချည်းဖြစ်၏"ဟု ဟောတော်မူခဲ့၏။

တနည်းအားဖြင့် ချမ်းသာစစ်ဟူသည် တခါတည်းဖြင့် 'ပြည့်ဝသွားသည်, ကျေနပ်သွားသည်'ကို ဆိုပေသည်။ လောကပျော်ရွှင်စရာ အာရုံအမျိုးမျိုးတို့ကား လိုက်စားသော်လည်း ပြည့်ဝသွားသည်ဟူ၍ မရှိ၊ မည်မျှကောင်းသော အစာကို စားစေကာမူ တခါတည်း အဆာပြေမ်းသွားဟူမရှိ။ ထို့ကြောင့် ထပ်ထပ်စားနေကြရ၏။ မည်မျှကောင်းသော ရုပ်ရှင်ကားများကြည့်စေကာမူ အလိုပြည့်သွားသည် မရှိ။ ပျော်ရွှင်မှုကလေး မပျောက်ရေးအတွက် ပျော်စရာ အသစ်အသစ်များကို ရှာနေကြရ၏။ တစ်ခုတည်းလည်း ကြာကြာမကြိုက်နိုင်သဖြင့် အသစ်များနှင့် အစားထိုးထိုးနေကြရ၏။ အသစ်အစားထိုးရသော ဒုက္ခသည် ရလာမည့် သုခထက်ပင် ပို၍ကြီးမားလှ၏။ သို့ဆိုလျှင် ချမ်းသာဟု မခေါ်နိုင်။ ချမ်းသာမဟုတ်လျှင် ဆင်းရဲသာဖြစ်၏။

(ဆရာတော်ဦးသီလာနန္ဒ၏ တရားဦးစာအုပ်မှ ကောက်နုတ်ချက်၊နှာ ၄၅-၄၇။)

**ဒုက္ခသစ္စာအနက် ၄-ချက်**

၁။ ပီဠနဋ္ဌော = မိမိကိန်းရာ သတ္တဝါကို နှိပ်စက်ခြင်းအနက်သဘော၊

၂။ သင်္ခတဋ္ဌော = အဝိဇ္ဇာ,တဏှာ,ကံ,အာဟာရ,ဖဿ အစရှိသော အကြောင်းတရားတို့သည် ပြုစီမံအပ်သည်အဖြစ်ဟူသော အနက်သဘော၊

၃။ သန္တာပဋ္ဌော = ကိလေသာဟူ ပြင်းစွာပူလောင်ခြင်း အနက်သဘော၊

၄။ ဝိပရိဏာမဋ္ဌော = ဇရာ,မရဏ ဟူသော ၂-ပါးအပြားအားဖြင့် ဖေါက်ပြန်ခြင်း အနက်သဘော၊

**ဒုက္ခ ခေါ်ပုံ။ ။ (ဒု+ခ။ ဒု=ကဲ့ရဲ့စက်ဆုပ်အပ်သော အနက်၊ ခ=အချီးနှီး)**

ဒုက္ခသစ္စာသည် များစွာသော ဥပဒ္ဒဝေါတို့၏တည်ရာဖြစ်သောကြောင့် ကဲ့ရဲ့စက်ဆုပ်အပ်၏။ လူပြိန်း လူအ,တို့သည် ကြံဆထားအပ်သော ခိုင်မြဲသည်၏အဖြစ်, ချမ်းသာသည်၏အဖြစ်, တင့်တယ်သည်၏အဖြစ်, အတ္တမှ ကင်းဆိတ်နေသောကြောင့် သူတို့ထင်သည့်အရာများ ဘာမှမရှိသောကြောင့် အချီးနှီးသာဖြစ်၏။

**အရိယသစ္စာဟူသည်။** ။ဘုရားစသော အရိယာပုဂ္ဂိုလ်တို့သည် ထိုးထွင်း၍ သိအပ်သောကြောင့် အရိယသစ္စာမည်၏။

# ဒုက္ခ ၁၂-မျိုး

(၁) **ဇာတိ** = ဘဝသစ်ဖြစ်ခြင်းဆင်းရဲ၊

(၂) **ဇရာ** = အိုခြင်းဆင်းရဲ၊

(၃) **မရဏ** = သေခြင်းဆင်းရဲ၊

(၄) **သောက** = စိုးရိမ်ခြင်းဆင်းရဲ၊

(၅) **ပရိဒေဝ** = ငိုကြွေးရခြင်းဆင်းရဲ၊

(၆) **ဒုက္ခ** = ကိုယ်ဆင်းရဲခြင်း၊

(၇) **ဒေါမနဿ** = စိတ်ဆင်းရဲခြင်း၊

(၈) **ဥပါယာသ** = စိတ်နှလုံး ပြင်းစွာပင်ပန်းခြင်း၊

(၉) **အပ္ပိယေဟိ သမ္ပယောဂ** = မချစ်မနှစ်သက်သော ပုဂ္ဂိုလ်သတ္တဝါ၊ အရာဝတ္ထုများနှင့် တွေ့ကြုံ, ပေါင်းသင်း ဆက်ဆံရခြင်း ဆင်းရဲ၊

(၁၀) **ပိယေဟိ ဝိပ္ပယောဂ** = ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်သတ္တဝါ၊ အရာဝတ္ထုများနှင့် ကွေကွင်းရခြင်း ဆင်းရဲ၊

(၁၁) **ယံ ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ** = မရနိုင်, မဖြစ်နိုင်တာကို လိုချင်မှုကြောင့်ဖြစ်သော ဆင်းရဲ၊

(၁၂) **သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ** = အကျဉ်းချုပ်အားဖြင့် ဉပါဒါနက္ခန္ဓာ ငါးပါး၊ ရုပ်နာမ်တရား ဟူသော ဆင်းရဲ၊

**ဒုက္ခဟူသည်။** ။ဆင်းရဲ-ငြိုငြင်-ပင်ပန်း-နာကျင်-သောကြောင့် ဒုက္ခ၊ တုံးဖြိုဖျက်ဆီးတတ်သောကြောင့်ဒုက္ခ၊ ဆင်းရဲသဖြင့် သည်းခံအပ်သော-သည်းခံနိုင်ခဲသောကြောင့် ဒုက္ခ၊ ခါးစပ်သောအရသာနှင့်တူသောကြောင့် ဒုက္ခ၊ နှစ်သက်-သာယာ-ကျေနပ်ဖွယ်-မရှိသောကြောင့် ဒုက္ခ၊ ဖြစ်ခြင်းပျက်ခြင်း နှစ်ပါးဖြင့် နှိပ်စက်တတ်သောကြောင့် ဒုက္ခ၊ ကြောက်စရာကောင်းသောကြောင့် ဒုက္ခ။

## ဒုက္ခ ၇-မျိုး

၁။ **ဒုက္ခ ဒုက္ခ** = ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်း ဒုက္ခဝေဒနာ၊
(ဒုက္ခသဟဂုတ်ကာယဝိညာဏ်၊ ဒေါသမူဒွေးတို့ယှဉ်သော ဝေဒနာ)

၂။ **ဝိပရိဏာမ ဒုက္ခ** = ကိုယ်စိတ်ချမ်းသာမှု သုခဝေဒနာသည် ကုန်ပျောက်သွားတော့ ဆင်းရဲဖြစ်၊

၃။ **သင်္ခါရ ဒုက္ခ** = ဥပေက္ခာဝေဒနာနှင့် အခြားဖြစ်ပျက်သမျှ ရုပ်နာမ်သင်္ခါရ တရားအားလုံး၊

၄။ **ပဋိစ္ဆန္န ဒုက္ခ** = ခေါင်းကိုက်ခြင်းစသည့် နာသူပြောမှသိရသော ဖုံးကွယ်နေသည့်ဒုက္ခမျိုး၊

၅။ **အပ္ပဋိစ္ဆန္န ဒုက္ခ** = မျက်စိဖြင့်မြင်နိုင်သော သွေးသံထွက်ကာ ကျိုးပဲ့နေသည့် ဒုက္ခမျိုး၊

၆။ **ပရိယာယ ဒုက္ခ** = ရှိနေစဉ်ကောင်းသော်လည်း ကုန်ပျောက်သွားတော့ ဆင်းရဲရသဖြင့် သွယ်ဝိုက် ယူရသော ဆင်းရဲမျိုး၊

၇။ **နိပ္ပရိယာယ ဒုက္ခ** = တိုက်ရိုက်ယူရသည့် ဒုက္ခဒုက္ခကဲ့သို့ ကိုယ်စိတ်ဆင်းရဲခြင်းမျိုး။

(သမ္မောဟ၊၉၈။)

## ဇာတိ

ဘဝဟောင်းက ရုပ်နာမ်များချုပ်ပျက်ပြီး သေသည်၏အခြားမဲ့၌ ကံအားလျော်စွာ ဘဝသစ်မှာ ရုပ်နာမ် ခန္ဓာအသစ်များ ရှေးဦးစွာဖြစ်ပေါ်လာခြင်း၊ ထင်ရှားဖြစ်လာခြင်း၊ အပြည့်အစုံဖြစ်လာခြင်းကို 'ဇာတိ'ဟု ခေါ်၏။ ဘဝဟောင်းနှင့်ဘဝသစ်ကို ဆက်စပ်ပေးသဖြင့် 'ပဋိသန္ဓေ'ဟုလည်း ခေါ်၏။

### ပဋိသန္ဓေ ၃-မျိုး

၁။ သံသေဒဇ သတ္တဝါ = စိုစွတ်သော အညှီအစေး၌ဖြစ်သော သတ္တဝါ၊ (ပဒုမဝတီ, ဝေဠုဝတီစသည်တို့ကဲ့သို့)

၂။ ဩပပါတိက သတ္တဝါ = ငရဲသား၊ ပြိတ္တာ၊ နတ်၊ ကမ္ဘာဦးလူသားများကဲ့သို့ ခန္ဓာကိုယ်ဘွားခနဲ ပေါ်လာသော သတ္တဝါ၊

၃။ ဂဗ္ဘသေယျ သတ္တဝါ = အမိဝမ်းပဋိသန္ဓေနေသော သတ္တဝါမျိုး

(က) အဏ္ဍဇ သတ္တဝါ = ငှက်စသည်ကဲ့သို့ ဉခွံ၌ဖြစ်သော သတ္တဝါ

(ခ) ဇလာဗုဇ သတ္တဝါ = လူစသည်ကဲ့သို့ သားအိမ်၌ဖြစ်သော သတ္တဝါ

## ဇာတိဒုက္ခ

ဘဝသစ်၌ ပထမဆုံးဖြစ်သော ဥပါဒ်ကို မုချအားဖြင့် ဇာတိဟု ခေါ်၏။ စဖြစ်ဖြစ်ချင်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မရှိသေး။ သို့သော် ဖွားနာခြင်းစသော နောင်ဖြစ်လာမည့် ဆင်းရဲဟူသမျှသည် ထိုဇာတိကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်၏။ နောင်ဆင်းရဲဒုက္ခရောက်မည်ကို မသိခြင်းကြောင့် အာမခံ လက်မှတ်ထိုးပေးလိုက်ခြင်းနှင့် တူ၏။ သတ္တဝါများသည်လည်း ဇာတိစာချုပ်မိလျှင် ကျန်ဒုက္ခအကုန်ခံရတော့၏။ ထို့ကြောင့် ဇာတိကို ဒုက္ခဟု ဟောတော်မူ၏။

ထို့အပြင် ဇာတိသည် ဖြစ်စတွင် မဆင်းရဲသေးသော်လည်း နောင်တွင် ဆင်းရဲဒုက္ခဆိုးကျိုးများကိုသာ ဖြစ်စေတတ်သောကြောင့် သွယ်ဝိုက်သောအားဖြင့် '**ပရိယာယဒုက္ခ**'လည်း ဖြစ်၏။

(မှတ်ချက်။ ။တစ်ဘဝ၌ အစဆုံးဖြစ်သော ရုပ်နာမ်ခန္ဓာသည် 'ဇာတိ'မည်၏။ ထိုရုပ်နာမ်ခန္ဓာသည် ဝိပါက် စိတ် စေတသိက် ကမ္မဇရုပ်များဖြစ်သောကြောင့် ဒုက္ခသဟဂုတ်ကာယဝိညာဏ်, ဒေါသမူဒွေး တို့၌ ယှဉ်သော ဝေဒနာတို့ကဲ့သို့ မဆင်းရဲ။ သို့သော်လည်း မိမိတို့ဖြစ်ရာဘဝ၌ နောက်နောင်ဒုက္ခ ဖြစ်ခြင်း၏ အကြောင်း(ဝါ) အစပြုလာခြင်း ဖြစ်သောကြောင့် ဒုက္ခဟူ၍သာ ဟောတော်မူပါသည်။)

### ရှင်သီဝလ၏ ဇာတိဒုက္ခ

ကောသလမင်းက ဗာရာဏသီမင်းကို စစ်နိုင်သဖြင့် သတ်ဖြတ်ကာ မင်းလုပ်၏။ မိဖုရားကိုကား မိဖုရားကြီးရာထူး၌ပင် ထား၏။ သားတော်ကား စစ်ရှုံး၍ ထွက်ပြေး၏။ နောင်သောအခါ စစ်တပ်အင်အား ပြန်စုကာ တိုင်းပြည်ကိုပြန်အပ်ရန် ရာဇသံပေး၏။ တိုင်းပြည်မအပ်သဖြင့် မိခင်နှင့်တိုင်ပင်ကာ မြို့ကို (၇)နှစ်တိတိ ပိတ်ထားသည့်တိုင် လက်နက်မချသဖြင့် နောက်ဆုံး မြို့ကို ၇-ရက် ဆက်တိုက် အလုံပိတ်လိုက်မှ နိုင်သွား၏။

တိုင်းသူပြည်သားများ ၇-ရက်အစာဖြတ်ခဲ့သည့် ဝဋ်ကြွေးကြောင့် နောက်ဆုံးဘဝတွင် မိခင် သုပ္ပဝါသ မင်းသမီးသည် (၇)နှစ်နှင့် (၇)ရက် ကိုယ်ဝန်ဆောင်ရခြင်းဆင်းရဲ၊ သားငယ်သီဝလိမှာ အမိဝမ်း၌ ကိန်းအောင်း ရခြင်း ဆင်းရဲတို့ကို ခံစားကြရ၏။ မွေးပြီး၍ ဆွမ်းကျွေးပွဲ၌ ရှင်သာရိပုတြာမထေရ်ကြီးကို အမိဝမ်း၌နေခဲ့ရသည့် ဆင်းရဲဒုက္ခများကို ပြန်လည်ပြောပြ၏။ ရှင်သာရိပုတြာကြီးက "သီဝလိ....သင်သည် ဒီလိုဒုက္ခတွေ ခံစားခဲ့ရတာကို သိနေမှတော့ ရှင်ရဟန်းပြုဖို့ မသင့်ဘူးလား" ဟုမေးသဖြင့် နောက်ဆုံး မိဘများ၏ခွင့်ပြုချက်ဖြင့် ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်သွား၏။ (အံ၊ဋ္ဌ၁၊ ၁၉၈) (ထေရဋ္ဌ၁၊၁၆၉) (အပ၊ဋ္ဌ၂၊၂၄၅)

## ဇရာဒုက္ခ

**ဇရာဟူသည်။** ။အိုမင်းခြင်း၊ ရင့်ကျက်ခြင်း၊ အသက်၏ ဆုတ်ယုတ်လာခြင်း၊ ခြေလက်အင်္ဂါများ လျော့ရဲလာခြင်း၊ မျက်စိ,နား,နှာ,လျှာ,ကိုယ် ပသာဒရုပ်များ ချို့ယွင်းလာခြင်း၊ ဆံဖြူခြင်း၊ နားထိုင်းခြင်း၊ သွားကျိုးခြင်း၊ ခါးကုန်းခြင်း စသည်တို့သည် ဇရာ=အိုမင်းရင့်ရော်မှုပင်တည်း။

### ဇရာ ၂-မျိုး

သင်္ခတတရားတိုင်း၌ အစ-အလယ်-အဆုံး(ဥပါဒ်-ဌီ-ဘင်)ဟူ၍ သုံးပိုင်းရှိ၏။ ၎င်းတို့တွင် စဖြစ်ခြင်းသည် ဇာတိ၊ ဌီဆဲခဏသည် ဇရာ၊ ပျက်ဆဲခဏသည် မရဏပင်တည်း။ ဤ၌ အလယ်ပိုင်း ဌီခဏကို သင်္ခတဇရာဟု ခေါ်၏။

သင်္ခတဇရာများ တစ်ဘဝအတွင်း၌ ဆက်တိုက် အစဉ်အတန်းလိုက် ဖြစ်လာသည်ကို "သန္တတိဇရာ"ဟု ခေါ်၏။ သန္တတိဇရာသည် သင်္ခတဇရာ၏ အလယ်ပိုင်းတည်တံ့မှုများ ဆက်တိုက်ဖြစ်နေသည်ကို ဆိုခြင်းဖြစ်၍ မျက်စိဖြင့် မမြင်နိုင်။ မြင်ရသော ဆံဖြူ, သွားကျိုး, အရေတွန့်စသည်တို့ကား ၎င်းဇရာကနှိပ်စက်ခြင်းကြောင့် ဖြစ်သော ဒဏ်ချက်များသာဖြစ်၏။

ဥပမာအားဖြင့် မုန်တိုင်းတိုက်သောအခါ လေကိုမမြင်ရပေ။ မုန်တိုင်းတိုက်ခြင်းကြောင့် ထိခိုက်ပျက်စီးသွားသော သစ်ပင်ကျိုးခြင်း၊ အိမ်ပြိုခြင်း စသည်တို့ကိုသာ တွေ့ရသကဲ့သို့တည်း။

**ဇရာ၏ဆိုးကျိုးများ။** ။ငယ်ရုပ်ပျောက်ခြင်း၊ လုပမှုများ ဆုံးရှုံးလာခြင်း၊ အကြားအမြင်အာရုံများ အားနည်းလာခြင်း၊ ယခင်လိုမလုပ်နိုင်တော့သဖြင့် မိမိကိုယ်ကို စိတ်တိုခြင်း၊ သတိမေ့လာခြင်း၊ သူငယ်ပြန်လာခြင်း၊ သူတပါးကို အားကိုးလာရခြင်း၊ တချိန်က ရာထူးအာဏာ ရှိခဲ့သော်လည်း အိုသောအခါ သားသမီးအဆွေအရံ နောက်လိုက် အောက်လူများ၏ မလေးစားမှုကို ခံရခြင်း၊ ချောင်ထိုးဘေးဖယ်ခံခြင်း၊ အထီးကျန်လာခြင်း၊

## ရဋ္ဌပါလလို ကြံ့ပြင်ကြ

"အရှင်ဘုရား...လောကမှာ လူတွေဟာ စည်းစိမ်တွေကုန်ဆုံးလို့ သက်ကျားအိုဘဝကိုရောက်မှ ရဟန်းဝတ်ကြပါတယ်၊ အရှင်ဘုရားကတော့ စည်းစိမ်ဥစ္စာတွေ ပြည့်ဝချမ်းသာနေပါလျက် ငယ်ငယ်ရွယ်ရွယ်နှင့် ဘာ့ကြောင့် ရဟန်းဝတ်ရပါလဲ"ဟု ကောရဗျမင်းကြီးက မေးသောအခါ-

"အရှင်မင်းကြီး... 'လောကကြီးကို ဇရာတရားက ဆွဲဆောင်နေ၏။ အမြဲမတည်ချေ'ဟု မြတ်စွာဘုရား ဟောကြားသော တရားအကျဉ်းချုပ်ကို သိရ၍ ရဟန်းဝတ်ခဲ့၏"ဟု ရဋ္ဌပါလရဟန္တာက ပြန်ဖြေ၏။

"အရှင်ဘုရား...ဤတရားအကျဉ်းချုပ်၏ အဓိပ္ပါယ်ကို အဘယ်သို့မှတ်ရပါမည်နည်း။"

"အရှင်မင်းကြီး...သင်ဟာ ငယ်ရွယ်စဉ်က ခွန်အားဗလနှင့် ပြည့်စုံလှ၏။ ဆင်စီး,မြင်းစီး,ဓားခုတ်,လှံထိုး အတတ်များကိုလည်း တတ်ကျွမ်းလှ၏။ အခုကား အဘယ်သို့နည်း"ဟု မေးလေရာ-

"ဟိုတုန်းကတော့ ခွန်အားဗလနှင့် ပြည့်စုံလို့ တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကို တန်ခိုးရှိတယ်လို့တောင် ထင်ခဲ့မိပါတယ်ဘုရား။ ကိုယ့်လောက် လျင်မြန်ပြီး သန်မာအားကောင်းတဲ့သူ မရှိဘူးလို့တောင် ထင်ခဲ့တာ။ အခုတော့ အသက်ရှစ်ဆယ်ရှိပြီဆိုတော့ ခြေထောက်တောင် ဒီဘက်ချမယ်ဆိုပေမဲ့ ဟိုဘက်ကျချင် ကျသွားတယ်ဘုရား"ဟု ပြန်လျှောက်၏။

"အရှင်မင်းကြီး..မြတ်စွာဘုရားက ဒါကိုရည်ရွယ်ပြီး 'လောကကြီးကို ဇရာတရားက ဆွဲဆောင်နေ၏။ အမြဲမတည်ချေ'ဟု ဟောထားခြင်းဖြစ်၏"ဟု ဖြေဆိုရာ မင်းကြီးက နှစ်ခြိုက်သဘောကျသွား၏။

(ရဋ္ဌပါလသုတ်၊ မဇ္ဈိမ၊၂၊၂၄၄။)

# ဗျာဓိဒုက္ခ

ဓာတ်ကြီးလေးပါးတို့၏ ချောက်ချားခြင်းကြောင့် ကိုယ်၌ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာကို မုချအားဖြင့် ဗျာဓိဟုခေါ်၏။

မခံသာအောင် နာကျင်အောင် ထိုးတတ်သောကြောင့်၄င်း၊ အထူးထူးသော စိတ်နာကျင် ပင်ပန်းမှုတို့၏ တည်ရာဖြစ်သောကြောင့်၄င်း ထိုအနာကို ဗျာဓိဟုခေါ်ရ၏။

**ခန္ဓာရှိ ရောဂါရှိ**

ခန္ဓာရှိလျှင် ရောဂါရှိသည်မို့ ဘုရားရဟန္တာများလည်း ခန္ဓာနှင့်ပတ်သက်သော ရောဂါများကို ခံကြရ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ "သေခ ပဋိပဒါသုတ်"ကို ဟောခါနီး၌ ၄င်း၊ ပါဝါပြည် ရွှေပန်းတိမ်သည် 'စုန္ဒ'၏ သရက်ဥယျာဉ်၌ "သံဂီတိ ပရိယာယသုတ်"ကို ဟောခါနီး၌၄င်း၊ နဋ္ဌကပါန နိဂုံးဝယ် "တိရစ္ဆာနကထာသုတ်"ကို ဟောခါနီး၌ စသည်တို့၌၄င်း ခါးနာတော်မူသဖြင့် အနားယူရသေး၏။ သို့သော် ဘုရားရဟန္တာများ၌ စေတသိကဒုက္ခ ဒေါမနဿကို မဂ်ဖြင့်ပယ်ထားပြီးဖြစ်သဖြင့် စိတ်ဆင်းရဲမှုကိုကား မခံစားရပေ။

**အနာဖြစ်ကြောင်း ၈-ပါး**

၁။ ပိတ္တ သမုဋ္ဌာနာနိ = သည်းခြေပျက်ခြင်းကြောင့် ဖြစ်သောအနာ၊

၂။ သေမှ သမုဋ္ဌာနာနိ =သလိပ်ကြောင့် ဖြစ်သောအနာ၊

၃။ ဝါတ သမုဋ္ဌာနာနိ = လေကြောင့်ဖြစ်သောအနာ၊

၄။ သန္နိပါတိကာနိ = သည်းခြေ, သလိပ်,လေ ၃-ပါးဆုံ၍ ဖြစ်သောအနာ၊

၅။ ဥတုပရိဏာမ ဇာနိ = ဥတုဖေါက်ပြန်၍ ဖြစ်သောအနာ၊

၆။ ဝိသမ ပရိဟာရ ဇာနိ = ကိုယ်ကို မသင့်တော်အောင် ဆောင်၍ဖြစ်သော အနာ၊

(ဆင်ခြင်ဉာဏ်နည်းသူတို့ မိမိကိုယ်ကို မတရား အလုပ်လုပ်ခြင်းကြောင့် ဖြစ်သောအနာမျိုး၊ အချိန်မတော် သွားလာ၍ မြွေကိုက်ခြင်း၊ ချော်လဲခြင်း စသည်တို့ကြောင့်ဖြစ်သော အနာမျိုး)

၇။ ဩပက္ကမိကာနိ = မိမိ, သူတပါးတို့ လုံ့လပယောဂကြောင့် ဖြစ်သောအနာ၊

(မိမိကိုယ်ကို သေကြောင်းကြံခြင်း၊ သူတစ်ပါးတို့က ဖမ်းဆီးရိုက်နှက်ခံရခြင်း၊ ဘီလူးသရဲတို့ နှိပ်စက်ခံရခြင်း၊ ကျား,ခြင်္သေ့ ဆင် စသော တောရိုင်းတိရစ္ဆာန်တို့ နှိပ်စက်ခံရခြင်း)

၈။ ကမ္မဝိပါက ဇာနိ = ကံ၏အကျိုးကြောင့် ဖြစ်သောအနာ၊

(ဥပပီဠကကံ,ဥပဃာတကကံတို့ကြောင့် မြေမျိုခြင်း, မိုးကြိုးပစ်ခြင်းစသည်တို့ကြောင့် ဖြစ်သောအနာ၊ ရှေးကံဟောင်းများကြောင့် ခန္ဓာကိုယ်၌ ဓာတ်ဖေါက်ပြန်ကာ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာ)

(သီဝကသုတ်၊ အဋ္ဌသတ ပရိယာယဝဂ်၊ သဠာယတနသံယုတ်။)

## မရဏဒုက္ခ

သေခါနီးတွင် မကောင်းမှုအကုသိုလ်ကံ ရှိသူများမှာ မကောင်းသည့်အာရုံနိမိတ်များ ထင်နေ၍ ဆင်းရဲမှုဖြစ်ခြင်း၊ ကောင်းမှုရှိသူများမှာလည်း ချစ်ခင်သည့်ပုဂ္ဂိုလ်များ, ဝတ္ထုပစ္စည်းများနှင့် ခွဲရမည့်အရေးတွေး၍ စိတ်ဆင်းမှုဖြစ်ခြင်း၊ ရောဂါဝေဒနာများ အပြင်းအထန်နှိပ်စက်ခံရခြင်း၊ မည်သည့်ဘဝကို ရောက်မှာမှန်းမသိ၍ ကြောက်ရွံ့မှုများဖြစ်ခြင်း၊ တစ်ယောက်တည်းသွားရမည်ဖြစ်၍ စိုးရိမ်ထိပ်လန့်ခြင်း စသည့်ဒုက္ခများသည် သေခြင်းကိုစွဲ၍ ဖြစ်သော ဒုက္ခများဖြစ်၏။

## သေခြင်းသုံးမျိုး။

**(၁) ခဏိက မရဏ။** ။ရုပ်နာမ်တရားတို့၏ ဥပါဒ်,ဌီ,ဘင်အားဖြင့် အစဉ်မပြတ်ဖြစ်နေခြင်းကို ခဏိက မရဏ (ခဏတိုင်းခဏတိုင်း သေခြင်း)ဟု ခေါ်၏။

**(၂) သမုတိ မရဏ။** ။ "ဦးဖြူသေပြီ"ဟု ပြောရာ၌ ပရမတ်အားဖြင့် ဦးဖြူဟုခေါ်အပ်သော သတ္တဝါ၏ သက်သက်မရှိခြင်း၊ "ကောက်ပင်သေပြီ"ဟု ပြောရာ၌ ကောက်ပင်၌ ပရမတ်ဖြစ်သော ဇီဝိတိန္ဒြေတရား၏ မရှိခြင်းကြောင့် ထိုသေခြင်းများသည် သမုတိမရဏ(ပညတ်)သေခြင်းဟု ခေါ်၏။

**(၃) သမုစ္ဆေဒ မရဏ။** ။အာသဝေါကုန်ခမ်းပြီးသော ဘုရားရဟန္တာတို့၏ နောက်ထပ် ဘာမှမဖြစ်တော့ဘဲ အမြစ်ပြတ် သေလွန်တော်မူခြင်းကို သမုစ္ဆေဒ မရဏဟု ခေါ်၏။

**သိကြားမင်းဆင်းရဲ။** ။သိကြားမင်းကြီး စုတေခါနီးသောအခါ လက်ရှိရထားသော သိကြားစည်းစိမ်ကိုင်း၊ မိဖုရားများ နတ်သမီးများကိုင်း စွန့်သွားရမည့်အရေး ပြင်းထန်လှသော ပူပန်မှုများဖြစ်ကာ သောကဖြစ်လာ၏။ သူ့စည်းစိမ်များ နောက်သိကြားရသွားမည့်အရေးကိုလည်း မနာလိုမှု ဣဿာက နှိပ်စက်နေပြန်၏။

**သေရေးထက် ခွဲရေးခက်။** ။တခါက ရောဂါကျွမ်းသဖြင့် နောက်ဆုံးအချိန်ရောက်နေသော အိမ်ရှင်ယောကျာ်း တစ်ယောက်သည် ရောဂါနှိပ်စက်၍ နာကျင်လွန်းသဖြင့် နည်းနည်းလေးလောက် သက်သာလေမည်လားဟူသော မျှော်လင့်ချက်ဖြင့် မျက်ပြူးဆံပြာ လူးလိမ့်အော်ဟစ်နေ၏။ နောက်ဆုံး အချိန်ပို၍ နီးလာသောအခါ နာကျင်မှုကို သတိမရတော့ဘဲ ဇနီးလက်ကို အတင်းဆွဲထား၏။ သမီးနာမည်ကိုလည်း ခေါ်နေပြန်၏။ ထိုသူတွင် သူကိုယ်တိုင်သေရေးထက် ဇနီးနှင့်သမီးကို ခွဲရေးက ပိုခက်နေသယောင် ဖြစ်နေ၏။

## ယက်ကန်းသည်မလေး၏ နလုံးသွင်းပုံ

မြတ်စွာဘုရားသည် အာဠဝီမြို့သားများ၏ ဆွမ်းကျွေးပွဲ၌-

> "ငါ၏ အသက်သည် မမြဲ၊ ငါ့အား သေခြင်းသည် မြဲ၏၊ ငါသည် မချွတ်သေရအံ့သာလျှင်တည်း။ ငါ၏ အသက်သည် သေခြင်း အဆုံးရှိ၏၊ အသက်သည်သာလျှင် မမြဲ၊ သေခြင်းမူကား မြဲ၏။ ဤနည်းဖြင့် မရဏဿတိကို ပွားများကြကုန်လော့။ လက်၌ တုတ်လှံ မပါသောယောကျာ်းသည် အဆိပ်ရှိသော မြွေကိုတွေ့သည်ရှိသော် ကြောက်လန့်တုန်လှုပ်ကာ ဟစ်အော်သကဲ့သို့ ဤသို့မပွားများသူတို့သည် နောင်အခါ၌ ကြောက်မက်ဖွယ်ဟစ်အော်လျက် သေခြင်းကို ပြုရတတ်၏။ ထို့ကြောင့် မရဏဿတိကို ပွားများအပ်၏"

ဟု ဟောတော်မူသည်ကို ၁၆နှစ်အရွယ် ယက်ကန်းသည်မလေးသည် နာကြားရချိန်မှစ၍ အမြဲပွားများနေ၏။ နောင်သုံးနှစ်ကြာပြီး မြတ်စွာဘုရား အာဠဝီသို့ ပြန်ကြွလာသောအခါ တရားပွဲ၌ ထိုယက်ကန်းသည်မလေးကို ပုစ္ဆာလေးခု မေးလေ၏-

> ၁။ သတို့သမီးငယ်...သင်ဘယ်က လာသနည်း? မသိပါဘုရား။
>
> ၂။ ဘယ်ကို သွားမည်နည်း? မသိပါဘုရား။
>
> ၃။ သင်မသိဘူးလား? သိပါတယ်ဘုရား။
>
> ၄။ သင်သိသလား? မသိပါဘူးဘုရား။

၄င်းတရားအဆုံး၌ ယက်ကန်းသည်မလေး သောတာပန်တည်သွား၏။ ဖခင်၏ လွန်းအိမ်ဖြင့်ရင်ဝသို့ထိုးမိပြီး သေဆုံးသောအခါ တုသိတာနတ်ပြည်၌ ဖြစ်ရ၏။

(ပေသကာရဓီတာဝတ္ထု၊ ဓမ္မပဒ၊ ဠ၊ ဒ၊ ၁၁၁။)

## သေခါနီးလျှင် အရေးကြီး၊ နကုလမာတာကို နမူနာယူသင့်

နကုလပိတာ သူဌေးကြီး သေလုမတတ် ရောဂါများနှိပ်စက်ဖိစီး ခံနေရချိန်တွင် နကုလမာတာ သူဌေး ကတော်ကြီးက-

"သူဌေးကြီး...ငွေကွက်တွယ်တာခြင်း ရှိသည်ဖြစ်၍ မသေပါလင့်၊ ငွေကွက်တွယ်တာလျက် သေရခြင်း သည် ဆင်းရဲလှပါ၏။ ငွေကွက်တွယ်တာ၍ သေရခြင်းမျိုးကိုလည်း မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါ၏။ သင် ကွယ်လွန်သွားသောအခါ အိမ်ထောင်ကို ကောင်းစွာထိန်းသိမ်းလျက် သားသမီးများကို လုပ်ကျွေးနိုင် ပါ၏။ ကျွန်ုပ်ကို နောက်အိမ်ထောင်ပြုလိမ့်မည်ဟုလည်း မပူပါနဲ့။ သင်မရှိသည့်နောက်ပိုင်း ဘုရားနှင့် သံဃာတော်များကို ဖူးမြော်ကြတော့မည်မဟုတ်ဟုလည်း မပူပါနဲ့။ အကျွန်ုပ်သည် သီလကိုဖြည့်ကျင့် ထားပါ၏။ သမာဓိဖြင့် လည်း ငြိမ်းအေးမှုရပါ၏။ တွေးတောယုံမှားမှုကင်းကာ သာသနာတော်၌လည်း ထောက်တည်ရာကို ရထားပါ၏။"

ဟု သွန်သင်အပ်သည်ရှိသော် နကုလပိတာ သူဌေးကြီးမှာ တခဏချင်း ငြိမ်းအေးမှုရကာ အနာရောဂါ ပျောက်ကင်းသွား၏။ ၎င်းနောက် မြတ်စွာဘုရားထံသွား၍ ဤအကြောင်း လျှောက်ထားလေ၏။

(နကုလပိတုသုတ်၊ သာရဏီယဝဂ်၊ အင်္ဂုတ္တိုရ်၊ ဆဋ္ဌကနိပါတ။)

## အနာထပိဏ်သူဌေးကြီး၏ နောက်ဆုံးအချိန်

အနာထပိဏ်သူဌေးကြီး အသက်ကြီး၍ သေခါနီးတွင် တစ်ကိုယ်လုံး ပြင်းထန်သော ဝေဒနာများ ခံစား လာရ၏။ ထိုအခါ ရှင်သာရိပုတြာမထေရ်နှင့် ရှင်အာနန္ဒာမထေရ်တို့ကို အပင့်ခိုင်းပြီး တရားနာ၏။ ရှင်သာရိပုတြာ မထေရ်ကြီးက ပစ္စည်းဥစ္စာနှင့် ဘဝအပေါ်တွင် စွဲလမ်းမှုများ ကင်းပျောက်စေနိုင်သည့် ဝိပဿနာတရားများ ဟောကြားတော်မူ၏။ နာကျင်မှုဝေဒနာများ ကင်းပျောက်ကာ ကွယ်လွန်သောအခါ၌ တုသိတာနတ်ပြည်၌ ဖြစ်ရ၏။ (အနာထပိဏ္ဍိကောဝါဒသုတ်၊ ဥပရိပဏ္ဏာသ၊ ၃၀၁။)

## သောက

မိဘဆွေမျိုးတို့ ပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊ ကျန်းမာရေးပျက်စီးခြင်း၊ သီလပျက်စီးခြင်း၊ အယူပျက်စီးခြင်းတို့နှင့်၎င်း၊ အခြားဒုက္ခရောက်ကြောင်းတရား တစ်ခုခုနှင့်၎င်း တွေ့ကြုံသောအခါ စိုးရိမ် ပူပန်ခြင်း၊ အတွင်းလှိုက်ပူလောင်ခြင်း၊ ရင်တွင်းသို့ သောကမြားစူးဝင်ခံနေရခြင်းတို့သည် စိုးရိမ်ခြင်းဒုက္ခ မည်၏။

## ပဋာစာရီ၏ သောကအပူမီး

ပဋာစာရီသည် လင်မြွေကိုက်၍ ဆုံး၏။ သားကြီး ရေမျော၍ သေ၏။ သားငယ်ကို စွန်ချီသွား၏။ အမေ၊ အဖေနှင့် အကိုတို့ မုန်တိုင်းတိုက်၍ အိမ်ပြိုကျသေဆုံး၏။ ပစ္စည်းဥစ္စာ အားလုံးဆုံး၏။ ထိုသို့ မိမိချစ်ခင်သော၊ မိမိအားကိုးထားသော အရာများအားလုံး ဆုံးရှုံးသွား၍ အပူများ တစ်ခုပြီးတစ်ခု ရိုက်ခတ်မှုကြောင့် သောကများ ပူလွန်းအားကြီးပြီး နောက်ဆုံး သွေးပျက်ကာ သတိလွတ်လျက် အရူးမအဖြစ်သို့ ရောက်ရရှာ၏။ တဏှာ လောဘသည် သောကဟူသော အကျိုးကိုသာ မုချပေးတတ်၏။

## ဘီလူးမ၏ သောကမီး

ဟာရာဏသီမင်း၏ မိဖုရားကြီး အကျင့်ဖေါက်ပြန်သဖြင့် သေတော့ အသဿမုခီ ဘီလူးမဖြစ်၏။ ကျောက်ဂူ တစ်ခုတွင်နေကာ ခရီးသွားများကို ဖမ်းစားနေ၏။ တနေ့တွင် ကုန်သည် ပုဏ္ဏားတစ်ယောက်ကို ဖမ်းမိပြီး သူက ကြိုက်မိသဖြင့် မစားဘဲ လင်အဖြစ်ပေါင်းသင်း၏။ အပြင်သွားလျှင် ကျောက်ဂူ၌ပိတ်ထားခဲ့၏။ နောင်တွင် သား တစ်ယောက်ရလာ၏။ ၄င်းသား ကြီးသောအခါ မိခင်ဘီလူးမနှင့် အတူမနေလို၍ အဖေကို ထမ်းပြေး၏။ မိခင် ဘီလူးမကြီးပိုင်သော နယ်စပ်မြစ်ကျော်လျှင် မိခင်မှာ မလိုက်နိုင်တော့ပေ။ ဘီလူးမမှာ သားကို ဆုံးရှုံးရသည့် သောကမီးပူကြောင့် မြစ်တစ်ဖက်ကမ်းတွင် ရင်ကို ထုကာ ထုကာ ငိုကြွေးရင်း သေဆုံးကာ ကျန်ရစ်ခဲ့၏။

(ပဒကုသလဇာတ်၊ နဝကနိပါတ်။)

## ပရိဒေဝ

ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့်တွေ့ကြုံရသောအခါ စိုးရိမ်ပူပန်မှုများဖြစ်ပြီး အမျိုးမျိုးအဖုံဖုံ ညည်းညူအော်ဟစ် ကာ တမ်းတပြောဆိုလျက် ပြင်းစွာ ငိုကြွေးတတ်ကြ၏။ အရှူးပမာ ပရမ်းပတာ ပြောဆိုငိုကြွေးတတ်ကြ၏။ ထိုသို့ အသံထုတ်ငိုကြွေးခြင်းကိုပင် "ပရိဒေဝ"ဟု ခေါ်၏။

## အာနန္ဒာငိုကြွေးခန်း

အာနန္ဒာသည် မြတ်စွာဘုရား ကုသိနာရုံ၌ ပရိနိဗ္ဗာန်စံပြီးနောက် ဘုရား၏ သပိတ်သင်္ကန်းများယူကာ သာဝတ္ထိသို့ ပြန်သွား၏။ မြို့သူမြို့သားများက အတူတကွ ညီနောင်နှစ်ပါး အမြဲသွားနေသည်ကို တွေ့နေကြမို့ ဘုရားမပါတော့ဘဲ ပြန်လာသော အာနန္ဒာကို တွေ့ရ၍ လူးလိမ့်ငိုကြွေးကြ၏။ ထိုအခါ အာနန္ဒက မမြဲသည့် အနိစ္စသဘော တရားများကို ဟောကြားကာ လူများကို သောကသက်သာရာ ရစေ၏။

သို့သော် သူကိုယ်တိုင်ကမူ ဂန္ဓကုဋီကျောင်းအတွင်း ဘုရားရှိစဉ်ကကဲ့သို့ ဝေယျာဝစ္စလုပ်သော အခါ၌ ကား "ဒီအချိန်ဟာ အရှင်ဘုရားရဲ့ ရေချိုးချိန်မဟုတ်လားဘုရာ့။ ဒီအချိန်က တရားဟောချိန် မဟုတ်လားဘုရာ့။ ဒီအချိန်က သြဝါဒပေးချိန် မဟုတ်လားဘုရာ့"ဟု သူ့အချိန်ရောက်တိုင်း ယခင်ကလျှောက်ထားသည့်အတိုင်း ပြောဆိုကာ ငိုငိုနေ၏။ ထိုအခါ အနီးရှိနတ်သားတစ်ယောက်က "အရှင်ဘုရားတို့ကိုယ်တိုင်က ဒီလိုငိုနေရင် လူတွေကို ဘယ်သူက သောကငြိမ်းစေပါတော့ မလဲဘုရား"ဟုလျှောက်မှ သတိသံဝေဂ ရသွားတော့၏။

## ဒုက္ခ

ကိုယ်ဆင်းရဲမှုန်သမျှ၊ ကိုယ်ထဲ၌ မကောင်းသော အတွေ့များနှင့် တွေ့ရသဖြင့် နာကျင်ကိုက်ခဲသော ဆင်းရဲမှုန် သမျှသည် ဒုက္ခမည်၏။

## ဒေါမနဿ

စိတ်နှလုံးမသာယာခြင်း၊ စိတ်ဆင်းရဲခြင်းသည် ဒေါမနဿမည်၏။ သောကဖြစ်ခြင်းမှတပါး ကျန်သော စိတ်ဆင်းရဲမှုမှုန်သမျှ အားလုံးသည် ဒေါမနဿထဲတွင် ပါဝင်၏။

## ပျော်ကောင်းတုန်း စိတ်ဆင်းရဲရသည့် သုပြဟ္မနတ်သား

သုပြဟ္မနတ်သား နတ်သမီးတစ်ထောင်ဖြင့် နန္ဒဝန်ဉယျာဉ်ထဲတွင် ပျော်ပျော်ပါးပါး ပန်းခူးနေစဉ် ပန်းပင် ပေါ်မှ နတ်သမီး ၅-ရာ ရုတ်တရက် ပျောက်သွား၏။ ဘယ်ရောက်သွားပါလိမ့်မည်နည်းဟု ကြည့်လိုက်သောအခါ ငရဲရောက်နေသည်ကို တွေ့ရ၍ စိတ်ရဲပူပန်သွား၏။ မိမိကိုယ်ကို ပြန်ဆင်ခြင်ကြည့်သောအခါ၌လည်း မိမိသက်

တမ်းမှာ ၇-ရက်ခန့်နေပြီး စုတိတော့မည်ကို တွေ့ရ၍ ထိတ်လန့်တုန်လှုပ်သွား၏။ ထိုအခါ မြတ်စွာဘုရားထံ သို့သွား၍ အကြောက်ကင်းကြောင်းအကျင့်နှင့် မကြောက်ရသော အရပ်ဌာနတို့ကို မေးမြန်း၏။ မြတ်စွာဘုရားက-

"အရိယာမဂ်အကျင့်တရားကို ဖယ်ထား၍ငှင်း၊ တပခေါ်သော သမ္မပ္ပဓာန် ဝီရိယကို ဖယ်ထား၍ငှင်း၊ ဣန္ဒြေ ၆-ပါးတို့၌ အကုသိုလ်မဖြစ်အောင် စောင့်ထိန်းခြင်းအကျင့်ကို ဖယ်ထား၍ငှင်း၊ အလုံးစုံသော ရုပ်နာမ်တရားတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကိုဖယ်ထား၍ငှင်း သတ္တဝါတို့၏ ချမ်းသာရာကို ငါဘုရား မြင်တော်မမူ"

ဟု ဟောလိုက်သောအခါ သောတာပန်ဖြစ်သွား၍ ကြောက်လန်တုန်လှုပ်မှု စိတ်ပူပန်များလည်း ကင်းပျောက် သွား၏။

## ဥပါယာသ

စိတ်နှလုံး ပြင်းစွာပူလောင်ခြင်းသည် ဥပါယာသမည်၏။ စိုးရိမ်တော့ ငို၏၊ ငိုတော့ ကိုယ်ပင်ပန်းပြီး စိတ်ပူပန်လာ၏။ စိတ်အတွင်းက တအုံနွေးနွေးနှင့် အပြင်းဆုံးသော ပူလောင်မှုသည် ဥပါယာသမည်၏။

## သောက, ပရိဒေဝ, ဥပါယာသ သုံးပါးတို့၏ ဥပမာ

ဒယ်အိုးတွင်း၌ ဆီကျက်နေပုံနှင့် သောက၏ စိုးရိမ်ရပုံ တူ၏။
မီးပြင်းသဖြင့် ဆီများအပြင်သို့ အပြင်သို့ လျှံထွက်ကျလာခြင်းနှင့် ပရိဒေဝ၏ ငိုကြွေးမြည်တမ်းရပုံ တူ၏။
ဒယ်အိုးတွင်း၌ ကျန်ရစ်ခဲ့သောဆီများ ထိုဒယ်အိုးထဲ၌ပင် ကုန်ခန်းအောင် ကျက်နေရပုံနှင့် ဥပါယာသ၏ လှိုက်လှိုက်လှဲလှဲ ပင်ပန်းရပုံ တူ၏။

## မုန်းတာနှင့်တွဲ ဒုက္ခဘဲ

မလိုချင်သော, မနှစ်သက်သော, စိတ်နှလုံး ရွှင်ပြုံးမှုကို မဖြစ်စေနိုင်သော အဆင်း,အသံ,အနံ့, အရသာ,အတွေ့အထိ အာရုံများနှင့် မြင်ရ,ကြားရ,နံရ,စားရ,တွေ့ထိရခြင်းသည်ငှင်း၊ မိမိအကျိုးစီးပွားမဲ့ကို လိုလားသောသူများ, မိမိကောင်းစားချမ်းသာမှုကို အလိုမရှိသောသူများ, မိမိ၏ အေးငြိမ်းချမ်းသာမှုကို အလိုမရှိသောသူများနှင့်ငှင်း တွေ့ကြုံ, ပေါင်းသင်း, ဆက်ဆံ, သုံးစွဲ, ယှဉ်တွဲ, နေရခြင်းဆင်းရဲသည် "အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ"မည်၏။

## ကြိုက်တာနှင့်လွဲ ဒုက္ခဘဲ

ချစ်ခင်နှစ်သက် မြတ်နိုးအပ်သော အာရုံဝတ္ထုများ၊ ပုဂ္ဂိုလ်သတ္တဝါများနှင့် ခွဲခွါခြင်း, ကွေးကွင်းခြင်း, ပျောက်ပျက်ခြင်း, ပျက်စီးခြင်း, ဆုံးရှုံးခြင်းကြောင့် ဖြစ်သောဒုက္ခသည် "ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ"မည်၏။

## မရနိုင်တာ လိုချင်ပါ ဒါလဲဒုက္ခဘဲ

"အို,နာ,သေ စသော အထက်၌ဆိုခဲ့ပြီးသည့် သဘောတရားများသည် ငါ့အား မဖြစ်ပါမူကား ကောင်း လေစွ"ဟု အလိုရှိ တောင့်တပါသော်လည်း မရရှိနိုင်။ ထိုသို့ မရနိုင်သော,မဖြစ်နိုင်သော အရာများကို တောင့်တ နေခြင်းကြောင့် ဖြစ်သောဆင်းရဲကို "ယမ္ပိစ္ဆံ န လဗ္ဘတိ၊ တမ္ပိ ဒုက္ခံ"ဟု ခေါ်၏။

မှတ်ချက်။ ။မိမိကိုယ်ကို ကြိုးဆွဲချသေခြင်း၊ အဆိပ်သောက်သေခြင်း စသည်တို့သည် "ကဋ္ဌိတာလာဘ" ဟူသော မိမိလိုတိုင်းမရ၍ ဖြစ်သော ဒုက္ခစုပေတည်း။

## သားသေလို့ ဘယ်ဘုရားမှ မကြည်ညိုတော့

တခါက အင်္ဂလန်မှ မိခင်တစ်ယောက်သည် အသက် ၁၈-နှစ်ခန့် တစ်ဦးတည်းသောသား ရောဂါတစ်ခု ကြောင့် ဆေးရုံတွင် ဆုံးသွား၏။ သူ့သားဟာ ငယ်သေးသဖြင့် ဘုရားသခင်ဟာ မခေါ်သေးသင့်ကြောင်း၊ အသုံး မကျတော့သည့် လူအိုများကိုသာ ခေါ်သင့်ကြောင်း ဘုရားသခင်ကို အပြစ်တင်လေ၏။ ဤသို့ ပြောဆိုနေသည် ကို မြန်မာဆရာဝန်လေးတစ်ယောက်က 'သတ္တဝါများ ရှေးကံဝဋ်ကြွေးပါလျှင် ငယ်သော်လည်း သေရတတ် ကြောင်း' တရားချ၏။ ထိုအခါ မိခင်လုပ်သူက ရှေးကံမကောင်းရင် ရှေးဘဝကလူဘဲ သေသင့်ကြောင်း၊ သူ့သား ဘဝမှာ အပြစ်ကင်းနေသူ ဖြစ်သဖြင့် ဝဋ်ကြွေးလဲ မတရားကြောင်းပြောဆိုကာ "ဘယ်ဘုရားမှ မတရားဘူး" ဆိုပြီး သေခြင်းတရားအတွက် တရားခံရှာမတွေ့သဖြင့် ဖြေဆယ်မရ ဖြစ်နေ၏။

## ဘယ်သူက ပိုမိုက်သလဲ

သာဝတ္ထိမြို့ အဒိန္နပုဗ္ဗက သူဌေးကြီး၏သားသည် အသားဝါရောဂါဖြင့် ကွယ်လွန်သွား၏။ သားမှာ ကွယ်လွန်ခါနီး ဘုရားကို ဖူးလိုက်ရသဖြင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ရ၏။ ဖခင်မှာ သားငယ်အတွက် နေ့စဉ် သင်းချိုင်းသို့သွား၍ ငိုနေ၏။ ဤသည်ကို နတ်ဖြစ်သွားသောသားက တရားပြလို၍ သင်းချိုင်းသို့သွားပြီး လက် နှစ်ဖက်မြှောက်ကာ ငိုနေ၏။ သူဌေးကြီးက သူ့သားအရွယ်ဖြစ်၍ သနားပြီး 'ဘာအကြောင်းကြောင့် ငိုသနည်း' ဟု မေး၏။ သူငယ်က သူ့လှည်းမှာ လှည်းအိမ်ရှိပြီး လှည်းဘီးမရှိ၍ လနှင့်နေကို ဘီးလုပ်လိုကြောင်း၊ အခု ၎င်းကို မရ၍ ငိုနေကြောင်း ပြော၏။ ထိုအခါ သူဌေးကြီးက 'သင်ဟာ မဖြစ်နိုင်တာ-မရနိုင်တာကို တောင့်တနေ ခြင်းသည် အလွန်မိုက်မဲလှ၏'ဟု ပြောဆိုလေ၏။ ဤတွင် လူငယ်က 'အကျွန်ုပ်က မဖြစ်နိုင်သော်လည်း မျက်စိ ဖြင့် မြင်နိုင်သေး၏။ သင်က မျက်စိနှင့်တောင် မမြင်ရတဲ့သားအတွက် ငိုနေခြင်းသည် ပို၍ မိုက်မဲလှ၏'ဟု ဆိုခါမှ သူဌေးကြီး သတိသံဝေဂ ရသွား၏။ (မဋ္ဌကုဏ္ဍလီဝတ္ထု၊ ဓမ္မပဒ၊ ဌ၊ ပ။)

**လိုတာရလဲ ဒုက္ခဘဲ။** ။ "ရတာမလို-လိုတာမရ၊ သည်ဒုက္ခ"ဟု ပြောတတ်ကြ၏။ ဤဒုက္ခမျိုးသည် အကြမ်း စားမျှသာ ရှိသေး၏။ အမှန်မှာ သံသရာနယ်ပယ်အတွင်း၌ ရှိသမျှသော သတ္တဝါအားလုံးသည် ကိုယ်လိုတာကို ရခဲ့လျှင်တောင်မှ အိုမင်းဟောင်းနွမ်းမှုများလည်း ရှိနေဦးမည်ပင်။ နောက်ဆုံး ကွဲကွာကွေကွင်း သေရခြင်းကို ကား လွန်ဆန်နိုင်လိမ့်မည် မဟုတ်။ ဖြစ်ပျက်မှု သံသရာဒုက္ခကလည်း နှိပ်စက်နေဦးမည်သာ။

## အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခ

တဏှာ,ဒိဋ္ဌိဟူသော ဥပါဒါန်တို့၏ စွဲလမ်းမှုကို ခံရသော လောကီ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခပင် ဖြစ်၏။ ဥပါဒါနက္ခန္ဓာ ရှိနေသမျှ ကာလပတ်လုံး အို,နာ,သေ စသော ဒုက္ခများသည် ရှိနေဦးမည်။ အချုပ်အားဖြင့် ဆိုရသော် ရုပ်ရှိလျှင် ရုပ်ကိုမှီ၍ ကိုယ်စိတ်ဆင်းရဲ ဖြစ်မည်။ နာမ်ရှိလျှင် နာမ်ကိုမှီ၍ ကိုယ်စိတ်ဆင်းရဲ ဖြစ်မည်။

[မှတ်ချက်။ ။တဏှာ,ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းနိုင်သော မဂ်လေးပါး ဖိုလ်လေးပါးတွင် ပါဝင်သော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော နာမ်တရား အစုတို့ကို ရိုးရိုးခန္ဓာဟုသာ ခေါ်ရ၏။ ဥပါဒါနက္ခန္ဓာဟု မခေါ်ရ။]

**ဥပါဒါနက္ခန္ဓာဟူသည်။** ။မြက်ကြောင့်တောက်သောမီးကို မြက်မီးဟု ခေါ်သကဲ့သို့ ဥပါဒါန်၄-ပါးကြောင့် ဖြစ်သော ခန္ဓာကို ဥပါဒါနက္ခန္ဓာဟု ခေါ်၏။
တနည်း။ ။မင်းအာဏာကို နာခံရသော ယောက်ျားကို မင်းခယောက်ျားဟု ခေါ်သကဲ့သို့ ဥပါဒါန်၄-ပါး တို့၏ အာဏာပေးခြင်းကို ခံရသော ခန္ဓာကို ဥပါဒါနက္ခန္ဓာဟု ခေါ်၏။

-------------------------------------------

## သမုဒယသစ္စာ

**ကတမံ စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ? ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။**

**ရဟန်းတို့.....ဤသည်ကား ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏အမှန်တရား 'သမုဒယ အရိယ သစ္စာ' ပေတည်း။ အကြင်တဏှာသည် ဘဝသစ်ကိုလည်း ဖြစ်စေတတ်၏။ နှစ်သက်ခြင်း တပ်မက်ခြင်း သဘောရှိ၏။ ထိုထိုကြုံရာတွေ့ရာ ဘဝအာရုံတို့၌ နှစ်သက်လက်ခံ ပျော်မွေ့လေ့ရှိ၏။**
**ထိုတပ်မက်မှု တဏှာဟူသည် အဘယ်နည်း? ကာမ၌ တပ်မက်မှု 'ကာမတဏှာ'၊ တည်မြဲ၏ဟု ယူသော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တပ်မက်မှု 'ဘဝတဏှာ'၊ သေလျှင် ပြတ်စဲ၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွ ဖြစ်သော တပ်မက်မှု 'ဝိဘဝတဏှာ' တို့တည်း။**

**အကြောင်းကိုညွှန်ပြ။** ။ လောကကြီး(ဝါ)ဘဝကြီးသည် ဆင်းရဲအတိသာ ပြည့်နေကြောင်း ဆင်းရဲများကို ညွှန်ပြပြီး၍ ထိုဘဝဟူသော ဆင်းရဲကို ပြဟ္မာ,ထာဝရတို့ဖန်ဆင်း၍ ဖြစ်သည်မဟုတ်။ တဏှာက ဖန်ဆင်း၍ ဖြစ်သည်ဟု ဒုက္ခ၏အကြောင်းမှန်ကို ဆက်ပြလိုသဖြင့် သမုဒယသစ္စာကို ဒုတိယဟောတော်မူ၏။
ထိုသို့ ဘဝ၏လက်သည်ကို ညွှန်ပြနိုင်လိုက်ခြင်းကြောင့် ဗုဒ္ဓဘာသာကို အခြားဘာသာများမှ မတူ ထူးခြားအောင် လုပ်ပေးလိုက်ခြင်းဖြစ်၏။ ဗုဒ္ဓမပေါ်မီက စွဲလမ်းခဲ့သော အယူမှားများကိုလည်း ခြေဖျက်နိုင် လိုက်၏။ သမိုင်းတွင် သွေးမြေမကျသော တော်လှန်ရေးကြီးပင် ဖြစ်၏။

**တဏှာဟူသည်။** ။ဆာလောင်တတ်သောကြောင့် တဏှာဟု ခေါ်၏။

**တဏှာကို ဒုက္ခသမုဒယဟု ခေါ်ပုံ။** ။အဝိဇ္ဇာ,ကံ စသော အကြောင်းတရားများနှင့် ပေါင်းဆုံမိသည် ရှိသော် ဒုက္ခဟူသော အကျိုးတရားကို ဖြစ်စေတတ်သောကြောင့် တဏှာကို ဒုက္ခဖြစ်ခြင်း၏အကြောင်း 'ဒုက္ခသမုဒယ'ဟု ခေါ်သည်။

[သမုဒယ=သံ+ဥ+အယ။ သံ=အဝိဇ္ဇာစသော အကြောင်းတို့နှင့်ပေါင်းမိခြင်း၊ ဥ=ဖြစ်ခြင်း၊ အယ=အကြောင်း၊ သမုဒယ၏ တရားကိုယ်မှာ တဏှာလောဘဖြစ်၏။ ထိုတဏှာလောဘသည် သူ့ချည်းသက်သက် ဒုက္ခ၏ ဖြစ်ကြောင်းမဟုတ်။ တဏှာအရင်းခံ၍ အဝိဇ္ဇာဖုံးမှုကြောင့် ကံအမျိုးမျိုးကို ပြုလုပ်မိလေရာ ထိုအဝိဇ္ဇာ,ကံ စသော အခြားအကြောင်းများနှင့် ပေါင်းမိမှသာ ဇာတိဒုက္ခ စသည်တို့ ဖြစ်ပေါ်လာဖို့ အကြောင်းဖြစ်ရ၏။]

**သမုဒယသစ္စာအနက် ၄-ချက်**

၁။ အာယူဟနဋ္ဌော = ထိုထိုဘဝ ထိုထိုအာရုံတို့၌ ပြန့်နှံ့၍ ဒုက္ခအစုကို ဖြစ်စေခြင်း အနက်သဘော၊
၂။ နိဒါနဋ္ဌော = ဒုက္ခကိုအပ်နှင်းသကဲ့သို့ ဖြစ်စေတတ်သည်၏အဖြစ် ဟူသောအနက်၊
၃။ သံယောဂဋ္ဌော = သံသရာ၌ ယှဉ်စေခြင်းဟူသော အနက်သဘော၊
၄။ ပလိဗောဓဋ္ဌော = သံသရာမှထွက်ကြောင်းဖြစ်သော မဂ်တရားကို နှောင့်ယှက်တားမြစ်ခြင်း အနက်သဘော၊

**ပေါနောဘဝိကာ။** ။တဏှာသည် အဖန်ဖန် အထပ်ထပ် ဘဝသစ်ကို ဖြစ်အောင်လုပ်တတ်၏။ ထို့ကြောင့် ပေါနောဘဝိကာ ဟုခေါ်၏။

**တဏှာသတ္တိ ၃-မျိုး**

၁။ ဘဝအသစ်ကို တိုက်ရိုက်အကျိုးပေးနိုင်သော တဏှာ။
၂။ ဘဝသစ်ကို ဖြစ်စေနိုင်သော တဏှာ။
၃။ အခြားကံကြောင့် ပဋိသန္ဓေတည်နေပြီးသော ခန္ဓာကိုယ်၌ ပဝတ္တိကျိုးမျှကိုသာ ဖြစ်စေတတ်သော တဏှာ။

**တဏှာပါမှ ကံက အကျိုးပေး။** ။ပြုလုပ်အပ်သော ကုသိုလ်,အကုသိုလ် ကံ၂-ပါးသည် တဏှာဖြင့် သာယာ တပ်မက်မှု ရှိမှသာလျှင် ဘဝသစ်၌ အကျိုးကိုပေး၏။

ထို့ကြောင့် ဘုရားရဟန္တာတို့ ပြုအပ်သော အလုံးစုံသော သုစရိုက်ကံများသည် တဏှာကို အကြွင်းမဲ့ ဖြတ်ပြီးသောကြောင့် ကုသိုလ်အကုသိုလ်ကံများ မဖြစ်တော့ဘဲ ကြိယာမျှသာ ဖြစ်တော့၏။

ကတူပစိတမ္ပိ ကမ္မံ တဏှာယ အသဿာဒိတမေဝ ဝိပါကံ အဘိနိပ္ဖါဒေတိ။ (ဝိဘာဝနီ ဋီကာ)
ခီဏာသဝေန ကတကမ္မံ ပန နိစ္ဆိန္နရာဂတ္တာ ကုသလံ ဝါ အကုသလံ ဝါ န ဟောတိ၊ ကြိယာဌာနေ တိဋ္ဌတိ။ (နိဒါန၊ ဋ္ဌ။ ဥပရိ၊ ဋ္ဌ။)

**နန္ဒီနှင့် ရာဂ။** ။အာရုံကိုနှစ်သက်တတ်သောကြောင့် နန္ဒီ။ အာရုံကို တပ်မက်တတ်သောကြောင့် ရာဂ။
မှတ်ချက်။ ။နန္ဒီရာဂနှင့် တဏှာဟူသောစကားသည် သဒ္ဒါအားဖြင့်သာကွဲ၏။ အနက်အဓိပ္ပါယ်ကား အတူတူပင်တည်း။

**နန္ဒီနှင့် နန္ဒီရာဂ အထူး။** ။အာရုံတစ်မျိုးတည်းကို ဖြစ်စေ၊ အာရုံတစ်မျိုးကို တခါသာဖြစ်စေ နှစ်သက်မိခြင်းကို နန္ဒီ။ အာရုံတစ်မျိုးတည်းကိုဖြစ်စေ, အာရုံအမျိုးမျိုးကိုဖြစ်စေ အကြိမ်အခါများစွာ ခံမင်နှစ်သက်ခြင်းကို နန္ဒီရာဂ။
(အဋ္ဌသာလိနီ)

**တတြတတြာဘိနန္ဒိနီ။** ။ခန္ဓာကိုယ်တို့၏ ရှိရာ, ဖြစ်ရာဖြစ်သော ဘုံဘဝတို့ကို အလွန်အမင်း နှစ်သက်တတ်သော ထိုတဏှာကိုပင် တတြတတြာဘိနန္ဒီ ဟုခေါ်၏။
တနည်း။ ။ ရူပါရုံစသော ထိုထိုအာရုံ အရပ်ရပ်တို့ကို အလွန်နှစ်သက်တတ်သောကြောင့်လည်း ထိုတဏှာကို တတြတတြာဘိနန္ဒီ ဟုခေါ်၏။

**စမွေယျ နဂါးမင်း။** ။အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့ စစ်ဖြစ်သောအခါ စမွေယျ နဂါမင်း၏ အကူအညီဖြင့် မဂဓတိုင်းဘုရင်က အနိုင်ရသွား၏။ ဤကျေးဇူးကြောင့် နှစ်တိုင်း မဂဓဘုရင်က စမွေယျမြစ်ကမ်းပါး၌ ရတနာ မဏ္ဍပ်ဖြင့် စမွေယျနဂါးမင်းကြီးကို ပူဇော်ပွဲလုပ်၏။ ဘုရားလောင်းသူဆင်းရဲသားသည် နဂါးမင်းစည်းစိမ်ကို တွေ့ရသောအခါ နဂါးစည်းစိမ်ကို တပ်မက်သဘောကျ၏။ ၎င်းစည်းစိမ်မျိုးရရေးဆုတောင်းလျက် ဒါနသီလ ကုသိုလ်များ ပြုလုပ်၏။ စမွေယျနဂါးမင်းကြီး သေသောအခါ ၎င်းနေရာ၌ နဂါးမင်းကြီး သွားဖြစ်လေ၏။

(စမွေယျဇာတ်၊ဝီသတိနိပါတ်၊ ၃၄၄။)

**ဥပရိမိဖုရား။** ။ကာသိတိုင်း အဿကဘုရင်ကြီး၏ အလွန်ချောမော လှပသည့် မိဖုရားခေါင်းကြီး အရွယ် ကောင်းတုန်း သေသွား၏။ မင်းကြီးများ မပစ်ရစ်ဘဲ ဆေးစိမ်ထားကာ ၇-ရက်လုံးလုံး သောက ပူဆွေးနေ၏။ ဈာန်အဘိညာဏ်ရသော ဘုရားလောင်းရသေ့ ဥယျာဉ်ထဲ ရောက်လာပြီး မိဖုရားခေါင်းကြီးဟာ အခု နွားချေးပိုးမ ဖြစ်နေကြောင်း ပြောပြ၏။ ဘုရင်ကြီးက မယုံသဖြင့် တန်ခိုးဖြင့်ခေါ်ပြလိုက်မှ ယုံသွား၏။

ဤဝတ္ထုဆိုလိုရင်းမှာ ဥပရိမိဖုရားကြီးသည် လူဖြစ်တုန်းက မိဖုရားအဖြစ်ကို သာယာနေခဲ့၏။ သေပြီး နွားချေးပိုးမ ဖြစ်တော့လဲ ၎င်းဘဝမှာ ပျော်နေပြန်၏။ "နွားချေးပိုးဖြစ်ရချေရဲ့"ဟု စိတ်မပျက်။

## မယားချစ်လို့ မြွေ, ခွေး, နွားဖြစ်

သီဟိုဠ်တောင်ပိုင်း ရွာတစ်ရွာမှ ညီအစ်ကိုနှစ်ယောက် ရှိရာ ညီက မရီးနှင့် ဖေါက်ပြန်၏။ မရီးက ပြောသဖြင့် အစ်ကိုရေချိုးနေခိုက် ပဲခွပ်ဖြင့် ခုတ်သတ်လိုက်၏။ မိန်းမကိုစွဲပြီး သေသွားသဖြင့် အိမ်၌ မြွေဖြစ်ရ၏။ ၎င်းမြွေအသတ်ခံရတော့ အိမ်၌ ခွေးဖြစ်ပြန်၏။ ခွေးမှုဆိုးဟု သူများကဲ့ရဲ့ခံ၍ ရက်ပြီး ခွေးကိုသတ်လိုက်သော အခါ အိမ်၌ နွားဖြစ်ပြန်၏။ နွားဖြစ်တော့လဲ သူ့နောက်ကို တကောက်ကောက်လိုက်နေသဖြင့် နောက်တော့ ရှက်ပြီး နွားလေးသတ်လိုက်ပြန်၏။ ၎င်းဘဝပြီးတော့ ထိုမိန်းမဝမ်း၌ပင် သားလေးသွားဖြစ်၏။

ထိုသားလေးမွေးတော့ ဘဝဟောင်းကို မှတ်မိနေပြီး မိခင်ကို အချီမခံတော့။ အဖိုးက ထိန်းရ၏။ အရွယ် ရောက်တော့ မြေးအဖိုး အိမ်မှထွက်ပြေးကာ သင်္ကန်းဝတ်သဖြင့် ရဟန္တာများ ဖြစ်သွားကြ၏။

(အင်္ဂုတ္တိုရ်၊၃၊၂၊ ၁၈၉။)

## မော်လမြိုင်က ဓမ္မကထိက ဆရာတော်

(၁၂၉၁)ခုနှစ်ဝန်းကျင်လောက်တွင် မော်လမြိုင်မှ ဓမ္မကထိက ဆရာတော်ကြီးတစ်ပါး ဓားထိုးအသတ်ခံ ရ၏။ ၃-နှစ်လောက် နေပြီးသောအခါ မြိတ်ဘက်မှ ကလေးတစ်ယောက် သူ့မိဘများနှင့် ရောက်လာ၏။ ကျောင်းရှိပစ္စည်းများ အားလုံးကိုလည်း မှတ်မိ၏။ အနီးဝန်းကျင် ဆရာတော်များကိုလည်း မှတ်မိ၏။ ရှေးက အတိုင်း ခေါ်၏။ ကပ္ပိယကြီး နာမည်မေးသောအခါ "အမလေး-ကြောက်ပ, ကြောက်ပ"ဟု ဆိုလေသတတ်။ အကြောင်းကို မေးသောအခါ ဒီလူဟာ သူ့ကို ဓားနဲ့ထိုးသတ်ခဲ့ကြောင်း၊ သူကထွက်ပြေးတော့ ကမ်းနားမှာ လှေကြီး တစ်စင်းနှင့်တွေ့ပြီး လိုက်သွားကြောင်း၊ မြိတ်ရောက်တော့ အခုလက်ရှိ သူ့မိဘအိမ်မှာ ဝင်စား ကြောင်းများ ပြန်ပြောသတတ်။ (ထွက်ပြေးပုံ၊ ကမ်းနားရောက်ပုံ၊ လှေစီးပုံ၊ လက်ရှိသူ့မိဘအိမ်မှာ ဝင်စားပုံ များမှာ သေခါနီးဂတိနိမိတ် ထင်ပုံများဖြစ်၏။ ကြားဘဝမဟုတ်။) (မဟာစည်၊ ဓမ္မစကြာတရားတော်ကြီး၊ ၂၁၇။)

# တဏှာသုံးပါး

**ကာမတဏှာ။** ။အာရုံငါးပါး ကာမဂုဏ်များကို သာယာတတ်သော တဏှာကို ကာမတဏှာ ဟုခေါ်၏။

မိမိသန္တာန်က အာရုံဖြစ်စေ၊ သူတပါးသန္တာန်က အာရုံဖြစ်စေ နှစ်သက်စရာအာရုံကို လိုချင်လျှင် ကာမတဏှာ ဟုခေါ် ၏။

**ဘဝတဏှာ။** ။ "ဘဝ=မပြတ်မစဲ အမြဲရှိနေခြင်း၊ ဖြစ်နေခြင်း"ဟု အဓိပ္ပါယ်ရ၏။ "ရုပ်ကြမ်းကိုယ်ကြီး သေသော်လည်း အတ္တကောင်ကား မသေ၊ အမြဲတမ်း ရှိမြဲရှိနေတယ်"ဟု သဿတဒိဋ္ဌိနှင့် ယှဉ်တွဲပြီးဖြစ်လျှင် ဘဝတဏှာ မည်၏။

ထို့ကြောင့် အတ္တကောင်, အသက်ကောင် အမြဲရှိနေသည်ကို နှစ်သက်သဘောကျ၏။ "ရှေးကရှိခဲ့သော ငါသည်ပင် အခုလည်း ခံစားနေ၏။ နောင်လည်း ခံစားသွားမည်"ဟု ယုံကြည်လျက် အာရုံများကို နှစ်သက် လိုချင်၏။ ဤအတ္တသည်ပင် နောက်ဘဝ၌ခံစားလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာများ ရရေးအတွက် ကုသိုလ်ကောင်းမှုများ ပြုကြ၏။ အချို့လည်း ဆရာမှားကို ချဉ်းကပ်မိသဖြင့် အကုသိုလ်များကိုပင် ကုသိုလ်ဟုထင်မှတ်ကာ နောက်ဘဝကောင်းစားရေးအတွက် ပြုလုပ်ကြ၏။ ထိုတဏှာဖြင့် ပြုလုပ်သော ကံများကပင် နောက်ထပ်ဘဝများကို ထုတ်လုပ်ပေးသဖြင့် ပေါနောဘဝိကာဟု ဆိုခြင်းဖြစ်၏။

**ဘဝတဏှာ ၄-မျိုး**

၁။ ကာမဘဝကို တောင့်တတတ်သောတဏှာ၊

၂။ သဿတဒိဋ္ဌိနှင့် တကွဖြစ်သောတဏှာ၊

၃။ ရူပဘဝ အရူပဘဝကို တပ်မက်တတ်သောတဏှာ၊

၄။ ရူပဈာန် အရူပဈာန်ကိုနှစ်သက်တတ်သော တဏှာ၊

**ဝိဘဝတဏှာ။** ။ "ဝိဘဝ=ဖြစ်မှု-ရှိမှု ကင်းခြင်း၊ ပြတ်ခြင်း"ဟု အဓိပ္ပါယ်ရ၏။ "မသေခင်သာ ရှိပြီး သေလျှင်ပြတ် ၏"ဟု ဥစ္ဆေဒအယူနှင့် ယှဉ်တွဲဖြစ်သောတဏှာသည် ဝိဘဝတဏှာမည်၏။

"ဘဝဟူသည် အရင်က မရှိခဲ့ပေ၊ လာမည့်အနာဂတ်မှာလည်း ရှိလိမ့်မည် မဟုတ်ပေ။ ယခုပစ္စုပ္ပန်မှာ ရှိသောဘဝလည်း သေပြီးလျှင် ပြတ်မည်သာ"ဟု ယူဆလျက် ပစ္စုပ္ပန်ဘဝ ကောင်းစားရေးတစ်ခုတည်း အတွက် သာ လုပ်တော့၏။ ၎င်းအယူဖြင့် လုပ်သမျှကံသင်္ခါရများကြောင့် နောက်ထပ် ဘဝသစ်များကို ပြန်လည် ဖြစ်စေ ပြန်၏။

**ဘာသာပြန်အမှား။** ။အနောက်နိုင်ငံသားများက "ဝိဘဝတဏှာ"ဟူသော ပါဠိကို လွဲမှားစွာ ဘာသာပြန် ထား၏။ ဤ၌ "ဝိဘဝ" သဒ္ဒါသည် "စည်းစိမ်"ဟူသောအနက်၊ "ဘဝကင်းပြတ်ခြင်း"ဟူသောအနက် အဓိပ္ပါယ် နှစ်မျိုးရ၏။ သူတို့က ပထမအဓိပ္ပါယ်ဖြင့် စည်းစိမ်ကိုတွယ်တာသော တဏှာကို "ဝိဘဝတဏှာ"ဟု ဘာသာ ပြန်ကြ၏။ သူတို့ဘာသာပြန်များတွင် "ကာမဂုဏ်အာရုံများကို စွဲလမ်းလျှင် ကာမတဏှာ၊ ဘဝကိုစွဲလမ်းလျှင် ဘဝတဏှာ၊ စည်းစိမ်ကိုစွဲလမ်းလျှင် ဝိဘဝတဏှာ"ဟု တွေ့ရ၏။

(ဆရာတော်ဦးသီလာနန္ဒ၏ အခြေခံဗုဒ္ဓဘာသာသင်တန်းမှ)

**"ချစ်သား ရဟန်းတို့....ဤသံသရာသည်ကား အစမရှိ။ အဝိဇ္ဇာက ပိတ်ဖုံးပြီး တဏှာ သံယောဇဉ်ကြိုးဖြင့် ဖွဲ့နှောင်တုပ်ချည်ခြင်း ခံထားကြရသော သတ္တဝါတို့၏ သံသရာ အစသည်ကား မထင်မြင်နိုင်။**

ချစ်သား တို့...သမုဒ္ဒရာခြောက်စင်း ခမ်းခြောက်သွားသော အခါမျိုးကား ရှိနိုင်သေး၏။ မဟာမြင့်မိုရ်တောင်မင်း မီးလောင်ပျက်စီးခြင်းကြောင့် မဖြစ်ပေါ်လာနိုင်သော အခါမျိုးကား ရှိနိုင်သေး၏။ ဤမဟာပထဝီမြေကြီး မီးလောင်ပျက်စီး ခြင်းကြောင့် ပြန်မပေါ်လာနိုင်တော့သော အခါမျိုးကား ရှိနိုင်သေး၏။ အဝိဇ္ဇာဖြင့် အပိတ် ဖုံးခံထားကြရပြီး တဏှာသံယောဇဉ်ကြိုးဖြင့် ချည်နှောင်ခြင်း ခံထားကြရသော သတ္တဝါတို့၏ အဆုံးကိုကား ငါဘုရား မဟောနိုင်သည်သာတည်း။"

သံယုတ္တနိကာယ်၊ ဂဒ္ဒုလဗဒ္ဓသုတ်

******************************************

# နိရောဓသစ္စာ

ကတမံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ-နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

ရဟန်းတို့......ဤသည်ကား ဆင်းရဲ၏ချုပ်ရာ အရိယာတို့၏အမှန်တရား 'နိရောဓ အရိယသစ္စာ' ပေတည်း။ ယင်းဆင်းရဲ၏ ချုပ်ငြိမ်းရာဟူသည် ထိုတပ်မက်မှုတဏှာ၏သာလျှင် အကြွင်းမဲ့ စွဲမက်မှုကင်းပျောက် ချုပ်ငြိမ်းရာ စွန့်လွှတ်ရာ တစ်ဖန်စွန့်လွှတ်ရာ လွတ်မြောက်ရာ မကပ်ငြိရာ နိဗ္ဗာန်ပင် ဖြစ်၏။

## တတိယသစ္စာ

လောကကြီး၏ ဆင်းရဲအတိပြည့်နေသဖြင့် သာယာဖွယ်မရှိပုံကိုငှင်း၊ ထိုဆင်းရဲ၏အကြောင်းဖြစ်သည့် တဏှာကို ညွှန်ပြပြီး၍ ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်တရားကို ပြတော်မူလို၍ နိရောဓသစ္စာကို ဘုရားရှင်ဟောတော်မူပါသည်။

## "ဒုက္ခနိရောဓ"ဟု ဆိုသော်လည်း "သမုဒယနိရောဓ"ကိုသာ ပြခြင်း

အနာဖြစ်ရာ အကြောင်းငြိမ်းသွားမှသာလျှင် အနာပျောက်ငြိမ်းနိုင်သကဲ့သို့ ဒုက္ခဖြစ်ရာ တဏှာဟူသော အကြောင်းသမုဒယ ငြိမ်းမှသာလျှင် အကျိုးဒုက္ခသစ္စာလည်း ချုပ်ငြိမ်းနိုင်မည်ဖြစ်သောကြောင့် အကျိုးဒုက္ခသစ္စာ ချုပ်ပုံကို မဟောဘဲ အကြောင်းသမုဒယ၏ ချုပ်ပုံကိုသာ ဟောတော်မူပါသည်။

## ဘုရားရှင်သည် အကြောင်းရင်းကို ရှာသူဖြစ်

မြတ်စွာဘုရားသည် အကျိုးဒုက္ခသစ္စာ ချုပ်ငြိမ်းဘို့ရန်အတွက် ဒုက္ခကိုမပယ်။ အကြောင်းသမုဒယကိုသာ ပယ်ရန်ဟောတော်မူ၏။ ခြင်္သေ့မင်းသည် မိမိအား မြားမှန်သည်ရှိသော် မြားကိုရန်မမူဘဲ မြားလာရာအရပ်ကို သိအောင်စုံစမ်းပြီးလျှင် မြားရှင်ကို ကိုက်သတ်သကဲ့ပင်တည်း။

တိတ္ထိတို့မှာကား ဒုက္ခချုပ်ငြိမ်းရေးအတွက် ခန္ဓာကိုယ်ပင်ပန်းအောင်သာ ညှင်းပန်းနှိပ်စက် ကြကုန်၏။ အကြောင်းမှန်ချုပ်ငြိမ်းမှုကို အားမထုတ်ကြကုန်။ ဥပမာအားဖြင့် ခွေးသည် ခဲဖြင့်အပေါက်ခံရသည်ရှိသော် ထိုခဲကိုသာ လိုက်ကိုက်သည်နှင့် တူ၏။

## နိဗ္ဗာန်ကို နိရောဓ ခေါ်ပုံ

(နိရောဓ။ နိ=မရှိခြင်း, ကင်းခြင်း။ ရောဓ=ပိတ်ဆို့တားမြစ်တတ်သော ကိလေသာများ) နိဗ္ဗာန်သို့ မရောက်စေနိုင်အောင် ပိတ်ဆို့တားမြစ်တတ်သော ကိလေသာများကို မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ပယ်သတ်ပြီး ဖြစ်၍ နိဗ္ဗာန်၌ ကိလေသာများ မရှိတော့သဖြင့် နိရောဓဟုခေါ်၏။

တနည်း။ ဒုက္ခတရားတို့၏ ချုပ်ရာချုပ်ကြောင်းဖြစ်သောကြောင့် နိဗ္ဗာန်ကို နိရောဓဟုခေါ်သည်။

## နိဗ္ဗာန်ကို မုတ္တိခေါ်ပုံ

သတ္တဝါတို့ကို သံသရာမှ မထွက်နိုင်အောင်, မလွတ်အောင် တုတ်နှောင်ဖွဲ့ချည်ထားတတ်သော တဏှာမှ ကင်းလွတ်တတ်သောကြောင့် ထိုနိဗ္ဗာန်ကို "မုတ္တိ"ဟု ခေါ်၏။

## အခြားဂိုဏ်းသားတို့၏ မုတ္တိ

အခြားဂိုဏ်းသားတို့သည် စိတ်ဝိညာဉ်ကို "အတ္တ"ဟုငှင်း, "ဇီဝ"ဟုငှင်း, "ဝိညာဉ်"ဟုငှင်း အယူရှိကြ၏။ ထို အတ္တ, ဇီဝ, ဝိညာဉ်သည် စက္ခု, သောတ စသော ကိုယ်ကန္ဓြေတို့မှ လွတ်ခြင်းကို **"အတ္တမုတ္တိ"**ဟူ၍ငှင်း, **"ဇီဝမုတ္တိ"**ဟူ၍ငှင်း အယူရှိကြ၏။ ငှင်းကိုပင် မဒိုမသေ အမြဲနေသော "နိဗ္ဗာန်"ဟူ၍ အယူရှိကြ၏။

## ဒုက္ခနိရောဓ = ဒုက္ခချုပ်ပုံ

ဒုက္ခအပေါင်းတို့၏ နောက်ထပ်အသစ် မဖြစ်သောချုပ်ငြိမ်းရာကို နိဗ္ဗာန်ဟုခေါ်၏။ ဤ၌ လူနတ်ပြဟ္မာ ဟူသော ဘဝမျိုးစုံတို့၌ နောက်ထပ်အသစ် မဖြစ်မှုကိုသာ ချုပ်ငြိမ်း၏ဟု ဆိုပါသည်။ တခါတည်း ကိစ္စတုံး အပြီး အပြတ် ပျက်စီးသွားမှု(ဥစ္ဆေဒ)မျိုးကို မဆိုလိုပေ။

## နိရောဓ ၃-မျိုး

၁။ ဥပ္ပတ္တိနိရောဓ = ရုပ်နာမ်သင်္ခါရတရားတို့၏ ဖြစ်ပြီးနောက် ချုပ်သောဘင်ကို ဥပ္ပတ္တိနိရောဓ ဟုခေါ်၏။

၂။ အနုပ္ပတ္တိနိရောဓ = ရုပ်နာမ်သင်္ခါရတရားတို့၏ အကြောင်းသတ္တိတို့ကို ကုန်စေခြင်းငှာ မဂ်ကိုပွါးသဖြင့် ချုပ်ပြီးသောခန္ဓာတို့၏ နောက်ထပ်မဖြစ်ခြင်းကို အနုပ္ပတ္တိနိရောဓဟု ခေါ်၏။

၃။ အစ္စန္တ နိရောဓ = ဖြစ်ခြင်းပျက်ခြင်း အဆုံးကိုကျော်လွန်၍ ချုပ်ငြိမ်းသောနိဗ္ဗာန်ကို အစ္စန္တ နိရောဓဟု ခေါ်၏။

## နိဗ္ဗာန်၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်

၁။ သန္တိလက္ခဏံ နိဗ္ဗာနံ = နိဗ္ဗာန်သည် ငြိမ်းခြင်းလက္ခဏာ ရှိ၏။

၂။ အစ္စုတိ ရသံ = စုတိခြင်း ရွေ့လျောခြင်း ပြောင်းလဲခြင်း မရှိ။

၃။ အနိမိတ္တ ပစ္စုပဋ္ဌာနံ=နိမိတ်ပုံသဏ္ဍာန် ကင်းသောအားဖြင့် ယောဂီ၏ဉာဏ်အာရုံထဲ၌ ရှေ့ရှုထင်၏။

[မှတ်ချက်။ ။ **"လက္ခဏ"ဟူသည်** ရုပ်နာမ်တရားတို့၏ အထည်ကိုယ်၊ ပင်ကိုယ်သဘောကို ဆိုလို၏။ **"ရသ"ဟူသည်** သူ၏စွမ်းရည် သတ္တိ (သို့) သူမှာ ပြည့်စုံနေသော ဂုဏ်ကိုခေါ်၏။ **"ပစ္စုပဋ္ဌာန်"ဟူသည်** ယောဂီ၏ ဉာဏ်ထဲ၌ထင်လာသော အခြင်းအရာ ကို ခေါ်၏။]

## နိရောဓသစ္စာအနက် ၄-ချက်

၁။ နိဿရဏဋ္ဌ=သံသရာမှ ထွက်မြောက်ကြောင်းဟူသော အနက် (ဝါ) အလုံးစုံသော သင်္ခတတရားတို့မှ

ထွက်မြောက်ခြင်း အနက်။
၂။ ဝိဝေကဋ္ဌ=တဏှာသမုဒယမှ ကင်းဆိတ်ခြင်းအနက်။
၃။ အသင်္ခတဋ္ဌ=အဝိဇ္ဇာ,တဏှာ,ကံဟူသော အကြောင်းတရားတို့သည် မပြုပြင်အပ်သောအနက်။
၄။ အမတဋ္ဌ=မအို မသေ အမတောဟူသော အနက်။

**တဏှာငြိမ်းရင် ဘယ်ဌာနမှာငြိမ်း။** ။တဏှာသည် မျက်စိစသော ဒွါရ ၆-ပါး၌၄င်း၊ ရူပါရုံစသော အာရုံ ၆-ပါး၌၄င်း၊ ဝိညာဏ် ၆-ပါး၌၄င်း စသည်တို့၌ဖြစ်၏။ ပယ်လျှင်လည်း ၄င်းနေရာများ၌ပင် ပယ်ရ၏။ ချုပ်ရင်လည်း ၄င်းဌာနများ၌ပင် ချုပ်ကြ၏။

ဉပမာအားဖြင့် တောလမ်းတွင် သောင်းကျန်းနေသော သူပုန်ကိုဖမ်းပြီး မြို့တောင်ဘက်တံခါးနားတွင် သတ်လိုက်သောအခါ သူပုန်ဘေးငြိမ်းသွား၏။ သတ်တာက အခြားတနေရာတွင် သတ်သော်လည်း "တောလမ်းမှာ သူပုန်မရှိတော့ဘူး၊ ငြိမ်းသွားပြီ"ဟု ပြောရသကဲ့သို့ပင်၊ ကိလေသာသည် နိဗ္ဗာန်အငြိမ်းဓာတ်ကို အကြောင်းပြု ၍ ငြိမ်းသွားသော်လည်း သူဖြစ်ရာ မျက်စိစသော ဌာနများမှာ ငြိမ်းသွားပြီဟု ပြောရ၏။

## နိဗ္ဗာန်အငြိမ်းဓာတ် အမြဲတည်ပုံ

နိဗ္ဗာန်သည် ဥပါဒ်အားဖြင့် မဖြစ်သောကြောင့် "အဇာတ"တရားမျိုးဖြစ်၍ အကြောင်းကင်း၏(အပ္ပစ္စယ)။ ထိုသို့အကြောင်းကင်းသောကြောင့် ပြုပြင်မှုကင်း၏(အသင်္ခတ)။ ထိုသို့ပြုပြင်မှုကင်းသောကြောင့် ကာလ သုံးပါးမှ လွတ်၏(ကာလဝိမုတ္တ)။ ကာလသုံးပါးမှ လွတ်ခြင်းကြောင်း ခဏသုံးပါးမှ လွတ်၏(အက္ခဏိက)။ ခဏသုံးပါးမှ လွတ်ခြင်းကြောင့် ခိုင်မြဲသည်ဖြစ်၍ ကောင်းကင်ပညတ်ကဲ့သို့ အခါခပ်သိမ်း အမြဲတည်နေ၏။

(ပဋိသမ္ဘိဒါမဂ်ဂဏ္ဍိ)

## နိဗ္ဗာန်၏ တည်ပုံ

နိဗ္ဗာန်၌ သင်္ခတ တရားတို့တွင်ပါရှိသော ဖေါက်ပြန်တတ်သည့် "ဌီ"တရားမျိုးသာ မရှိ။ မဖေါက်မပြန် ဖြောင့်မှန်ခိုင်ကြည် အမြဲတည်နေသော "ဌီ"တစ်မျိုးကား ထင်ရှားရှိသည်ဟု မှတ်ပါ။

တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ၊ ဉပ္ပါဒေါ န ပညာယတိ၊ ဝယော န ပညာယတိ၊ ဌိတဿ အညထတ္တံ န ပညာယတိ။ (တိက်ဂုတ္တရပါဠိ)

## နိဗ္ဗာန်၌ အရောင်စသည်မရှိ

နိဗ္ဗာန်ကို အရိယာတို့၏ ဉာဏ်ဖြင့်သာ သိနိုင်၏။ ၄င်းကို မျက်စိဖြင့် မမြင်နိုင် (ဝါ) ငြိမ်သက်အေးမြလှသဖြင့် လောကဉပမာ ပြစရာလည်း မရှိ၊ ဖြစ်ခြင်း,ရင့်ခြင်း,ပျက်ခြင်း သုံးပါးကိုလွန်သဖြင့် အမြဲသစ်လွင်၍လည်း နေ၏။ သမုဒ္ဒရာ ဆိပ်ကမ်းသာပမာ ဝင်ရောက်ဖို့ရာ ကမ္ဘဌာန်းဖုံဖုံ ဆိပ်ကမ်းစုံ အဝင်ဝလည်း ရှိ၏။ (ဝါ) ကိလေသာ အညစ်အကြေး ကင်းဝေးသဖြင့် ဝင်းသစ်တောက်ပ နေ၏။

ဤနိဗ္ဗာန်၌ ရေ,မြေ,မီး,လေဟူသော ဓာတ်ကြီးလေးပါးတို့ မတည်, မဖြစ်တော့။ နိဗ္ဗာန်၌ အတိုအရှည်, အသေးအကြီး, အဆိုးအကောင်းလည်း မရှိ။ ဘဝတဖန် ပြုစီမံသည် ကံဟုခေါ်သော ဝိညာဏ်၏ ချုပ်ငြိမ်းသည့် အတွက် ဝဋ်ဇာတ်သိမ်းရာ ဤနိဗ္ဗာန်ကြောင့် နာမ်ရုပ်တရားတို့သည် မီးတောက်ငြိမ်းသည့်ပမာ ချုပ်ငြိမ်းပေ၏။

ဝိညာဏံ အနိဒဿနံ၊ အနန္တံ **သဗ္ဗတောပဘံ**။

ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ဝိညာဏာသ နိရောဓေန၊ ဧတ္ထေကံ ဥပရုဇ္ဈတိ။
(ကေဝဋ္ဋသုတ်၊ သီလက္ခန္ဓဝဂ္ဂပါဠိ။)

## အရောင်ရှိရင် ဗုဒ္ဓဘာသာနိဗ္ဗာန် မဟုတ်

အခြားဘာသာများ၌ နိဗ္ဗာန်သည် ကောင်းကင်လို ပုံသဏ္ဍာန်ရှိကြ၏။ တောက်ပသည့် အရောင်အဆင်းများ၊ သာယာလှပသည့် ဥယျာဉ်များလည်း ရှိသည်ဟုဆို၏။

## နိဗ္ဗာန်နှင့် အဘာဝပညတ် မတူ

သင်္ခါရတို့၏ ငြိမ်းခြင်းသည် နိဗ္ဗာန်ဟုငှင်း၊ ထိုနိဗ္ဗာန်၌ အရောင်အဆင်း ပုံသဏ္ဍာန် အရွယ်ပမာဏ မရှိဟုငှင်း၊ ထိုနိဗ္ဗာန်ကို ဥပမာဖြင့် ပေါ်လွင်ထင်ရှားအောင် မပြနိုင်ဟုငှင်း ဆိုသဖြင့် နိဗ္ဗာန်ဟူသည်မှာ ဘာမျှမရှိသော အဘာဝပညတ်နှင့် အတူတူဟု မှတ်တတ်ပေသည်။

ဘာမျှမရှိသည့် အဘာဝပညတ်ကား မဟုတ်ပေ။ သင်္ခါရတို့၏ ကင်းဆိတ်ခြင်း,ငြိမ်းခြင်း,မဖြစ်ပေါ်ခြင်းသဘောအားဖြင့်ကား ထင်ရှားရှိ၏။ ထို့ကြောင့်ပင် သင်္ခါရချုပ်ရာ နိဗ္ဗာန်ကိုမျက်မှောက်ပြုလျက် မဂ်တရား, ဖိုလ်တရားများ ဖြစ်ပေါ်နိုင်ပေသည်။ ရုပ်နာမ်အစဉ်သည်လည်း ပရိနိဗ္ဗာနစုတိမှ နောက်ကာလ၌ လုံးဝပြန်မဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားတော့၏။

## ပုထုဇဉ်နှင့် အရိယာ အမြင်မတူ

ထိုအာရုံငါးပါးတို့ကို နတ်လူပြဟ္မာ သတ္တဝါတို့သည် "ချမ်းသာသုခ"ဟု သမုတ်အပ်ကုန်၏။ ထိုအာရုံငါးပါးတို့ ချုပ်ရာကို လူနတ်ပြဟ္မာသတ္တဝါတို့သည် "ဆင်းရဲဒုက္ခ"ဟု သမုတ်အပ်၏။

အရိယာတို့သည် သက္ကာယချုပ်ခြင်းကို "ချမ်းသာ"ဟု မြင်အပ်၏။ ချမ်းသာဟုမြင်သော ပညာရှိတို့၏ ဤအမြင်သည် တလောကလုံးနှင့် ဆန့်ကျင်၏။

အရိယာမှတပါးသော ပုထုဇဉ်တို့ "ချမ်းသာ"ဟုဆိုအပ်သော အရာကို အရိယာတို့သည် "ဆင်းရဲ"ဟု ဆိုကုန်၏။ အရိယာမှတပါးသော ပုထုဇဉ်တို့ "ဆင်းရဲ"ဟုဆိုအပ်သော အရိယာတို့သည် "ချမ်းသာ"ဟု သိကုန်၏။ (ပထမရူပါရာမသုတ်၊ ဒေဝဒဟဝဂ်၊ သဠာယတနသံယုတ်။)

**********************************

(၂၀၁၃-ခုနှစ်၊ ဇန်နဝါရီလ ၂၀-ရက်နေ့တွင် သင်တန်းရပ်ခဲ့သည်။

(၂၀၁၃-ခုနှစ်၊ စက်တင်ဘာလ ၈-ရက်၊ တနင်္ဂနွေနေ့တွင် ဤသုတ်ကို ပြန်လည် သင်ကြားသည်။)

# မဂ္ဂသစ္စာ

**ကတမံ စေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

**ရဟန်းတို့.....ဤသည်ကား ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ' ပေတည်း။ ဤအရိယမင်္ဂသည် အင်္ဂါရှစ်ပါး ရှိ၏(<u>အရိယာအဖြစ်ကို ပြုတတ်သော အင်္ဂါရှစ်ပါးရှိသော ဤမင်္ဂပင်တည်း</u>)။ အင်္ဂါ ရှစ်ပါးတို့ ဟူသည်ကား-**
**မှန်စွာသိမြင်ခြင်း သမ္မာဒိဋ္ဌိ, မှန်စွာကြံခြင်း သမ္မာသင်္ကပ္ပ, မှန်စွာပြောဆိုခြင်း သမ္မာဝါစာ, မှန်စွာပြုလုပ်ခြင်း သမ္မာကမ္မန္တ , မှန်စွာအသက်မွေးခြင်း သမ္မာအာဇီဝ, မှန်စွာအားထုတ်ခြင်း သမ္မာဝါယာမ, မှန်စွာအောက်မေ့ခြင်း သမ္မာသတိ, မှန်စွာတည်ကြည်ခြင်း သမ္မာသမာဓိ တို့ပေတည်း။**

## "အယမေဝ" ဟူသောပုဒ်ဖြင့် ပိုင်းခြားကန့်သတ်ထား

"**အယမေဝ**"ဟူသောပုဒ်ဖြင့် ဤမဂ္ဂင်ရှစ်ပါးမှတပါး အခြားသော တိတ္ထိတို့သည် ကြံဆထားအပ်သော မင်္ဂများသည် ဒုက္ခချုပ်ငြိမ်းကြောင်း အကျင့်လမ်းမဟုတ် (ဝါ) အခြားသော တိတ္ထိတို့၏ အကျင့်များသည် နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဟု ပယ်ခြင်းငှာ ကန့်သတ်ထားခြင်းဖြစ်၏။

## အရိယာဟူသည်-

၁။ ထိုထိုဆိုင်ရာမင်္ဂဖြင့် ပယ်သတ်ပြီးဖြစ်၍ ကိလေသာတို့မှ ဝေးကွာသောကြောင့် အရိယာ၊
၂။ အရိယာအဖြစ်ကို ပြုတတ်သောကြောင့် အရိယာ၊
၃။ အရိယာဖိုလ်ရခြင်းကို ပြုတတ်သောကြောင့် အရိယာ၊

## မဂ္ဂ(မင်္ဂ)ဟူသည်-

၁။ နိဗ္ဗာန်ကိုအလိုရှိသောသူတို့ ရှာမှီးအပ်သောကြောင့် မင်္ဂ၊
၂။ နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် မင်္ဂ၊
၃။ ကိလေသာတို့ကို သတ်ဖြတ်လျက် သွားတတ်သေကြောင့် မင်္ဂ၊
(ကိလေသေ **မာရေန္တော ဂစ္ဆတီ**တိ မဂ္ဂေါ။)

## မင်္ဂစိတ်၊ မင်္ဂ၊ မဂ္ဂင်

လောကီမဂ္ဂင်များ ပွားများနေရင်း ရင့်သန်လာသောအခါ လောကုတ္တရာမဂ္ဂင်ပေါ်လာ၏။ ထိုအခိုက်ပေါ်လာသော စိတ်ကို မင်္ဂစိတ်ဟုခေါ်၏။
ထိုမင်္ဂစိတ်နှင့်အတူ ပေါ်လာသော သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးအပေါင်းကို မင်္ဂဟုခေါ်၏။
သမ္မာဒိဋ္ဌိစသည် တစ်ပါးစီ တစ်ပါးစီကို မဂ္ဂင်ဟု ခေါ်၏။ (မဂ္ဂ=မင်္ဂ၏၊ အင်္ဂ=အစိတ်အပိုင်း)

**မဂ္ဂင် ၂-မျိုး**
ဝိပဿနာပွားများနေခိုက် ဖြစ်သောမဂ္ဂင်များကို လောကီမဂ္ဂင်ဟုခေါ်၏။ လောကီမဂ္ဂင်ပွားများရင်း ရင့်သန်လာသောအခါ (ဝါ) အမြင့်ဆုံးအဆင့်သို့ ရောက်လာသောအခါ အကျိုးတရားအဖြစ် လောကုတ္တရာမဂ္ဂင် ပေါ်လာ၏။

**မဂ္ဂသစ္စာအနက် ၄-ချက်**

၁။ နိယျာနဋ္ဌ= သံသရာမှ ထွက်မြောက်ကြောင်းဟူသောအနက်။
၂။ ဟေတုဋ္ဌ= နိဗ္ဗာန်ထုတ်ချောက် ကေန်ရောက်ကြောင်းဟူသော အနက်။
၃။ ဒဿနဋ္ဌ= နိဗ္ဗာန်ကိုမြင်တတ်သော (ဝါ) သစ္စာလေးပါးကိုမြင်တတ်သော အနက်။
၄။ အာဓိပတေယျဋ္ဌ= သစ္စာလေးပါးကိုမြင်ခြင်း, ကိလေသာဒုက္ခအပူကို ငြိမ်းစေခြင်း၌ အကြီးအကဲ ဟူသောအနက်။

## မဂ္ဂင်ရှစ်ပါး အစဉ်ထား

**သမ္မာဒိဋ္ဌိ။** ။မင်္ဂမရမီရှေးအဖို့၌ ဝိပဿနာသမ္မာဒိဋ္ဌိ အလင်းရောင်ဖြင့် အဝိဇ္ဇာမှောင်ကို ပယ်ဖျောက်ကာ ကိလေသာရန်သူကို သတ်ဖြတ်ပြီးမှ ယောဂီသူမြတ် လိုလားအပ်သော နိဗ္ဗာန်ကို ရ၏။ ထို့ကြောင့် နိဗ္ဗာန်ကို လိုလား၍ ကြိုးစားအား ထုတ်နေသော ယောဂီအား လွန်စွာကျေးဇူးများသောကြောင့် သမ္မဒိဋ္ဌိကို ရှေးဦးစွာ ဟောပါသည်။

**သမ္မာသင်္ကပ္ပ။** ။ရွှေပန်းတိမ်သမားသည် လက်ဖြင့် အပြန်ပြန် အလှန်လှန် လှည့်ကြည့်ရမှသာလျှင် ရွှေတု ရွှေစစ်ကို သိနိုင်သကဲ့သို့၄င်း၊ သစ်ခွဲသမားသည် အခြားတစ်ယောက်က သစ်တုံးကိုကိုင်၍ လှိမ့်ကာ လှည့်ပေးမှ သာလျှင် ကောင်းစွာဖြတ်နိုင်သကဲ့သို့၄င်း၊ ယောဂီသည်လည်း မင်္ဂ၏ရှေးအဖို့၌ သမ္မာသင်္ကပ္ပဟူသော ဝိတက်ဖြင့် အာရုံသို့တင်ကာ တင်ကာ ကြံပေးမှသာလျှင် သမ္မာဒိဋ္ဌိဖြင့် "ဤကား ရုပ်တရား၊ ဤကား နာမ်တရား" စသည်ဖြင့် မှန်စွာ သိရှိနိုင်၏။ ထို့ကြောင့် သမ္မာဒိဋ္ဌိအား လွန်စွာကျေးဇူးများသောကြောင့် သမ္မာဒိဋ္ဌိနောင် ဒုတိယ ထားရပါသည်။

**သမ္မာဝါစာ။** ။သမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိအား ကျေးဇူးများသကဲ့သို့ သမ္မာဝါစာအားလည်း ကျေးဇူးများ၏။ များပုံမှာ....နှုတ်မြွတ်၍ စကားပြောသောသူသည် မပြောမီရှေးဦးစွာ စဉ်းစားကြံစည်ရမှသာလျှင် အချက်ကျကျ ပြောနိုင်၏။ ထို့ကြောင့် သမ္မာသင်္ကပ္ပနောင် သမ္မာဝါစာကို ထား၏။

**သမ္မာကမ္မန္တ**။ ။တစ်စုံတစ်ခု ပြုလုပ်လိုသောသူသည် မလုပ်မီရှေးအဖို့ "ဤကိစ္စ ဤကိစ္စကို ပြုလုပ်အံ့"ဟု နှုတ်ဖြင့်တိုင်ပင် ပြောဆိုပြီးမှသာလျှင် လောက၌ အမှုကိစ္စတို့ကို ပြုကြမြဲဖြစ်ရကား သမ္မာဝါစာသည် သမ္မကမ္မန္တ အား ကျေးဇူးများသောကြောင့် သမ္မာဝါစာနောင် သမ္မကမ္မန္တ ကို ဟောတော်မူ၏။

**သမ္မာအာဇီဝ**။ ။ဝစီဒုစရိုက်လေးပါးမှ လုံခြုံမှု သမ္မာဝါစာ၊ ကာယဒုစရိုက် သုံးပါးမှလုံခြုံမှု သမ္မာကမ္မန္တ ၊ ဤမဂ္ဂင် နှစ်ပါး လုံခြုံပါက သမ္မာအာဇီဝမဂ္ဂင်လည်း တခါတည်း ပြည့်စုံသွားတော့၏။ ၄င်းမဂ္ဂင် ၂-ပါးမပြည့်စုံလျှင် သမ္မာ အာဇီဝလည်း မပြည့်စုံနိုင်ကြောင်းကို ပြလို၍ ၄င်းတို့နောင် သမ္မာအာဇီဝကို ဟောတော်မူ၏။

**သမ္မာဝါယာမ**။ ။ဆိုခဲ့ပြီးသည့်အတိုင်း ဖြည့်ကျင့်နိုင်သဖြင့် စင်ကြယ်စွာ အသက်မွေးသောသူသည်လည်း အသက်မွေးစင်ကြယ်ရုံမျှနှင့် အားရတင်းတိမ်၍ မေ့မေ့လျော့လျော့ စားသောက်နေခြင်းငှာ မထိုက်သေး။ စင်စစ် အားဖြင့် ဣရိယာပုထ်လေးပါးလုံးပင် ကောင်းစွာအားထုတ်မှုဟူသော သမ္မာဝါယာမကိုလည်း အားထုတ်ရန် သင့် သေး၏ဟူသော အနက်အဓိပ္ပါယ်ကို ပြတော်မူလို၍ သမ္မာအာဇီဝနောင် သမ္မာဝါယာမကို ဟောတော်မူ၏။

**သမ္မာသတိ**။ ။သမ္မာဝါယာမဖြင့် အားထုတ်သောပုဂ္ဂိုလ်သည်လည်း ကာယ,ဝေဒနာ,စိတ္တ,ဓမ္မဟူသော လေးဖြာသော သတိပဋ္ဌာန်တရားတို့၌ သတိထင်အောင် ရှုဆင်ခြင်ရမည်ဟု ပြခြင်းငှာ သမ္မာဝါယာမနောင် သမ္မာသတိကို ဟောတော်မူပါသည်။

**သမ္မာသမာဓိ**။ ။ဆိုခဲ့ပြီးတိုင်း ခိုင်မြဲစွာ သတိရှိသောသူသည် သမာဓိတရားအား ကျေးဇူးပြုနိုင်သောတရား, ကျေးဇူးမပြုနိုင်သော တရားတို့ကို ကောင်းစွာရှာမှီး၍ တစ်ခုတည်းသောအာရုံ၌ စိတ်ကိုကောင်းစွာထားနိုင် သည်ကို ပြတော်မူလို၍ သမ္မာသတိနောင် သမ္မာသမာဓိကို ဟောတော်မူပါသည်။

## သမ္မာဒိဋ္ဌိမဂ္ဂင်

ဒုက္ခ,သမုဒယ,နိရောဓ,မဂ္ဂဟူသော သစ္စာလေးပါးကို သိသောဉာဏ်ကို သမ္မာဒိဋ္ဌိဟု ခေါ်၏။

### သမ္မာဒိဋ္ဌိ ၅-မျိုး

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ = ကံနှင့် ကံ၏အကျိုးတရားကို ယုံကြည်လက်ခံသောဉာဏ်။
၂။ ဈာန သမ္မာဒိဋ္ဌိ = ဈာန်နှင့်အတူတကွဖြစ်သော သမ္မာဒိဋ္ဌိ။
၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ = ဝိပဿနာရှုသောအခါ သိမြင်သော အမြင်မှန် သမ္မာဒိဋ္ဌိ။
၄။ မဂ္ဂသမ္မာဒိဋ္ဌိ = မဂ်စိတ်အခိုက်အတန့်မှာ ပေါ်လာသော သမ္မာဒိဋ္ဌိ။
၅။ ဖလသမ္မာဒိဋ္ဌိ = ဖိုလ်စိတ်အခိုက်အတန့်မှာ ပေါ်လာသော သမ္မာဒိဋ္ဌိ။

### ကုသိုလ်တို့၏ အစတရား ၂-ပါး

ရဟန်းတစ်ပါး မြတ်စွာဘုရားထံ အကျဉ်းချုပ်အားဖြင့် တရားဟောရန် တောင်းပန်သောအခါ ကုသိုလ် တရားတို့၏ အစ ၂-ပါးကို ရှေးဦးစွာ စင်ကြယ်အောင်လုပ်ရန် ဟောတော်မူ၏။ ၎င်း ၂-ပါးမှာ သီလနှင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်၏။

ကုသိုလ်တရားများလုပ်ရန် ရှေးဦးစွာ ဘုရားဂုဏ်စသည်နှင့်၊ ကံနှင့် ကံ၏အကျိုးကို ယုံကြည်လက်ခံ သော သဒ္ဓါတရား အခြေခံသည့် သမ္မာဒိဋ္ဌိ ရှိရပေမည်။ ထိုသို့ ရှိပါမှလျှင် ဒါနသီလစသော သုစရိုက်ဆယ်ပါး ကုသိုလ်တရားများကို လုပ်ဆောင်လာပြီး ဒုစရိုက်ဆယ်ပါးတို့ကိုလည်း ရှောင်ကြဉ်လာပေလိမ့်မည်။ သို့မှသာ ကမ္မဿကတာ သမ္မာဒိဋ္ဌိကို အစထား၍ ဝိပဿနာသမ္မာဒိဋ္ဌိ စသည် အလယ်၊ နောက်ဆုံး နိဗ္ဗာန်ဝင်သော မဂ္ဂသမ္မာဒိဋ္ဌိ အထိ ကုသိုလ်တရားများ အဆင့်ဆင့် ဖြစ်လာပေမည်။

(အချုပ်အားဖြင့်ဆိုရသော် မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိမဂ္ဂင်သည် အခြေခံဖြစ်သကဲ့သို့ အထွတ် အထိပ်သို့ရောက်ကြောင်းလည်း ဖြစ်၏။)

တသ္မာတိဟ တွံ ဘိက္ခု အာဒိမေဝ ဝိသောဓေဟိ ကုသလေသု ဓမ္မေသု။ ကောစာဒိ ကုသလာနံ ဓမ္မာနံ။ သီလဉ္စ သုဝိသုဒ္ဓံ ဒိဋ္ဌိ စ ဥဇုကာ။ (မဟာဝဂ္ဂသံယုတ်၊ ဘိက္ခုသုတ်၊ ၁၂၄။)

သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ ဒသသု ပုညကိရိယဝတ္ထူသု ဒိဋ္ဌိဇုမကမ္မန္တိ ဝုစ္စတိ။ (မူ-ပဏ်၊ဋ္ဌ၁၊ ၁၃၆။)

## သိပုံအဆင့် ၅-မျိုး

၁။ ဥဂ္ဂဟ = သစ္စာလေးပါးကို သင်ယူသောအားဖြင့် သိခြင်း၊
၂။ ပရိပုစ္ဆာ = အဖန်ဖန်မေးမြန်းသောအားဖြင့် သိခြင်း၊
၃။ သဝန = နာယူသောအားဖြင့် သိခြင်း၊
၄။ ဓာရဏ = ဆောင်ထားသောအားဖြင့် သိခြင်း၊
၅။ သမ္မသန = သုံးသပ်ဆင်ခြင်သောအားဖြင့် သိခြင်း၊

မဂ်မရောက်မီ ရှေးအဖို့၌ ဒုက္ခနှင့် သမုဒယ သစ္စာနှစ်ပါးတို့၌ အထက်ပါ ငါးမျိုးတို့ဖြင့် သိနိုင်၏။ နိရောဓနှင့်မဂ္ဂသစ္စာ နှစ်ပါးတို့၌ သဝန ပဋိဝေဓ(နာယူသိ)ကိုသာ ရအပ်၏။

ဓေမဿ ပုဗ္ဗဘာဂေ ဒွီသု သစ္စေသု ဥဂ္ဂဟ,ပရိပုစ္ဆန,သဝန,ဓာရဏ,သမ္မသနပဋိဝေဓော ဟောတိ။ ဒွီသု သဝနပဋိဝေဓောယေဝ။ (သမ္မော၊ဋ္ဌ၁၀၉။)

မှတ်ချက်။ ။ သင်ခြင်း,မေးခြင်း,နာခြင်း,ဆောင်ယူခြင်းတို့သည် သုတမယ၊ စိန္တာမယဉာဏ် အဆင့်မျှသာ ရှိပြီး၊ သုံးသပ်ခြင်း သမ္မသနရောက်မှသာ ရှုမှတ်ခြင်း ဘာဝနာအဆင့်သို့ ရောက်၏။

## လိုအပ်သော သုတမယဉာဏ်

၁။ "ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ၊ တဏှာသည် သမုဒယသစ္စာ" ဤမျှလောက် အကျဉ်းချုပ်သိလျှင်သော်၎င်း၊

(ပဉ္စက္ခန္ဓာ ဒုက္ခံ၊ တဏှာ သမုဒယောတိ ဇဝံ သခေ်ပေနစ ...။ ဒီ၊ဋ္ဌ၃၊ နှာ-၃၉၁။)

၂။ သစ္စာလေးပါး (သို့) ပဋိစ္စသမုပ္ပါဒ် အကျဉ်းမျှသိလျှင် သော်၎င်း။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။

တေသဉ္စ ယော နိရောဓော၊ ဇဝံ ဝါဒီ မဟာသမဏော။ (ဝိသုဒ္ဓိမဂ်၊ မဟာဋီ၊၂၊ ၂၃၀။ ဝိ၊၃၊၆၀။)

၃။ "အလုံးစုံသော တရားတို့သည် 'မြဲ၏၊ ချမ်းသာ၏၊ အတ္တဖြစ်၏'ဟု စွဲလမ်းခြင်းငှာ မသင့်လျော်"ဟု အကျဉ်းမျှ ကြားဖူးသော်၎င်း။

ကိတ္တာဝတာ နခေါ ဘန္တေ ဘိက္ခု သံခိတ္တေန တဏှာသခ်ယဝိမုတ္တော ဟောတိ....။

ဣဓ ဒေဝါနမိန္ဒ ဘိက္ခုနော သုတံ ဟောတိ ' သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာ'တိ။

(စူဠတဏှာသခ်ယသုတ်၊ မူ-ပဏ်၊ ၃၁၈။)

ယောဂီသည် တရားအားထုတ်ရန် လိုအပ်သော သုတမယဉာဏ်နှင့် ပြည့်စုံပြီဟု ဆိုရပေမည်။

ဆောင်ပုဒ်

၁။ လုံးစုံဓမ္မ၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။

၂။ ဤရွေ့ ဤမျှ၊ ကြားဖူးက၊ သုတလုံလောက်ပါ။

၃။ ဉာဏ်ဖြင့်ရှေးရှု ရုပ်နာမ်စု၊ မှတ်ပြုသိလေရာ။

၄။ မမြဲဆင်းရဲ၊ သဘောပဲ၊ သိမြဲပိုင်းခြားကာ။

(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်ကြီး၊ နှာ-၃၂၈။)

မှတ်ချက်။ ။ ပထမနှင့် ဒုတိယ နှစ်ပုဒ်ဖြင့် သုတမယဉာဏ် အကျဉ်းချုပ်ပြည့်စုံပုံကို ပြ၏။ တတိယပုဒ်ဖြင့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဉာဏ်နှစ်ပါးကို ပြ၏။ ဉာတပရိညာ ဖြစ်၏။ စတုတ္ထပုဒ်ဖြင့် တီရဏနှင့် ပဟာန ပရိညာ ၂-ပါးကို ပြ၏။

## အာရမ္မဏ ပဋိဝေဓနှင့် ကိစ္စ ပဋိဝေဓ

မဂ်သို့ရောက်ဆဲခဏ၌ကား နိရောဓသစ္စာကို အာရမ္မဏ ပဋိဝေဓ(တိုက်ရိုက်အာရုံပြုသိ)ဖြင့် သိရှိပြီး၊ ကျန်သစ္စာသုံးပါးကို ကိစ္စအားဖြင့်(ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ မဂ္ဂသစ္စာကို အပြီးသတ်ပွားခြင်းကိစ္စ)ထိုးထွင်းသိ၏။

အပရာဘဂေ တီသု ကိစ္စတော ပဋိဝေဓော ဟောတိ၊ နိရောဓေ အာရမ္မဏပ္ပဋိဝေဓတော။

(သမ္မောဟ၊ ၁၇၉။)

## ဝဋ္ဋသစ္စာနှင့် ဝိဝဋ္ဋသစ္စာ

ဒုက္ခနှင့်သမုဒယသစ္စာ ၂ပါးကို ဝဋ်သုံးပါးအတွင်း၌ ပါဝင်သောကြောင့် ဝဋ္ဋသစ္စာခေါ်ပြီး၊ နိရောဓနှင့် မဂ္ဂသစ္စာ ၂-ပါးကို ဝဋ်ကင်းသောကြောင့် ဝိဝဋ္ဋသစ္စာဟုခေါ်၏။

ဝိပဿနာရှုသောအခါ ဝဋ်ဖြစ်သော ဒုက္ခနှင့် သမုဒယသစ္စာ ၂-ပါးကိုသာ ကမ္မဋ္ဌာန်းရှုရပြီး၊ ဝိဝဋ္ဋသစ္စာ ၂-ပါးကို မရှုရ။ ၄င်းဝိဝဋ္ဋသစ္စာဖြစ်သော နိရောဓနှင့် မဂ္ဂသစ္စာ ၂-ပါးကိုကား "အလိုရှိအပ်, နှစ်သက်အပ်သော တရားဖြစ်၏"ဟုသာ ကြားနာမှတ်သားရုံ အဆင့်ဖြင့်သာ နလုံးသွင်းဆင်ခြင်ရမည်။

တတ္ထ ပုရိမာနိ ဒွေ သစ္စာနိ ဝဋ္ဋံ၊ ပစ္ဆိမာနိ ဝိဝဋ္ဋံ။ တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော။ (သမ္မောဟ၊ ၁၇၉။)

မှတ်ချက်။ ။အချို့က တရားအားထုတ်ရာ၌ "နိဗ္ဗာန်ကို အာရုံပြုပြီး အားထုတ်ရမည်"ဟု ပြောတတ်ကြ၏။ နိဗ္ဗာန်သည် လောကုတ္တရာ တရားဖြစ်၍ မိမိ၌ မရှိသေးသော တရားကို အာရုံမပြုနိုင်။ "နှစ်သက်လိုလားအပ် သည့် တရားဖြစ်သည်" ဟုသာ စိတ်ကညွတ်နိုင်၏။

# သမ္မာသင်္ကပ္ပမဂ္ဂင်

## သမ္မာသင်္ကပ္ပ(ဝိတက်) ၃-မျိုး

၁။ နေက္ခမ္မ သင်္ကပ္ပ = ကာမအာရုံမှ ထွက်မြောက်သော အကြံအစည်

၂။ အဗျာပါဒ သင်္ကပ္ပ = ဖျက်ဆီးခြင်းမှ ထွက်မြောက်သော အကြံအစည်

(ဝါ) သတ္တဝါတို့ အကျိုးကိုလိုလားသော မေတ္တာဖြင့် ကြံစည်ခြင်း၊

၃။ အဝိဟိံသ သင်္ကပ္ပ = ညှင်းဆဲခြင်းမှ ထွက်မြောက်သော အကြံအစည်

(ဝါ) သတ္တဝါတို့ကို သနားတတ်သော ကရုဏာဖြင့် ကြံစည်ခြင်း

## မိစ္ဆာဝိတက် သုံးပါးကိုပယ်ဖြတ်

၁။ နေက္ခမ္မဝိတက်ဖြင့် ကာမကိုကြံစည်တတ်သော ကာမဝိတက်ကို ပယ်ဖျက်၏။

၂။ အဗျာပါဒဝိတက်ဖြင့် သူတပါးတို့ကို ပျက်စီးစေလိုသော ဒေါသနှင့်ယှဉ်သော ဗျာပါဒဝိတက်ကို ပယ်ဖျက်၏။
၃။ အဝိဟိံသဝိတက်ဖြင့် သူတပါးတို့ကို ညှင်းဆဲကြောင်းနှင့်ယှဉ်သော ဝိဟိံသဝိတက်ကို ပယ်ဖျက်၏။

## မဟာသုဒဿနမင်း မိစ္ဆာဝိတက်သုံးပါး နှင်ထုတ်

မဟာသုဒဿနမင်းကြီး နန်းတော်တွင်း ကမ္မဋ္ဌာန်းဆောင်သို့ ဝင်သောအခါ တံခါးပေါက်၌ရပ်လျက် --

"ကာမအာရုံတွေကို ကြံစည်တတ်သော အမောင် ကာမဝိတက်. . . . ဤနေရာ၌ တည်နေရစ်တော့။ အမောင် ကာမဝိတက်......သင်၏နယ်ပယ်သည် ဤမျှသာတည်း"

ဟုပြောဆိုကာ နှင်ထုတ်ခဲ့ဖူး၏။

တိဋ္ဌ ကာမဝိတက္က၊ တိဋ္ဌ ဗျာပါဒဝိတက္က၊ တိဋ္ဌ ဝိဟိံသဝိတက္က၊ ဧတ္တာဝတာ ကာမဝိတက္က၊ ဧတ္တာဝတာ ဗျာပါဒဝိတက္က၊ ဧတ္တာဝတာ ဝိဟိံသဝိတက္က။ (ဒီ၊၂၊၁၅၂။)

## ကာမမှ ထွက်မြောက်သော အကြံဟူသည်-

လှူဒါန်းပေးကမ်းခြင်း၊ သီလဆောက်တည်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်း၊ တရားဆွေးနွေးခြင်း၊ စာပေကျမ်းဂန် ရေးသားခြင်း၊ သင်တန်းပို့ချခြင်း၊ တရားကိုလေ့လာသင်ယူခြင်း၊ ဝေယျာဝစ္စလုပ်ခြင်း စသည့် ကုသိုလ်ကောင်းမှု တစ်ခုခုပြုလုပ်ရန် ကြံစည်မှုမှန်သမျှသည် အကုသိုလ်နယ်ပယ်မှ ထွက်မြောက်လာရသည် ဖြစ်၍ **နေက္ခမ္မဝိတက်**ဟု ခေါ်၏။

## ကုသိုလ်ပြုတိုင်း သမ္မာသင်္ကပ္ပ ပါဝင်လုပ်ဆောင်ပုံ

မည်သည့်ကုသိုလ်မဆို ၎င်းလုပ်ငန်းများဖြစ်ပေါ်လာအောင် မလုပ်မီ စဉ်းစားကြံစည်နေခြင်းကို သမ္မာသင်္ကပ္ပဟု ခေါ်၏။ လုပ်ဆဲအချိန်တွင်လည်း သမ္မာသင်္ကပ္ပမဂ္ဂင်များ ဖြစ်ပေါ်နေ၏။

ဝိပဿနာရှုနေဆဲ အခိုက်၌ကား **<u>မိမိရှုရမည့် ကမ္မဋ္ဌာန်းအာရုံပေါ်သို့ စိတ်ကိုရောက်အောင် ပို့ဆောင်ပေးနေခြင်း (ဝါ) အာရုံပေါ်သို့ စိတ်ရောက်သွားအောင် ဦးတန်းညွှတ်ပေးနေခြင်းကို "သမ္မာသင်္ကပ္ပ"ဟု ခေါ်၏။</u>** သို့သော် တရားရှုမှတ်နေခိုက် ကမ္မဋ္ဌာန်းအာရုံပေါ်သို့ စိတ်မရောက်ဘဲ တစ်ခုခုကို စဉ်းစားနေမိလျှင်ကား အာရုံပြားပြီး စိတ်ပျံ့နေခြင်း "ဥဒ္ဓစ္စ"သာဖြစ်၏။ ၎င်းကို သမ္မာသင်္ကပ္ပဟု မဆို။

## ဝိပဿနာအခိုက် တဒင်္ဂ၊ မဂ်အခိုက် သမုစ္ဆေဒ

ယောဂီသည် ကာမဝိတက်ကိုပယ်ရန် ကာမဝိတက်ကို၎င်း၊ အခြားသင်္ခါရတရား တစ်ပါးပါးကို၎င်း လက္ခဏာယာဉ် သုံးပါးတင်၍ ဆင်ခြင်သုံးသပ်၏။ ထိုဝိပဿာနာနှင့်ယှဉ်သော သင်္ကပ္ပသည် တဒင်္ဂအားဖြင့် ကာမဝိတက်ကို ပယ်သတ်၏။ ဤသို့ ဝိပဿနာကို ဆက်တိုက်ပွားများ၍ မဂ်သို့ရောက်သောအခါ၌ကား အရိယာမဂ်နှင့်ယှဉ်တွဲဖြစ်သော သင်္ကပ္ပသည်ကား ကာမဝိတက်မှန်သမျှကို တပြိုင်တည်းဖြင့် အမြစ်ပြတ် သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်၏။

တတ္ထ ယောဂါဝစရော ကာမဝိတက္ကဿ ပဒဃာတနတ္ထံ ကာမဝိတက္ကံ ဝါ သမ္မသတိ၊ အညံ ဝါ ပန ကိဉ္စိ သင်္ခါရံ၊ အထဿ ဝိပဿနက္ခဏေ ဝိပဿနာသမ္ပယုတ္တော သင်္ကပ္ပေါ တဒင်္ဂဝသေန ကာမဝိတက္ကဿ ပဒဃာတံ ပဒစ္ဆေဒံ ကရောန္တော ဥပ္ပဇ္ဇတိ၊ ဝိပဿနံ ဥဿုက္ကာပေတွာ မဂ္ဂံ ပါပေတိ။ (သမ္မော၊၃၊၁၁၀။)

မဂ္ဂင် ၃-မျိုး
၁။ မူလ မဂ္ဂင် = ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ သီလမဂ္ဂင် ၃-ပါး၊ ဥပစာရ သမာဓိ (သို့) အပ္ပနာဈာန် သမာဓိ၊
(သို့) ဝိပဿနာ ခဏိက သမာဓိ။ (မူ-ပဏ်-ဓမ္မဒါယာဒသုတ်၊၄၊ ၁၁၂-၃)
၂။ ပုဗ္ဗဘာဂ ဝိပဿနာမဂ္ဂင် = ရုပ်နာမ်ကိုပိုင်းခြားသိခြင်း၊ အနိစ္စစသော လက္ခဏာသုံးကို သိခြင်းဟု
ဆိုအပ်သော (သမ္မသနမှ အနုလောမတိုင်အောင်သော) ရှေ့ပိုင်းဝိပဿနာဉာဏ်။
၃။ အရိယမဂ္ဂင် = သင်္ခါရဆိတ်သုဉ်းရာ နိဗ္ဗာန်ဆီသို့ ဦးတည်ပြေးဝင်သွားသော အရိယာမဂ်ဉာဏ်။

ဆောင်။ မူလ ပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်မြတ်။
ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်။
(မဟာစည်ဆရာတော်၏ ရုစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင်တရားတော်၊ ၆၇-၆၆။)

## သမ္မာဝါစာမဂ္ဂင်

(က) မုသာဝါဒမှ ရှောင်ကြဉ်ပြီး မှန်သော, တည်တံ့သော, ယုံကြည်ထိုက်သောစကားကို ပြောခြင်း၊
(ခ) ကွဲပြားအောင် ဂုံးတိုက်ပြောဆိုခြင်း ပိသုဏဝါစာမှ ရှောင်ကြဉ်ပြီး ညီညွတ်ခြင်းကို ဖြစ်စေတတ်သောစကား၊ စေ့စပ်ခြင်းကိုဖြစ်စေတတ်သောစကားကို ပြောခြင်း၊
(ဂ) ကြမ်းတမ်းစွာပြောဆိုခြင်း ဖရုသဝါစာမှရှောင်ကြဉ်ပြီး သူတပါးနားချမ်းသာစေမည့်စကား, ချစ်ဖွယ်သော စကား, ရင်ထဲနှလုံးထဲသို့ရောက်စေမည့်စကားမျိုးကို ပြောခြင်း၊
(ဃ) အကျိုးမဲ့သောစကားကိုပြောခြင်း သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ပြီး အကျိုးရှိသောစကား၊ အချိန်နှင့်သင့်လျော် သောစကား၊ တရားနှင့်ယှဉ်သောစကားတို့ကို ပြောခြင်း၊

### ပယ်ပုံအဆင့်ဆင့်

၁။ သောတာပတ္တိမဂ်ဖြင့် မုသာဝါဒကို အကြွင်းမဲ့ပယ်၏။
၂။ အနာဂါမိမဂ်ဖြင့် ပိသုဏဝါစာနှင့် ဖရုသဝါစာတို့ကို အကြွင်းမဲ့ပယ်၏။
၃။ အရဟတ္တမဂ်ဖြင့် သမ္ဖပ္ပလာပကို အကြွင်းမဲ့ပယ်၏။

မှတ်ချက်။ ။ ဤနေရာ၌ စေတနာကို 'ဝါစာ'ဟု ခေါ်၏။ အပါယ်သို့ ကျစေနိုင်သော ပိသုဏ၊ ဖရုသ၊ သမ္ဖပ္ပလာ စေတနာတို့ကိုကား သောတာပတ္တိမဂ် ရစဉ်ကပင် ပယ်ခဲ့ပြီးဖြစ်၏။

အကုသလကမ္မပထေသု ပါဏာတိပါတော အဒိန္နဒါနံ မိစ္ဆာစာရော မုသာဝါဒေါ မိစ္ဆာဒိဋ္ဌီတိ က္ကမေ ပဌမဉာဏဝဇ္ဈာ ပိသုဏဝါစာ ဖရုသဝါစာ ဗျာပါဒေါတိ တယော တတိယဉာဏဝဇ္ဈာ သမ္ဖပ္ပလာပါဘိဇ္ဈာ စတုတ္ထဉာဏဝဇ္ဈာ။ (ဝိသုဒ္ဓိ၊၄၊၂၃၂၆။)

### သမ္မာကမ္မန္တ မဂ္ဂင်

သူတပါးအသက်သတ်ခြင်း၊ သူတပါးပစ္စည်း ခိုးခြင်း၊ ကာမဂုဏ်တို့၌ ဖေါက်ပြန်စွာကျင့်ခြင်းတို့မှ ရှောင်ကြဉ် လျှင် သမ္မာကမ္မန္တ မဂ္ဂင် ဖြစ်၏။

**သမ္မာအာဇီဝ မဂ္ဂင်**
အထက်ပါ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးကို ပြုလုပ်အသက်မွေးဝမ်းကြောင်းပြုလျှင် မိစ္ဆာဇီဝဟု ခေါ်၏။ ၎င်းမှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝဖြစ်၏။

(အသက်သတ်၍ အသက်မွေးခြင်း၊ ခိုးခြင်း(သို့)မရိုးသားသောနည်းဖြင့် လိမ်လည်လှည့်ဖြား၍ အသက်မွေးခြင်း၊ ကာမ ဂုဏ်ဖြင့် စီးပွားလုပ်ခြင်း (သို့) အခကြေးငွေယူ၍ သူတပါး သားမယားဖျက်ဆီးခြင်း၊ လိမ်လည်ပြောဆိုခြင်း (သို့) အခ ကြေးငွေယူကာ တရားရုံး၌ လိမ်လည်၍ သက်သေထွက်ဆိုခြင်း၊ အခကြေးငွေယူကာ အသင်းအဖွဲ့ များအတွင်း ပြိုကွဲ စေရန် (သို့) လူနှစ်ယောက် အထင်လွဲပြီး ချစ်ခင်မှု စည်းလုံးမှု ပျက်ပြားစေရန် အခကြေးငွေ ယူကာ ကုန်းတိုက်သတ်လျှို ခြင်း, မမှန်သတင်း ဖြန့်ချိခြင်း။ အခကြေးငွေယူကာ တစ်ပါးသူ အရှက်ရစေရန် ဆဲရေးတိုင်းထွာခြင်း, ရိုင်းစိုင်းသည့် ရှက်စရာသတင်းများ လုပ်ကြံဖန်တီးဖြန့်ချိခြင်း။ တစ်စုံတစ်ခုသော အသိပညာ, အတတ်ပညာ ဘာမျှရစရာ မပါသော အချီးနှီးအကြောင်းအရာများကို ပြောဆိုရေးသားဖြန့်ချိခြင်းများသည် သမ္မာအာဇီဝမဂ္ဂင် ပျက်စီး၏။)

**မှားယွင်းသော ရောင်းဝယ်ခြင်း ၅-မျိုး။** ။လက်နက်ရောင်းဝယ်ခြင်း၊ အသားငါး ရောင်းဝယ်ခြင်း၊ လူရောင်း ဝယ်ခြင်း၊ အရက်စသည် မူးယစ်စေတတ်သော အရာများ ရောင်းဝယ်ခြင်း၊ အဆိပ်ရောင်းဝယ်ခြင်း။

## လောကီ ဝိရတီ၊ လောကုတ္တရာ ဝိရတီ
သီလမဂ္ဂင် သုံးပါးကို ဝိရတီဟုလည်း ခေါ်၏။ ၎င်း ဝိရတီသုံးပါးသည် လောကီအဆင့်တွင် ဒုစရိုက် ဒုရာဇီဝတို့မှ ရှောင်ကြဉ်ခိုက်သာ ယှဉ်၏။ အမြဲတမ်း မယှဉ်။ ထို့ကြောင့် ဘုရားဖူး တရားနာ စသော မဟာကုသိုလ်စိတ်များ ဖြစ်နေသော်လည်း ရှောင်ကြဉ်စရာ ဒုစရိုက်မရှိသောကြောင့် ဝိရတီများ မဖြစ်ပေ။

ယင်းသို့ဖြစ်ပြန်ပါလည်း အသီးအသီး တစ်ပါးစီ တစ်ပါးစီသာ ဖြစ်၏။ သမ္မာဝါစာဖြစ်ခိုက် သမ္မာကမ္မန္တ သမ္မာအာဇီဝတို့ မဖြစ်ကြ။ ထိုနည်းတူ သမ္မာကမ္မန္တ ဖြစ်ခိုက် ကျန်နှစ်ပါးမဖြစ်၊ သမ္မာအာဇီဝဖြစ်ခိုက် ကျန်နှစ်ပါး မဖြစ်။

လောကုတ္တရာသို့ရောက်သော ဝိရတီသည်ကား ကျူးလွန်လိုသော စေတနာကို အပြီးပယ်သတ်ပြီး သဖြင့် သီလသုံးပါးလုံး အမြဲတမ်း တပြိုင်နက် ဖြစ်၏။

## ဝိရတီ သုံးပါး (ရှောင်သီလ၊ စောင့်သီလ၊ မြဲသီလ)
၁။ သမ္ပတ္တ ဝိရတီ = သီလကို မဆောက်တည်ထားသော်လည်း မိမိတို့အမျိုးအနွယ်၊အကျင့်၊ ဂုဏ်စသည်ကို စောင့်ထိန်းသောအားဖြင့် ရောက်လာသောအကုသိုလ်ကို မပြုဘဲရှောင်ကြဉ်၏။ (**ရှောင်သီလ** ခေါ်၏)

၂။ သမာဒါန ဝိရတီ = သိက္ခာပုဒ်များ ဆောက်တည်ပြီး၍ ၎င်းကို မကျိုးပေါက်အောင် သတိဖြင့် စောင့်ထိန်း၏။ (ဤသီလသည် သတိဖြင့် စောင့်နေရသောကြောင့် **စောင့်သီလ**ဟုခေါ်၏။)

၃။ သေတုဃာတ ဝိရတီ (သမုစ္ဆေဒ ဝိရတီ) = အရိယာပုဂ္ဂိုလ်များ မဂ်သို့ရောက်သောအခါ ကျူးလွန်လိုသည့် အကုသိုလ် စေတနာမှန်သမျှကို အမြစ်ပါမကျန် ပယ်သတ်လိုက်သဖြင့် အမြဲတမ်း ရှောင်ကြဉ်ပြီးသား ဖြစ်နေ၏။ နောက်ဘဝရောက်သွားသော်လည်း သီလမပျက်တော့။ (ထိုသီလမျိုးသည် အမြဲတမ်း လုံခြုံနေသောကြောင့် **မြဲသီလ** ဟုခေါ်၏။

(သေတုဃာတဝိရတိယာ ပန ဘေဒေါ နာမ နတ္ထိ, ဘဝဂ္ဂရေပိ ဟိ အရိယသာဝကော ဇီဝိတဟေတုပိ နေဝ ပါဏံ ဟနတိ န သုရံ ပိဝတိ၊ (ပ) ဣဒံ ဓမ္မတာယသိဒ္ဓန္တိ စ ဝေဒိတဗ္ဗံ။ (သီလက္ခန်၊ဋ္ဌ၊ ၂၇၃။)

**သမ္မာဝါယာမ မဂ္ဂင်**

၁။ ဖြစ်ပြီးသောအကုသိုလ်တရားများ ပယ်ရှားနိုင်အောင် -

၂။ မဖြစ်သေးသော အကုသိုလ်တရားများ မဖြစ်အောင် -

၃။ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်လာအောင် -

၄။ ဖြစ်ပြီးသော ကုသိုလ်တရားများ တည်တံ့အောင်,မပျောက်အောင်,တိုးပွားအောင်-

ဆန္ဒကိုဖြစ်စေခြင်း, အားထုတ်ခြင်း, စိတ်ကိုတက်ကြွစေခြင်း, ကြိုးစားခြင်းသည် သမ္မာဝါယာမ မဂ္ဂင်မည်၏။

**ဖြစ်ပြီးသောအကုသိုလ်များ မဖြစ်အောင် အားထုတ်ခြင်း**

ဖြစ်ပြီးသောအကုသိုလ်တရားများကို ပြန်လည်သတိရ၍ အထပ်ထပ်ပူပန်နေခြင်းသည် အကုသိုလ်များ အထပ်ထပ် တိုးပွားစေ၏။ ပြန်လည် မပြုရာလည်း မရောက်။ ထို့ကြောင့် ပြုပြီးအကုသိုလ်များကို ပြန်လည် မအောင့်မေ့တော့ဘဲ လုံးလုံးပယ်စွန့်လိုက်၏။ နောင်ကို အလားတူ အကုသိုလ်မျိုးမဖြစ်အောင် စောင့်ထိန်း၏။ ဤသို့ပြုလတ်သော ဖြစ်ပြီးအကုသိုလ်ကိုလည်း ပယ်စွန့်နိုင်၏။ အလားတူ အကုသိုလ်ကိုလည်း ပယ်စွန့်ရာ ရောက်၏။

**မဖြစ်သေးသော အကုသိုလ်များ မဖြစ်အောင်အားထုတ်ခြင်း**

မည်သူမဆို သံသရာ၌ကား မဖြစ်ဖူးသောအကုသိုလ်မရှိ။ သို့သော် ဤဘဝ၌ကား အာရုံအားဖြင့် သော်၎င်း၊ အမူကိစ္စအားဖြင့်သော်၎င်း မဖြစ်ဖူးသော အကုသိုလ်များရှိ၏။

အာရုံအနေအားဖြင့် လောဘဖြစ်စရာ အာရုံအမျိုးမျိုးရှိ၏။ တချို့သောအာရုံများ၌ လိုချင်တပ်မက်မှု မဖြစ်ရသေးပေ။ ထိုမဖြစ်ဖူးသောအာရုံများကို မဖြစ်အောင် စောင့်ထိန်းခြင်းကို ဆိုလို၏။

အမူကိစ္စအားဖြင့်လည်း မဖြစ်ဖူးသေးသော ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရများ ရှိကြ၏။ ထိုမဖြစ်သေးသောအကုသိုလ်များ မဖြစ်အောင် စောင့်ထိန်းခြင်းကို ဆိုလို၏။

တနည်းအားဖြင့် ပါဏာတိပါတ၌ ခြင်၊ ပုရွက်ဆိတ်စသည်ကိုသတ်သည့် သေးငယ်သော အကုသိုလ် များ ရှိကောင်းရှိပေမည်။ သို့သော် ကြီးမားသော ဆင်စသည်ကိုသတ်ခြင်း အကုသိုလ်မျိုးကို မဖြစ်ဖူးသေး။ ထိုကဲ့သို့ မလုပ်ရသေးသော (ဝါ) မဖြစ်သေးသော အကုသိုလ်များကို မဖြစ်အောင် စောင့်ထိန်းခြင်းမျိုးကိုလည်း ဆိုလို၏။

ထိုသို့ မဖြစ်သေးသောအကုသိုလ်များ မဖြစ်ရလေအောင် စာပေကျမ်းဂန် ဖတ်ရှုခြင်း၊ သင်ကြားခြင်း၊ တရားနာခြင်း၊ ဘုရားဝေယျာဝစ္စ စသည်လုပ်ခြင်း၊ ဒါန သီလကို အားထုတ်ခြင်း၊ မေတ္တာပွားခြင်း၊ တရားအား ထုတ်ခြင်း စသည်တို့ ပြုလုပ်ခြင်းဖြင့် ရှောင်ကြဉ်သင့်ပေသည်။

(ဝိဘင်း၊၄၂၂၂၃။ မဟာစည်ဆရာတော်၏ သစ္စာလေးပါးတရားတော်-၃၆၇။ သဂြိုဟ်ဘာသာဋီကာ-၅၈၃။ အကျယ်ရှု)

## မဖြစ်သေးသော ကုသိုလ်

ဤဘဝ၌ မဖြစ်ဖူးသေးသော သမထ ဝိပဿနာ စသော လောကီကုသိုလ်မျိုး၊ သံသရာ တခါမျှ မဖြစ်ခဲ့ဖူးသေးသော မဂ်ကုသိုလ်မျိုးကို မဖြစ်ဖူးသော ကုသိုလ်ဟုခေါ်၏။

## ဖြစ်ပြီးသောကုသိုလ်များ တိုးပွားအောင်လုပ်

ရှေးဘဝကဖြစ်စေ ယခုဘဝမှာဖြစ်စေ ဖြစ်ပြီးသော သမထ ဝိပဿနာ စသော လောကီကုသိုလ်များကို ယူရမည်။ လောကုတ္တရာမဂ်ကုသိုလ်များမှာကား တစ်ကြိမ်ဖြစ်ပြီးလျှင် နောက်ထပ်တိုးပွားစရာ မလိုတော့ပေ။

## သမ္မာသတိ မဂ္ဂင်

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟူသော အာရုံတရားတို့၌ အသုဘ၊ ဒုက္ခ၊ အနိစ္စ၊ အနတ္တဟု ထင်မြင်လာအောင် ရှုမှတ်နေမှုသည် သမ္မာသတိမဂ္ဂင် မည်၏။

(မှတ်ချက်။ ။သတိဖြင့်ရှုသည်ဆိုသော်လည်း ပြင်းထန်သော ဝီရိယ၊ ပိုင်းခြားသိမြင်သော ပညာများလည်း ပါဝင်လုပ်ဆောင်၏။)

## သတိ၏ လက္ခဏာ၊ ကိစ္စ၊ ဉာဏ်၌ထင်မှု၊ နီးသောအကြောင်းတရား

၁။ ဗူးတောင်းသည် ရေ၌ကောင်းစွာ မတည်ဘဲ ပေါလောမျောသွားသကဲ့သို သတိသည် အာရုံ၌ ပေါလွင် မျောပါမသွားဘဲ ခိုင်မြဲတည်တံ့ခြင်း၊ သူနှင့်ယှဉ်တွဲဖြစ်သော သမ္ပယုတ်တရားများကိုလည်း အာရုံ၌ ခိုင်မြဲစွာ ထားနိုင်ခြင်းသည် သတိ၏ လက္ခဏာဖြစ်၏။

၂။ အာရုံကို ပျောက်ကွယ်မသွားအောင် အောက်မေ့ခြင်း, အမှတ်ရနေခြင်းသည် သတိ၏ ကိစ္စဖြစ်၏။

၃။ ထို့ကြောင့် ယောဂီတို့ဉာဏ်မှာ "ယူပြီး, ယူဆဲအာရုံများကို မပျောက်အောင် စောင့်ရှောက်ထားတတ်သောတရား"ဟု ထင်လာ၏။

၄။ ဤသတိ၏ အာရုံကို မမေ့ပျောက်အောင် စောင့်ရှောက်ရာ၌ သညာသည် အနီးကပ် အကြောင်းတရားဖြစ်၏။ များစွာ အထောက်အကူဖြစ်၏။ (သညာကောင်းမှ သတိကောင်းမည်ဟု ဆိုလိုသည်။)

## သမ္မာသမာဓိ မဂ္ဂင်

ဈာန်လေးပါး၌ရှိသော သမာဓိသည် သမ္မာသမာဓိမဂ္ဂင် မည်၏။

ဈာန် ၂-မျိုး

အာရမ္မဏူပနိဇ္ဈာန် = နီဝရဏကိလေသာများ ငြိမ်းစေရန် ပထဝီစသော ကသိုဏ်းတို့ကို ပွားများသော သမထဈာန်။

လက္ခဏူပနိဇ္ဈာန် = ရုပ်နာမ်တရားတို့၌ အနိစ္စ စသော လက္ခဏာသုံးပါး ထင်လာစေရန် ပွားများသော ဝိပဿနာဈာန်။

ဈာနန္တိ ဒုဝိဓံ ဈာနံ အာရမ္မဏူပနိဇ္ဈာနဉ္စ လက္ခဏူပနိဇ္ဈာနဉ္စ။ (ပဋိသမ္ဘိဒါ၊ဋ၊၁၊ နှာ-၁၇၀၊)

## သမာဓိ ၄-မျိုး

၁။ ခဏိက သမာဓိ = တခဏမျှသာ တည်ကြည်သော သမာဓိ
၂။ ဝိပဿနာ သမာဓိ = ဝိပဿနာရှုဆဲ၌ဖြစ်သော သမာဓိ
၃။ ဥပစာရ သမာဓိ = ဈာန်၏ရှေ့ အနီးတွင်ဖြစ်သော သမာဓိ
၄။ အပ္ပနာ သမာဓိ = ဈာန်သမာဓိ

သော ခဏိကသမာဓိ ဝိပဿနာသမာဓိ ဥပစာရသမာဓိ ပဌမဈာနသမာဓိ။ (ပဋိသမ္ဘိဒါ၊ဋ္ဌ၊၁၁၇။)
(အဘိ၊ဋ္ဌ၊၁၊၁၆၀။ ဝိသုဒ္ဓိ၊ဋ္ဌ၊၁၊၁၄၄။ မဟာဋီ၊ဋ္ဌ၊၁၁၁-တို့၌ ဝိပဿနာခဏိကသမာဓိ မပါဘဲ ၃-ပါးပြ။)

## မဂ္ဂင်(၈)ပါးကို သီလ သမာဓိ ပညာ ခွဲပုံနှင့် သမထ-ဝိပဿနာ ခွဲပုံ

| သီလ | သမာဓိ | ပညာ |
|---|---|---|
| သမ္မာဝါစာ<br>သမ္မာကမ္မန္တ<br>သမ္မာအာဇီဝ | သမ္မာဝါယာမ<br>သမ္မာသတိ<br>သမ္မာသမာဓိ | သမ္မာဒိဋ္ဌိ<br>သမ္မာသင်္ကပ္ပ |
| သမထ | | ဝိပဿနာ |

သီလက္ခန္ဓော စ သမာဓိက္ခန္ဓော စ သမထော၊ ပညက္ခန္ဓော ဝိပဿနာ။ (နေတ္တိ၊၆၉။)

## ကာရက(အလုပ်သမား)မဂ္ဂင် ၅-ပါး

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ ၊ သမ္မာအာဇီဝ ဤငါးပါးသည် ဝိပဿနာတရား အားထုတ်စဉ်ကာလ၌ မိမိသန္တာန်၌ အမြဲတမ်းအလုပ် လုပ်နေကြသည့် မဂ္ဂင်များဖြစ်၍ ကာရကမဂ္ဂင် (ဝါ) အလုပ်သမားမဂ္ဂင်များဟု ခေါ်၏။

## အလုပ်လုပ်ပုံ

သမ္မာသင်္ကပ္ပသည် စိတ်ကိုအာရုံပေါ်သို့ ပို့ဆောင်ပေး၏။ သမ္မာဝါယာမသည် သမ္မာသင်္ကပ္ပနှင့်အတူ အခြား မဂ္ဂင်များကို ပံ့ပိုးကူညီပေးသည်။ သမ္မာသတိသည် စိတ်ကို အာရုံထဲသို့ နစ်ဝင်သွားစေ၏။ သမ္မာသမာဓိ သည် စိတ်ကို တစ်ခုတည်းသော အာရုံပေါ်၌ ကြာရှည်စွာ တည်နေစေ၏။ သမ္မာဒိဋ္ဌိသည် စိတ်ကို ပရမတ်တရား တို့၏ လက္ခဏာသဘောတရားများကို မှန်ကန်စွာ သိစေ၏။

သမ္မာသင်္ကပ္ပမရှိဘဲ ယောဂီသည် စိတ်ကို ကမ္မဋ္ဌာန်းအာရုံပေါ်သို့ရောက် မပို့နိုင်။ သမ္မာဝါယာမ၏ အကူအညီမရဘဲ သမ္မာသင်္ကပ္ပ အလုပ် မလုပ်နိုင်။ သမ္မာသတိမရှိလျှင် စိတ်သည် အာရုံကို မထိုးဖေါက်နိုင်။ သမ္မာသမာဓိမရှိလျှင် စိတ်သည် အာရုံပေါ်၌ မတည်နိုင်။ သမ္မာဒိဋ္ဌိ မပါဘဲ လက္ခဏာသုံးပါးကို ထိုးဖေါက် မသိနိုင်။

# မဂ္ဂင်ရှစ်ပါး၌ စဉ်းစားဖွယ်

ဤဓမ္မစကြာသုတ်၌ မဂ္ဂင်ရှစ်ပါး၏ သမ္မာဒိဋ္ဌိစသည့် အမည်မျှသာပါပြီး အကျယ်ဖွင့်ပြထားကြောင်း မတွေ့ရပေ။ ထိုမျှဖြင့် ပဉ္စဝဂ္ဂီငါးဦးတို့ နားလည်နိုင်ပါမည်လောဟု စဉ်းစားဖွယ်ရှိ၏။

မဟာစည်ဆရာတော်၏ ရှင်းလင်းချက် ၂-ခု

ပဉ္စဝဂ္ဂီငါးဦးတို့သည် တရားဦးနာပြီး ကျွတ်တမ်းဝင်မည့် ပါရမီထူးများရှိကြ၏။ ထို့ကြောင့် သမ္မာဒိဋ္ဌိ စသော အမည်များကို ကြားနာရုံဖြင့်ပင် နားလည်သဘောပေါက်သွားကြ၏။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးအမည်မျှကို သာ ဤဒေသနာတော်၌ ဟောခြင်းဖြစ်၏။ ဤကား ပထမနည်း။

ဒုတိယနည်းကား မြတ်စွာဘုရားသည် ဤဒေသနာဟောစဉ်က မဂ္ဂင်ရှစ်ပါးကို အများနားလည်အောင် အကျယ်ဟောတော်မူခဲ့မည် ဖြစ်၏။ သို့သော် ထိုဖွင့်ပြချက်များမှာ အခြားသောသုတ္တန်များ၌ သီးခြားပါရှိနေသည့်အတွက် ပထမသင်္ဂါယနာ တင်သောအခါ ဤဓမ္မစကြာသုတ်၌ မဂ္ဂင်ရှစ်ပါးကို အကျဉ်းချုံးပြီး ခေါင်းစဉ်မျှသာ သင်္ဂါယနာခဲ့ခြင်း ဖြစ်ဖွယ်ရှိ၏။

အထောအထားအားဖြင့် မဇ္ဈိမနိကာယ်လာ သတိပဋ္ဌာနသုတ်သည် ဒီဃနိကာယ်လာ သတိပဋ္ဌာနသုတ်နှင့် အတူတူပင်ဖြစ်၏။ ထို့ကြောင့် သင်္ဂါယနာတင် မထေရ်များက ဒီဃနိကာယ်လာ သတိပဋ္ဌာန်သုတ်ကို အပြည့်အစုံ တင်ပြီး၊ မဇ္ဈိမနိကာယ်လာ သတိပဋ္ဌာန်သုတ်ကို နှုတ်ငုံဆောင်ယူ၍ လွယ်ကူစေရန် အကျဉ်းချုပ်ကာ ပထမပိုင်းသာ တင်ခဲ့ကြ၏။

သို့သော် ဆဋ္ဌသင်္ဂါယနာတင်သောအခါ မဇ္ဈိမနိကာယ်လာ သတိပဋ္ဌာန်သုတ်ကိုလည်း ဒီဃနိကာယ်လာ သတိပဋ္ဌာန်သုတ်ကြီးနှင့်ညှိကာ အပြည့်အစုံ တင်ခဲ့ကြ၏။ အလားတူပင် အခြားနိကာယ်များမှ ရှည်လျားသည့် သုတ္တန်အချို့ကို ခုဒ္ဒကနိကာယ်၌ အကျဉ်းချုံး၍ သင်္ဂါယနာတင်ထားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ဒုတိယအဖြေက ပို၍ သဘာဝကျ၏။

(ဓမ္မာစရိယ ဦးမောင်မောင်လေး၏ တရားဦး၊ ၁၇၆-၁၇၈။)

&&&&&&&&&&&&&&&&&&&&&&

# ဒုက္ခသစ္စာ၌ ဉာဏ် ၃-ပါး

**သစ္စဉာဏ်**

**"ဣဒံ ဒုက္ခံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့.... "ဤတရားသည် အရိယာတို့သိအပ်သော ဆင်းရဲအစစ် အမှန်တရား"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ငါဘုရားသည် ပညာမျက်စိဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့်သိသော ပညာဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိသော 'ဝိဇ္ဇာ'ဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

**သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်**

၁။ ဒုက္ခ,သမုဒယ,နိရောဓ,မဂ္ဂ ဟူသော သစ္စာလေးပါးတို့၌ ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် သစ္စဉာဏ်မည်၏။

၂။ ပိုင်းခြားသိရမည့်တရား၊ ပယ်ရမည့်တရား၊ မျက်မှောက်ပြုရမည့်တရား၊ ပွားရမည့်တရားဟူ၍ ပြအပ်သော ကိစ္စကို သိသောဉာဏ်သည် ကိစ္စဉာဏ်မည်၏။

၃။ ထိုပြုလုပ်ရမည့်ကိစ္စကို ပြုလုပ်ပြီးပြီဟု သိသောဉာဏ်သည် ကတဉာဏ်မည်၏။

**ဣဒံ = ဤသည်ကား**

ဤနေရာ၌ "ဣဒံ = ဤသည်ကား"ဟူသော စကားသည် ရှေးက ပြောခဲ့ပြီးသော 'ဇာတိ' အစ 'ဥပါဒါနက္ခန္ဓ 'အဆုံးရှိသော သဘောတရားများကို ညွှန်းဆိုခြင်းဖြစ်၏။

## ဥပါဒါနက္ခန္ဓာကို ဒုက္ခသစ္စာ ဟု သိ

မြတ်စွာဘုရား အရဟတ္တမဂ်ဉာဏ်ကို ရသောအခါ၌ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကို တွေ့တော်မူ၏။ ထိုသို့တွေ့မြင်သောအခါ ခဏမစဲ ဖြစ်ပျက်နေသော ဤဥပါဒါနက္ခန္ဓငါးပါးသည် ဆင်းရဲအမှန်တရား (ဒုက္ခသစ္စာ)ဖြစ်ကြောင်း သိတော်မူ၏။

**ပုဗ္ဗေ အနနုဿုတေသု = ရှေးက မကြားဖူးသောတရား**

ထိုသို့ ဒုက္ခသစ္စာကို တွေ့ရာ၌ သူတစ်ပါးထံမှ ကြားဖူး၍ မဟုတ်ပေ။ အာဠာရနှင့်ဥဒက ရသေ့ဆရာကြီးတို့ထံမှ ရခဲ့သောနည်းဖြင့် သိသည်လည်း မဟုတ်ပေ။

(ဤစကားရပ်ဖြင့် သူတပါးထံမှ ခံယူခဲ့သောနည်း၊ ကြားဖူးသောနည်းတို့ဖြင့် မှန်းဆဆင်ခြင်ပြီး သိလာသည် မဟုတ်။ "သမ္မာသမ္ဗုဒ္ဓေါ" သူတပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသော ဘုရားဖြစ်ကြောင်းလည်း ဝန်ခံခြင်းဖြစ်၏။ ဤကဲ့သို့ မကြားဖူးသေးသော အသိဉာဏ်များဖြစ်ခြင်းဟူသော စကားသည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်များ, ပစ္စေကဗုဒ္ဓါများနှင့်သာ ဆိုင်ပါသည်။ ကျန်သော တပည့်သာဝကအားလုံး ဘုရားထံမှ တရားကို ကြားနာရမှသာလျှင် အသိဉာဏ် ဖြစ်ပေါ်ရ၏။)

## (စက္ခုံ ဥဒပါဒိ) စသည့် အသိဉာဏ်ဖြစ်ပုံ ၅-မျိုး

စက္ခုံ ဥဒပါဒိ စသော ငါးမျိုးသည် မြတ်စွာဘုရား အသိဉာဏ်ထူးများ ဖြစ်ပေါ်လာပုံကို ဖေါ်ပြခြင်းဖြစ်၏။ အသိဉာဏ်တစ်ခုတည်းကိုပင် မြင်တတ်သော အနက်သဘောကြောင့် "စက္ခု-မျက်စိ" ဟုလည်းခေါ်၏။ သိတတ်သော အနက်သဘောကြောင့် "ဉာဏံ-ဉာဏ်"ဟုလည်း ခေါ်၏။ အသေးစိပ် နှံ့စပ်အောင် သေသေချာချာ သိတတ်သော အနက်သဘောကြောင့် "ပညာ"ဟုလည်း မည်၏။ မောဟစသည့် ကိလေသာတို့၏ အကာ အကွယ် အပိတ်အဆို့များကို ထိုးဖေါက်သိတတ်သောကြောင့် "ဝိဇ္ဇာ"ဟုလည်း ခေါ်၏။ လင်းစေတတ်သော အနက်သဘောကြောင့် "အာလောကော-အလင်းရောင်" ဟုလည်း ခေါ်၏။

(သံ၊၄-၁၃၂၀။)

**ကိစ္စဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့...... " ထိုသို့သဘောရှိသော ဤဒုက္ခအရိယသစ္စာကို ပိုင်းခြား၍ သိအပ်သောတရား"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ်**

**ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့်သိသော ပညာဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိသော 'ဝိဇ္ဇာ'ဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ်ပညာ ဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

**ကိစ္စဉာဏ်ပေါ်လာပုံ**

"ဒုက္ခသစ္စာမည်သော ဥပါဒါနက္ခန္ဓာများကို ရှုပြီး ပိုင်းခြားသိအပ်၏"ဟု ပေါ်လာသောဉာဏ်ကို ကိစ္စဉာဏ်ဟု ခေါ်၏။ ဤဉာဏ်ဖြင့် ဒုက္ခသစ္စာ၌ ပြုလုပ်ရမည့်ကိစ္စကို သိ၏။ ဤဉာဏ်သည် အရိယာမဂ် မရောက်မီကတည်းက ဖြစ်ပေါ်လာ၏။ ဤဉာဏ် ဖြစ်ပေါ်လာခြင်းသည် မြတ်စွာဘုရား၌ ရှေးက မည်သူ့ထံကမှ မကြားဘူးခဲ့ဘဲနဲ့ ပေါ်လာခြင်းဖြစ်၏။

အရှင်ကောဏ္ဍည စသော တပည့်များမှာကား ဘုရားထံမှဖြစ်စေ၊ အခြားသော သာဝကတစ်ပါးပါးထံမှ ဖြစ်စေ ကြားနာရမှသာလျှင် ဖြစ်၏။

မှတ်ချက်။ ။"ဒုက္ခသစ္စာမည်သော ဥပါဒါနက္ခန္ဓာများကို ရှုပြီး ပိုင်းခြားသိအပ်၏"ဟု ဆိုထားသောကြောင့် ရှုမှတ်ပြီး သိမှသာလျှင် တကယ့်သိခြင်းကိစ္စ ပြီးမည်။ သို့သော် အချို့က ရုပ်တရား နာမ်တရား အနိစ္စ ဒုက္ခ အနတ္တ တရားများကို ကြားဖူးရုံလောက်နဲ့ ကိစ္စပြီးတယ်ဟု မှားယွင်းစွာ ယူဆတတ်ကြ၏။

နောက်ပြီး ဒုက္ခသစ္စာမည်သော ဥပါဒါနက္ခန္ဓာတရားများသည် ပယ်ရမည့်တရားမဟုတ်။ ပိုင်းခြားသိရ မည့်တရားသာ ဖြစ်၏။ သို့ဖြစ်၍ ကိလေသာမဖြစ်အောင် ဥပါဒါနက္ခန္ဓာများကို ဖြတ်ထုတ်ပယ်ရုံနဲ့ မရ။

**ကတဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့...... " ထိုသို့သဘောရှိသော ဤဒုက္ခအရိယသစ္စာကို ပိုင်းခြား၍ သိအပ်ပေပြီ (ပိုင်းခြား သိမှုကိစ္စ ပြီးပေပြီ)"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့်သိသော ပညာဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိသော 'ဝိဇ္ဇာ'ဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ်ပညာ ဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

**ဖြစ်ရာအချိန်**

၁။ သစ္စဉာဏ်သည် မဂ်သို့ မရောက်မီ ရှေးကာလမှာလည်း ဖြစ်၏။ မဂ်အခိုက်မှာလည်း ဖြစ်၏။ မဂ်ခဏ၏ နောက်ကာလမှာလည်း ဖြစ်၏။

၂။ ကိစ္စဉာဏ်သည် မဂ်သို့ မရောက်မီ စောစောကတည်းက ဖြစ်နှင့်ရ၏။

၃။ ကတဉာဏ်သည်ကား အရဟတ္တဖိုလ်သို့ ရောက်ပြီးမှသာ ဖြစ်၏။

ပရိညေယျန္တိ ပုဗ္ဗဘာဂေ၊ ပရိညာတန္တိ အပရဘာဂေ၊ သစ္စဉာဏံ ပန မဂ္ဂခဏေပိ ပရိဇာနနာဒိကိစ္စ-
သာဓနေဝသေန ဟောတီတိ အာဟ။ (မူလဋီကာ၊ ၁၁၂။)

**(ဆောင်)** (၁) ရှေး နောက်ကာလ၊ မဂ်ခဏမှာ၊ လေးသစ္စာ၊ သိတာ သစ္စဉာဏ်။
(၂) သိသင့်, ပယ်သင့်၊ ဆိုက်, ပွားသင့်၊ သိနှင့် ကိစ္စဉာဏ်။
(၃) ကိစ္စ ပြီးလျှင်၊ ပြီးကြောင်း မြင်၊ ခေါ်တွင် ကတဉာဏ်။
(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်ကြီး၊ ၃၆၈-၃၇၀။)

*******************************

# သမုဒယသစ္စာ၌ ဉာဏ် ၃-ပါး

**သစ္စဉာဏ်**

**"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့...... "ဤတရားသည် အရိယာတို့ သိအပ်သော ဆင်းရဲဖြစ်ကြောင်း အမှန်တရားဟူ၍ ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ်ဖြစ်ပေါ် ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

**"ဣဒံ" ဟူသည်**

"ဣဒံ=ဤသည်ကား"ဟူသောဖြင့် ရှေးက ထုတ်ပြခဲ့ပြီးသော ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ တည်းဟူသော တဏှာသုံးပါးကို ညွှန်းဆိုခြင်းဖြစ်၏။

ကာမဂုဏ်အာရုံတွေကို ခံစားလိုသည့် ကာမတဏှာ၊ ဘဝသစ်ကို လိုချင်တောင့်တသည့် ဘဝတဏှာ၊ သေပြီးလျှင်ပြတ်သည်ဟူသော စွဲလန်းမှုတဏှာ၊ ဤသုံးပါးလုံးသည် ဆင်းရဲဖြစ်ကြောင်း အမှန်တရားဟု သိသောဉာဏ်သည် သစ္စဉာဏ်ဖြစ်၏။

**ကိစ္စဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့...... "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော ဤအရိယာတို့၏ အမှန်တရား သမုဒယ အရိယသစ္စာကို ပယ်အပ်၏"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိ**

**ဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

ဒုက္ခ၏ အကြောင်းမှန်ဖြစ်သော တဏှာကို ရှာဖွေသိမြင်ရုံမျှဖြင့် မပြီးသေး။ ၎င်းနှင့်ပတ်သက်၍ "ဘာလုပ်ရမည်" ဟု လုပ်ရမည့်ကိစ္စကိုလည်း သိဖို့လိုသေး၏။ ဤနေရာ၌ မြတ်စွာဘုရားသည် "ထိုတဏှာကို ပယ်ရမည်" ဟူသော လုပ်ဆောင်ရမည့် ကိစ္စကိုသိသော ကိစ္စဉာဏ် ဖြစ်ပေါ်လာ၏။

**တဏှာ သုံးမျိုး**

၁။ ဝိတိက္ကမ တဏှာ = ကိုယ်နှုတ်ဖြင့် ကျူးလွန်သော တဏှာ
၂။ ပရိယုဋ္ဌာန တဏှာ = စိတ်ထဲတွင် ဖြစ်ပေါ်ထကြွနေသော တဏှာ
၃။ အနုသယ တဏှာ = အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်နိုင်သော တဏှာ

**ပယ်ပုံ**

ကိုယ်နှုတ်ဖြင့် လွန်ကျူးတတ်သော တဏှာကို သီလဖြင့် ပယ်ရမည်။ စိတ်ထဲတွင် ထကြွဖြစ်ပေါ်နေသော တဏှာကို သမထကမ္မဋ္ဌာန်းတစ်ခုခုကို နှလုံးသွင်းလျက် သမာဓိဖြင့် ပယ်ရ၏။ အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်လာနိုင်သော အနုသယကိလေသာကို မဂ်ဖြင့်သာ ပယ်နိုင်၏။

**အနုသယကိလေသာ ၂-မျိုး**

၁။ အာရမ္မဏာနုသယ = မြင်ခိုက် ကြားခိုက်စသည်၌ အနိစ္စစသည်ဖြင့် မရှုမှတ်မိလျှင် နောင်သောအခါ ပြန်လည် စဉ်းစားပြီး ဖြစ်ပေါ်လာသော အနုသယကိလေသာမျိုး။
၂။ သန္တာနာနုသယ = အရိယာမဂ်ဖြင့် မပယ်ရသေးသော ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်နိုင်သော အနုသယ ကိလေသာမျိုး။

အာရုံ၌ဖြစ်သော အနုသယကိလေသာကို ဝိပဿနာရှုမှတ်မှုဖြင့် ပယ်နိုင်၏။ အရိယာမဖြစ်သေးသော ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သည့် ကိလေသာကိုတော့ အရိယာသို့ရောက်မှ ပယ်နိုင်၏။

ယောနိသော မနသိကာရဖြင့်နေပါ-

အရာရာကို သင့်-မသင့်၊ ကောင်း-မကောင်း၊ တော်-မတော် ချင့်ချိန်ကာ ကောင်းမြတ်သော စိတ်ထားဖြင့်နေလျှင် နေ့စဉ်ဘဝ၌ အကုသိုလ်မဖြစ်စေဘဲ ကုသိုလ်ဖြစ်စေနိုင်၏။

ယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တိ။ (အင်္ဂုတ္တိုရ်ပါ၊၁၊နှာ၁၂။)

**နေရာတိုင်းမှာ သူရှိပါ**

**<u>ကာမ (၁၁)ဘုံဟူသော အောက်သံသရာ၌လည်သော သံယောဇဉ်ငါးပါး</u>**

၁။ **<u>ကာမရာဂ သံယောဇဉ်၊</u>** (အောက်တဏှာ)

၂။ ပဋိဃသံယောဇဉ်၊

၃။ သီလဗ္ဗတပရာမသ သံယောဇဉ်၊

၄။ ဒိဋ္ဌိသံယောဇဉ်၊

၅။ ဝိစိကိစ္ဆာ သံယောဇဉ်။

**<u>ဖြပ္ဟဘုံ (၂၀)ဟူသော အထက်သံသရာ၌လည်သော သံယောဇဉ်ငါးပါး</u>**

၁။ **<u>ရူပရာဂ သံယောဇဉ်</u>**

၂။ **<u>အရူပရာဂ သံယောဇဉ်</u>** (အထက်တဏှာ ၂-ပါး)

၃။ မာန သံယောဇဉ်

၄။ ဥဒ္ဓစ္စ သံယောဇဉ်

၅။ အဝိဇ္ဇာ သံယောဇဉ်

**တဏှာပယ်ပုံ**

၁။ သောတာပတ္တိမဂ် = အပါယ်လေးဘုံ၌ဖြစ်သော တဏှာကို အကြွင်းမဲ့ပယ်၏။ လူ့ဘုံ၌ ၇-ဘဝထက်
အလွန်ဖြစ်သော တဏှာကိုလည်း ပယ်၏။

၂။ သကဒါဂါမိမဂ် = ၂-ဘဝထက် အလွန်ဖြစ်သော တဏှာကို ပယ်သတ်၏။

၃။ အနာဂါမိမဂ် = ကာမ ၁၁-ဘုံ၌ဖြစ်သော တဏှာကို အကြွင်းမဲ့ပယ်၏။

၄။ အရဟတ္တမဂ် = ရူပရာဂနှင့် အရူပရာဂတို့ကို အကြွင်းမဲ့ပယ်၏။

**ကတညာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့...... "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော ဤအရိယာတို့၏ အမှန်တရား သမုဒယ အရိယ သစ္စာကို ပယ်ပြီးပြီ"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

**ကတဉာဏ်ဖြစ်ပုံ**

ဤသည်ကား အရဟတ္တမဂ်ဖြင့် တဏှာကိုပယ်ခြင်းကိစ္စ ပြီးသွားသောအခါ ပြန်လည်၍ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ ဝန်ခံမိန့်ကြားတော်မူခြင်းဖြစ်၏။ လုပ်သင့်သောကိစ္စကို လုပ်ပြီးသွားကြောင်း သိခြင်း ဖြစ်၍ ဤဉာဏ်ကို ကတဉာဏ်ဟုခေါ်၏။

## နိရောဓသစ္စာ၌ ဉာဏ် ၃-ပါး

**သစ္စဉာဏ်**

**"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့.... "ဤသည်ကား ဆင်းရဲချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ' မည်၏"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိ ဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

**"ဣဒံ = ဤသည်ကား"ဟူသော အညွှန်း**

"ဣဒံ = ဤသည်ကား"ဟူသည်မှာ ရှေးကပြောဆိုခဲ့သော "တဏှာ၏ အကြွင်းမဲ့ချုပ်ငြိမ်းရာ အငြိမ်း ဓာတ်သဘောကို နိရောဓသစ္စာမည်၏"ဟု သိသော သစ္စဉာဏ်ဖြစ်ပေါ်လာ၏။

ဒုက္ခနိရောဓ = ဒုက္ခချုပ်ရာ

ဤနေရာ၌ "ဒုက္ခချုပ်ရာ"ဟု ဆိုသော်လည်း ဒုက္ခချုပ်ရာကို နိဗ္ဗာန်ဟု မဟော။ ၎င်းကို စွဲလမ်းတတ် သော အကြောင်းဖြစ်သည့် တဏှာချုပ်ရာကိုသာ နိဗ္ဗာန်ဟု ဟော၏။ တဏှာရှိနေသ၍ ဒုက္ခရှိနေမည်သာ။ အကြောင်းဖြစ်သော တဏှာသမုဒယသစ္စာချုပ်မှ အကျိုးဖြစ်သော ဒုက္ခသစ္စာလည်း ချုပ်ငြိမ်းပေမည်။

**ကိစ္စဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့.... "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ'ကို မျက်မှောက်ပြုအပ်၏"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။**

**အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိ ဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

မျက်မှောက်ပြု၍ သိခြင်းဟူသည်။
နိရောဓသစ္စာကို မဂ်ဉာဏ်က တိုက်ရိုက်အာရုံပြုသောအားဖြင့်သိခြင်း(သစ္ဆိကိရိယ ပဋိဝေဓ)ကို မျက်မှောက်ပြု၍ သိခြင်းဟူခေါ်၏။

(မျက်မှောက်ပြုခြင်းဟူသည် မသွယ်မဝိုက်ဘဲ တည့်တည့်ဟု အဓိပ္ပါယ်ရှိ၏။ မဟာစည်ဆရာတော်၏ ဓမ္မစကြာတရား၊ ၃၈၆။)

**ကတဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့..... "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ'ကို မျက်မှောက်ပြုသိခြင်း ကိစ္စပြီးပြီ"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိ ဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

## မဂ္ဂသစ္စာ၌ အသိဉာဏ် ၃-ပါး

**သစ္စဉာဏ်**

**"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့..... "ဤသည်ကား ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂသစ္စာ'မည်၏"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိ ဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

**ဣဒံ = ဤသည်ကား**

"ဣဒံ = ဤသည်ကား"ဟူသော စကားသည် ရှေး၌ဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ပြန်၍ ညွှန်းဆိုခြင်း ဖြစ်၏။

## နိရောဓနှင့် မဂ္ဂသစ္စာဉာဏ်ဖြစ်လာပုံ

မြတ်စွာဘုရား၌ နိရောဓနှင့် မဂ္ဂသစ္စာများကို အရိယာမဂ်သို့ မရောက်မီ ရှေးဦးစွာကပင် သိနှင့်နေ၏။ ထို့ကြောင့် "ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု"ဟု ဆိုထားပေသည်။ သို့သော် ဘုရား၏ တပည့်သာဝကများမှာကား ၎င်းသစ္စာနှစ်ပါးကို တိုက်ရိုက်မသိရသေးသဖြင့် သုတမယဉာဏ်ဖြင့်သာ သိနိုင်၏။ ထို့ကြောင့် ထိုသစ္စာနှစ်ပါးကို ဆင်ခြင်တွေးဆ၍ ရှုနေဖို့မလို။ ဝိပဿနာရှုခိုက်၌ ထိုသစ္စာနှစ်ပါးသည် "ဣဋ္ဌံ = အလိုရှိအပ်သောတရား၊ ကန္တံ = နှစ်သက်အပ်သောတရား၊ မနာပံ = မြတ်နိုးအပ်သောတရား"ဟု စိတ်ညွတ်ရုံမျှဖြင့် လိုအပ်သော သုတမယဉာဏ်ပြီးစီးကြောင်း အဋ္ဌကထာ၌ ပြဆိုထား၏။

## ကိစ္စဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**ရဟန်းတို့.... "ထိုဆင်းရဲခြင်း၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော ဤအရိယာ တို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ'ကို ပွားများအပ်၏"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိ ဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

## ပွားရမည့်တရား

မဂ္ဂသစ္စာကို ပွားရမည်ဟု ဆိုထားသောကြောင့် **<u>နာကြားရုံမျှ၊ စာသိရုံမျှ၊ အနက်အဓိပ္ပါယ်ကို ဆင်ခြင်နေရုံမျှဖြင့်</u>** မဂ္ဂသစ္စာ၏ လိုအပ်သည့် ပွားများခြင်းကိစ္စ မပြီးနိုင်ပေ။ ရုပ်နာမ်ဖြစ်ပျက်ကို သိမြင်လာသည်အထိ ပွားများအားထုတ်မည်ဟု ဆိုလိုပေသည်။

## ဝိပဿနာမဂ်နှင့် အရိယာမဂ်

မဂ္ဂသစ္စာသည် ပွားများအပ်သောတရားဟု ဆိုသော်လည်း သူ့ကို စ,စချင်း ပွားများ၍ မရပေ။ အရိယာမဂ်ဖြစ်စေလိုလျှင် ဝိပဿနာမဂ်ကို ပွားရသည်။ ဝိပဿနာမဂ်ဖြစ်ရန် ဒုက္ခသစ္စာဖြစ်သော ဥပါဒါနက္ခန္ဓာကို ရှုရမည်။ ဝိပဿနာမဂ် ရင့်သန်လာသောအခါမှ အကျိုးဆက်အနေအားဖြင့် အရိယာမဂ် ပေါ်လာခြင်းဖြစ်၏။

## ကတဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့.... "ထိုဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ'ကို ပွားများပြီးပြီ"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိ ဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။

ဤကား ပွားများခြင်ကိစ္စ ပြီးဆုံးသွားသောအခါ ပြီးသွားကြောင်း ပြန်လှည့်၍ ဆင်ခြင်၏။ ထိုသို့ ဆင်ခြင်ခြင်းကို ပစ္စဝေက္ခဏာဉာဏ်ဟု ခေါ်၏။ ထိုဉာဏ်ကိုပင် ဤနေရာ၌ ကတဉာဏ်ဟု ခေါ်ခြင်းဖြစ်၏။

****************************************

ဘုရားအဖြစ် ဝန်မခံသေးချိန်

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိ ပစ္စညာသိံ။

ရဟန်းတို့...ဤလေးပါးသော အရိယသစ္စာတို့၌ ဤသို့ ဝန်ခံဟောကြားခဲ့သည့်အတိုင်း သုံးပါးသော အပြန်, တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သောဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလ ပတ်လုံး ငါဘုရားသည် နတ်,မာနတ်, ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ "အတုမရှိသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီ"ဟူ၍ ဝန်မခံခဲ့ချေ။

ဘုရားအဖြစ် ဝန်ခံချိန်

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိ ပစ္စညာသိံ။

ရဟန်းတို့...ဤအရိယာတို့၏ အမှန်တရားလေးပါးတို့၌ ဤသို့ သုံးပါးသောအပြန်, တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သောဉာဏ်အမြင်သည် စင်ကြယ်သောအခါ၌သာလျှင် ငါဘုရားသည် နတ်,မာနတ်, ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော

**လူ့လောက၌ "အတုမရှိသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီ"ဟူ၍ ဝန်ခံခဲ့၏။**

## သမ္မာသမ္ဗောဓိ ဟု ဝန်ခံပြီ

သမ္မာသမ္ဗောဓိဟူသည် ဘုရားများမှာသာဖြစ်သော အရဟတ္တမဂ်ဉာဏ်တည်း။ ထိုအရဟတ္တမဂ်ကို မည်သူ့ထံမှ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်ကြံ၍ ရတော်မူခဲ့၏။ မြတ်စွာဘုရားသည် သစ္စာလေးပါးကို အပြန်သုံးပါး၊ အခြင်းအရာ ၁၂ တို့ဖြင့် ကြည်လင်ပြတ်သားစွာ သိရှိပြီး ၎င်းဉာဏ်ရသည့်နှင့် တပြိုင်နက် တရားအလုံးစုံ အကုန်သိမြင်နိုင်သည့် သဗ္ဗညုတဉာဏ်ကို ရတော်မူခဲ့၏။ ထိုဉာဏ်ရပြီးမှ ဘုရားအဖြစ်ကို ဝန်ခံတော်မူခဲ့၏။

အကြောင်းမှာ ထိုအချိန်က လွန်ခဲ့သောနှစ်ပေါင်း တစ်ထောင်လောက်ကပင် ဘုရားပွင့်လိမ့်မည်ဟု ဗုဒ္ဓကောလာဟလ ဖြစ်ပေါ်နေခဲ့၏။ ထို့ကြောင့် ခါတော်မီဘုရားများ ဟိုနား ဒီနားတွင် များစွာပေါ်ပေါက်ခဲ့၏။ သို့သော် မင်းစိုးရာဇာများ၊ ပညာရှိသူများက ပြဿနာမေးမြန်းကြသောအခါ ပြေလည်အောင် မဖြေရှင်းနိုင်တော့ပေ။ ထို့ကြောင့် အရှက်တကွဲဖြင့် ကြေငြာပြီးသား ဘုရားအဖြစ်က ပြန်လည်ရုပ်သိမ်းခဲ့ရ၏။ ဗုဒ္ဓကား တလောကလုံး ရှိသမျှ သတ္တဝါအားလုံးတို့အား မိမိသည် စစ်မှန်သော သမ္မာသမ္ဗုဒ္ဓတစ်ဆူ ဖြစ်ကြောင်း ရဲဝံ့ပြတ်သားစွာ ကြေငြာလိုက်ခြင်း ဖြစ်၏။

## ဗောဓိ သုံးမျိုး

၁။ သမ္မာသမ္ဗောဓိ = ဘုရားရှင်များ၌သာဖြစ်သော အရဟတ္တမဂ်ကို သမ္မာသမ္ဗောဓိ (သမ္မာ=မှန်ကန်ပြည့်စုံစွာ+ သံ=ကိုယ်တော်တိုင်+ဗောဓိ=သိသောဉာဏ်။ သမ္မာသမ္ဗောဓိ=မှန်စွာ ကိုယ်တော်တိုင် သိသောဉာဏ်)

၂။ သမ္ဗောဓိ = ပစ္စေကဗုဒ္ဓါအရှင်များ၌ဖြစ်သော အရဟတ္တမဂ်ဉာဏ်ကို သမ္ဗောဓိ=ကိုယ်တိုင်သိသောဉာဏ်ဟု ခေါ်၏။ (သူတပါးထံ နည်းမခံဘဲ ကိုယ်တိုင်သိသော်လည်း သူတပါးကို နားလည်အောင် မဟောပြနိုင်သဖြင့် "သမ္မာ-မှန်ကန်ပြည့်စုံစွာ သိတယ်" ဟူသောဂုဏ်ပုဒ် မပါတော့ပေ။)

၃။ ဗောဓိ = ဘုရား၏တပည့် သာဝကများမှာဖြစ်သော အရဟတ္တမဂ်ဉာဏ်ကို ဗောဓိဟု ခေါ်၏။ (အရှင်သာရိပုတြာစသော တပည့်ရဟန္တာများမှာ မိမိဘာသာ ကြံစည်အားထုတ်၍ မရနိုင်၊ သူတပါးထံမှ သစ္စာတရားကို ကြားနာရမှသာလျှင် အသိဉာဏ်ရနိုင်၏။ ရသော အရဟတ္တမဂ်ဉာဏ်သည်လည်း လောကကုန်စင် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်ကို မရနိုင်။ ထို့ကြောင့် သမ္မာ=မှန်စွာပြည့်စုံစွာ၊ သံ=ကိုယ်တိုင်၊ ဟူသော ဂုဏ်ပုဒ်များ မပါတော့ဘဲ ရိုးရိုး ဗောဓိဉာဏ်ဟု ခေါ်အပ်၏။)

## ဘုရားဟု ဝန်ခံချိန်အတိအကျ

မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓဖြစ်ကြောင်း မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ည၊ နံနက် အရုဏ်တက်ခါနီး အရဟတ္တမဂ်ဉာဏ်ကို ရပြီးမှသာ ဝန်ခံ၏။ ဤမှရှေး၌ သမ္မာသမ္ဗုဒ္ဓ အဖြစ် ဝန်မခံခဲ့ပေ။

## လောကကြီးသို့ ရဲဝံ့ပြတ်သားသည့် ကြေငြာချက်

မိမိကိုယ်ကို ကိလေသာငြိမ်းကြောင်း အကျင့်များကို အပြည့်အစုံ ကျင့်ပြီး၍ သမဏဟု ဝန်ခံကြသော ရဟန်းလောက၊ အမျိုးအနွယ်ဇာတ်မြင့်သူ- ပညာရှိများသူများဟု မိမိကိုယ်ကိုယ်မှတ်ယူထားသည့် ဗြာဟ္မဏဟု ခေါ်သော လောက၊ မာရ်နတ်နှင့်တကွ တန်ခိုးကြီးသည့် နတ်ဗြဟ္မာတို့ လောက၊ သမ္မုတိနတ်ဟု ဆိုအပ်သော အာဏာရှိကြသည့် မင်းလောက၊ လူပညာရှိများ လောက၊ ဤလောကအားလုံးကို ဘုရားအဖြစ် ရဲဝံ့ပြတ်သားစွာ ကြေငြာတော်မူ၏။ (တစိပ်တဒေသလေးမျှ ကွက်၍ ကြေငြာသည်မဟုတ်။)

| ပုဂ္ဂိုလ် | ကျင့်လည် | ဘုံဌာန |
|---|---|---|
| သမဏ | ဘာသာရေးအကျင့် ကျင့်နေသူများ | လူ့ဘုံ |
| ဗြာဟ္မဏ | ဇာတ်မြင့်သူ၊ ပညာရှိသူ၊ မာန်ကြီးသူများ | |
| သမ္မုတိနတ်(မင်း) | ဇာတ်မြင့်သူ၊ အာဏာရှိသူ၊ မင်းနှင့်မှုးမတ်များ | |
| လူ(သာမန်အရပ်သား) | ပညာရှိသူ၊ အကျင့်သိက္ခာရှိသူများ | |
| မာရ်နတ် | တန်ခိုးကြီးသည့် ဆန့်ကျင်ဘက်နတ် | နတ်ဘုံ |
| နတ် | နတ်ပြည် ၆-ထပ်မှ ပညာရှိ တန်ခိုးကြီးနတ်များ | |
| ဗြဟ္မာ | ဗြဟ္မပြည် ၂၀-မှ ပညာရှိတန်ခိုးကြီး ဗြဟ္မာများ | ဗြဟ္မာဘုံ |

## ဒုတိယအကြိမ် ဝန်ခံချက်

ဤဒုတိယအကြိမ် ဝန်ခံချက်သည် ဗုဒ္ဓ၏ အရေးအကြီးဆုံးသော မဇ္ဈိမလမ်းစဉ်နှင့် သစ္စာလေးပါး တရားတို့ကို အပြည့်အစုံ ဟောပြီးမှ ဝန်ခံချက်ဖြစ်၏။ သို့သော် တရားဦးဟောရန် မိဂဒါဝုန်သို့လာစဉ် လမ်း၌ ဥပကပရိဗိုဇ်ကြီးနှင့်တွေ့၍-

ကောမှိ **သမ္မာသမ္ဗုဒ္ဓေါ** = ဥပက. . . ငါသည် တရားအလုံးစုံကို မဖေါက်မပြန် အမှန်အတိုင်း

ထိုးထွင်းသိမြင်နိုင်သည်ဖြစ်၍ ပြိုင်ဘက်မပြု တစ်ဆူတည်းသာ ဖြစ်၏။

ဟု ပထမဆုံးအကြိမ် ပြောဆိုဝန်ခံခဲ့ဖူး၏။

**ကောသလမင်းကြီး၏ ဘုရား စစ်,မစစ် မေးမြန်းချက်။** ။မြတ်စွာဘုရား ဇေတဝန်ကျောင်း၌နေစဉ် ကောသလ မင်းကြီး ပထမဆုံးအကြိမ် ရောက်လာပြီး ရှိခိုးခြင်းမရှိဘဲ ဘုရားကို "အရှင်ဂေါတမလည်း သမ္မာသမ္ဗုဒ္ဓဘုရားလို့ ဝန်ခံပါ သလား"ဟု မေးလျှောက်၏။ အမြင့်ဆုံးသမ္ဗောဓိဉာဏ်ကို ရပြီးဖြစ်၍ သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံကြောင်း၊ "သမ္မာသမ္ဗုဒ္ဓ"ဟူသော စကားလုံးကိုလည်း သူ့အတွက်သာ သုံးသင့်ကြောင်း ဘုရားက ပြောလိုက်၏။

ထိုအခါ မင်းကြီးက "ပူရဏ ကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ စတဲ့ ဆရာကြီး၆-ယောက်လဲ မေးဖူးပါတယ်။ သူတို့ဟာ နယ်နယ်ရရ ပုဂ္ဂိုလ်များ မဟုတ်ပါဘူး။ နောက်လိုက်များစွာ ရှိသူများ၊ ဂိုဏ်းဦးစီးများ၊ ထင်ပေါ်ကျော်ကြားသူများ၊ သူတော်ကောင်းလို့ အများက ယုံကြည်ထားကြသူများဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်ကြီးများတောင် တပည့်တော်မေးမြန်းခံရသောအခါ သမ္မာသမ္ဗုဒ္ဓအဖြစ် ဝန်မခံကြပါဘူး။ ဒီသဘာရင့်ဆရာကြီးတွေတောင် ဝန်မခံရဲဘဲ နနယ်ငယ်ရွယ်ပြီး ရဟန်းဘဝအခုမှ ရောက်စဖြစ်တဲ့ အရှင်ဘုရားက ဘာ့ကြောင့် ဝန်ခံရဲပါသနည်း"ဟု ခတ္တိယမာန် ရာဇမာန်အတွင်းခံဖြင့် အထင်သေးလျက် အခြားသောဘုရားတုများလို ဝန်မခံရဲဘဲ နောက်လန်ကာ ပြန်သွားလိမ့်မည်ဟုထင်ကာ ခပ်နှိမ်နှိပ်လေသံဖြင့် မေးလေ၏။

ဤတွင် မြတ်စွာဘုရားက ငယ်ငယ်ကလေးဟု အရေးမစိုက်လျှင် အေးဆိုက်တတ်သော အရာလေးမျိုးကို ဟောတော်မူ၏။

၁။ မင်းမျိုးမင်းဇာတ်ရှိသူကို ငယ်ငယ်ကလေးဟု မထီမဲ့မြင် မပြုရာ။

၂။ အဆိပ်ပြင်းသော မြွေကိုလည်း ငယ်ငယ်ကလေးဟု မထီမဲ့မြင် မပြုရာ။

၃။ မီးကိုလည်း ငယ်ငယ်ကလေးဟု မထီမဲ့မြင် မပြုရာ၊

၄။ သီလရှိသော ရဟန်းကိုလည်း ငယ်ငယ်ကလေးဟု မထီမဲ့မြင် မပြုရာ။

နီတိ။ ။မင်းနှင့် ရဟန်း၊ ထွေဆန်းတသီး၊ မြွေနှင့်မီးကို၊ မကြီး ငယ်ဟု၊ နလုံးပြု၍၊ ဂရုမထင်၊ မဆန့်ကျင်နှင့်။

ဤတရားအဆုံး၌ ကောသလမင်းကြီး တရားနားလည်သွားပြီး သရဏဂုံဆောက်တည်ကာ ဥပါသကာအဖြစ် ခံယူသွားလေ၏။ (ဒဟရသုတ်၊ ကောသလသံယုတ်၊ ၆၈။)

**နိဂုံးချုပ်စကားတော်**

**ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယ’မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘ ဝေါတိ။**

**"ငါ၏ ကိလေသာတို့မှ လွတ်မြောက်မှုသည် မပျက်စီးနိုင်ပြီ။ ဤကား နောက်ဆုံး ဘဝပေတည်း။ ယခုအခါ တဖန်ဖြစ်မည့် ဘဝသစ် မရှိတော့ပြီ"ဟု ငါ့အား ဉာဏ်အမြင် ပစ္စဝေက္ခဏာဉာဏ်သည်လည်း ထင်ရှားဖြစ်ပေါ်ခဲ့ပြီ ဟု မိန့်တော်မူ၏။**

## အကုပ္ပါ မေ ဝိမုတ္တိ = မပျက်စီးနိုင်သော လွတ်မြောက်မှု

မြတ်စွာဘုရား၏ ကိလေသာမှ လွတ်မြောက်ခြင်းသည် အရဟတ္တမဂ်ဖြင့် ကိလေသာကို အကြွင်းမဲ့ပယ်သတ်ကာ သမုစ္ဆေဒ ဝိမုတ္တိဖြင့် လွတ်မြောက်ခြင်းဖြစ်၏။ အရဟတ္တဖိုလ်ဖြင့် တဖန်လွတ်မြောက်မှု (ပဋိပဿဒ္ဓိ ဝိမုတ္တိ)ဖြင့် လွတ်မြောက်ခြင်းလည်း ဖြစ်၏။ ရူပဈာန် အရူပဈာန်တို့ဖြင့် လွတ်မြောက်ခြင်းကဲ့သို့ ကိလေသာမှ ဝေးကွာရုံမျှ (ဝိက္ခမ္ဘန ဝိမုတ္တိ)ဖြင့် လွတ်မြောက်ခြင်းမျိုး မဟုတ်။ ထိုလွတ်မြောက်ခြင်းမျိုးကား နီဝရဏကိလေသာများနှင့် တွေ့သောအခါ ပြန်လည်ပျက်စီးသွားနိုင်၏။ (ဒီ၄၊၂၊ ၁၉။)

**အယမန္တိမာ ဇာတိ = ဒါဟာ နောက်ဆုံးဘဝ**

တဏှာကင်း၍ နောက်ထပ်ဘဝ မဖြစ်တော့သော်လည်း တဏှာရှိစဉ်က တည်ဆောက်ပေးခဲ့သည့် လက်ရှိဘဝ ခန္ဓာကတော့ ရှိနေဆဲပင် ဖြစ်၏။ ထို့ကြောင့် "လက်ရှိဘဝသည် နောက်ဆုံးဘဲ" ပြောဆိုခြင်းဖြစ်၏။

**နတ္ထိ ဒါနိ ပုနဗ္ဘဝေါ = နောက်ထပ် ဘဝသစ်မရှိတော့**

အရဟတ္တမဂ်ဖြင့် ဘဝကိုတည်ဆောက်တတ်သော တဏှာလက်သမားကို အကြွင်းမဲ့ပယ်သတ်ပြီး ဖြစ်၍ နောက်ထပ် ဘဝသစ်ဖြစ်ဖို့ မရှိတော့။ ထို့ကြောင့် ဘုရားဖြစ်စက ဗောဓိပင်အောက်တွင် "သင်တဏှာ ယောက်ျား လက်သမားကို ပယ်သတ်ပြီးဖြစ်၍ နောက်ထပ်ခန္ဓာအိမ် မတည်ဆောက်နိုင်တော့ပြီး"ဟု ကြုံးဝါး ခဲ့၏။ ဤစကားတော်သည် ဓမ္မစကြာတရားတော်၏ နောက်ဆုံးစကားဖြစ်၏။

**သံဂါယနာမှတ်တမ်း**

**ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ ။**

**မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူလတ်သော ပဉ္စဝဂ္ဂီရဟန်းတို့သည် နှစ်လိုကုန် သည်ဖြစ်၍ မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်စွာ လက်ခံကြလေကုန်၏။**

ဤစကားရပ်သည် ဓမ္မစကြာတရား ဟောပြီးနောက် မည်ကဲ့သို့ထူးခြားမှု အကျိုးသက်ရောက်မှုများ ဖြစ်ခဲ့ကြောင်းကို ဖော်ပြသောစကားများ ဖြစ်၏။

ပထမဆုံးအကျိုးသက်ရောက်မှုကား တရားမဟောမီ "ရဟန်းတို့...ငါသည် ရဟန္တာတည်း။ တရား အားလုံးကို ကိုယ်တိုင်သိမြင် သမ္မာသမ္ဗုဒ္ဓအရှင်တည်း"ဟု မိန့်တော်မူကို မယုံကြည်ခဲ့ကြပေ။ လက်မခံခဲ့ကြ။ တရားဆုံးသောအခါ သူတို့အားလုံး ဘုရားဟု ယုံကြည်လက်ခံခဲ့ကြ၏။ တရားကိုလည်း မသေတရား၊ သစ္စာ တရားဟု လက်ခံခဲ့ကြ၏။

**အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ**

**ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ ။**

**ဤဂါထာမဖက် သက်သက်သော ဒေသနာတော်ကို <u>ဟောကြားစဉ် (ဝါ) ဟောပြီးခါစ၌</u> အရှင်ကောဏ္ဍည အား "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏"ဟု ကိလေသာ မြူအညစ်အကြေး ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်လာ၏။**

## အရှင်ကောဏ္ဍည သောတာပန်ဖြစ်ချိန်

ဘာသမာနေ ပုဒ်အဖွင့်ပြရာ သာရတ္ထဋီကာ၌ "ဘာသမာနေ = ဟောနေစဉ်၊ ဟောနေတုန်း" ဟု ဖွင့်ပြ၏။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ ဤပုဒ်သည် ပစ္စုပ္ပန်၏အနီးဖြစ်သော အတိတ်ကာလကို ဟောသောပုဒ်ဖြစ်ကြောင်း ပြဆိုပြီး "ဘာဏိတေ = ဟောအပ် ပြီးလတ်သော် (ဝါ) ဟောပြီးခါစ၌" အနက်ပြန်ဆို၏။

ထို့ကြောင့် အရှင်ကောဏ္ဍညသည် ဓမ္မစကြာတရား ဟောနေစဉ်မှာပင် (သို့မဟုတ်) ဟောပြီးခါစ၌ သောတာပန်ဖြစ်သွားသည်ဟု မှတ်ရမည်။

ဘာသမာနေတိ ဘာဏိယမာနေ၊ ဒေသိယမာနေတိ အတ္ထော။ (သာရတ္ထ၊ဋီ၊၃၊၁၈၀။)

ဘာသမာနေတိ ကထိယမာနေ။ ဝတ္တမာနသမီပေ ဝတ္တမာနဝစနံ ကတံ, ဘာဏိတေတိ အတ္ထော။ (ပဋိသံ၊ဋ္ဌ၊ဒု၊၂၁၇။)

## ဘယ်အချိန် သောတာပန်ဖြစ်သလဲ

ဟောပြီးခါစမှာ သောတာပန်ဖြစ်သည်ကား ရှင်း၏။ ဟောနေတုန်း သောတာပန်ဖြစ်သည်ဟု ဆိုလျှင် ဘယ်နေရာ၌ ဖြစ်သနည်းဟု စဉ်းစားဖွယ်ရှိ၏။

၁။ ဓမ္မစကြာဒေသနာတော်၌ ဗုဒ္ဓက မဇ္ဈိမပဋိပဒါဟူသည် အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်တရားတည်းဟု ဆိုပြီး သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို သရုပ်ထုတ်ပြတော်မူ၏။ အရှင်ကောဏ္ဍညသည် ထိုမဂ္ဂင်ရှစ်ပါးကို ဆင်ခြင်ပွား၍ သောတာပန်ဖြစ်ခြင်း ဖြစ်နိုင်၏။

၂။ သို့မဟုတ် "ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ"စသည်ဖြင့် သစ္စာလေးပါးကို သရုပ်ထုတ်ဖော် ဟောကြားစဉ်မှာလည်း သောတာပန်ဖြစ်နိုင်၏။

၃။ သို့မဟုတ် "ဒုက္ခသည် ပိုင်းခြားသိရမည့်တရားဖြစ်၏။ သမုဒယသည် ပယ်ရမည့်တရားဖြစ်၏" စသည်ဖြင့် အပြန်၃-ပါး၊ အခြင်းအရာ ၁၂-ပါး ဟောကြားသောအခါ၌ ဒုက္ခသစ္စာဖြစ်သော ဉပါဒါနက္ခန္ဓာငါးပါးကို ဝိပဿနာရှု၍ အရိယာမဂ်သို့ရောက်စေပြီး သောတာပန်ဖြစ်နိုင်၏။ ဤတွင် ယခုတတိယအချက်သည် ပို၍ ဖြစ်နိုင်ချေရှိ၏။ ဤသို့ မဟာစည်ဆရာတော်ဘုရားကြီးက ဝေဖန်စိစစ်ထားပေသည်။

(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်ကြီး၊ နှာ ၄၁၈-၄၂၀။)

## မဂ်ဉာဏ်၌ မြူ-အညစ်အကြေးကင်းပုံ

သောတာပတ္တိမဂ်ဉာဏ်ကို "ဝိရဇံ = မြူကင်း၏။ ဝီတမလံ = အညစ်အကြေးကင်း၏"ဟု ဖွင့်ဆိုထား၏။ ဤနေရာ၌ 'ဘယ်လိုကင်းတာကို မြူကင်းတာလဲ။ ဘယ်လို ကင်းတာကို အညစ်အကြေးကင်းတားလဲ'ဟု စဉ်းစားစရာ ရှိ၏။

**သာရတ္ထဋီကာ**၌ အပါယ်လားကြောင်းဖြစ်သော ရာဂစသည်ကင်းခြင်းကို မြူကင်းသည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ၂-ပါးကင်းသည်ကိုတော့ အညစ်အကြေးကင်းသည်ဟု ဆို၏။

**ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ**၌ကား "မြူဆိုတာလည်း ရာဂစသည်ဘဲ။ အညစ်အကြေးဆိုတာလည်း ရာဂစသည်ဘဲ"ဟု ဖွင့်ပြ၏။

ဝိရဇန္တိ အပါယဂမနီယရာဂရဇာဒီနံ ဝိဂမေန ဝိရဇံ။ ဝီတမလန္တိ အနဝသေသဒိဋ္ဌိဝိစိကိစ္ဆာမလာပဂမေန ဝီတမလံ။ (သာရတ္ထ၊ဋီ၊၃၊ ၁၈၁။)

ဝိရဇန္တိ ဝိဂတရာဂါဒိရဇံ။ ဝီတမလန္တိ ဝိဂတရာဂါဒိမလံ။ (ပဋိသံ၊ဋ္ဌ၊၂၊၂၁၇။)

## ဘယ်လိုကင်းသနည်း?

ဓမ္မစက္ခုခေါ်သော သောတာပတ္တိမဂ်ဉာဏ်၌ ဤမြူအညစ်အကြေးများ မယှဉ်သည်ကို ကင်းတယ်ဟု ဆိုသလော။ သို့မဟုတ် မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမမြင်နိုင်အောင် မနှောင့်ယှက်နိုင်တာကို ဆိုလိုသလော စဉ်းစားစရာဖြစ်၏။

ဤ၌ မဂ်ဉာဏ်သည် ကိလေသာနှင့် လုံးဝမယှဉ်သဖြင့် မယှဉ်သည်ကို မဆိုလိုကြောင်း ထင်ရှား၏။ သို့ဖြစ်ချေသော် ရာဂစသော ကိလေသာများက အရိယာမဂ်ကို နိဗ္ဗာန်ကို မမြင်နိုင်အောင် မနှောင့်ယှက်နိုင်တာကိုပင် "ကိလေသာမြူ-အညစ်အကြေးကင်းသည်"ဟု ယူဆရပေမည်။ (မဟာစည် ဆရာတော်)

## ဝိပဿနာဉာဏ်ကပဲ မဂ်ဉာဏ်ဖြစ်လာ

မဂ်ဉာဏ်ဟူသည် ရှေးလောကီဝိပဿနာဉာဏ်မှ ကိလေသာများကို အစွမ်းကုန်ပယ်ပြီး ကျန်သော ကိလေသာကိုမှ မဂ်ဉာဏ်က ပယ်၏။ ထို့ကြောင့် ရှေးဝိပဿနာဉာဏ်ကိုပင် ဆက်ခံကာ မဂ်ဉာဏ်ဖြစ်ပေါ်လာ၏။ ကေတ္တနည်းအားဖြင့် ဝိပဿနာဉာဏ်ကပင် မဂ်ဉာဏ်ဖြစ်လာသည်ဟု ဆိုနိုင်၏။

ပဌမံ လောကိယဉာဏေန ယထာဗလံ ပဟီနမေဝ လောကုတ္တရဉာဏံ ပဇဟာတိ။ (ဝိသုဒ္ဓိမဂ်၊ မဟာဋီ၊၃၊၂၅၀၂။)

## ဓမ္မစက္ခု = တရားမျက်စိ

ဓမ္မစက္ခုခေါ်သည် သောတာပတ္တိမဂ်ဉာဏ်ဖြစ်ခါနီးတွင် လောကီဝိပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့၏ ခဏမစဲ ပျက်ပျက်သွားသည့်ကို ရှုမှတ်နေရင်း ရုပ်နာမ်သင်္ခါရတို့၏ လုံးဝချုပ်ငြိမ်းသော သဘောထဲသို့ သက်ဝင်သွားသလို သိမြင်သွား၏။ နိဗ္ဗာန်၏အငြိမ်းဓာတ်သဘောကို သိမြင်သွားခြင်းဖြစ်၏။ ထိုအခါ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ =ဖြစ်ခြင်းသဘောရှိသော တရားဟူသမျှ ချုပ်ခြင်းသဘောရှိ၏"ဟု သိမြင်သော သောတာပတ္တိမဂ်ဖြစ်ပေါ်လာ၏။

ထိုသောတာပတ္တိမဂ်ဉာဏ်ဟူသော ဓမ္မစက္ခုဖြင့် အရှင်ကောဏ္ဍညသည် ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်ကို ရှင်းရှင်းလင်းလင်း သိမြင်သွားခြင်းကိုပင် "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ " ဟု ဆိုခြင်းဖြစ်၏။

## ဓမ္မစက္ကမျိုးစုံ

အချို့နေရာ၌ သောတာပတ္တိမဂ်ကို ဓမ္မစက္ကဟု ခေါ်၏။ အချို့နေရာ၌ အောက်မဂ်သုံးပါးကို ဓမ္မစက္ကဟု ခေါ်၏။ အချို့နေရာ၌ မဂ်လေးပါးလုံးကို ဓမ္မစက္ကဟု ခေါ်၏။ ဤသုတ်၌ သောတာပတ္တိမဂ်ဉာဏ်ကို ယူရမည်။

ဓမ္မစက္ကန္တိ ကတ္ထစိ ပဋိဝေဓဉာဏမေဝ၊ ကတ္ထစိ အာဒိနိ တီဏိ မဂ္ဂဉာဏာနိ၊ ကတ္ထစိ စတုတ္ထမဂ္ဂဉာဏမ္ပိ။ ဣဓ ပန ပဋိဝေဓဉာဏမေဝ။ (ပဋိသံ၊ဋ၊၂၊၂၁၇။)

## နတ်ပြဟ္မာတို့ ကောင်းချီးပေးပုံ

**ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။**

**ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီးလတ်သော "လောက၌ ရဟန်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ပြဟ္မာဖြစ်စေ၊ အခြားတစ်စုံတစ်ယောက်ဖြစ်စေ ပြန်မနစ်စေနိုင်-မတားမြစ်နိုင်သော အတုမရှိမြတ်သော ဤဓမ္မစကြာ တရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဗာရာဏသီမြို့အနီး ဣသိပတန မိဂဒါဝုန်တောဝယ် ဟောတော်မူအပ်ပြီ"ဟု ဘုမ္မစိုးနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။**

## ဓမ္မစက္ကံ ပဝတ္တိတံ = တရားစက်ဘီးကို လည်စေအပ်ပြီးလတ်သော်

ကဿပဘုရားရှင်၏ သာသနာကွယ်သောအချိန်မှစ၍ ဂေါတမဘုရားရှင် ပွင့်ပေါ်သည့်တိုင်အောင် ကြားကာလတွင် တရားစက်ဘီးကြီး ရပ်နေခဲ့၏။ ထိုတရားစက်ဘီးကြီးကို ယခုအခါ ပြန်၍တဖန် လည်ပတ်စေအပ်၏။

## အပ္ပဋိဝတ္တိယံ = မတားမြစ်နိုင်သောတရား

မြတ်စွာဘုရားလှည့်ပေးလိုက်သော တရားတည်းဟူသော ဘီးကြီးကို လောက၌ မည်ကဲ့သို့သော လူနတ်ပြဟ္မာ သတ္တဝါ တစ်ဦးတစ်ယောက်ကမျှ အလည်ရပ်သွားအောင်၊ နောက်သို့ ပြန်ဆုတ်သွားအောင် မတတ်နိုင်။ (ဝါ) မှားယွင်းနေကြောင်း မည်သူကမျှ မထောက်ပြနိုင်။

မှန်၏။ ဒုက္ခငြိမ်းကြောင်း မဇ္ဈိမလမ်းစဉ်သည် မှားယွင်းနေကြောင်း မည်သူမျှ မပြောနိုင်၊ သစ္စာလေးပါးကိုလည်း ၅-ပါး (သို့) ၃-ပါး ဟုငင်း၊ မဂ္ဂင်ရှစ်ပါးကိုလည်း ၇-ပါး၊ (သို့) ၉-ပါးဟုငင်း မည်သူကမျှ မပြင်နိုင်ပါချေ။

ဤသို့ မပြင်နိုင်ခြင်း၊ အမှားမထောက်နိုင်ခြင်းကိုပင် မတားမြစ်နိုင်သောတရား၊ နောက်ပြန်မဆုတ်နစ်သောတရားဟု ခေါ်၏။

**တရားဦးကျွတ်တမ်းဝင်သူ**

လူသားထဲမှ အရှင်ကောဏ္ဍညတစ်ပါးသာ သောတာပန်ဖြစ်၏။ သို့သော် ပြဟ္မာများမှ ၁၈-ကုဋေ ကျွတ်တမ်း ဝင်၏။ နတ်များမှာကား မရေတွက်နိုင်ဟု မိလိန္ဒပဉှာ၌ ဆိုထားပေသည်။

စကြာဝဠာအနှံ့ ချက်ချင်းပြန့်

**ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ပြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ ။**

**ဤသို့လျှင် ထိုအချိန် ထိုအခါ ထိုကာလတွင် အကနိဋ္ဌ ပြဟ္မာ့ပြည်တိုင်အောင် ကောင်းချီးသံသည် ပျံ့နှံ့၍တက်၏။**

ဤစကားရပ်ဖြင့် နတ်တို့၏ ကောင်းချီးကြွေးကြော်သံသည် တမုဟုတ်အတွင်း ပြဟ္မပြည်တိုင်အောင် ပျံ့နှံ့တက်သွားကြောင်း ပြဆို၏။

**သက်မဲ့တို့၏ ကောင်းချီးပေးမှု**

**အယဉ္စ ဒသသဟဿီလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။**

**ဤတစ်သောင်းသော လောကဓာတ်သည်လည်း တုန်လှုပ်၏။ ပြင်းစွာ တုန်လှုပ်၏။ ထက်ဝန်းကျင် တုန်လှုပ်၏။**

ဤစကားဖြင့် တရားပြီးဆုံးသောအခါ၌ သက်ရှိဖြစ်သော နတ်ပြဟ္မာများသာမက သက်မဲ့ဖြစ်သော ဤကမ္ဘာ မြေကြီးပါ သိမ့်သိမ့်တုန်လှုပ်ခါ ကောင်းချီးသြဘာ ပေး၏။

**လောကဓာတ်တွင်း အရောင်လင်း**

**အပ္ပမာဏော စ ဉဠာရော သြဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။**

**အတိုင်းအရှည်မရှိ ကြီးမားသော အရောင်အလင်းသည်လည်း လောက၌ နတ်တို့၏ အာနုဘော်ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။**

ဤစကားရပ်ဖြင့် ဒေသနာဉာဏ်တော်၏ အစွမ်းအာနုဘော်ကြောင့်ဖြစ်သော အလင်းရောင်သည် တန်ခိုးကြီးသော နတ်ပြဟ္မာတို့၏အရောင်၊ နေရောင် လရောင် နက္ခတ်ရောင်တို့ကို ဖုံးလွှမ်းကာ ထင်ရှား ဖြစ်ပေါ်လာ၏။

**မြတ်စွာဘုရား ဥဒါန်းကျူးတော်မူပုံ**

**အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"တိ။ ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ "အညာသိကောဏ္ဍညော" တွေဝ နာမံ အဟောသိ။**

**ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့....ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေ ပြီတကား၊ ရဟန်းတို့....ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီတကား"ဟု ဥဒါန်းကို ကျူးရင့်တော်မူ၏။**

**ဤသို့ ဥဒါန်းကျူးရင့်တော်မူသောကြောင့် အရှင်ကောဏ္ဍညအား "အညာသိ ကောဏ္ဍည" ဟူ၍သာလျှင် အမည်တွင်၏။**

ဤစကားရပ်ဖြင့် မြတ်စွာဘုရားသည် မိမိ၏ ပွဲဦးထွက်တရားပွဲ၌ အရှင်ကောဏ္ဍည သောတာပန်ဖြစ်သွားမှန်းသိ၍ ချီးကျူးသော စကားရပ်ဖြစ်၏။ မြတ်စွာဘုရားသည် လူသားဖြစ်သော အရှင်ကောဏ္ဍည သောတာပန်ဖြစ်တာကိုသာ ချီးကျူးတော်မူ၏။ နတ်ပြဟ္မာများ သောတာပန်ဖြစ်တာကိုကား မချီးကျူးပေ။ ဤ၌ လူသားသည် သာသနာပြုရာ၌ မည်မျှအရေးပါသည်ကို သိသာထင်ရှားလှ၏။

**အရှင်ကောဏ္ဍည ရဟန်းအဖြစ်တောင်းပန်**

**အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ"န္တိ ။**

**ထို့နောက် အရှင် အညာသိ ကောဏ္ဍညသည် တရားကို မြင်ပြီးသည်ဖြစ်၍, တရားသို့ ရောက်ပြီးသည် ဖြစ်၍, တရားကို သိပြီးသည်ဖြစ်၍, ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍, သို့လော သို့လော တွေးတောခြင်း ကင်းပြီးသည်ဖြစ်၍, ဘုရားမှတစ်ပါး ကိုးစားထိုက်သူ မရှိကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို "အရှင်ဘုရား... အကျွန်ုပ်သည် မြတ်စွာဘုရားအထံ၌ ရှင့်အဖြစ်ကို ရလိုပါ၏။ ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်ထား၏။**

**ဘာကြောင့် ရဟန်းအဖြစ်ကိုတောင်းသနည်း**

ဒိဋ္ဌဓမ္မော စသော စကားများသည် အရှင်ကောဏ္ဍည ရဟန်းအဖြစ်ကို တောင်းပန်ခြင်း၏ အကြောင်း ဝိသေသဂုဏ်ထူးများပင်ဖြစ်၏။

ဒိဋ္ဌဓမ္မော = နိရောဓသစ္စာဟူသော နိဗ္ဗာန်တရားကို မျက်မှောက်ထင်ထင် ဉာဏ်ဖြင့်သိမြင်ပြီးသော ကြောင့်-

ပတ္တဓမ္မော = ဉာဏ်ဖြင့် ရောက်အပ်ပြီးသော တရားရှိသောကြောင့်-

ဝိဒိတဓမ္မော = ထင်ထင်ရှားရှား သိအပ်ပြီးသော တရားရှိသောကြောင့်-

ပရိယောဂဠှဓမ္မော = ထက်ဝန်းကျင်သက်ဝင်၍ သိအပ်ပြီးသော တရားရှိသောကြောင့်-

တိဏ္ဏဝိစိကိစ္ဆော = ယုံမှားမှုကို လွန်မြောက်ပြီးသောကြောင့်-

ဝိဂတ ကထံကထော = သို့လော သို့လော တွေးတောမှုကင်းသောကြောင့်-

သတ္ထုသာသနေ ဝေသာရဇ္ဇပတ္တော = ဘုရားသာသနာတော်၌ ဇေကန်ဟုတ်မှန်၏ဟူသော

အသိဉာဏ်ဖြင့် ရဲရင့်ခြင်းသို့ ရောက်ပြီးသောကြောင့်-

အပရပ္ပစ္စယော = သူတစ်ပါးကိုပုံ၍ ယုံကြည်ရသည်မျိုးမဟုတ်ဘဲ မိမိကိုယ်တိုင်ပင် သိမြင်ပြီးဖြစ်သော ကြောင့်-

ဘုရားထံ၌ ရဟန်းအဖြစ်ကို တောင်းပန်ခြင်း ဖြစ်၏။

## စိတ္တသူကြွယ်နှင့် နိဂဏ္ဍ နာဋပုတ္တ

အခါတပါး၌ မစ္ဆိကာသဏ္ဍမြို့သို့ နိဂဏ္ဍဆရာကြီး တပည့်များနှင့် ရောက်လာ၏။ ထိုအခါ အနာဂါမ် စိတ္တသူကြွယ်သည် နိဂဏ္ဍဂိုဏ်းဆရာကြီးထံ သွားတွေ့သောအခါ "ဘယ့်နယ်လည်း စိတ္တသူကြွယ်၊ သင်တို့ ဆရာ ဂေါတမက ဝိတက် ဝိစာရကင်းတဲ့ ဈာန်သမာဓိရှိတယ်လို့ ဆိုတယ်၊ ယုံသလား" ဟု မေး၏။ "ဒီနေရာမှာ မြတ်စွာဘုရားကို ယုံကြည်လို့ အသိအမှတ်ပြုရတာ မဟုတ်ပါဘူး"ဟု စိတ္တသူကြွယ်က ပြန်ဖြေလိုက်၏။ ဤတွင် နိဂဏ္ဍကြီးက စိတ္တသူကြွယ်ဟာ ဘုရားကို မယုံဘူးဟု ထင်သွား၏။

ထို့ကြောင့် သူက "ဟော့...တပည့်တို့၊ ကြည့်ကြစမ်း၊ စိတ္တသူကြွယ်ဟာ အင်မတန် ရိုးဖြောင့်တယ်။ သူမယုံတာကို မယုံဘူးဘဲ ပြောတယ်။ ယုံစရာလဲ မကောင်းဘူး။ လေကို ပိုက်နဲ့ဖမ်းရင် မဖြစ်နိုင်တာလို၊ ဂင်္ဂါမြစ် ရေကို လက်နဲ့တားရင် မဖြစ်နိုင်တာလို ဝိတက်ဝိစာရ ကင်းချုပ်အောင် မလုပ်နိုင်ပါဘူး"ဟု သူ့တပည့်များကို လှည့်ပြောလိုက်၏။

ဤတွင် စိတ္တသူကြွယ်က "ဆရာကြီး၊ သိတာနဲ့ ယုံတာ(ပညာနှင့် သဒ္ဓါ)ဘယ်ဟာက သာပြီးမြတ်ပါ သလဲ"ဟု မေးလိုက်သောအခါ "သိတာ(ပညာ)က ယုံတာ(သဒ္ဓါ)ထက် မြတ်တာပေါ့"ဟု ဆရာကြီးက ဖြေလိုက်၏။ ထိုအခါ စိတ္တသူကြွယ်က "အရှင်ကြီး...ကျွန်ုပ်ဟာ ဘယ်အချိန်မဆို လိုတဲ့အခါမှာ ဝိတက်ဝိစာရ ရှိသော ပထမဈာန်ကိုလည်း ဝင်စားနိုင်၏။ ဝိတက်ဝိစာရကင်းသော ဒုတိယဈာန်ကိုလည်း ဝင်စားနိုင်၏။ ပီတိ ကင်းသော တတိယဈာန်ကိုလည်း ဝင်စားနိုင်၏။ သုခကင်းသော စတုတ္ထဈာန်ကိုလည်း ဝင်စားနိုင်၏။ ဒီလို ကိုယ်တိုင်သိနေပါလျက် တခြားသူကို အားကိုးယုံကြည်ဖို့ လိုပါဦးမလား"ဟု ပြန်လည်ချေပလိုက်၏။

ထိုအခါ၌ကား နိဂဏ္ဍကြီးက "စိတ္တသူကြွယ်ဟာ ကောက်ကျစ်စဉ်းလဲသူဘဲ"ဟု ပြောလာပြန်၏။

ဤသုတ္တန်၌ စိတ္တသူကြွယ်သည် အနာဂါမ် ဈာန်ရ အရိယာဖြစ်၍ ဝိတက်ဝိစာရကင်းသော ဈာန်သမာဓိရှိကြောင်း ကိုယ်တိုင်သိပြီးဖြစ်၍ တစ်ပါးသူပြောစကားကို အားကိုးယုံကြည်နေဖို့ မလိုတော့ပေ။ ထိုသို့ သူတပါးအပေါ် မှီခိုအားကိုးဖို့ မလိုတော့သည်ကိုပင် "**အပရပ္ပစ္စယော=သူတစ်ပါးကိုပုံ၍ ယုံကြည်ရသည်မျိုးမဟုတ်ဘဲ မိမိကိုယ်တိုင် တရားကို သိမြင်ပြီး သူဖြစ်၏**"ဟု ဆိုလိုပေသည်။

(နိဂဏ္ဍနာဋပုတ္တသုတ်၊ သဠာယတနသံယုတ်၊ ၄၈၇။)

## ဗေဟိ ဘိက္ခု ရဟန်းဖြစ်ပုံ

**"ဧဟိ ဘိက္ခူ"တိ ဘဂဝါ အဝေါစ "သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တ-ကိရိယာယာ"တိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။**

**"ရဟန်း...လာလော့" "တရားကို ကောင်းစွာ ဟောအပ်ပြီ၊ ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှာ မြတ်သော အကျင့်ကို ကောင်းစွာ ကျင့်လော့"ဟု မိန့်တော်မူ၏။ ထိုစကားတော်သည်ပင်လျှင် ထိုအရှင် ကောဏ္ဍည၏ ပဉ္စင်းအဖြစ် ပြီးစီးလေ၏။**

## "ဗေဟိ ဘိက္ခု" ရဟန်း

သစ္စာလေးပါးကို ကိုယ်တိုင်သိမြင်ပြီးသောအခါ အရှင်ကောဏ္ဍည ရဟန်းအဖြစ်ကို တောင်းပန်၏။ မြတ်စွာဘုရားသည် **"ဧဟိ ဘိက္ခု=ချစ်သားရဟန်း. . .လာလော့"ဟု** လက်ျာလက်ကို ဆန့်တန်းလျက် ခေါ်တော်မူသောအားဖြင့် လက်ခံလိုက်၏။ သာသနာဝင်ရဟန်းအဖြစ် အသိအမှတ်ပြုလိုက်၏။ ထို့ကြောင့် အရှင်ကောဏ္ဍညသည် သာသနာတော်၌-

ပထမဦးဆုံးသော သောတာပန်ပုဂ္ဂိုလ်၊
ပထမဦးဆုံးသော ရဟန်းအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်၊
ပထမဦးဆုံးသော ဗေဟိ ဘိက္ခု ရဟန်းအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်ဖြစ်၏။

## စရ ဗြဟ္မစရိယ = မြတ်သောအကျင့်ကို ကျင့်လော့။

ဤနေရာ၌ အရှင်ကောဏ္ဍညသည် သောတာပန်သာ ဖြစ်သေးသဖြင့် အထက်မဂ်သုံးပါး အတွက် ဆက်ကျင့်ရဦးမည်။ ဒုက္ခဆုံးရန်အလို့ငှာ အထက်မဂ်သုံးပါး ဆက်ကျင့်ဘို့ကျန်သေးသဖြင့် "**စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ**" ဟု ဆိုခြင်းဖြစ်၏။

## အရှင်ကောဏ္ဍညတစ်ပါးသာ ရဟန်းပြု

တရားဆုံးတော့ အရှင်ကောဏ္ဍညတစ်ပါးသာ ရဟန်းအဖြစ် တောင်းပန်၏။ ကျန်လေးဦး ရဟန်း မပြုကြသေးပေ။ အကြောင်းမှာ အရှင်ကောဏ္ဍည၏ သောတာပတ္တိမဂ်သို့ ရောက်ပြီးဖြစ်၍ သာသနာတော်နှင့်စပ်ပြီး ရဲရင့်ပြီး တထစ်ချယုံကြည်သည့် ခိုင်မာသော-မတုန်လှုပ်သော အစလသဒ္ဓါ တရားရှိပြီးသူဖြစ်၏။ ကျန်လေးဦးမှာကား ဘုရားနှင့်တရားအပေါ် ကြည်ညိုမှု-ပသာဒသဒ္ဓါ အဆင့်မျှသာ ရှိသေး၏။ မခိုင်မြဲသေး။

## ဘုရား, တရား, သံဃာ သုံးပါးလုံး အပြန်အလှန် သက်သေပြ

တရားဦးမဟောခင် ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားဖြစ်ပြီဟု ပြောသည်ကို မယုံကြည်ခဲ့ကြ။ မသေရာ တရား(နိဗ္ဗာန်)ကို ရခဲ့ပြီဟု ပြောသည်ကိုလည်း လက်မခံ။ တရားဦးဟောပြီးသောအခါ၌ အရှင်ကောဏ္ဍည သောတာပန်ဖြစ်သွား၍ ပရမတ္ထသံဃာ အစစ်ဖြစ်ကြောင်းလည်း ဘုရားကိုယ်တိုင် ကြေငြာခဲ့၏။ ထို့ကြောင့်

ဟောပြောသူကိုလည်း သမ္မာသမ္ဗုဒ္ဓ ဘုရားအစစ်ဖြစ်ကြောင်း အလိုလို ကြေငြာပြီးသား ဖြစ်သွား၏။ ဟောသောတရားကိုလည်း မသေရာတရား(အမတဓမ္မ)အစစ်ဖြစ်ကြောင်း သက်သေပြပြီးသား ဖြစ်သွား၏။

## ကျန်လေးပါး တရားဆက်အားထုတ်

ဝါဆိုလဆုတ် ၁-ရက်နေ့မှစ၍ ဆွမ်းခံမကြွတော့ဘဲ ကျန်လေးပါးအတွက် ဘုရားကိုယ်တိုင် အနီးကပ် ညွှန်ကြားပြသနိုင်ရန် စောင့်ရှောက်တော်မူရာ အရှင်ဝပ္ပနှင့် အရှင်ဘဒ္ဒိယတို့ ၂-ပါး သောတာပန်ဖြစ်၏။ သုံးပါးသောရဟန်းတို့ ခံယူခဲ့သောဆွမ်းဖြင့် ရဟန်း ၆-ပါးတို့ မျှတဘုဉ်းပေးကြ၏။ နောက်နေ့တွင် အရှင် မဟာနာမ်နှင့် အရှင်အဿဇိတို့ သောတာပန်ဖြစ်၏ဟု မဟာဝါပါဠိတော်(၁၇-၁၈)တွင် ပြဆိုထားပေသည်။

သို့သော် အဋ္ဌကထာ၌ကား လဆုတ် ၁-ရက်နေ့ ဝပ္ပ၊ ၂-ရက်နေ့ ဘဒ္ဒိယ၊ ၃-ရက်နေ့ မဟာနာမ်၊ ၄-ရက်နေ့ အဿဇိတို့ အသီးအသီး သောတာပန်ဖြစ်ကြောင်း ဖွင့်ဆိုထား၏။

## ဘုရားကိုယ်တိုင်စောင့်ရှောက်

ကျန်လေးပါး တရားအားထုတ်ရာတွင် ကမ္မဋ္ဌာန်း၏အနှောင့်အယှက်များရှိလျှင် ပယ်ရှင်းပေးနိုင်ရန်၊ ဖြစ်ပေါ်လာသော အတားအဆီး သံသယများရှိလျှင် ဘုရားထံ ချက်ချင်း မေးလျှောက်နိုင်ရန် မြတ်စွာဘုရား သည် ကျောင်းအတွင်း၌ပင် ရှိနေ၏။ လိုအပ်လျှင် ကောင်းကင်မှပင် ဈာန်ဖြင့်ကြွသွား၍ ကိလေသာအညစ် အကြေးကို ချက်ချင်း ပယ်ရှင်းပေး၏။

ဣမေသဥ္စ ပန ဘိက္ခူနံ ကမ္မဋ္ဌာနေသု ဥပ္ပန္နမလဝိသောဓနတ္ထံ ဘဂဝါ အန္တောဝိဟာရေယေဝ အဟောသိ။ ဥပ္ပန္နေ ဥပ္ပန္နေ ကမ္မဋ္ဌာနမလေ အာကာသေန ဂန္တွာ မလံ ဝိနောဒေသိ။ (မဟာဝါ၊ဋ္ဌ၊ ၂၄၇။)

သေသဥ္စိ ဘိက္ခူနံ ကမ္မဋ္ဌာနေသု ဥပ္ပန္နမလဝိနောဒနတ္ထံ ဘဂဝါ အန္တောဝိဟာရေယေဝ အဟောသိ။ ဥပ္ပန္နေ ဥပ္ပန္နေ ကမ္မဋ္ဌာနမလေ ဘဂဝတော သန္တိကံ ဂန္တွာ ပုစ္ဆန္တိ။ ဘဂဝါပိ တေသံ နိသိန္နဋ္ဌာနံ ဂန္တွာ မလံ ဝိနောဒေတိ။ (ပါသရာသိသုတ်၊မူ၊ဋ္ဌ၊၂၉၇။)

## နာရုံနှင့်မဖြစ်-အားထုတ်မှ ဖြစ်

အထက်ပါ စကားရပ်များကိုကြည့်လျှင် တရားဦးအဆုံးတွင် အရှင်ကောဏ္ဍညတစ်ပါးသာ သောတာပန်ဖြစ်၏။ ကျန်လေးပါးတို့သည် တရားအားထုတ်ကြရ၏။ ထိုပုဂ္ဂိုလ်များသည် နယ်နယ်ရရ မဟုတ် ချေ။ ပုဏ္ဏားပညာတတ်များ ဖြစ်ကြ၏။ ယုံကြည်ချက်လည်း ပြင်းထန်ကြ၏။ ငယ်ရွယ်စဉ်ကပင် တောထွက်၍ တရားကျင့်လာသူများလည်း ဖြစ်၏။ ထို့ကြောင့် ကိလေသာနီဝရဏများလည်း ထိုက်တန်သလောက် ငြိမ်းနေ ပေလိမ့်မည်။ ဤကဲ့သို့ မိမိကို ရည်စူး၍ သာသနာ့ဘောင် ဝင်လာသူများကို နာကြားရုံလောက်နဲ့ ပြီးခဲ့လျှင် မလိုအပ်ဘဲနဲ့ ပင်ပန်းလေအောင် ဘုရားက တရားအားထုတ်ခိုင်း လိမ့်မည်မဟုတ်။ လိုအပ်သောကြောင့်

သာလျှင် ဘုရားက ကိုယ်တိုင်စောင့်ကြပ်ပြီး တရားအားထုတ်ခိုင်းရခြင်း ဖြစ်ပေလိမ့်မည်။ အားထုတ်လိုက်မှ လည်း သောတာပန်အသီးအသီး ဖြစ်သွားကြ၏။

မှတ်ချက်။ ။အထက်ပါ အဖြစ်အပျက်များကိုကြည့်လျက် ယခုအခါ "သောတာပန်ဖြစ်ဖို့ တရားအားထုတ်ဖို့ မလို ပါဘူး။ ဆရာပြောတဲ့အတိုင်း သိနေရင်ပြီးတာဘဲ"ဟု ပြောဆိုနေခြင်းမှာ တရား၏ ကြီးမားသောအန္တရာယ်များဖြစ်ကြောင်း ထင်ရှားလှ၏။

## ဘုရားကလည်း အကြိမ်ကြိမ် ထပ်ဟောဖွယ်ရှိ

ဓမ္မစကြာကို ဟောရာ၌ အရှင်ကောဏ္ဍည တစ်ပါးတည်းသာ သောတာပန်ဖြစ်ပြီး ကျန်လေးဦးမှာ တရား ဆက်အားထုတ်ကြရ၏။ သူတို့ နားမလည်သော အချက်များရှိလျှင် ပြန်လည်မေးကြမည်။ ဘုရားက လည်း သူတို့နားလည်သည့်တိုင် အထပ်ထပ်ပြန်လည် ရှင်းပြရမည်၊ ဟောရမည်။ ထိုသို့ အထပ်ထပ် ဟောရ လိမ့်မည်ဖြစ်ကြောင်းကိုလည်း မဟာစည်ဆရာတော်ကြီးက အောက်ပါအတိုင်း သူ၏ ဓမ္မစကြာတရားတော်ကြီး စာအုပ်တွင် အောက်ပါအတိုင်း သုံးသပ်ထား၏-

> မြတ်စွာဘုရားကလည်း သူတို့ပင်ပန်းအောင် အားထုတ်ခိုင်းမှာ မဟုတ်ပါဘူး။ တစ်ကြိမ်ဟောရုံနဲ့ သောတာပန်မဖြစ်သေးရင် နှစ်ကြိမ်ထပ်ပြီး ဟောဖွယ်ရှိပါတယ်။ ၂-ကြိမ်နဲ့ မဖြစ်သေးရင်လည်း ၃-ကြိမ် စသည်ဖြင့် ထပ်ထပ်ပြီး ဟောဖွယ်ရှိပါတယ်။
>
> (ဓမ္မစကြာတရားတော်ကြီး၊နှာ ၄၅၃။)

## ဘုရားရှင်နှင့်တကွ ရဟန္တာ ၆-ပါး

မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလဆုတ် ၅-ရက်နေ့တွင် မြတ်စွာဘုရားသည် ထိုရဟန်းငါးပါးတို့အား နေရာလည်းပြောင်း၊ တရားလည်းပြောင်းပြီး အနတ္တလက္ခဏသုတ်ကို ဟောတော်မူ၏။ ထိုတရားအဆုံး၌ ငါးပါးလုံး ရဟန္တာဖြစ်သွား၏။ ထိုအခါ လူ့ပြည်၌ ဘုရားနှင့်တကွ ရဟန္တာ ၆-ပါး ရှိလာ၏။

တေန ခေါ ပန သမယေန ဆ လောကေ အရဟန္တော ဟောန္တိ။ (ဝိနည်း မဟာဝါ၊၂၀။)

ဓမ္မစကြာသုတ် ပြီး၏။